# ပစ္စယမဉ္ဇူရီကျမ်း

(ဦးမောင်ကြီး)

၁

# မုံရွာမြို့

# လယ်တီဆရာတော်ဘုရားကြီး

ရေးသားတော်မူအပ်သော၊ ပရမတ္ထသံခိပ်ကျမ်း
ပစ္စည်းပိုင်း၏အနက်အဓိပ္ပါယ်ကို
ဆန်းကြယ်စုံသင်စွာသော
နည်းနာဇယားတို့ဖြင့်ထင်ရှားသန့်ရှင်းစွာ
ဘော်ပြလျက်၊ ဆရာတော်ဘုရားကြီး၏
သဒ္ဒိဝိဟာရိကတပည့်

## လယ်တီပဏ္ဍိတ

ရေးသားစီရင်အပ်သော

# ပစ္စယသမုဒ္ဒိကျမ်း၊

နှင့်
နိမ္မလဒီပနီကျမ်း၊

သက္ကရာဇ် ၁၃၀၁-ခု၊ ပထမဝါဆိုလအတွင်း
ပုံနှိပ်၍ပြီးသည်၊

ရန်ကုန်မြို့၊
ဒွတ္တိဂုဏ်ဘုရားလမ်းတိုက်နံပါတ်-၁၁၇၊
ကဝိမျက်မှန်စာပုံနှိပ်တိုက်၊

အဘိုးငွေ (၆)

# မာတိကာစဉ်။


| ဦးရေ | အကြောင်းအရာ | မျက်နှာခံပါတ် |
|---|---|---|
| ၁ | ပဏာမကိုပြခန်း .... .... .... | |
| ၂ | ပစ္စည်းတို့၏အပြားကိုခွဲဝေခန်း .... .... | ၄ |
| | ပစ္စည်းရင်းနှင့်တကွပွါးသောပစ္စည်းတို့၏ဇယားပုံ | ၆ |
| ၃ | ပစ္စည်းအမျိုးတူကိုပေါင်း၍ပြခန်း .... .... | ၈ |
| ၄ | စည်း,ပန်,နိက်,တို့ကိုပြခန်း .... .... | ၁၄ |
| | ဟေတုပစ္စည်း .... .... .... | ၁၄ |
| | အာရမ္မဏပစ္စည်း .... .... .... | ၁၆ |
| | အဓိပတိပစ္စည်း .... .... .... | ၁၇ |
| | အနန္တရပစ္စည်း .... .... .... | ၂၀ |
| | သမနန္တရပစ္စည်း .... .... .... | ၂၅ |
| | သဟဇာတပစ္စည်း ... .... .... | ၂၅ |
| | အညမညပစ္စည်း .... .... .... | ၂၆ |
| | နိဿယပစ္စည်း .... .... .... | ၂၇ |
| | ဥပနိဿယပစ္စည်း .... .... .... | ၃၀ |
| | ပုရေဇာတပစ္စည်း .... .... .... | ၃၃ |
| | ပစ္ဆာဇာတပစ္စည်း .... .... .... | ၃၄ |
| | အာသေဝနပစ္စည်း .... .... .... | ၃၆ |
| | ကမ္မပစ္စည်း .... .... .... .... | ၃၇ |
| | ဝိပါကပစ္စည်း .... ... .... | ၃၈ |
| | အာဟာရပစ္စည်း .... .... .... | ၄၀ |
| | ဣန္ဒြိယပစ္စည်း .... .... .... | ၄၄ |
| | ဈာနပစ္စည်း ... .... .... .... | ၄ဂ |
| | မဂ္ဂပစ္စည်း .... .... .... .... | ၄၈ |
| | သမ္ပယုတ္တပစ္စည်း .... .... .... | ၅၀ |
| | ဝိပ္ပယုတ္တပစ္စည်း .... .... .... | ၅၀ |
| | အတ္ထိပစ္စည်း .... .... .... .... | ၅၄ |
| | နတ္ထိပစ္စည်း .... .... .... .... | ၆၂ |
| | ဝိဂတပစ္စည်း ... .... .... .... | ၆၂ |

မာတိကာစဉ်။


| ဦးရေ | အကြောင်းအရာ | မျက်နှာနံပါတ် |
|---|---|---|
| | အဝိဂတပစ္စည်း .... .... .... | ၆၂ |
| ၄ | ဇယားဖြင့်စည်း,ပန်,တို့ကိုအကျဉ်းပြခန်း .... | ၆၃ |
| ၅ | ၂၄-ပစ္စည်းတို့ကို-၆-မျိုးဖြင့်ပေါင်း၍ပြခန်း .... | ၆၈ |
| ၆ | ၄-မျိုး၌သွင်း၍ပြခန်း .... .... .... | ၇၀ |
| ၇ | ကာလသုံးပါးဖြင့်ဝေဘန်ခန်း .... .... | ၇၁ |
| ၈ | ပစ္စယသတ္တိဖြင့်ပြခန်း .... .... .... | ၇၂ |
| ၉ | ဘဝဖြင့်ပြခန်း .... .... .... | ၇၃ |
| ၁၀ | နာမ်ရုပ်တို့ကိုတခုစီပစ္စည်းတပ်၍ပြခန်း .... | ၇၅ |
| ၁၁ | ဝီထိဖြင့်ပြခန်း .... .... .... | ၇၉ |
| ၁၂ | ပဋိစ္စသမုပ္ပါဒ်ဖြင့်ပြခန်း .... .... .... | ၈၅ |
| | အဝိဇ္ဇာသည်သင်္ခါရအားကျေးဇူးပြု .... .... | ၈၅ |
| | သင်္ခါရသည်ဝိညာဏ်အားကျေးဇူးပြုပုံ၊ .... | ၈၇ |
| | ဝိညာဏ်သည်နာမ်ရုပ်အားကျေးဇူးပြုပုံ .... | ၈၇ |
| | နာမ်ရုပ်သည်သဠာယတနအားကျေးဇူးပြုပုံ .... | ၈၈ |
| | သဠာယတနသည်ဖဿအားကျေးဇူးပြုပုံ .... | ၉၀ |
| | ဖဿသည်ဝေဒနာအားကျေးဇူးပြုပုံ.... .... | ၉၁ |
| | ဝေဒနာသည်တဏှာအားကျေးဇူးပြုပုံ ... | ၉၁ |
| | တဏှာသည်ဥပါဒါန်အားကျေးဇူးပြုပုံ .... | ၉၂ |
| | ဥပါဒါန်သည်ဘဝအားကျေးဇူးပြုပုံ.... .... | ၉၃ |
| | ဘဝသည်ဇာတိအားကျေးဇူးပြုပုံ .... .... | ၉၄ |
| | ဇာတိသည်ဇရာမရဏအားကျေးဇူးပြုပုံ .... | ၉၅ |
| ၁၃ | အာဟာရသုံးပါးဖြင့်ပြခန်း .... .... | ၉၇ |
| ၁၄ | ဝဋ်သုံးပါးဖြင့်ပြခန်း .... .... .... | ၉၈ |
| ၁၅ | သစ္စာဖြင့်ပြခန်း .... .... .... | ၉၉ |
| ၁၆ | ဆဆက္ကသုတ္တန်ဖြင့်ပြခန်း .... .... | ၁၀၀ |
| ၁၇ | ပစ္စယဘောဒကိုပြခန်း .... .... .... | ၁၀၄ |
| | ပစ္စည်းသုံးမျိုးရှိကြောင်း .... .... .... | ၁၀၄ |
| | တဘန်ပစ္စည်းသုံးမျိုးရှိကြောင်း .... .... | ၁၀၅ |

| ဦးရေ | အကြောင်းအရာ | မျက်နှာနံပါတ် |
|---|---|---|
| | ပစ္စည်းလေးမျိုးရှိကြောင်း .... .... | ၁၀၅ |
| | ၎င်းလေးပါးတွင်ဝိရုဒ္ဓပစ္စည်း၏အပြား .... | ၁၀၆ |
| | အဝိရုဒ္ဓပစ္စည်း၏အပြား .... .... .... | ၁၀၇ |
| ၁၈ | နယဘေဒကိုပြခန်း .... .... .... | ၁၀၉ |
| | နည်းနှစ်ပါးရှိကြောင်း .... .... .... | ၁၀၉ |
| | တဘန်နည်းလေးပါးရှိကြောင်း .... .... | ၁၁၀ |
| ၁၉ | မဂ်ပေါ်ပုံကိုအစဉ်ဖြင့်ပြခန်း .... .... | ၁၁၂ |
| | ဥဒယဗ္ဗယဉာဏ်အကြောင်း .... .... | ၁၁၄ |
| | ဘင်္ဂဉာဏ်အကြောင်း .... .... .... | ၁၁၆ |
| | ဘယဉာဏ်အကြောင်း ... .... .... | ၁၁၇ |
| | အာဒီနဝဉာဏ်အကြောင်း .... .... | ၁၁၇ |
| | နိဗ္ဗိဒါဉာဏ်အကြောင်း .... .... .... | ၁၁၈ |
| | မုဉ္စိတုကမျတာဉာဏ်အကြောင်း .... .... | ၁၁၈ |
| | ပဋိသင်္ခါဉာဏ်အကြောင်း .... .... | ၁၁၉ |
| | သင်္ခါရုပေက္ခာဉာဏ်အကြောင်း .... .... | ၁၁၉ |
| | အနုလောမဉာဏ်အကြောင်း .... .... | ၁၂၀ |
| | ဝိထိပုံနှင့်တကွမဂ်ပေါ်ဟန်အခြင်းအရာ၊ဉာဏဒဿန ဝိသုဒ္ဓိအကြောင်း .... .... .... | ၁၂၁ |
| ၂၀ | အားပေးနှိုးဆော်ခန်း .... .... .... | ၁၂၃ |
| | နိဂုံး .... .... .... .... | |

# နိဒါန်း။

(၁) အဘိဓမ္မာတရားအကျဉ်းလွယ်လင့်သောလျင်စွာတတ်မြောက်နိုင်ကြစေရန် ငါတို့ကျေးဇူးရှင် မုံရွာမြို့-လယ်တီဆရာတော် ဘုရားကြီးသည် ရလွယ် ဆောင်လွယ် ချောပြေသန့်ရှင်းသောဂါထာတို့ဖြင့် ပရမတ္ထသံခိပ်,ကျမ်းကိုရေးသားစီရင်တော်မူ၏။

(၂) ဤပရမတ္ထသံခိပ်ကျမ်းကို ကြိုးစားကြသော အရပ်ရပ်မြို့ရွာလူရှင်အများတို့မှာလည်း၊ ဆရာတော်ဘုရားကြီး၏ ရည်ရွယ်တော်မူချင်းအတိုင်းလွယ်လင့်တကူတတ်မြောက်ကြ၍၊ တစတစတိုးပွါးထင်ရှားပြန့်နှံ့လျက်ရှိကြကုန်၏။

(၃) ဤပရမတ္ထသံခိပ်ကျမ်းကို တတ်မြောက်ပြီးသောသူတို့သည်လည်း ကျယ်ဝန်းနက်နဲသောအဘိဓမ္မာ၏ အနက်သဘောကိုသိလိုကြပြန်ရကား၊ ဆရာတော်ဘုရားကြီးရေးသားတော်မူသော ပရမတ္ထဒီပနီ,ဋီကာသစ်ကျမ်း၌လာသောဆန်းကြယ်သောအဓိပ္ပါယ်တို့နှင့်တကွ၊ ၎င်းပရမတ္ထသံခိပ်ကျမ်း၏အဖွင့်အကျယ်ကိုမြော်လင့်တောင့်တကြသဖြင့်၊ ၎င်းကျမ်း၏အဖွင့်ကိုရေးသားရမည်ဟုမိန့်တော်မူသည်ကိုခံယူရသောကြောင့်၊ သံခိပ်ကျမ်းမှာ ၉-ပိုင်းရှိသည့်အနက်၊ ပဌမ.ပိုင်း-ဒုတိယပိုင်းတို့သည်သာ၍ခက်ခဲနက်နဲကုန်သဖြင့်၊ ၎င်းအပိုင်းတို့၏အဖွင့်ကို ဦးစွာရေးရန်မိန့်တော်မူ၏။

(၄) ထိုကြောင့် ပဌမပိုင်း၏ သဘောအဓိပ္ပါယ်ကိုဆန်းကြယ်သောနည်းနာဇယားအမျိုးမျိုးတို့ဖြင့်ဖော်ပြလျက်ပရမတ္ထဒီပနီဋီကာသစ်ကျမ်းကိုမှီငြမ်းပြုပြီးခါပဌမအမျိုးမျိုးဘွဲ့ကိုနည်းနာအမျိုးမျိုးတို့ဖြင့် အခိုင်အခိုင်အမြဲအမြဲထုံးဖွဲ့၍ပြရာဖြစ်သောကြောင့်ပဌမမဉ္ဇရီ,ဟုနာမည်တပ်၍ကောင်းစွာရေးသားပေသတည်း။

(၅) ဤပဌမမဉ္ဇရီ,မည်သောကျမ်း၌အမျိုးမျိုးသောနည်းနာဇယားတို့ကိုလေ့ကျက်အားထုတ်ကြသောသူတို့မှာ၊ ပဌာန်းအရာ၌လွန်စွာတတ်မြောက်ကျေလည်ကြကုန်လိမ့်သတည်း။

L. D. PANDITA.

## (၁) ပထမ။

(၁) "ပဋ္ဌာနံသမ္မသန္တဿ၊ဗောဓိတောပစ္ဆိမုတ္တရေ၊
နီလာနီလာနိစ္ဆာရန္တိ၊ပီတာပီတာစရံသိယော။"

(၂) "လောဟိတာလောဟိတာယေဝ၊ဩဒါတာဩဒါတရံသိယော၊
တမ္ဗာတမ္ဗာနိစ္ဆာရန္တိ၊မဉ္ဇိဋ္ဌာစပဘဿရာ။"

(၃) "တံနခါဓိလင်္ဂါထေရ်၊ဂုရုံ့မပဏ္ဍိတက်ရံ၊
ယေနာဟံပဏ္ဍုစ္ဆိယာသိ၊မာဒိဝိပဏ္ဍိတာယတော၊"

(၄) "ပရခဏ္ဍသံခပံသော၊အကာသိနဝပပဉ္စကော၊
တဿဏ္ဍံဒိပယေယျာသိ၊ပဉ်မံတေဒမြဲ။"

(၅) "တသ္မာဟံပဏ္ဍယကဏ္ဍဿ၊သုကဏ္ဍံအဏ္ဍဒီပနိံ၊
ဗောဓယံသောတုနံဗုဒ္ဓိံ၊ကာသံပဏ္ဍယမဂ္ဂရိံ။"

(၁) ဗောဓိတော၊ဗောဓိပင်မင်း၏၊ပစ္ဆိမုတ္တရေ၊အနောက်မြောက် ထောင့်ဖြစ်သော ရတနာဃရစေတီ၌၊ပဋ္ဌာနံ၊ ပဋ္ဌာန်းကျမ်းမြတ်ကို၊ သမ္မသန္တဿ၊သုံးသပ်ဆင်ခြင်တော်မူသောမြတ်စွာဘုရား၏၊ နီလာ၊ညိုသော ဆံတော်မျက်ဆံတော်စသည်မှ၊နီလာ၊အောင်မဲညိုပွင့် ကြံညှင်ပွင့် အခေါင်၊ညိုမှောင်ဖိမ်းလွှဲသော ရောင်ခြည်တော်တို့သည်၊နိစ္ဆာရန္တိ၊ထွက် ကြွကုန်ရှုန်းလဲ့ကုန်၏ ပီတာ၊ဝါရွှေသောအရေတော် အဆီခါတ်စသည် မှ ပီ ဘာ၊မဟာသော်ကား၊ရွှေသားရွှေရည်အသွင်၊ဝါလွင်ထွန်းပကုန်သော၊ ရံသိယော၊ရောင်ခြည်တော်ခါတ်တို့သည်၊ နိစ္ဆာရန္တိ၊ထွက်ကြွကုန်ရှုန်း လဲ့ကုန်၏။

(၂) လောဟိတာ၊နှုတ်ခမ်းတော်အောက်ထက်၊လက်သည်းဖျား ခြေသည်းဖျားအသွေးအသားတော်မှ၊လောဟိတာယေဝ၊ကြာနီပမာကမ္ဗလာနီအလားပတ္တမြားအသွေးကဲ့သို့၊တွေးတွေးနီသောရောင်ခြည်တော်တို့ သည်၊နိစ္ဆာရန္တိ၊ထွက်ကြွလေကုန်၏၊ဩဒါတာ၊သွားတော်လေး ဆယ်၊ခွက်တော်လေးသွယ်၊မျက်ဖြူတော်အရုံ ဥဏ္ဏလုံမွေရှင်ခါတ်မှ၊ဩဒါ တာ၊စပယ်ကြာကန်ရုံ၊ ဗိန်ကုံးဘော်ကျူအသွင်၊ ဖြူစင်ဆွတ်ထားကုန်သော၊ ရံသိယော၊ ရောင်ခြည်တော်ခါတ်တို့သည်၊နိစ္ဆာရန္တိ၊ ထွက်ကြွ လေကုန်၏၊တမ္ဗာတမ္ဗာ၊သိုသိုကိုယ်တော်အဖဘ်အပိုတ်မှ၊မဉ္ဇိဋ္ဌာစ ခေါင်း သောရောင်ခြည်တော်တို့သည်လည်းကောင်း၊ပဘဿရာစ၊ ကြောင်ရုံဖန် ခေါင်၊မီးပန်းခေါင်ကဲ့သို့ ထိန်ပြောင်ပြိုးပြက်သော ရောင်ခြည်တော်တို့

သည်လည်းကောင်း၊ နိဿရဏ္ဍ ကွန့်မြူးထွက် ကြွလေကုန်၏။ တံတားဦးသံ၊ ထိုသို့ရောင်ခြည်တော်ခြောက်ရုံ ရုပ်ရုံအပေါင်းနှင့်ပြည့်စုံတော်မူသော မြတ်စွာဘုရား၏ကို နမာမိ ရှိခိုးပါ၏။ ။(ပဋ္ဌာန်းပဋ္ဌာန်းအဖွင့်ကျမ်းဖြစ်၍ ကျမ်းအားလျော်စွာချီးကျူးသောပဏာမ)။

(၃) ယေန အကြွင်းကျေးဇူးရှင်ဆရာ မြတ်ကြောင့်၊ အဟံ၊ ပဋ္ဌာနတ မည်သောငါသည်၊ ပဋ္ဌာန်း၏ မိမိအလျောက်ပညာရှိသည်၏ အဖြစ်သို့ ယာမိ ရောက်ရ၏။ ယေန အကြွင်းကျေးဇူးရှင်ကြောင့် မာဒိုင်၊ ငါကဲ့သို့စင်ဂုဏ်အင်နှင့်သေး။ သဂ္ဂဝါကလေးပင်သော်လည်း ပဋ္ဌာနတာယ တော၊ ထုံကင်လျှံမြင်သိ၊ ပညာ ရှိ၍ ပဋ္ဌာန်းတ ယောင်ပြေးနိုင်သေး၏။ မေ၊ ငါ၏။ ဂုရုံ၊ ကျေးဇူးတော်ကြီးအတူ၊ အလေးမူအပ်သော၊ ဆရာသခင်အရှင်ကျေးဇူးရှင်လည်းဖြစ်ပေထသော ပဋ္ဌာနတက်ရ၊ ငါကဲ့သို့စင်၊ ဂုဏ်အင်သေးစွ။ သူကိုမျှသည်၊ ပဋ္ဌာနတသောက်၊ အရာရောက်အောင်၊ ချီးမြှောက်ပြုပြင်ပေတတ်ထသော တံလှည့်ထေရ်၊ ထိုလယ်တီမဟာထေရ် မြတ်ကို နမာမိ ရှိခိုးပါ၏။ ။ (ပဋ္ဌာနတာယတောကား ပဋ္ဌာနတာယ တိကဲ့သို့ နာမခေတ်ပုဒ်တည်း)။

(၄) နိပ္ပပဉ္စကော အကျယ်လိုက်၊ အကျဉ်းမြွက်တော်မူလေ့ရှိပေသော၊ သော၊ ထိုလယ်တီမဟာထေရ်မြတ်သည် ပရမတ္ထသံခေပံ၊ ပရမတ္ထသံခိပ်ကျမ်းကို၊ အကာသိ ပြုစီရင်တော်မူပြီ၊ တဿ၊ ထိုပရမတ္ထသံခိပ်ကျမ်း၏ အတ္ထံ အနက်အဓိပ္ပါယ်ကို ဒီပယေယျာသိ ဖွင့်ပြလေ၍ ဉာတိ၊ ဉာသို့၊ မံ၊ ငါ့ကို ပတိ၊ အစွဲပြု၍ တော၊ ဉာ ကားကို အဖြဒ် မိန့်ဆိုမြွက်ကြားတော်မူ၏။

(၅) တသ္မာ ထိုကြောင့်၊ အဟံ၊ ငါသည်၊ သောတူနံ၊ နာခံကြည့်ရှုသောသူတို့၏ ဗုဒ္ဓိ၊ အသိဉာဏ်ကို ဗောဓယံ၊ ပွင့်လင်းသိမြင်စေလျက်၊ ပဋ္ဌာယကဏ္ဍသ ပရမတ္ထသံခိပ်ကျမ်းပဋ္ဌာန်းပိုင်း၏ အတ္ထဒီပနံ အနက်အဓိပ္ပါယ်ဖြစ်သော၊ သုကထံ ကောင်းစွာသန့်ရှင်းသော အပိုင်းအခန်းရှိသော၊ ပဋ္ဌာနဒီပနီ ပဋ္ဌာန်းတို့၏ အနိုင်အညွှာသဘွယ်သိကုံး၍ ရှာ၍ ပြုရ ဖြစ်သောကြောင့်၊ ပဋ္ဌာနဒီပနီမည်သောကျမ်းကို ကရိဿံ ပြုစီရင်အံ့။

နမောတဿဘဂဝတောအရဟတောသမ္မာသမ္ဗုဒ္ဓဿ

## (၁) ပဏာမကိုပြဆိုခန်း။

ပဌာန်းဥာဏ်ရှိန်။ခြောက်ရောင်ထိန်။မုနိန်-ရှိပန်ခွံ။
သံဒိပ်ကျမ်းရှင်။လယ်တီသျှင်။ကြည်လင်ဝင်တွားဖြန့်။
သိလိုသူများ။တောင်းပန်ငြား။ထင်ရှားဘွင့်ပေအံ့၊
ပစ္စည်းသာသနာ၊သံဒိပ်မှာ၊ရောင်ဝါပွင့်လတ္တံ့။

## (၂) ပစ္စည်းတို့၏အပြားကိုခွဲဝေခန်း၊

သံဒိပ်တိုင်းသာ။အရာရာ၊သေချာသိး၍သန့်၊

အရေးရေမှုပရမတ္ထသင်္ခိပ်သံပေါက်အတိုင်းပင်၊ သေချာစွာ သိးသန့်ခြားနား၍အနက်အဓိပ္ပါယ်ကိုကောင်းစွာရှင်းလင်း၍ပြမည်၊ ။ဤကျမ်းသည်၊သံဒိပ်ကျမ်းကို ဘွင့်ပြသောကျမ်းဖြစ်၍၊ သံဒိပ်, သံပေါက်ကိုမူတည်၍အဓိပ္ပါယ်ကိုဘွင့်ပြအံ့။ ။မူတည်သော-သံပေါက်လက်ာ၏ အစဉ်မှတ်ချက်ထားသောဂဏန်းကိုကြည့်၍၊သံဒိပ်ကျမ်းရင်းနှင့်တိုက်ဆိုင်ကြည့်ရှုသျှင်ပွင့်လင်းသောအဓိပ္ပါယ်ကိုသိရလတ္တံ့၊

"(၅၁၄) ဟေ,အာ,ဓိ,နန်,၊သမနန်,၊သ,အံ,နိ,ဥ,ပု၊
(၅၁၅) ပစ်,သေ,ကံ,ပံ,၊ဘာ,ဈာန်,မျာန်,၊မင်္ဂ,သံ,ဝိပ္ပ,ဟု၊
(၅၁၆) အတ်,၊နတ်,ဝိဘ,၊အဝိဘ, နွစ-ပစ္စည်းယှ၊"

ဟူသည်နှင့်အညီ၊-၂၄-ပစ္စည်းတို့ကိုအစဉ်အတိုင်းပြအံ့၊

(၁) ဟေ, ဟေတုပစ္စည်း ပစ္စယုပ္ပန် တရားတို့အား အမြစ်သဘွယ်ကျေးဇူးပြုသောတရား၊

(၂) အာ, အာရမ္မဏ — အာရုံပြုခံ၍ကျေးဇူးပြုသောတရား။

(၃) ဓိ, အဓိပတိ* — ကြီးကဲ ဖိုးမိုး၍ ကျေးဇူး ပြုသောတရား။

(၄) နံ, အနန္တရ — အခြားမဲ့ နာမ်အားကျေးဇူးပြုသောတရား။

(၅) သမနံ, သမနန္တရ — ကောင်းစွာအခြားမဲ့နာမ်အားကျေးဇူးပြုသောတရား။

(၆) သ, သဟဇာတ — အတူဖြစ်၍ကျေးဇူးပြုသောတရား။

(၇) အံ, အညမည — အချင်းချင်း ပြန်လှန်၍ ကျေးဇူး ပြုသောတရား။

(၈) နိ, နိဿယ* — မှီရာ အဖြစ်ဖြင့် ကျေးဇူး ပြုသောတရား။

(၉) ဥ, ဥပနိဿယ* — အားကြီးသော မှီရာအဖြစ်ဖြင့်ကျေးဇူးပြုသောတရား။

(၁၀) ပု, ပုရေဇာတ* — ရှေးဦး ဖြစ်နှင့်၍ ကျေးဇူး ပြုသောတရား။

(၁၁) ပစ်, ပစ္ဆာဇာတ — နောက်မှ ဖြစ်၍ ကျေးဇူး ပြုသောတရား။

(၁၂) သေ, အာသေဝန — အဟုန် အရှိန် ဖြစ်စေရန် ကျေးဇူးပြုသောတရား။

(၁၃) ကမ်, ကမ္မ* — အမှုပြီးမြောက်ရန်နှိုးဆော်ခြင်းကိစ္စဖြင့်ကျေးဇူးပြုသောတရား။

(၁၄) ပံ, ဝိပါက — မှည့်ရင့်၍ အရှိန် ငြိမ်းစဲ ခြင်းဖြင့်ကျေးဇူးပြုသောတရား။

(၁၅) ဟာ, အာဟာရ* — ထောက်ပံ့ ခိုင်စေမှုဖြင့် ကျေးဇူးပြုသောတရား။

(၁၆) ဣန်, ဣန္ဒြိယ* — အသီးအသီး မိမိကိစ္စဖြင့် အစိုးတရကျေးဇူးပြုသောတရား။

(၁၇) ဈာန်, ဈာန — ရှုစားခြင်းကိစ္စဖြင့် ကျေးဇူးပြုသောတရား။

(၁၈) မဂ်, မဂ္ဂ ခရီးလမ်း ကိစ္စဖြင့် ကျေးဇူးပြုသော တရား။
(၁၉) သံ, သမ္ပယုတ္တ ယှဉ်ခြင်း ကိစ္စဖြင့် ကျေးဇူးပြုသော တရား။
(၂၀) ဝိပ္ပ, ဝိပ္ပယုတ္တ* မယှဉ်ဘဲကျေးဇူးပြုသောတရား။
(၂၁) အတ်, အတ္ထိ* ပစ္စုပ္ပန် ရှိဆဲ အဖြစ်ဖြင့် ကျေးဇူးပြု သောတရား။
(၂၂) နတ်, နတ္ထိ မရှိဘဲကျေးဇူး ပြုသောတရား။
(၂၃) ဝိဂ, ဝိဂတ ကင်း၍ကျေးဇူးပြုသောတရား။
(၂၄) အဝိတ, အဝိဂတ, ပစ္စယုပ္ပန်တရားတို့အား မကင်းလေဘဲရှိဆဲ ပစ္စုပ္ပန်ကိစ္စဖြင့် ကျေးဇူးပြုသောတရား၊

ဤ-၂၄-ပစ္စည်းပြရာဝယ်။ စ္စည်းနောက်က (*) ဤခဲ့ယားပွင့်လက္ခဏာပါရှိသောပစ္စည်းများမှာ။ပစ္စည်းအပွါးရှိသည်ဟုမှတ်။

ပစ္စည်းရင်းနှင့်တကွပွါးသောပစ္စည်းတို့ကို ဇယားပုံဖြင့်ပြအံ့။

(၃) အဓိပတိ

(က) အာရမ္မဏာဓိပတိ (ခ) သဟဇာတာဓိပတိ

(ဂ) နိဿယ

(က) သဟဇာတနိဿယ (ခ) ပုရေဇာတနိဿယ

(၁) ဝတ္ထုပုရေဇာတနိဿယ (၂) ဝတ္ထာရမ္မဏပုရေဇာတနိဿယ

(၉) ဥပနိဿယ

- (က) အာရမ္မဏူပနိဿယ
- (ခ) အနန္တရူပနိဿယ
- (ဂ) ပကတူပနိဿယ

(၁၀) ပုရေဇာတ

- (က) ဝတ္ထုပုရေဇာတ
  - (၁) ဝတ္ထုပုရေဇာတ
  - (၂) ဝတ္ထာရမ္မဏပုရေဇာတ
- (ခ) အာရမ္မဏပုရေဇာတ

(၁၃) ကမ္မ

- (က) သဟဇာတကမ္မ
- (ခ) နာနာက္ခဏိကကမ္မ

(၁၅) အာဟာရ

- (က) နာမ်အာဟာရ
- (ခ) ရုပ်အာဟာရ

(၁၆) ဣန္ဒြိယ

- (က) သဟဇာတိန္ဒြိယ
- (ခ) ပုရေဇာတိန္ဒြိယ
- (ဂ) ရူပဇီဝိတိန္ဒြိယ

### (၂၀) ဝိပ္ပယုတ္တ

(က) သဟဇာတဝိပ္ပယုတ္တ (ခ) ပုရေဇာတဝိပ္ပယုတ္တ (ဂ) ပစ္ဆာဇာတဝိပ္ပယုတ္တ

(၁) ဝတ္ထုပုရေဇာတဝိပ္ပယုတ္တ (၂) ဝတ္ထာရမ္မဏပုရေဇာတဝိပ္ပယုတ္တ

### ( ၁) အတ္ထိ

(က) သဟဇာတတ္ထိ (ခ) ပုရေဇာတတ္ထိ (ဂ) ပစ္ဆာဇာတတ္ထိ (ဃ) အာဟာရတ္ထိ (င) ဣန္ဒြိယတ္ထိ

### (ခ) ပုရေဇာတတ္ထိ

(၁) ဝတ္ထုပုရေဇာတတ္ထိ (၂) ဝတ္ထာရမ္မဏပုရေဇာတတ္ထိ (၃) အာရမ္မဏပုရေဇာတတ္ထိ

### (ဃ) အာဟာရတ္ထိ

(၁) နာမအာဟာရတ္ထိ (၂) ရူပအာဟာရတ္ထိ

### (င) ဣန္ဒြိယတ္ထိ

(၁) သဟဇာတိန္ဒြိယတ္ထိ (၂) ပုရေဇာတိန္ဒြိယတ္ထိ (၃) ရူပဇီဝိတိန္ဒြိယတ္ထိ

(၂၄) အဓိပတိ,ပစ္စည်း၌ သည် အညမညပစ္စည်းကဲ့သို့ ပစ္စည်းပွါးပုံကို သိလေ။ ။ဤပစ္စည်းဖေါ်သားပုံကိုကြည့်လျှင်လွယ်စွာပစ္စည်းတို့၏အပြား ကိုသိရလတ္တံ့ ။

## (၃) ပစ္စည်း၏အမျိုးတို့ကိုပေါင်း၍ပြခန်း။

ပစ္စည်း တို့သည်ဥဒ္ဒေသပါဠိတော်လာတိုင်းသောနည်းအား ဖြင့်-၂၄-ရှိ၍။ပြဆိုခဲ့ပြီးသောပစ္စည်းပွါးတို့အပြားအား ဖြင့် ၅၃-ဖြစ်၏။

| | | |
|---|---|---|
| (၁) | သဟဇာတမျိုး | ၁၅ |
| (၂) | ဥပနိဿယမျိုး | ၉ |
| (၃) | ဝတ္ထုပုရေဇာတမျိုး | ၆ |
| (၄) | အာရမ္မဏမျိုး | ၆ |
| (၅) | ဝတ္ထာရမ္မဏမျိုး | ၅ |
| (၆) | အနန္တရမျိုး | ၆ |
| (၇) | ပစ္ဆာဇာတမျိုး | ၄ |
| (၈) | ပကတူပမျိုး | ၂ |

## (၁) သဟဇာတ-၁၅-မျိုးကား။

| | | | |
|---|---|---|---|
| (၁) | ဟေတု | (၉) | သဟဇာတိန္ဒြိယ |
| (၂) | သဟဇာတာဓိပတိ | (၁၀) | ဈာန |
| (၃) | သဟဇာတ | (၁၁) | မဂ္ဂ |
| (၄) | အညမည | (၁၂) | သမ္ပယုတ္တ |
| (၅) | သဟဇာတနိဿယ | (၁၃) | သဟဇာတဝိပ္ပယုတ္တ |
| (၆) | သဟဇာတကမ္မ | (၁၄) | သဟဇာတတ္ထိ |
| (၇) | ဝိပါက | (၁၅) | သဟဇာတအဝိဂတ |
| (၈) | နာမ်အာဟာရ | | |

ဤ-သဟဇာတ ၁၅-မျိုးကိုရည်၍ပင်၊

"(၅၃၄) သ,နိ,အတ္ထိ,၊အဝိဂတာ,။ဤသေးဖြာ၊မဟာသဟဇ။

( ၂ )

(၁၄၅) အႏ,ဝိ,သံ။ဝိပ်လေးတန်။မဖြစ်သဟာဇ၊
(၁၄၆) ဟေ,ဝိ,ဟာ,ကံ။ဇုန်,မဂ်,ဈာန်,။မှတ်ရန်ငယ်သဟာ။"

ဟူ၍။သဟာဇာတ-ကြီး,လတ်,ငယ်-၃-မျိုးပိုင်းခြား၍စင်ဆိုတော်မူသည်။

(၂) ဥပသဟာဇာတ-၆-မျိုးကား။

(၁) ရူပါဟာရ (၄) ရူပဇီဝိတိန္ဒြိယ
( ) ရူပါဟာရတ္ထိ (၅) ရူပဇီဝိတိန္ဒြိယတ္ထိ
(၃) ရူပါဟာရအဝိဂတ (၆) ရူပဇီဝိတိန္ဒြိယအဝိဂတ

ဤ-၂-ပါးသည်အတူဖြစ်ရန် ကျေးဇူးပြုသောတရားမဟုတ်၍၊ သဟာဇာတလုံး လုံးကြီးမဟုတ်၊ကျေးဇူးပြုပုံ ၂ သောမူကား။သဟာဇာတမျိုးနှင့်နီးနွယ်နိုးစင်သောကြောင့်-ဥပသဟာဇာတခေါ်သည်။။ဤနှစ်ပါးကိုရည်၍။
"(၁၅၂) ရုပ်အာဟာရ် ဇီဝိတံ။မှတ်ရန်တဌာန။"
ဟူ၍ဝင်း-၂-ပါ.ကိုတဌာနဘွဲ့တွဲ၍ထားတော်မူသည်။

(၃) ဝတ္ထုပုရေဇာတမျိုး-၆-ပါးကား။

(၁) ဝတ္ထုပုရေဇာတ (၄) ဝတ္ထုပုရေဇာတဝိပ္ပယုတ်
(၂) ဝတ္ထုပုရေဇာတနိဿယ (၅) ဝတ္ထုပုရေဇာတတ္ထိ
(၃) ဝတ္ထုပုရေဇာတိန္ဒြိယ (၆) ဝတ္ထုပုရေဇာတအဝိဂတ

ဤခြောက်ပါးကိုရည်၍။
"(၁၅၃) ဝတ္ထုပုရေ။ရုံ၊ခြောက်တွေ။မှတ်လေတဌာန၊"
ဟူ၍ဤ-၆-ပါးကိုဌာနတခုဘွဲ့တွဲ၍ထားတော်မူသည်၊

(၄) အာရမ္မဏမျိုး-၆-ပါးကား။

(၁) အာရမ္မဏ (၄) အာရမ္မဏပုရေဇာတ
(၂) အာရမ္မဏာဓိပတိ (၅) အာရမ္မဏပုရေဇာတတ္ထိ
(၃) အာရမ္မဏူပနိဿယ (၆) အာရမ္မဏ ပုရေ ဇာတ အဝိဂတ

၎-ဒ-ပါးတို့တွင်နောက်အာရမ္မဏပုရေဇာတ-၃-မျိုးကိုငြင်၍။

(၅၄) အာရုံပုရေ။သုံးပါးထွေ။မှတ်လေတဗ္ဗာန။
ဟူ၍ဆိုတော်မူသည်။ ။ရှေ့ ၃ ပါးကိုရည်၍။
(၅၆၀) ဆိုငြားကြွင်းကျန်။အာရမ္မဏ်။သုံးတန်ပစ္စည်းမျိုး၊
ဟူ၍ဆိုတော်မူသည်။ •

(၅) ဝတ္ထာရမ္မဏမျိုး-၅-ပါးကား။

(၁) ဝတ္ထာရမ္မဏပုရေဇာတ
(၂) ဝတ္ထာရမ္မဏပုရေဇာတ နိဿယ
(၃) ဝတ္ထာရမ္မဏပုရေဇာတ ဝိပ္ပယုတ္တ
(၄) ဝတ္ထာ ရမ္မဏ ပုရေဇာ တတ္ထိ
(၅) ဝတ္ထာရမ္မဏပုရေဇာတ အဝိဂတ

၎ ၅-ပါးကိုရည်၍၊
(၅၅) ဝတ်အာပုရေ၊ငါးခုထွေ။မှတ်လေတဗ္ဗာန။
ဟူ၍ဆိုတော်မူသည်၊

(၆) အနန္တရမျိုး-ဒ-ပါးကား၊

(၁) အနန္တရ
(၂) သမနန္တရ
(၃) အနန္တရူပနိဿယ
(၄) အာသေဝန
(၅) နတ္ထိ
(၆) ဝိဂတ

၎-၆-ပါးကိုရည်၍၊
(၅၇) အနန္တရေ။ခြောက်ပါးထွေ။မှတ်လေတဗ္ဗာန၊
ဟူ၍ဆိုတော်မူသည်၊ ။နာနာက္ခဏိက ကမ္မပစ္စည်း၌ မဂ်နှင့်လားခု
စေတနာသည်အနန္တရမျိုး ဖြစ်၏။သို့သော်လည်း၎မဂ်လေးခုစေတန တ
ချက်သားအနန္တရမျိုးပါ ရှိ၍ပကတူပမျိုးဘက်က အားကြီးသောကြောင့်
၎နာနာက္ခဏိကကမ္မကို-အနန္တရမျိုး၌မထည့်လေသည်၊

(၇) ပစ္ဆာဇာတမျိုး-၄-ပါးကား။

(၁) ပစ္ဆာဇာတ (၃) ပစ္ဆာဇာတတ္ထိ
(၂) ပစ္ဆာဇာတဝိပ္ပယုတ္တ (၄) ပစ္ဆာဇာတအဝိဂတ
ဤ-၄-ပါးကိုရည်၍။
(၁၃၆) ပစ္ဆာဇာတေ၊လေးပါးတွေ့။မှတ်လေဘဥ္စာနု။
ဟူ၍ဆိုတော်မူသည်။

(၈) ပကတူပနိဿယ-၂-မျိုးကား။

(၁) ပကတူပနိဿယ (၂) နာနာက္ခဏိကကမ္မ
ဤ-၂-ပါးကိုရည်၍။
(၁၅၈) ရုပ်ဂ မွေ့ဖိ။ဝိပါက်နာမ်တို့။ဖြစ်ရန်နာနာ။ ခဏိကာ-၂-ဖြာ ပစ္စယာ။

ဟူ၍ဆိုတော်မူသည်။ ။နာနာက္ခဏိကစေတနာသည်ဗလဝ ဖြစ်မှ နာနာက္ခဏိက။ပကတူပနိဿယ-၂-ပစ္စည်းတင်နိုင်သည်။ ။ဒုဗ္ဗလဖြစ်ပါမူကား။နာနာက္ခဏိကပစ္စည်းသာတင်နိုင်၏။ ။ဤဒုဗ္ဗလကိုပကတူပ မျိုး၌မသွင်းဘဲနာနာက္ခဏိကသာမည ဆိုရ၏။

တနည်းအားဖြင့် နာမ်သက်သက်ပစ္စည်း-၂၁ ရုပ်သက်သက်ပစ္စည်း ၄ ။ရုပ်နာမ် ၂ -ပါး။ရုပ်ပစ္စည်း-၉။ပေါင်းပစ္စည်း-၂၀-ရှိ၏။
“ဧကဝိနာမ်၊ရုပ်မှုနှိမ်သ။နာမ်ရုပ်မှု။နှ-ပစ္စယာ။”

(က) နာမ်သက်သက်ပစ္စည်း-၂၁-ပါးကား။

(၁) ဟေတု (၇) အာသေဝန
(၂) သဟဇာတာဓိပတိ (၈) သဟဇာတကမ္မ
(၃) အနန္တရ (၉) နာနာက္ခဏိကကမ္မ
(၄) သမနန္တရ (၁၀) ဝိပါက
(၅) အနန္တရူပနိဿယ (၁၁) နာမ်အာဟာရ
(၆) ပစ္ဆာဇာတ (၁၂) သဟဇာတိန္ဒြိယ

(၁၃) ဈာန
(၁၄) မဂ္ဂ
(၁၅) သမ္ပယုတ္တ
(၁၆) သဟဇာတဝိပ္ပယုတ္တ
(၁၇) ပစ္ဆာဇာတဝိပ္ပယုတ္တ
(၁၈) ပစ္ဆာဇာတတ္ထိ
(၁၉) နတ္ထိ
(၂၀) ဝိဂတ
(၂၁) ပစ္ဆာဇာတအဝိဂတ

## (ခ) ရုပ်သက်သက်ပစ္စည်း-၂၁-ဘား။

(၁) ဝတ္ထုပုရေဇာတနိဿယ
(၂) ဝတ္ထာရမ္မဏပုရေဇာတနိဿယ
(၃) အာရမ္မဏပုရေဇာတ
(၄) ဝတ္ထုပုရေဇာတ
(၅) ဝတ္ထာရမ္မဏပုရေဇာတ
(၆) ရုပ်အာဟာရ
(၇) ပုရေဇာတိန္ဒြိယ
(၈) ရူပဇီဝိတိန္ဒြိယ
(၉) ဝတ္ထုပုရေဇာတဝိပ္ပယုတ္တ
(၁၀) ဝတ္ထာရမ္မဏပုရေဇာတဝိပ္ပယုတ္တ
(၁၁) အာရမ္မဏပုရေဇာတတ္ထိ
(၁၂) ဝတ္ထုပုရေဇာတတ္ထိ
(၁၃) ဝတ္ထာရမ္မဏပုရေဇာတတ္ထိ
(၁၄) ရုပ်အာဟာရတ္ထိ
(၁၅) ရူပဇီဝိတိန္ဒြိယတ္ထိ
(၁၆) အာရမ္မဏပုရေဇာတအဝိဂတ
(၁၇) ဝတ္ထုပုရေဇာတအဝိဂတ
(၁၈) ဝတ္ထာရမ္မဏပုရေဇာတအဝိဂတ
(၁၉) ရူပအဝိဂတ
(၂၀) ရူပဇီဝိတိန္ဒြိယအဝိဂတ

## (ဂ) ရုပ်နာမ် ၂-ပါးပစ္စည်း ၉-ပါး။

(၁) အာရမ္မဏ
(၂) အာရမ္မဏာဓိပတိ
(၃) သဟဇာတ
(၄) အညမည
(၅) သဟဇာတနိဿယ
(၆) အာရမ္မဏူပနိဿယ
(၇) ပကတူပနိဿယ
(၈) သဟဇာတတ္ထိ
(၉) သဟဇာတအဝိဂတ

## (၃) စည်း၊ပန်၊နိက်၊တို့ကိုပြခန်း။

'စတုဗ္ဗီသပစ္စယဝယ်၊သုံးဝစ်-ဝိဘတ်စည်း၊ပန်၊နိက်၊သံခိပ်တိုင်းပင်ဖြန့်။''

စတုဗ္ဗီသဟုဆိုအပ်သော၂၄-ပစ္စည်းတို့၌၎င်း၊ပစ္စည်းတခုတခု၌ယ်။ ပစ္စည်း၊ပစ္စယုပ္ပန်၊ပစ္စနိက်အားဖြင့်။ ပရမတ္ထသံခိပ်ကျမ်းအတိုင်း ပင်ဖြန့်၍သိရမည်။ ။(အခေါ်ဝေါဟာရကျဉ်းစေခြင်းငှါ၊ပစ္စည်း၊ကို-စည်း၊၊ ပစ္စယုပ္ပန်၊ကို-ပန်၊ပစ္စနိက်၊ကို-နိက်၊ဟုခေါ်ဝေါ်ခြင်းကိုပြုသည်)။

အောက်ပါအတိုင်း-စည်း၊ပန်၊နိက်.သဘောကိုမှတ်လေ။

(၁) စည်း ကျေးဇူးပြုတတ်၍အကြောင်းဖြစ်သောတရားရ။
(၂) ပန် ကျေးဇူးပြုခံရသောအကျိုးတရားရ။
(၃) နိက် ကျေးဇူးပြုမခံရ၍အကျိုးမှလွတ်သောတရားရ။

(ဆိုလတ္တံ့သောဆောင်ရွက်ခန်း-စည်း၊ပန်၊တို့ကို ရအောင်ကျက်ရမည်။နိက်၊ကိုမရသော်လည်း ကိစ္စမရှိ။ ။ကျမ်းရင်းပရမတ္ထသံခိပ်သံပေါက်ကို ဂါထာန ဖြင့်ပြ၍တည်ပြီးလျှင် ဘွင့်ပြအံ့။ ။သံပေါက်ဂါထာနံကိုကျမ်းရင်းနှင့်တိုက်ဆိုင်လေ)။

## သ(၁) ဟေတုပစ္စည်း။

### (၅၁၈) ဟိတ်ခြောက်၊

(၁၁၁) လောဒေါ်မောသုံး၊အ-နှင့်သုံး၊ခေါ်ထုံးဟိတ်ခြောက်ပါး။
ဆောင်ရွက်နည်းအခန်း။

(၁) စည်း ဟိတ်ခြောက်ပါး။
(၂) ပန် သဟိတ်စိတ်-၇၁၊စေ-၅၂၊သဟိတ်စိတ္တဇရုပ်။
သဟိတ်ပဋိသန္ဓေကမ္မဇရုပ်။
(၃) နိက် အဟိတ်စိတ်-၁၈၊စေ-၁၂၊ မောဟမူစိတ်၌မောဟ၊အဟိတ်စိတ္တဇရုပ်၊သဟိတ်ပဋိသန္ဓေကမ္မဇမှတပါး အလုံးစုံကမ္မဇရုပ်၊ဥတုဇရုပ်၊အာဟာရဇရုပ်။

## ကြည့်ရှုကြံစည်ရန်အခန်း။

သဟာဇာတစသောပစ္စည်းရှစ်မျိုးတို့တွင်၊ဤပေတုပစ္စည်းသည်။

(၅၄၆) မိမိနှင့်မှု၊အတူဖြစ်ရန်၊ကျေးဇူးသန်၊အမှန်သဟာဇ။

ဟူသည်နှင့်အညီ၊မိမိနှင့်အတူတပြိုင်နက်ဖြစ်ဘို့ရန် ကျေးဇူးပြုသောကြောင့် သဟာဇာတမျိုးမည်၏။ ၊သဟာဇာတကြီး၊ သဟာဇာတလတ်၊ သဟာဇာတငယ်၊ သုံးပါးတို့တွင်။

(၅၄၇) ဟေ,ဝိ,ဟာ,ကံ,၊ဈာန်,မဂ်,ဈာန်,၊မှတ်ရန်ငယ်သဟာ၊

ဟူသည်နှင့်အညီ။ဤဟေတု စွည်းသည်သဟာဇာတငယ်တည်း။ ၊ပစ္စည်းအရေအတွက် နည်းကျယ်သောပစ္စည်း သည် သဟာဇာတကြီးမည်၏။ပစ္စည်းအရေအတွက်အလယ်အလတ်သည် သဟာဇာတလတ်မည်၏။ ပစ္စည်းနယ်ကျဉ်းသော ပစ္စည်း သည် သဟာဇာတငယ်မည်၏။ ၊ဤသို့ သဟာဇာတပစ္စည်းမျိုးသုံးပါးကိုသိ။

သဟာဇာတမျိုးမှာ။ နာမ် တရသော ဝိညာဏ်ပွါးနှင့်အတူ ဥပါဒ်ကြကုန်သောနာမ်ပစ္စယုပ္ပန်တရားတို့ကား ထင်ရှားကုန်၏။စေတသိက်ပိုင်း သင်္ဂဟနည်းအတိုင်းဘိတ်ချာ၏။နာမ်နှင့်အတူဥပါဒ်သောရုပ်ပစ္စယုပ္ပန်တရားကား အဘယ်နည်းဟူမူ။

(၅၄၈) သန္ဓိ ခဏ်၊ကမ္မဇာ၊နောက်မှာစိတ္တဇ။

(၅၄၉) ဝဏ္ဏနှင့်သန်၊အပြန်ပြန်၊သုံးတန်သဟာဇ။

ဟူသည်နှင့်အညီ၊ (၁) ပဋိသန္ဓေအခိုက်၌ပဋိသန္ဓေစိတ်နှင့်အတူပြိုင်၍ ဥပါဒ်သောကမ္မဇရုပ်ရ၊(၂)ပဋိသန္ဓေမှစ၍ပဝတ္တိအခိုက်၌ စိတ်နှင့်အတူဥပါဒ်သောစိတ္တဇရုပ်ရ၊(၃)ပဋိသန္ဓေစိတ်နှင့်အချင်းချင်း ပြန်လှန်ဘက်ကျေးဇူးပြုသောဟဒယဝတ္ထု၊ဤရုပ်သုံးမျိုးကိုနာမ်သဟာဇာတပစ္စယုပ္ပန်ချည်ပေါ်သည်၊ ၊ထိုကြောင့်ပဋိသန္ဓိအခိုက်မှတပါးသောကမ္မဇရုပ်ရ၊ဥတုဇရုပ်ရ၊ အာဟာရဇရုပ်ရကို သဟာဇာတ ပစ္စယုပ္ပန်၌မသွင်းရသတည်း၊ ၊ထိုရုပ်တို့ကားစိတ်နှင့်အတူ ဥပါဒ်သော်လည်း စိတ်ကတကူ ဖြစ်စေရန်ကျေးဇူးမပြု၊မိမိတို့ဘာသာအ လျောက်ဖြစ်ကြလေရာ၊ စိတ်နှင့်အလှည့်သင့်၍ သာအတူပြိုင်မိလျက်ရှိကြလေသည်၊

(၁၁၂) ရေသောက်မြစ်ရှယ်။ ကျေးဇူးကြွယ်။ ကြီးကျယ်ကြောင်း ရင်းများ။

ဟူသည်နှင့်အညီ၊ဟိတ်ခြောက်ပါးတရားတို့သည် မိမိနှင့်သမ္ပယုတ်နာမ်အားရင်း။မိမိကြောင့်ဖြစ်သော သဟိတ်စိတ္တဇရုပ်တို့အားရင်း။သစ်ပင်၏ရေသောက်မြစ်မကြီးကဲ့သို့အမြစ်သဘော ကျေးဇူးပြုဘုန်၏ ။ပန့္ဌစေဘသိက် ၁၂-ဆိုသော်လည်းမောဟမူဒွေ့မောဟသည် မိမိအားကျေးဇူးပြုသောဟိတ်မရှိ၍-ပန့်မဖြစ်သဖြင့်၊ ရင်းမောဟမူဒွေမောဟကိုကြဉ်ရမည်၊ ။ကျဉ်းစေခန့်စေဘသိက်ကို"စေ"ဟူ၍မေးသည်။

ဤမှနောက်၌ပစ္စည်းအမည်၏ ရှေ့၌"သ"စသောမှတ်ချက်ကို မြင်သဖြင့်-သဟဇာတ,ပစ္စည်းမျိုးစသည်ကိုသိလေ၊

| | | | |
|---|---|---|---|
| သ | သဟဇာတမျိုး | တူ | ပကတူပနိဿယမျိုး |
| ဥ-သ | ဥပသဟဇာတမျိုး | ပု | ပုရေဇာတမျိုး |
| အာ | အာရမ္မဏမျိုး | ပ | ပစ္ဆာဇာတမျိုး |
| အ | အနန္တရ | | |

ဤမှတ်ချက်ကိုသဘောထားလေ၊ ။အာ-ပု-စသည် နှစ်လုံးတွဲတွေ့လျှင် အာရမ္မဏပုရေဇာတမျိုး စသည်ကိုသိလေ။ ။လောဘ, ဒေါသ, မောဟ,တည်းဟူသော ဟိတ်သုံးပါး၏ကျေးဇူးပြုကိုခံရခြင်းကြောင့်သံသရာ၌ များစွာဆင်းရဲကြပုံ။အလောဘ,အဒေါသ,အမောဟ,ဟိတ်မြတ်သုံးပါးကြောင့်သံသရာမှ ခွါရှောင်ကျွတ်လွတ်၍နိဗ္ဗာန်တိုင်အောင် ချမ်းသာကြပုံ၊သုတ္တန်နည်းကိုဘာသာဋီကာကြီး၌သမျှသိစေလင့်သတည်း)။

အာ(၂) အာရမ္မဏပစ္စည်း။

(၁၁၃) ခြောက်အာ။

ဤခြောက်အာ အရ-အာရုံခြောက်ပါးကား အောက်ပါသံပေါက်အတိုင်းပင်သိ။

(၁၁၄) ရူပ,သဒ္ဒါ,။ဂန္ဓာ,ရသ,။ဖောဋ္ဌဗ္ဗ,။ဓမ္မ,ခြောက်အာရုံ၊

## သောင်းရွက်ရန်အခန်း။

(၁) စည်း အာရုံခြောက်ပါးခေါ်သော ဗိတ်, စေ,ရုပ်,နိဗ္ဗာန်, ပညတ်အကုန်။
(၂) ပန် ဗိတ်,စေ,အကုန်။
(၃) နိက် စတုဇရုပ်အကုန်။

## ကြည့်ရှုကြံစည်ရန်အခန်း။

ဤကားအာရမ္မဏပစ္စည်း ဘိုးတည်း။ပေါကာလိကနာမ်ရုပ်။ကာလဝိမုတ်နိဗ္ဗာန်ပညတ်တို့သည်ထိုက်သည်အားလျော်စွာ-ဗိတ် ၈၉။စေ-၅၂-တို့အားကျေးဇူးပြုကုန်၏။ ။ထိုက်သည်အားလျော်စွာ ကျေးဇူးပြုပုံကို ပကိဏ်းပိုင်း အာရမ္မဏသင်္ဂဟာတွင် ပေါ်ခဲ့သော အတိုင်း။ မည်သည့်တရားသည် မည်သည့်တရားကိုကြောင့်အာရုံပြု၏။ မည်သည့်တရားကို ကြောင့်အာရုံမပြုစသည်ဖြင့်ဝေဘန်လေ။

(၁၄၁) ဆွဲကိုင်မှီတွယ်။ကျေးဇူးကြွယ်၊ခြောက်သွယ်ခေါ်အာရုံ။

ဟူသည်နှင့်အညီ။ဇရာဒုဗ္ဗလအိုမင်းအားနည်းသောသူအားကြိုးတန်းတောင်ဝှေးသည်အားပေးခြင်းကိစ္စဖြင့်ကျေးဇူးပြုသကဲ့သို့၊ အာရုံခြောက်ပါးလည်း ဗိတ်စေတသိက်အားဆွဲကိုင်မှီတွယ်ရာ အားပေးခြင်းကိစ္စဖြင့် ကျေးဇူးပြု၏။ သူအိုဒုဗ္ဗလသည်တောင်ဝှေးနှင့် မကင်းနိုင်သကဲ့သို့ ဗိတ်သည်လည်းအာရုံနှင့်ကင်း၍မဖြစ်နိုင်၊

## (၃) အဓိပတိပစ္စည်း၊

(က) အာရမ္မဏာဓိပတိ (ခ) သဟဇာတာဓိပတိ

(၅၁၈) ဓိ,နှစ်ပြား။အာဓိ,သဓိ,ခွဲ။

( ၃ )

အဓိပတိပစ္စည်းကို ပြဦးပုံအတိုင်းအာရမ္မဏာဓိပတိ,သဟဇာတာဓိပတိ,နှစ်ပါးခွဲ။

(၅၁၉) ဣဋ္ဌရုပ်နာမ်။အာဓိမှန်။
အာ (၃-က) အာရမ္မဏာဓိပတိပစ္စည်း။

ဆောင်ရွက်ရန်အခန်း။

(၁) စည်း ဣဋ္ဌနိပ္ဖန္နရုပ်-၁၈။စိတ်-၈၄။စေ-၄၇။နိဗ္ဗာန်။
(၂) ပန် အလေးပြုတတ်သောလောဘမူစိတ်-၈။ မဟာကုသိုလ်-၈။မဟာကြိယာဉာဏသမ္ပယုတ်-၄။ လောကုတ္တရာ-၈။စေ-၄၇။
(၃) နိက် အလေးမပြုနိုက်မပြုနေလောကီစိတ်-၈၁။စေ-၅၂။ ရုပ်အကုန်။

ဤအာရမ္မဏာဓိပတိပစ္စည်းကားသာမညအာရုံပြုခံသောသာမညအာရုံမဟုတ်။အလေးအမြတ်အာရုံပြုခံသောအလေးပြုလောက်သော ဣဋ္ဌာရုံတို့ဖြစ်ပါမှအာရမ္မဏာဓိပတိပစ္စည်းတပ်သည်။ ။အလေးပြုတတ်သော-ပန်,စိတ်ရကို။

(၅၆၁) ရှစ်လောဘမူ။မဟာကု။လေးခုဉာဏ်ကြိယာ။
(၅၆၂) လောကုတ်ရှစ်ခု။ဤစိတ်ပေး။ဂရုပြုတတ်စွာ။

ဟူသော သံပေါက်လင်္ကာ-၂-ချဖြင့် ပြတော်မူခဲ့၏။ ။စည်း,၌။ စိတ်-၈၄-အရကား။ ဒေါသမူ-၂။ မောဟမူ-၂။ဒုက္ခသဟဂုတ်ကာယဝိညာဏ်-၁-ကြဉ်သောစိတ်-၈၄-တည်း။ စေ-၄၇-ကား။ ဝိရတီ-၃-အပ္ပမညာနှစ်ပါးကိုချန်လှပ်၍၎င်းစိတ်နှင့်ယှဉ်သောစေတသိက်ရတည်း။ ။ အလေးပြုလောက်သောအာရုံလည်းမဟုတ်ပါမှ။ စိတ်ကလည်းအလေးပြုပါမှ။အရမ္မဏာဓိပတိ-စည်း,ပန်,ဖြစ်ကြ၏။

"လေးမြတ်အာရုံ။လေးပြုတုံ။နှစ်စုံလက္ခဏာ။"

ပဘာဝတီတည်းဟူသောအာရမ္မဏာဓိပတိပစ္စည်းသည် ကုသမင်း၏

စိတ်သန္တာန်တည်းဟူသော-ပန်,အားအစိုးရမှုဖြင့်ကျေးဇူးပြု၏။ ပဘာဝတီအတွက်ကုသမင်းသည်ဆင်းရဲဒုက္ခခံတော်မူရ၏၊ နိဗ္ဗာန်တရသာလျှင်မချအာရမ္မဏာဓိပတိ-စည်း,ထိုက်၏။လောကုတ္တရာစိတ်သာလျှင် အမြဲ-ပန်,ထိုက်၏ ထိုကြောင့် လောကုတ္တရာ စိတ်သည်- နိဂ်,၌ မပါရသတည်း။ ။ကြွင်းသောအာရုံတို့ကား သတ္တဝါအလိုအားလျော်စွာ၊ ရံခါအာရမ္မဏာဓိပတိ ရံခါအာရမ္မဏာသာမညအာရုံဖြစ်၏။

ဤအာရမ္မဏာဓိ တိပစ္စည်း၌မည်သည့်အာရုံကိုမည်သည့်စိတ်က အလေးပြု၏ဟုခြားနားရန်မှာ။

လောဘမူ သည့်၊ဒေါသမူမောဟ။ဒုက္ခကြည်ဘယ်။ရနစ်ဆယ်ခြောက်ချ၊လောကီဗုနှင့်။စတုဖိဋ္ဌ၊နိပ္ဖန္နသား၊ခင်ဘွယ်ရာကို။သာယာသမှု၊အလေးပြု၏၊ကုသိုလ်ကာမ။ဖိတ်အဋ္ဌလည်း။လောကခေါ်ဆို၊ကုသိုလ်သတ္တရသ်၊လွန်လေးမြတ်၏။ ၄,စ်မှတ်သမုတ်၊သမ္ပယုတ်လည်း။ လောကုတ်ကိုးပါး၊လွန်လေးစား၏။ရှစ်ပါးထွတ်ထိပ်၊လောကုတ်စိတ်ကား။အောင်မြဲဘ်နိဗ္ဗူ။အလေးမူသည်။ ။ဘုန်းလူဇိနမေ်ကွန်းတည်း။ ။ဟူသောကဗျာနှင့်အညီသိအပ်၏။

(၁) လောဘမူစိတ်-၈-ခုသည်။ ဒေါသမူ-၂-မောဟမူ ၂-ဒုက္ခသဟဂုတ်ကာယဝိညာဏ်-၁-ကြဉ်သောစိတ်-၇၆၊ ၎င်း၌ယှဉ်သောစေတသိက်-၄၇၊ဆုဋ္ဌဖြစ်သောစတုဇနိပ္ဖန္နရုပ်တို့ကိုအလေးပြု၏။

(၂) ပုထုဇ္ဇန်တို့၏မဟာကုသိုလ်-၈-သည်လောကီကုသိုလ်-၁၇-စေတသိက်-၃၈-ကိုအလေးပြု၏။

(၃) အရိယာတို့၌ဖြစ်သော မဟာကုသိုလ် သမ္ပယုတ်-၄-မဟာကြိယာသမ္ပယုတ်-၄-တို့သည်ထိုက်သည်အားလျော်စွာ လောကုတ္တရာစိတ်-၈-နိဗ္ဗာန်ဟုဆိုအပ်သော လောကုတ္တရာတရားကိုးပါးကိုအလေးပြုကုန်၏။ ။သောတာပန်ပုဂ္ဂိုလ်သည် သောတာပတ္တိမဂ် သောတာပတ္တိဖိုလ်နိဗ္ဗာန်ကိုအလေးပြု၏၊သကဒါဂါမ်ပုဂ္ဂိုလ်သည်သကဒါဂါမိမဂ် သကဒါဂါမိဖိုလ်နိဗ္ဗာန်ကိုအလေးပြု၏၊ အနာဂါမ်ပုဂ္ဂိုလ်သည် အနာဂါမိမဂ် အနာဂါမိဖိုလ်နိဗ္ဗာန်ကိုအလေး၏၊ ရဟန္တာပုဂ္ဂိုလ်သည် အရဟတ္တမဂ် အရဟတ္တဖိုလ်နိဗ္ဗာန်ကိုအလေးပြု၏၊

(၄) လောကုတ္တရာစိတ်-၈-ခုသည်နိဗ္ဗာန်ကိုအလေးအမြတ်ပြု၏။

သ (၃-၁) သဟဇာတာဓိပတိပစ္စည်း။

(၅၁၉) လေးတန်-သ,ဓိခွဲ၊

ဆောင်ရွက်ရန်အခန်း။

(၁) စည်း ဆန္ဒ,စိတ္တ,ဝီရိယ,-ဝီမံသ, အဓိပတိ-၃-ပါး-၄-ပါးတို့တွင်တပါးပါး။

(၂) ပန် ဒွိဟိတ် ဇော-၁၈-တိဟိတ် ဇော-၃၄-၎င်းတို့၌ယှဉ်သောစေတသိက်-၅၁-၎င်းသာဓိပတိဇော-၅၂ တို့ကြောင့်ဖြစ်သောသာဓိပတိစိတ္တဇရုပ်။

(၃) နိက် အဓိပတိပစ္စည်းမတင်ခိုက် မတပ်နေ ကာမစိတ်-၅၄-မဟဂ္ဂုတ် ဝိပါက်-၉-၎င်း၌ယှဉ်သော စေတသိက်-၅၂-အဓိပတိတပ်ဆဲတရားကိုယ်-၁-သာဓိပတိဇောကြောင့် ဖြစ်သည် မဟုတ်သော နိရာဓိပတိစိတ္တဇရုပ်ရ။ကမ္မဇ,ဥတုဇ,အာဟာရဇ, ရုပ်အလုံးစုံ။

ဤအဓိပတိပစ္စည်းသည်။ ၎င်းအဓိပတိတရားကိုယ် ယှဉ်တိုင်းလည်း ပစ္စည်းတပ်သည်မဟုတ်၊ ထက်သန်သော အဟုန်ရှိသော ဇောစိတ်၌သာ တပ်၏။ဇောတွင်လည်း။

(၄၆၈) ဒွိဟေ,တိဟေ,။ဇော-၂-ထွေ၊ရစေဓိပတိ၊

ဟူသည်နှင့်အညီ။ ထက်သန်သော ဟိတ်ယှဉ်သော ဒွိဟိတ်တိဟိတ် ဇောတို့၌သာရထိုက်၏။

(၄၆၃) ဆန်,ဝိ,စိတ်,ဝိ,။ဓိပတိ။ ရှိဟူသုံ့ပြိုင်၊

ဟူသည်နှင့်အညီအဓိပတိပစ္စည်းတင်ခိုက်သော်လည်း တရားကိုယ်-၃-ပါးလုံး-၄-ပါးလုံးပြိုင်၍တပ်သည်မဟုတ် တပါးတပါးသာတပ်သည်။ တပါးတစ်သျှင် အခြားအဓိပတိတရားကိုယ်များပစ္စည်းမတပ်ဟူလို၊

အလွန်အားရှိထက်သန်ပါမှအဓိပတိကိစ္စတပ်နိုင်ကြသည်ဖြစ်၍ အမြ

ထက်သန်လေ့မရှိသော။ကာမ-ဓိ,တိ,ဇော တို့၌ရံခါသာပစ္စည်းတပ်သည်။ ရံခါမတပ်၊သို့ဖြစ်၍ဝင်းတို့သည်ပစ္စနိက်တွင်ပါရလေကုန်သည်။

အပ္ပနာဇော-၂၆-ခုကား ထက်သန်ခြင်းမြဲသောစိတ်မျိုးဖြစ်၍ ၎င်းတို့၌၊အဓိပတိတပါးပါးပစ္စည်းပုံသေတပ်မြဲတည်း။သို့ဖြစ်၍၎င်းတို့သည် ပစ္စနိက်၌မပါရလေကုန်။ ပန်,အမြဲဖြစ်၍လေသည်။ ။အဓိပတိ တင်နိုက်ဖြစ်သော တရားကိုယ်-ကို။ တပါးသော အဓိပတိတရား၏ ကျေးဇူးပြုကိုခံသောတရားမဟုတ်၍။ ပန်,မထိုက်ရကား။စည်း,အမြဲဖြစ်၍၊ ပန်,၌လည်း သွင်းရလေသည်။

"အမြဲ-စည်း,ပင်။ဖြစ်ခဲ့လျှင်၊နိက်,တွင်သွင်းလေဦး။"

အဓိပတိတရားကိုယ်-၃-ပါး-၄-ပါးဆိုသည်မှာ ဒွိဟိတ်ဇောကိုရည်၍-၃-ပါး။ တိဟိတ်ဇောကိုရည်၍-၄-ပါးဆိုလေသည်။ ။ဤပစ္စည်းကား-သဟဇာတငယ်,မျိုးတည်း။

## အ (၄) အနန္တရပစ္စည်း။

## (၅၂၀) ခြားမဲ့ရှေ့နာမ်။ပစ္စည်းနံ။နောက်နာမ်အားအမြဲ၊ ဆောင်ရွက်ချိန်အခန်း။

(၁) အခြားမဲ့ရှေ့ရှေ့သောစိတ်-၈၉-စေတသိက်-၅၂။
(၂) ပန် အခြားမဲ့နောက်နောက်-စိတ်-စေ-အကုန်။
(၃) နိက် အသုံးစုံစုတိစိတ်အကုန်။

အနမတဂ္ဂသံသရာမှာ နာမ်ချင်းချင်း အနန္တရပစ္စည်းသည်ရဟန္တာ၏ စုတိတိုင်အောင်ဆက်လေ၏၊ ။ရဟန္တာတို့၏ စုတိစိတ်ကို အနန္တရပစ္စည်းအရာ၌ကြဉ်ရမည်။

ဤအနန္တရပစ္စည်းအရာ၌။ အပေါင်းအားဖြင့် သိမ်းရုံး၍ ရှေ့ရှေ့စိတ်-၈၉-စေတသိက်၅၂-သည်ပစ္စည်း။နောက်နောက်စိတ်-၈၉-စေတသိက် ၅၂-သည် ပစ္စယုပ္ပန်ဟူ၍ဆိုသည်၊ ။အစိတ်အစိတ် ဆိုင်ရာအားဖြင့် ခွဲခြမ်းစိတ်ဖြာ၍ဝေဘန်နည်းမှာမူကား ဤသို့ဝေဘန်လေ၊ ။လောဘမူ စိတ်-၈-သည်၊မိမိအချင်းချင်းလောဘမူ-၈-ခုအားဝင်း၊တဒါရုံကောဒသ

အားရင်း။မဟာကုသိုလ်ပါကကိုးခုအားရင်း။ အနန္တရပစ္စည်းဖြင့်ကျေးဇူးပြု၏။သို့ပြီးစိတ်-၂၈-သည်ပစ္စယုပ္ပန်ဖြစ်၏။ ။ပစ္စည်းပြုပုံကိုဝိထိအားဖြင့်သိအပ်၏။ ဤအနန္တရ၏ အသီးသီး-စည်း,ပန်,ကို ဝိထိကျပွန်မှုများစွာနားလည်ကျေပွန်၏။ ။လောဘဇောကျသောဝိထိ၌။ရှေ့ရှေ့လောဘဇောသည်နောက်နောက်လောဘဇောအားအနန္တရသတ္တိဖြင့်ကျေးဇူးပြု၏။ ။လောဘဇောနောင်တဒါရုံကျသောဝိထိ၌ အဆုံးဇောလောဘသည်တဒါရုံ-၁၀-အားကျေးဇူးပြု၏။ ။ရူပပုဂ္ဂိုလ်,အရူပပုဂ္ဂိုလ်,တို့ သန္တာန်၌ လောဘ ဇောကျသော ဝိထိဖြစ်သောအခါ အဆုံးဇော လောဘသည် မဟာကုသိုလ်ပါက-၄-ခုအားကျေးဇူးပြု၏။ ။ဤသို့စသည်ဖြင့် သိလေ။ ဒေါသ,၏အနန္တရပစ္စယုပ္ပန်စသည်များကိုလည်း။

(၂၀၉) ဒေါနောက်မှာမူ၊ တဒါဘဝင်။သောမယှဉ်၊ ဥလျှင်အမြဲမှတ်၊

စသောအစီအရင်။ ရူပ, အရူပ,တို့၌ ၎င်းဒေါသကိုမရဟူသောအစီအရင်စသည်များကိုထောက်၍။အနန္တရပစ္စည်း၏ပစ္စယုပ္ပန်ကိုသိလေ။

မဟာကုသိုလ်,မဟာကြိယာ,တို့၌လည်း။

(၂၁၀) သော,မှာ-သော,ချင်း။ဥ,ဥ,ချင်း။ယှဉ်လျှင်း-ကာ,ပနာ၊

ဟူသောအစီအစဉ်များကို သတိမြဲစွာထား၍ ပစ္စည်းပစ္စယုပ္ပန်ကို သိလေ။ ။ဇယားကွက်ဖြင့်အနန္တရပစ္စည်းပစ္စယုပ္ပန်ကိုပြအံ့။၎င်းဇယား၌-ပန်,ဟူ၍တွေ့လျှင်-ပြထားသောစိတ်၏နောက်ကဖြစ်သော ပစ္စယုပ္ပန်စိတ်ဟုမှတ်။စည်း,ဟူ၍တွေ့လျှင်။ပြထားသောစိတ်၏ရှေ့ကဖြစ်သော-ပစ္စည်းစိတ်ဟုမှတ်။

လောဘမူစိတ်နောက်-၂၈-ခုအရ။လောဘမူ-၈-နောင်။ လောဘမူ-၈-ဖြစ်သည်ဆိုသော်လည်း ရှစ်ခုလုံး ဖြစ်သည်မဟုတ်။ ပထမအသင်္ခါရိကနောင်၎င်း ပထမအသင်္ခါရိကသာဖြစ်၏ စသည်ဖြင့်စိစစ်၍သိလေ။ ။စည်း,စိတ်,တို့၌ကား သဘောမတူသော ရှေ့စိတ်ကိုသာပြအံ့၊ လောဘ၏ရှေ့-၁-ဟုတွေ့လျှင် မနောဒွါရာဝဇ္ဇန်းပင်သိ။ လောဘရှေ့လောဘဖြစ်သေးသော်လည်း။သဘောတူစိတ်ဖြစ်၍ရှုပ်အံ့စိုး၍မထည့်ပြီဟူလို။

ပိုထဏ္ဍံ့ သောဓယားကွက်၌။ ဂဏန်းပုဒ်ကိုသချပ်ရအောင်လေ့ကျက်ပါ။

ဇယားပုံ။

| စိတ် | | ငန် | စည်း |
|---|---|---|---|
| လောဘမူ | ၈ | ၂၈ | ၁ |
| ဒေါသမူ | ၂ | ၈ | ၁ |
| မောဟမူ | ၂ | ၂၂ | ၁ |
| ဒွေပဉ္စဝိညာဏ် | | ၂ | ၁ |
| သမ္ပဋိစ္ဆိုန်း | ၂ | ၇ | ၁၀ |
| ဥပေက္ခာသန္တီရဏ | ၂ | ၁၂ | ၇၈ |
| သောမနဿသန္တီရဏ | | ၁၂ | ၂၄ |
| ပဉ္စဒွါရာဝဇ္ဇန်း | | ၁၀ | ၁၅ |
| မနောဒွါရာဝဇ္ဇန်း | | ၄၉ | ၂၀ |
| ဟသိတုပ္ပါဒ် | | ၁၇ | ၁ |
| မဟာကုသိုလ်ပထမ | ၂ | ၅၄ | ၁ |
| ၎င်းဒုတိယ | ၂ | ၂၂ | ၁ |
| ၎င်းတတိယ | ၂ | ၇၄ | ၁ |
| ၎င်းစတုတ္ထ | ၂ | ၂၂ | ၁ |
| မဟာဝိပါက်ပထမ | ၂ | ၂၁ | ၃၀ |
| ၎င်းဒုတိယ | ၂ | ၁၂ | ၄၀ |
| ၎င်းတတိယ | ၂ | ၂၁ | ၃၂ |
| ၎င်းစတုတ္ထ | ၂ | ၁၂ | ၄၁ |
| မဟာကြိယာပထမ | ၂ | ၂၉ | ၁ |
| ၎င်းဒုတိယ | ၂ | ၁၈ | ၁ |
| ၎င်းတတိယ | ၂ | ၂၅ | ၁ |
| ၎င်းစတုတ္ထ | ၂ | ၁၉ | ၁ |

| စိတ် | | ပန် | စည်း |
|---|---|---|---|
| ရူပကုသိုလ် | ၅ | ၁၄ | ၄ |
| ၎င်းဝိပါက် | ၅ | ၁၆ | ၅၆ |
| ၎င်းကြိယာ | ၅ | ၁၄ | ၄ |
| အရူပကုသိုလ်ပထမ | | ၁၁ | ၂ |
| ၎င်းဒုတိယ | | ၁၂ | ၂ |
| ၎င်းတတိယ | | ၁၃ | ၂ |
| ၎င်းစတုတ္ထ | | ၁၅ | ၂ |
| အရူပဝိပါက်ပထမ | | ၆ | ၄၈ |
| ၎င်းဒုတိယ | | ၈ | ၄၇ |
| ၎င်းတတိယ | | ၇ | ၄၆ |
| ၎င်းစတုတ္ထ | | ၆ | ၄၅ |
| အရူပကြိယာပထမ | | ၁၁ | ၂ |
| ၎င်းဒုတိယ | | ၁၂ | ၂ |
| ၎င်းတတိယ | | ၁၃ | ၂ |
| ၎င်းစတုတ္ထ | | ၁၅ | ၂ |
| မဂ် | ၂၀ | ၂၀ | ၄ |
| ပထမဖိုလ် | | ၁၄ | ၃ |
| ဒုတိယဖိုလ် | | ၁၄ | ၃ |
| တတိယဖိုလ် | | ၁၄ | ၄ |
| စတုတ္ထဖိုလ် | | ၁၄ | ၄ |

စိတ်၏အနန္တရ-စည်း,ပန်,ကို နားလည်ကျေပွန်လျှင်၊ စေတသိက်၏ အနန္တရ-စည်း,ပန်,လည်းမခဲပြီ။ ။သို့ဖြစ်၍၊ ။ဖဿနောက်ဘယ်မျှ လောက် စေတသိက်ဖြစ်နိုင်၏။ ဖဿရှေ့ ဘယ်မျှလောက် ဖြစ်နိုင်၏ဝ သည်ဖြင့်ကြံလေ။

အ (၅) သမနန္တရပစ္စည်း။

ဤပစ္စည်းသည် အနန္တရပစ္စည်းနှင့်-ဥည်း, ပန်, နိက်, တူ၏။ ။ထို့ကြောင့်၊
(၅၁၇) နံ့,သမနံ့,။နတ်,ဝိတံ,။လေးတန်အတူတူ။
ဟူ၍-သံဒိပ်တွင်ဆိုပေသည်။

သ (၆) သဟဇာတပစ္စည်း။

(၅၂၀) စိတ်,စေ,ဘုတ်,ရ။ ဝတ္ထုသန္ဓေ,။ဤလေးသွေ။ တပ်လေသဟဇ။

ဆောင်ရွက်ရန်အခန်း။

(၁) ဥည်း အတူတကွဥပါဒ်သောစိတ်,-၈၉။ စေ,-၅၂၊ပဋိ ဝေါကာရ ပဋိသန္ဓေ-၁၅,။ ရုပ်နှင့်အတူ ဥပါဒ်သောဟဒယဝတ္ထု။ စသည်မဟာဘုတ်။
(၂) ပန် စိတ်,စေ,အဇ္ဈတ် ပဉ္စဝေါကာရ ပဋိသန္ဓေ-၁၅။ ရုပ်နှင့်အတူ ဥပါဒ်သောဟဒယဝတ္ထု။ အလုံးရုံ စုတ်ရေပ် ၂၀။
(၃) နိက် မရှိ။

ဤသဟဇာတပစ္စည်းကြီးသည်၊

"(၅၅၁) မိမိနှင့်မူ။အတူဖြစ်ခန်း။ကျေးဇူးသန်။အမှန်သဟဇ။"
ဟူသည်နှင့်အညီ၊ မိမိနှင့်အတူတကွဖြစ်ပေါ်စေတတ်သော တရားမျိုးမှန်လျှင်သဟဇာတပစ္စည်းတည်း။
"(၅၄၇) သန္တိအခါ။ကမ္မဇာ။နောက်မှာစိတ္တဇ။"
ဟူသည်နှင့်အညီ။ပဉ္စဝေါကာရပဋိသန္ဓေ-၁၅-သည်မိမိနှင့်အတူဖြစ်သော ကမ္မဇရုပ်ရုပ်အား။ သဟဇာတပစ္စည်းတည်း၏၊ ဤကမ္မဇရုပ်တို့တွင်၊စိတ်, စေ,ဘုတ်,ရ။ဝတ္ထုသန္ဓေ,ဟုဆိုသောကြောင့်။ပဉ္စဝေါကာရ ပဋိသန္ဓေနှင့် ရုပ်နှင့်ပဋိသန္ဓေ ဟဒယ ဝတ္ထုသည်အပြန်ပြန်အသွားလာကျေးဇူးပြု၏ ၊ ပြုပုံကား-ပဉ္စဝေါကာရပဋိသန္ဓေသည် ဥည်း,ဖြစ်သျှင်၊ယင်းဟဒယသည်

-ပန်,။သင်းဟာဒယသည်-စည်း,ဖြစ်လျှင်။ ယင်းပဋိသန္ဓေသည်-ပန်,။ ။ ရုပ်တရားတို့တွင် ပဥ္စဝေါကာရပဋိသန္ဓေနှင့်ဖြိုင်၍ ဥပါဒ်သော-ဟာဒယ ဝတ္ထုတခုသာလျှင်။နာမ်တရားနှင့်ပြန်ဘော်လှန်ဘက် သဟဇာတပစ္စည်း မျိုးတင်နိုင်သည်။ အခြားရုပ်-၂၇-တို့ပြန်လှန်၍မတပ်နိုင်။ ။နောက်မှာ ဝိတ္ထာ၏။ ဟူသည်နှင့်အညီ။ပဝတ္တိအခါ၌ ဒုတိယဘဝင် အစရှိသောစိတ် သည်မိမိမိန်နှင့်တပြိုင်နက်ဥပါဒ်သောစိတ္တဇရုပ်အားသဟဇာတ-စည်း,- တပ်၍။ဇတ်သည်-စည်း,။ဖိတ္တဇရုပ်သည်-ပန်,ဖြစ်၍။ပြန်လှန်၍မရ။

ကလာပ်တူရုပ်ရသည်သဟဇာတပစ္စည်းတပ်၍။တပ်သော်လည်း။

(၅၄၆) နှစ်ဆဲ့လေးဖြာ။ဥပါဒါ။မဟာဘုတ်မှရ။

ဟူသည်နှင့်အညီ။ဥပါဒါရုပ်ရသည်သဟဇာတပစ္စည်းကိုမဟာဘုတ် မှရ၏။ကလာပ်တူမဟာဘုတ်-၄-သည်-စည်း,။ကလာပ်တူဥပါဒါရုပ်ရ သည်-ပန်,။ပြန်လှန်၍မရ။ ။မဟာဘုတ်ချင်းချင်းကားပြန်လှန်၍ရ၏။ ။ ရပုံကား။ ။ကလာပ်တူပထဝီကို-စည်း,ယူခိုက်။ ကြွင်းဘုတ်-၃-ခု သည်-ပန်,။ကြွင်းဘုတ်-၃-ခုကိုစည်း,ယူခိုက်။ပထဝီသည်-ပန်,။ဤနည်း အတူ။ဓာတ်-၂-ပါးသည်-စည်း,။ဓာတ်-၂-ပါးသည်-ပန်,။၃-ပါးသည်- စည်း,။တပါးသည်-ပန် ။စသည်သိလေ။ ။နာမ်ချင်းချင်းလည်း။ စည်း, ပန်.ပြန်လှန်နိုင်၏။သိလောက်ပြီ။ ။သို့ဖြစ်၍-ပန်,မထိုက်သောတရားမရှိ ၍-နက်,ထိုက်သောတရားကိုမကောက်ရလေသည်။

(၅၄၄) သ,နိ,အတ္ထိ,။အဝိဂတာ,။ဤလေးဖြာ။မဟာသဟဇ။

ဟူ၍ဆိုသောဤပစ္စည်းသည်။သဟဇာတ-၃-မျိုးတို့တွင်သဟဇာတ ကြီးတည်း။

-၊-

သ (၇) အညမညပစ္စည်း။

(၅၂၂) စိတ်,စေ,ဘုတ်ရု,။ ဝတ္ထုသန္ဓေ,။ ဤလေးထွေ။တပ်လေ အညံမည။

ဆောင်ရွက်ရန်အခန်း၊

(၁) စည်း။ အချင်းချင်း ပြန်လှန်ပစ္စည်းပြုသောစိတ်-၈၉။စေ- ၅၂။ပဥ္စဝေါကာရ ပဋိသန္ဓေ-၁၅။ ၎င်းနှင့်အတူ ဥပါဒ်သောဒယဝတ္ထု။စတုဇမဟာဘုတ်။

(၂) ပနံ ၎င်းတရားရ။

(၃) နိက် နာမ်နှင့်အချင်းချင် ပြန်လှန်၍ မရသောစိတ္တဇရုပ်။ ပဋိသန္ဓေအခိုက်ရှိဟဒယဝတ္ထုမှတပါးသောကမ္မဇရုပ်။ မဟာဘုတ်နှင့် အချင်းချင်းပြန်လှန်၍ မရသောဥတုဇဥပါဒါရုပ်။

သဟဇာတနှင့်-အညမည- ပစ္စည်းသည် သရုပ် တူကြသော်လည်း၊ ပစ္စယုပ္ပန်အားကျေးဇူးပြုပုံထူး၏၊ သဟဇာတမှာအတူဖြစ်လျှင် ကျေးဇူးပြုနိုင်သည်။အညမညမှာအတူဖြစ်သော်လည်း အချင်းချင်းပြန်လှန်၍ကျေးဇူး ပြုမှပစ္စည်းတပ်နိုင်သည်။ ။နာမ်ချင်းချင်း။ဘုတ်ချင်းချင်း။ပဉ္စဝေါကာရ ပဋိသန္ဓေနာမ်-၁၅-နှင့်။၎င်းနှင့်အတူဥပါဒ်သော-ဟဒယဝတ္ထု ၎င်းတို့မှ ကားပြန်လှန်၍ရကောင်း၏။တခုကိုစည်း,ယူခိုက်။တခု-ပနံ,။တခု-ငနံ,ယူခိုက်။တခု-စည်းဖြစ်နိုင်သည်၊ ။ထိုကြောင့်။

(၅၅၀) ဝတ္ထုနှင့်သနံ,။နာမ်,မဟာဘူ,။ ကလာပ်တူ၊ ယူလေ
အညမည။

ဟူ၍။ဝတ္ထုနှင့် ပဋိသန္ဓေ နာမ်ချင်းချင်း။ ကလာပ်တူ ဘုတ်ချင်းချင်း အညမညပစ္စည်းတပ်ကြောင်းကိုဆိုတော်မူပြီ။

“အတူဖြစ်က။သဟဇာ။ပြန်လှန်ရမှ၊အညမည။”

ဤသို့သဟဇာတနှင့်အညမညထူးချက်ကိုသိလေ။

(၅၄၅) အည,ဝိ,သံ,။ဝိပ်,လေးဟန်။မချွတ်သဟဇာ၊

ဟူသည်နှင့်အညီ၊ဤပစ္စည်းကားသဟဇာတလတ်တည်း၊

## (ဂ) နိဿယပစ္စည်း

(၅၂၃) သဟဇာဘ်ရ၊ဝတ္ထုပုရေ၊ဤနှစ်ထွေ။တပ်လေနိဿယ။

ဟူသည်နှင့်အညီ၊နိဿယပစ္စည်း ၂-မျိုးရှိ၏။

(က) သဟဇာတနိဿယ

(ခ) ပုရေဇာတနိဿယ

## ၁၀ (က) သဟာဇာတနိဿယ။

ဤသဟာဇာတနိဿယပစ္စည်းသည်။ (၇) သဟာဇာတ စ္စည်းနှင့်အလုံးစုံ စည်း,ပန်,တူကြ၏။

(၁) ပုရေဇာတနိဿယသည်လည်း-၂-ပါးကွဲပြန်၏။
(1) ဝတ္ထုပုရေဇာတနိဿယ
(2) ဝတ္ထာရမ္မဏပုရေဇာတနိဿယ

## ၀-ပု (ဝ) ဝတ္ထုပုရေဇာတနိဿယ၊

(၁၅၆) စက်,သော,ဃာ,ဇိ,။ကာ,ဟဒ,။ခြောက်လီဝတ္ထုရုပ်။
(၁၅၇) တည်ရာမှီရာ။မြေပမာ။လွန်စွာကျေးဇူးထုတ်။

### ဆောင်ရွက်ရန်အခန်း။

| | | |
|---|---|---|
| (၁) | စည်း | ပဝတ္တိအခါဝတ္ထုရုပ်-၆-ပါး။ |
| (၂) | ပန် | ပဉ္စဝေါကာရဘုံ၌ရှင်းဝတ္ထုရုပ်-၆-ပါးကိုမှီသော အရူပဝိပါက်-၄-ချကြဉ်သောစိတ်-၈၅။စေ၅၂၊ |
| (၃) | နိက် | စတုဝေါကာရဘုံ၌ရှင်းဝတ္ထုတို့ကိုမမှီသောစိတ်-၄၆။စေ-၄၆။ပဉ္စဝေါကာရပဋိသန္ဓေ-၁၅၊ စေ-၃၅။အလုံးစုံစတုဇရုပ်ရ၊ |

## စိတ်-၄၆-ဘား။

(၁၆၉) မမှီ-လေး။စနွေး-မှီမမှီ။အရတည်း၊

စေ-၄၆-ဘား။ ဒေါသ။ဣဿာ၊ မစ္ဆရိယ၊ကုက္ကုစ္စ၊ အပ္ပမညာနွေးကြဉ်သောစေတသိက်-၄၆-တည်း၊

ဤပစ္စည်းကိုဝတ္ထုရုပ်ရှိသော ပဉ္စဝေါကာရဘုံ၌သာရအဝ်၏။

(၁၆၁) ဝိညာဏ်ဆယ်ထီ။အမြဲမှီ။ငါးထီသီးသီးသာ။
(၁၆၂) မနောဝိညာဏ်။မှီရာမှန်း။ငါးတန်သူ့နေရာ၊

ဟူသည်နှင့်အညီ၊စက္ခုဝိညာဏ်နွေးစသော ပဉ္စဝိညာဏ်စိတ်-၁၀-

သည်။စက္ခုဝိညာဏ်ဖြစ်သောမိမိ၏ဒွါရကိုသာမှီ၏၊ ထို့ဖြစ်၍ စက္ခုဝိညာဏ်သည် စည်း,။ ၎င်းနှင့်မှီသောစက္ခုဝိညာဏ်သည်-ပန်,စသည်ဝေဘန်လေ၊
စက္ခုဝိညာဏ်စသောဝိညာဏ်-၅-ပါးတို့လည်းရှေးအဘို့ဖြစ်၍ ဤသို့ ချောက်မှပင်ပြည်းပြုနိုင်သည်။ ။ပုရေဇာတဟူသောအမည်အားလျော်၍ ပန်,ဝိညာဏ်-၅ခု-အားရှေး၌ဖြစ်သော ဝတ္ထု-၅-ခုသည်သာ-စည်း, ထိုက်၏၊

## (၁၉၅) တိဘူင်ပြိုင်၌။မန္တိပြု။

ဟူသည်နှင့်အညီ။ပဉ္စဒွါရဝိထိ၌ပထမံအတီတဘဝင်နှင့်အတူ ဥပါဒ် ၍‘‘မန္တိမာယက’’ခေါ်သောဝိညာဏ်-၅-ခုတို့သာ အမြဲ-စည်း,ထိုက်၏။ ပဉ္စဝိညာဏ်ကား ပန်,မထိုက်သည်ဟူ၍ရှိပြီ။ ။ပဉ္စဝိညာဏ်-၁၀-ပါ တပါးအရူပဝိပါက်-၄-ကြဉ်သောစိတ်-၇၅-တို့သည်ကား၊

## (၁၉၆) စိတ္တကျဏ်။တချက်လွန်။ဟဒ်မှီကြွင်းရ။

ဟူသည်နှင့်အညီ။မိမိ၏ရှေးရှေးစိတ်နှင့်အတူဥပါဒ်သောဟဒယဝတ္ထု ရုပ်ကို သာမှီကုန်၏။ ။ပုံကား၊ ။ဘဝင်စလနသည်-ပန်,အတီတဘဝင် နှင့်ဥပါဒ်သော ဟဒယဝတ္ထုသည်-စည်း,။ လ။ပထမဇောနှင့်အတူဥပါဒ် သော ဟဒယဝတ္ထုသည်-စည်း,။ ဒုတိယဇောသည်-ပန်,။ ဤသို့စသည် ဖြင့်ဝေဘန်လေ။
နိရောဓ သမာပတ်မှ ထသဲအခါ ပထမဦးစိတ်သည်၊ ရှေ့စိတ္တက္ခဏ တချက်ခန့် ကာလက ဥပါဒ်သောဟဒယဝတ္ထုကိုမှီ၏။ ၎င်းဝတ္ထုသည်- စည်း,။ယင်းစိတ်သည်-ပန်,။ဝေါစ္ဆိန္နတိစိတ္တသန္တတိ။ ဟူသည်နှင့်အညီ။ နိရောဓသမာပတ်ဝင်စားသောအခါ စိတ်အစဉ်ပြတ်၍နေသောကြောင့်၊ စိတ်ကိုမှန်းချေမရ၍။ ရှေ့စိတ်တချက်ခန့်ကာလ၌ဖြစ်သော ဟဒယဝတ္ထု ကိုဆိုရသည်။ ။ကမ္မဇရုပ်တို့မူကား။

## (၃၂၀) သန္ဓိဥမှ၊ခဏမစဲ တစင်ထဲ၊အမြဲရုပ်ဖြစ်စေ။

ဟူသည်နှင့်အညီ၊ခဏတိုင်းပင် ဖြစ်လျှက်ရှိကုန်ရကား၊ နိရောဓသမာ ပတ်အခါ၌လည်း၊ဖြစ်မြဲခဏစဉ်အတိုင်းဖြစ်လေကုန်သည်။
မရဏကာလေ၁န ဧတိစိတ္တောပရိသတ္တရသမစိတ္တသင်္ဂတိကာလမှ ပါဒါယကမ္မဇရူပါနိနဥပ္ပဇ္ဇန္တိ၊ ။ဟူသောသင်္ဂြိုဟ်၊

(၄၁၉) ရတိကမ္မဇရုပ်။အပြိုင်ချုပ်။

ဟူသည်နှင့်အညီ။ရတိစိတ်မှပြန်၍ရေသော်။ ၁၇-ချက်မြောက်သော စိတ်၏ဌီကစ၍ကမ္မဇရုပ်မဖြစ်။၎င်းစိတ်နှင့်အတူဥပါဒ်သော ကမ္မဇရုပ်တို့သည်လည်း ရတိစိတ်နှင့်တပြိုင်နက် ချုပ်သည်ဆိုသဖြင့် ရတိအခါ၌ဖြစ်သောစိတ်တို့မှာမိမိတို့ရှေ့နားကစိတ်နှင့်အတူဖြစ်သောဟဒယရုပ်မရှိခဲ့၍။ ရတိ၏ရှေ့-၁၇-ချက်မြောက်သောစိတ်နှင့်အတူဥပါဒ်သောဟဒယဝတ္ထု ကိုသာမှီကြရလေကုန်၏။၎င်းဝတ္ထုကား-စည်း,။ ရတိခါနီးစိတ်တို့ကား-ပန်,။

"မှီခံ-ဈေးဥ။ဤ-၂-ချ။ဝတ္ထုပုရေဇာတ်ရန်။"

အမှီလည်းခံပါမှ။ ဈေးကလည်းဥပါဒ်ပါမှ။ ဤလက္ခဏာ နှစ်ပါးရှိမှ။ ဝတ္ထုပုရေဇာတပစ္စည်းဖြစ်နိုင်သည်။

## ဝ-ရ-အာ (2) ဝတ္ထာရမ္မဏပုရေဇာတပစ္စည်း။

### လေ့ကျက်ရန်အခန်း။

(၁) စည်း အာရုံအပြုခံရသောပစ္စုပ္ပန်ဟဒယဝတ္ထု။
(၂) ပန် အာရုံပြုနိုက်မနောဒွါရာဝဇ္ဇန်း-၁။ကာမဇော-၂၉။ တဒါရုံ-၁၁။အဘိညာဏ်-၂။စေ-၄၆။
(၃) နိက် ၎င်းဝတ္ထုကိုအာရုံမပြုသောစိတ်-၈၉။စေ-၅၂။ ရုပ်အကုန်။

သုံးချက်ရဟောင်းစသောကျမ်းတို့၌ကား ရတိစိတ်မှပြန်၍ရေသော်- ၁၇-ချက်မြောက်သော စိတ်နှင့်။ ဥပါဒ်ပြိုင်သော ဟဒယဝတ္ထုကိုသာ။ ဝတ္ထာရမ္မဏပစ္စည်းဆို၏။သို့သော်လည်းပဋ္ဌာန်းဒီပနီဂိကာသစ်တွင်။ ။ဝတ္ထုဝတာ ဣမဿ ဝတ္ထာရမ္မဏပုရေဇာတန္တိဿယဿ ဝိဓာနဿ ပကတိကာလေပိ လဗ္ဘမာနတာ သာဓိတာ ဟောတိ။ ။ဟူ၍၎င်း။ ။အပိစ သဗ္ဗံပစ္စုပ္ပန္နံ အတ္တနော ရူပကာယံ အာရဗ္ဘ ရူပံမေ အနိစ္စန္တိဝါ ဧတံမမာတိ ဝါ သမန္နုပဿန္တဿ အဇ္ဈတ္တရူပေသု ယံနာမ ရူပံ တဿ စိတ္တဿ အာရမ္မဏံ နဟောတီတိ နဝတ္တဗ္ဗံ။ အာရမ္မဏဘူတေသု ပန တေသု ကိဉ္စိ အာရမ္မဏမတ္တံ။ ကိဉ္စိ အာရမ္မဏပုရေဇာတံ။ ကိဉ္စိ ဝတ္ထာရမ္မဏ ပုရေဇာတံ ဟော

တိတိသက္ကာဝတ္ထူနိ။ ။ဟူ၍ဆိုသောကြောင့်၊ မရဏာသန္နအခါ၌သာ၍ပစ္စည်းကိုရသင့်သည်မဟုတ်၊ ပကတိကာလ၌လည်း ရထိုက်၏၊ ထိုကြောင့် ဤ၌အာရုံပြုခံရသော ဟဒယဝတ္ထုကို ဆိုသတည်း၊ ။ဤဝတ္ထာရမ္မဏပုရေဇာတပစ္စည်းသည်။ ရှေ့ကလည်းဖြစ်ပါမှ။ အမှီလည်းခံပါမှ၊ အာရုံပြုလည်းခံပါမှ၊ ဤ-၃-ချက်ညီမှ ပစ္စည်းတပ်နိုင်သည်။ ။ အရူပဝတ္ထုံ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿတိ။ အဿာဒေတိ၊ အဘိနန္ဒတိ၊ ဟူသော ပဋ္ဌာန်းပါဠိတော်နှင့်အညီ၊ ငါ၏ဟဒယဝတ္ထုသည် အနိစ္စတည်း၊ ဒုက္ခတည်း၊ အနတ္တတည်းဟူ၍ ဝိပဿနာတင်သောအခါ၌၎င်း၊ ငါ၏ဝတ္ထုဟူ၍တွဲလမ်းသာယာသောအခါ၌၎င်း၊ ဟဒယဝတ္ထုသည် စိတ်၏အမှီကိုလည်းခံရ၏၊ အာရုံပြုကိုလည်းခံရ၏။ ရှေ့ကလည်းဖြစ်၏။ ထိုကြောင့်။ ဝတ္ထာရမ္မဏပုရေဇာတပစ္စည်းထိုက်၏။ ။ငှက်ကာသစ်နည်းအားဖြင့်လည်း ဝတ္ထုဟူ၍မကွက်မခြားဘဲပင်။ ကိုယ်ကိုဝိပဿနာတင်စဉ်အခါ၌၎င်း။ သာယာတွဲလမ်းစဉ်အခါ၌၎င်း။ ဤတကိုယ်လုံးသည်စိတ်၏အာရုံဖြစ်လေတော့သည်၊ ဆိုသို့ဖြစ်လေက။ ထိုကိုယ်၌ရှိသောတရားတို့တွင်။ ရူပါရုံစသောတရားအချို့သည် အာရမ္မဏပုရေဇာတ၊ ဟဒယဝတ္ထုသည် ဝတ္ထာရမ္မဏပုရေဇာတပစ္စည်းဖြစ်လေတော့သည်၊ ။ထိုကြောင့်မရဏာသန္နမဟုတ်ရာ။ ပကတိအခါ၌လည်း ဝတ္ထာရမ္မဏပုရေဇာတပစ္စည်းဖြစ်ထိုက်ကြောင်းကိုယုံကြည်သင့်၏၊ ။ငှက်ကာသစ်မှာအကျယ်လာ၏။

“ရှေ့ဥ, အာရုံ, မှီခံတုံ၊ သုံးပုံဝတ္ထာရမ်၊”

ရှေ့က ဥပါဒ်ခြင်း။ အာရုံ ပြုခံခြင်း။ အမှီခံခြင်း ဝတ္ထာရမ္မဏ လက္ခဏာ-၃-ပါး၊

အာ-အ-သ- (၉) ဥပနိဿယပစ္စည်း။

(၁၂၄) အာရမ္မဏူ, နန္တရူ, နှင့်၊ ပကတူ, ပေ၊ ဤသုံးတွေ၊ ခွဲလေ ဥပနိဿယ။

ဟူသည်နှင့်အညီ-ဥပနိဿယ-၃-မျိုးရှိ၏၊

(က) အာရမ္မဏူပနိဿယ ⎫
(ခ) အနန္တရူပနိဿယ ⎬ ၃-မျိုး
(ဂ) ပကတူပနိဿယ ⎭

## အာ (က) အာရမ္မဏာပနိဿယပစ္စည်း။

(၅၊၅) အာရမ္မဏူ၊အဓိပတူ၊

ဟူသည်နှင့်အညီ။အာရမ္မဏူပနိဿယပစ္စည်းသည် (၃-က) အာရမ္မဏာဓိပတိပစ္စည်းနှင့်-စည်း,ပန်,နိက်,အလုံးစုံတူ၏။

## အ (ခ) အနန္တရူပနိဿယပစ္စည်း၊

(၅၂၅) နံ,မှုနန္တရ။

ဟူသည်နှင့်အညီ၊အနန္တရူပနိဿယပစ္စည်းသည် (၄) အနန္တရပစ္စည်းနှင့်-စည်း,ပန်,နိက်,အလုံးစုံတူ၏။

## (ဂ) ပကတူပနိဿယပစ္စည်း။

(၅၂၆) နာမ်,ရုပ်,ပညတ်,၊ အစ္ဈတ်, ဗဟိဒ္ဓ,၊ ကျယ်ဝန်းစွာ။ သည့ာပကတူပ၊

### လေ့ကျက်ရန်အခန်း၊

| | | |
|---|---|---|
| (၁) | စည်း | အစ္ဈတ္တဗဟိဒ္ဓဗလဝဖြစ်သောစိတ်-၈၉၊စေ-၅၂၊ ရုပ်-၂၈။ပညတ်။ |
| (၂) | ပန် | စိတ်,စေ,အကုန်။ |
| (၃) | နိက် | ရုပ်အကုန်။ |

ဤပကတူပနိဿယပစ္စည်းသည်အလွန်ပစ္စည်းပြုပုံ ကျယ်ဝန်း၏။ ပုံသေနည်းကျဟူ၍မရှိ၊အရာရာမှာပင် ထက်သည်အားလျော်စွာ ပစ္စည်းပဒေသာပင်ကြွံး။ဖြစ်၏။ ။ထိုကြောင့်ပင်။ ။ပဋ္ဌာယမဟာပဒေသောဟေသ။ယာဒိဒံ ဥပနိဿယပစ္စယော။ ။ဟူ၍ရှေးဆရာကြီးတို့မိန့်ကုန်၏။ ။သဂြိုဟ်၌လည်း၊ ။ဗဟုဓာဟောတိ ပကာတူပနိဿယော၊ ။ဟူ၍ဆို၏၊ ။တခုသောတဏှာရာဂကိုအကြောင်းပြု၍။နောက်၌များစွာရာဂစိတ်ဖြစ်ပွါးခြင်း။ ။တခုသောသဒ္ဓါတရားကိုအကြောင်းပြု၍၊ နောက်၌များစွာသဒ္ဓါတိုးပွါး ကုသိုလ်တရားဖြစ်၍နေခြင်း။ ။တခုသောရှုပါရုံ

တည်းဟူသောရင်ကိုအကြောင်းပြု၍၊နောက်၌ဥပါဒါန်ဖြစ်ပြီးလျှင်များစွာ ကာရုပါဒါန်ဖြစ်၍နေခြင်း။ ။မြတ်စွာဘုရားတည်းဟူသောပညတ်အထူး ကိုအကြောင်းပြု၍၊ဗုဒ္ဓဘာသာဝင် လူရှင်အများတို့၌များစွာ သဒ္ဓါသီလ တိုးပွါးဖြစ်နေရခြင်း။ ။မိဘဘိုးဘေးတည်းဟူသောအမျိုးအနွယ်ပညတ် ကိုအကြောင်းပြု၍၊ နောက်လာသားသ္မီးတို့၌ရိုးဘစဉ် စိတ်နေစိတ်ထား ဖြစ်၍နေခြင်း။ ။မင်းပိုးချာဇာတည်းဟူသော ပညတ်ကိုစွဲ၍။ ပြည်သူ ပြည်သားတို့ပီပြားငြိမ်ဝပ်သောစိတ်ဖြစ်ရခြင်းစသည်များလှစွာ၏။

(၅၄၃) ပကာတူတုံ။အကြွင်းပုံ၊လုံးစုံနာမ်အားသာ။

ဟူသည်နှင့်အညီ။နာနာက္ခဏိကကမ္မပစ္စည်းလည်းပကာတူပနိဿယ ပစ္စည်းမျိုးပင်။ ထိုနာနာက္ခဏိကကိုထား၍။ ပကာတူပနိဿယ ပစ္စည်း သည်နာမ်အားသာလျှင်ကျေးဇူးပြု၏၊သို့ဖြစ်၍ဤပစ္စည်း၌နာမ်တရားကို-ပန်,အမြဲကောက်ရလေသည်။ ။နာနာက္ခဏိက ကမ္မပစ္စည်းကား၊ ရုပ် နာမ်-၂-ပါးပစ္စည်းပြု၏။

## (၁၀) ပုရေဇာတပစ္စည်း။

(၅၂၇) ဝတ္ထုပုရေ၊အာပုရေ၊နှစ်ထွေပုရေဇ။

ဟူသည်နှင့်အညီ။ပုရေဇာတပစ္စည်း-၂-မျိုးရှိ၏။

(က) ဝတ္ထုပုရေဇာတ ⎫
(ခ) အာရမ္မဏပုရေဇာတ ⎭ ၂-မျိုး

## ဝ-ပု (က) ဝတ္ထုပုရေဇာတပစ္စည်း။

၎င်းဝတ္ထုပုရေဇာတပစ္စည်းသည် (ဂ-ခ-**1**-**2**) ဝတ္ထုပုရေဇာတ နိဿယပစ္စည်းနှင့်-စည်း,ပန်,နိက်,အလုံးစုံတူ၏၊

"နိဿယရှု၊ဝတ္ထုပုရေ၊အာပုရေ၊တူလေတမျိုးတည်း။"

## အာ-ပု (ခ) အာရမ္မဏပုရေဇာတပစ္စည်း၊

(၅၂၈) ရုပ်နိပ္ဖန်၊ပစ္စုပ္ပန်၊အမှန်အာပုရ၊

လေ့ကျက်ရန်အခန်း။

(၁) စည်း အာရုံပြုခံသောပစ္စုပ္ပန်နိပ္ဖန္နရုပ်-၁၈။
(၂) ပန် အာရုံပြုသောကာမစိတ်-၅၄။ အဘိညာဏ်-၂။
အပ္ပမညာကြဉ်သောစေ-၅၀။
(၃) နိက် အာရုံမပြုစဉ်စိတ်-၇၆၊ရုပ်အကုန်။

နိက်,၌စိတ်-၇၆-အရကား၊
(၁၄၃) ပဥ္စဝိညာဏ်။ကိုယ်စီရန်။ငါးတန်ရှုပါဒီ၊
(၁၄၄) မနောဓာတုံ။ငါးအာရုံ။နှစ်စုံဆဲ့သုံးရှိ၊
(၁၄၅) ပစ္စုပ်ကေန်၊ရုပ်ကေန်။အမှန်တွေးယူညီ။

ဟူသည်နှင့်အညီ။ ပဥ္စဝိညာဏ်-၁၀၊မနောဓာတ်-၃၊ ၎င်း-၁၃-ပါးသည်၊ ပစ္စုပ္ပန်ပဉ္စာရုံကို အမြဲအာရုံပြုသော တရားဖြစ်၍။ အာရမ္မဏပုရေဇာတ-ပန်,အမြဲဖြစ်ရကား။ -နိက်,၌ ၎င်း-၁၃ ကိုကြဉ်၍၊ စိတ် ၇၆-ဖြစ်သည်၊

"အာရုံပြုခံ။ရှေးဦးပြန်။မှတ်ရန်အာပုရ။"

အာရမ္မဏပုရေဇာတပစ္စည်း၏လက္ခဏာသည်။အာရုံပြုခံခြင်း။အာရုံပြုသောစိတ်၏ရှေးကဥပါဒ်ခြင်းဟူ၍-၂-ပါးရှိ၏၊ ။ပဉ္စဒွါရဝိထိချ၍ကြည့်လေ။ ၊၎င်းဝိထိ၌၊အတီတဘဝင်နှင့်အတူရှေးကဥပါဒ်ခဲ့သောရူပါရုံစသောအာရုံရသည်။နောက်ဖြစ်သောပဉ္စဒွါရာဝဇ္ဇန်းစသောစိတ်တို့၏အာရုံဖြစ်၍၊၎င်းအာရုံသည်-စည်း,။၎င်းစိတ်တို့သည်-ပန်,၊ ၊ပစ္စုပ္ပန်ကိုအာရုံပြုသောမနောဒွါရဝိထိ၌လည်း၍နည်းအတိုင်းစာ၍သိလေ။

ပ (၁၁) ပစ္ဆာဇာတပစ္စည်း၊

(၅၂၆) သတ္တိရှိနေ၊ဒွိရုပ်တွေအား။ စိတ်,စေ,နှစ်ဖြာ၊ နောက်နောက်လာ။တည်၎ါပစ္ဆာဇ။

လေ့ကျက်ရန်အခန်း၊

(၁) စည်း ပဉ္စဝေါကာရဘုံ၌နောက်နောက်သောစိတ်-၈၅၊
စေ-၅၂။

(၂) ပန် ရှေ့ရှေ့စိတ်အနန္တရ၌ဥပါဒ်၍ငြိမ်းချုပ်ဆဲသောရုပ်။
(၃) နိုက် ဌီ,စေ,အကုန်၊နောက်နောက်စိတ်နှင့်ဥပါဒ်ပြိုင်သောစတုဇရုပ်၊

ပဋ္ဌာနပါဠိသည် သတ္တဝါတို့သန္တာန်၌၊ ပဋိသန္ဓေအစရှိသော၊ ရှေ့ရှေ့စိတ်နှင့်အတူဥပါဒ်နှင့်၍၊ငြိမ်းသို့ရောက်နေသောရုပ်တို့အား။ ပထမဘဝင်စသောနောက်နောက်မှဥပါဒ်သောစိတ်တို့ကထောက်ပံ့စေခြင်း၌ကျေးဇူးပြုပေ၏၊ ၊ရှေးကပေါက်ပွါးနှင့်ပြီးသော သစ်ပင်ငယ်တို့ကို၊ နောက်မှသွန်းလောင်းသော မိုးရေသည်ထောက်ပံ့ရှင်လန်းအောင် ကျေးဇူးပြုသကဲ့သို့တည်း။ ။ပထမဘဝင်စိတ်သည်-စည်း,။ပဋိသန္ဓေစိတ်အနိုက်၌ဥပါဒ်၍ငြိမ်းဆဲသောကမ္မဇဥတုဇတို့သည်-ပန်,။

(၃၀၉) သန္ဓိငြိမ်း။စ၍စဉ်စီ။မိမိငြိမ်းတိုင်း၊ ခဏတိုင်းလျှင်။အစဉ်မပြတ်။အချက်ဗဟိဒ္ဓ။ မဆိတ်မစဲ၊ တသဲသဲ။အမြဲရုပ်ဖြစ်စေ၊

ဟူသည်နှင့်အညီ။ဥတုဇရုပ်သည် ပဋိသန္ဓေစိတ်၏-ငြိမ်းမှစ၍ ဥပါဒ်ဖြစ်ပေါ်သည် ဆိုသောကြောင့်၊ ပထမဘဝင် ဥပါဒ်ရာ။ ၎င်းဥတုဇရုပ်ငြိမ်းသို့ရောက်ဆဲဖြစ်၍။ပထမဘဝင်သည်ကမ္မဇဥတုဇ-၂-ပါးလုံးကိုပင်ပစ္စည်းပြုလေသည်၊ ၊ဒုတိယဘဝင်သည် စည်း,။ ပထမဘဝင်၌ဥပါဒ်သောကမ္မဇဥတုဇစိတ္တဇရုပ်တို့သည်-ပန်,။

(၃၀၄) ပထမဘဝင်။အစတင်လျက်။ အစဉ်မစဲ၊ဥပါဒ်ဆဲ။အမြဲရုပ်ဖြစ်စေ။

ဟူသည်နှင့်အညီ၊ ပထမဘဝင်သည်၊ ရုပ်ကို ဖြစ်စေသည် ဆိုသောကြောင့်၊ဒုတိယဘဝင်သည်။စိတ္တဇရုပ်ကိုလည်းပစ္စည်းပြုနိုင်လေသည်၊ ။အာဟာရဇရုပ်ဖြစ်သောအခါ၌ကား။နောက်နောက်စိတ်သည်၊ ရှေးရှေးဥပါဒ်နှင့်သောစတုဇရုပ်ကိုကျေးဇူးပြု၏၊ ။ရူပဘုံ၌ကားအာဟာရဇကိုမရ၍။တိဇ,ရုပ်ကိုကျေးဇူးပြုလေသည်၊ ၊ကာမနိရောဓသမာပတ်မှ ထသောအခါ။စိတ္တဇမရှိ၍။တိဇ,ကိုကျေးဇူးပြုသည်။ ၊ရူပနိရောဓသမာပတ်မှထသောအခါ၌၊ဒွိဇ,ကိုကျေးဇူးပြုသည်။ ။ဤသို့လေ့ကျက်ထေ၊ ။ဤပစ္ဆာဇာတပစ္စည်း၏အရှိန်တော်ကြောင့်၊ဤသတ္တဝါတို့၏ရုပ်သည်တည်

တည်တန့်တန့်ခိုင်ခံ့လန်း၍နင်၊ အရှင်ကဲ့သို့ဖြစ်ရ၏။ ။နာမ်မရှိသော သူ သေကောင်နှင့်နှိုင်းယှဉ်၍ကြည့်။ထိုသူသေကောင်မှာနာမ်မရှိ၍ပဉ္စာဇာ တပဉ္စည်းမရှိသောကြောင့်ရုပ်တို့သည်တခဏာတခြားညှိုးနွမ်းပုပ်ဆွေး၍ သွားလေ၏။

## အ (၁၀) အာသေဝနပစ္စည်း။

(၅၃၀) ရှေ့ဇောဇာတ်တူ။ ကု,ကြ,ကြိယာ,။နန္တရာ။ ပွါး၍ သေဝန။

လေ့ကျက်ရန်အခန်း။

| | | |
|---|---|---|
| (၁) | စည်း | ရှေ့ရှေ့လောကီဇော-၄၇။စေ-၅၂။ |
| (၂) | ပန် | ဖိုလ်ဇောကြဉ်-နောက်နောက်ဇော-၅၁၊စေ-၅၂။ |
| (၃) | နိုက် | ကာမပထမဇော-၂၉၊အာဝဇ္ဇန်း-၂၊ဖိုလ်ပါက်-၃၆၊ စေ-၅၂။ရုပ်အကုန်။ |

ဤအာသေဝနပစ္စည်းသည်။အနန္တရပစ္စည်း၏အစိတ်အပိုင်းတည်း၊ အာ ဟုန်နှင့်တကွ ပွါးများထက်သန်စေခြင်း၌၁။ ရှေ့ရှေ့ဇာတ်တူဇောသည်။ နောက်နောက် ဇာတ်တူဇောအားကျေးဇူးပြုသောပစ္စည်းမျိုးတည်း။ ကု သိုလ်ချင်းချင်း၊ အကုသိုလ်ချင်းချင်း။ကြိယာချင်းချင်း။ သောမနဿချင်း ချင်း။ဥပေက္ခာချင်းချင်း။ ဇာတ်တူကြမှပစ္စည်းတပ်နိုင်သည်။ ဇာတ်ကွဲလွဲ ကွဲလျှင်။ပစ္စည်းမတပ်နိုင်။ ထိုကြောင့် မဂ်ဇောသည်၊ အနန္တရဖိုလ်ဇော အားဇာတ်မတူ-ကုသိုလ်နှင့်ဝိပါက်ဖြစ်၍ နေသောကြောင့်ပစ္စည်းမပြုနိုင်။ ထိုကြောင့်ဖိုလ်ဇောသည်-နိုက်,ဖြစ်ရလေ၏။ ။ကုသိုလ်အကုသိုလ်ကြိ ယာတို့၌သာ ဤပစ္စည်းကိုရသောကြောင့် ဖိုလ်ဇောအကြိမ်များစွာ ကျ သော်လည်းအာသေဝနကိစ္စကိုမရလေပြီ၊ ။ရှေ့ရှေ့ဇော-စည်း,နောက် နောက်ဇော-ပန်,။ ။မဂ်,ဇောသည်-ပန်,သာအမြဲဖြစ်၏။စည်း,မထိုက်။ သို့ဖြစ်၍-စည်း,၌လောကီဇော-၄၇-ကိုသာကောက်သည်၊

(၂၂၀) အာဒိကမ္မ,၊မဂ်,ဘိညာ,။ချေခ-ဆုံးဇော။

ဟူသည်နှင့်အညီ၊တကြိမ်သာကျသော အာဒိကမ္မိကဇျာန်ဇော။ မဂ်

ဇော။အဘိညာဏ်ဇောတို့သည်၊နောက်၌မိမိတို့ကပစ္စည်းပြုစရာမရှိ။မိမိတို့ကသာပစ္စည်းအပြုခံသောကြောင့်-ပန်,သာအမြဲထိုက်၏။ ၊နောက်ဆုံးကဗိတ်၍ကျသောဇောဟူသမျှလည်း-ပန်,အမြဲပင်။ကာမပထမဇောတို့ကား၊မိမိတို့ကသာကျေးဇူးပြုရ၍။ မိမိတို့မှာ ကျေးဇူးပြုမခံရသဖြင့်-ပန်,မထိုက်-စည်း,သာထိုက်၍-နိက်,မှာပါရှေ့လသည်။

## (၁၂) ကမ္မပစ္စည်း။

(၅၃၁) သဟဇာတ။ခဏနာနာ။စေတနာ။မှတ်ပါ-နှစ်ကမ္မ၊ဟူသည်နှင့်အညီ၊ကမ္မပစ္စည်း-၂-မျိုးရှိ၏။

| | | | |
|---|---|---|---|
| သ (က) | သဟဇာတကမ္မ | } | ၂-မျိုး |
| (ခ) | နာနာက္ခဏိကကမ္မ | } | |

### သ (က) သဟဇာတကမ္မပစ္စည်း။

(၅၃၂) သမှာလုံးစုံ။

လေ့ကျက်ရန်အခန်း။

| | | |
|---|---|---|
| (၁) | စည်း | အလုံးစုံစေတနာ-၈၉။ |
| (၂) | ပန် | ဗိတ်-၈၉။စေတနာကြဉ်စေ-၅၁။ဗိတ္တဇပဋိသန္ဓေကမ္မဇရုပ်။ |
| (၃) | နိက် | စေတနာ-၁။ပဋိသန္ဓေအခိုက်မှတပါးကမ္မဇ။ဥတုဇ။အာဟာရဇရုပ်။ |

ဤပစ္စည်းသည်၊သဟဇာတငယ်တည်း။ သမ္ပယုတ်နာမ်၊ ဗိတ္တဇရုပ်၊ပဋိသန္ဓေကမ္မဇရုပ်တို့အား၊စေ့ဆော်ခြင်းစေတယိတကိစ္စဖြင့်ကျေးဇူးပြုပေ၏။ ၊စေတနာက အိမ်သည်ဖြစ်၍ မိမိကသာကျေးဇူး ပြုရသောကြောင့်-ပန်,မထိုက်သဖြင့်-နိက်,သို့ဝင်ရသေသည်၊

ဥ-အ (၁) နာနာက္ခဏိကကမ္မပစ္စည်း။
(၅၃၂) နာနာတုံ၊ကု,ကုံ,အတိတ်ရ။

လော့ကျက်ရန်အခန်း။

(၁) စည်း အတိတ် ဖြစ်သော ကုသိုလ် အကုသိုလ် စေတနာ-၃၃။
(၂) ပန် ဝိပါက်-၃၆၊ကမ္မဇရုပ်-၂၀။
(၃) နိက် ဝိပါက်ကြဉ် ဗိတ်-၅၃။ စေ-၅၂။စိတ္တဇ။ဥတုဇ။ အာဟာရဇရုပ်။

ရှေးရှေးကပြုခဲ့ဘူးသော ကုသိုလ်အကုသိုလ်စေတနာရသည်။ မိမိတို့ဖြစ်ရာ ကာလကားတခြား၊ အကျိုးပေးရာကာလကားတခြား ဖြစ်သောကြောင့်နာနာက္ခဏိကကမ္မပစ္စည်းမည်၏။နိဗ္ဗာန်မရောက်မချင်းဝှင်းပစ္စည်းပြတ်သည်ဟူ၍မရှိ။ ။ဝှင်းစေတနာတို့ ကျေးဇူးပြုပုံကို၊ ဘုံပိုင်းကံဝေဘန်ခန်းမှာထင်ရှားစွာလာ၏။

(၂၇၉) ပဋိသန္ဓိ၊ပဝတ္တိ။ဝိပါက်ကဋတ္တာ။
(၂၈၀) ဖြစ်ပွါးစေမှု။ကျေးဇူးပြု။ကု,ကု,ဇနကာ။

ဟူသည်နှင့်အညီ။ပဋိသန္ဓိအခိုက်။ပဝတ္တိအခိုက်တို့၌။ဝိပါက်ကဋတ္တာရုပ်ကိုဖြစ်စေသောဇနကကံသည်နာနာက္ခဏိကကမ္မပစ္စည်းပင်တည်း။ ။အဘယ်ကံသည် ဘယ်ခဏ၌ အကျိုးပေး၏ဟုသေချာစွာ ဝှင်းဘုံပိုင်းအတိုင်းဝေဘန်၍သိလေ၊

(၅၅၈) ရဝ်ကမ္မဇံ။ဝိပါက်နာမ်တို့။ဖြစ်ရန်နာနာ။ခဏိကာ။နှစ်ဖြာပစ္စယ၊

ဟူသည်နှင့်အညီ၊ဆိုပြီးဝိပါက်နာမက္ခန္ဓာကဋတ္တာရုပ်တို့ကိုကျေးဇူးပြုသောစေတနာ-၃၃-သည်။အားရှိ,အားမဲ့။ ဗလဝ,ဒုဗ္ဗလဟူ၍-၂-ပါးရှိ၏၊ဗလဝဖြစ်သောစေတနာဖြစ်လျှင် ပကတူပနိဿယနှင့် နာနာက္ခဏိကကမ္မ-၂-ပစ္စည်းတပ်၏။ ။ဒုဗ္ဗလဖြစ်လျှင်နာနာက္ခဏိကရိုးတပါးသာပစ္စည်းတပ်၏။ ။ဂရုကံဟူသမျှမှာ ပကတူပအလွန်အားကြီး၍ ဥပပဇ္ဇကံမြဲလေ၏၊ ။မျက်မှောက်ဘဝမှာပင် အကျိုးပေးနိုင်သော စေတနာလည်းပကတူပအလွန်ထက်သန်၏။ ။မဂ်-၄-ခု၌ရှိသောစေတနာသည်

ကား အတိုင်းထက်အလွန် ပကတူပနိဿယ သတ္တိ ထက်သန်လှသဖြင့် စိတ္တုပ္ပါဒ်တခုမျှမခြားဘဲလတ်တလောဘွားခနဲ ဖိုလ်စိတ်တည်းဟူသော အကျိုးကိုပေးနိုင်လေသည်။ထိုကြောင့်နာနာက္ခဏိကကမ္မသည် အနန္တရမျိုးသို့တစိတ်တဒေသဝင်ရလေ၏။ ။ထိုကြောင့်။

(၅၅၉) မဂ်လေးချမှာ။စေတနာ၊ခြောက်ဖြာပစ္စယ။

ဟူ၍မိန့်ဆိုပြီ။ ။မဂ်-၄-ချဉ်စေတနာသည်။အနန္တရ၊သမနန္တရ၊ပကတူပနိဿယ၊နာနာက္ခဏိကကမ္မ၊နတ္ထိ၊ဝိဂတ-၆-ပစ္စည်းတင်စွမ်းနိုင်၏။ပြုလိုက်ပြီးသောပရမတ်စစ်စေတနာသည်ချုပ်ပြီးဖြစ်ပါလျက်။ကမ္ဘာသင်္ချေ၊လွန်ဆုံးလေလည်း၊ကြေပျက်ခြင်းမရှိဘဲ။ တဏှာမာနဒိဋ္ဌိတို့နှောင်ဖွဲ့နေသော သတ္တဝါတို့သန္တာန်မှာ၊ မိုးပေါ်ကျအလေ့ပေါက်ကဲ့သို့မည်သူတယောက်မျှ မမြင်နိုင်ဘဲ၊ ရုတ်တရက်လာ၍ အကျိုးပေးနိုင်သောနာနာက္ခဏိကကမ္မပစ္စည်း၏သတ္တိစွမ်းသည်။ချီးမွမ်း၍မကုန်နိုင်ဘွယ်၊ ဆန်းကြယ်လှလေစွတကား။ ။ထိုကြောင့်ကမ္မဝိပါကောအစိန္တေယျော၊ဟူ၍ဆိုရလေသည်။

## (၁၃) ဝိပါကပစ္စည်း။

(၅၃၃) သုံးဆဲ့ခြောက်ထွေ။ဝိ-စိတ်,စေ,၊မှတ်လေ-ဝိပါက။

### လေ့ကျက်ရန်အခန်း။

(၁) စည်း ဝိပါက်-၃၆။စေ-၃၈။
(၂) ပုံ ဝိပါက်-၃၆။ စေ-၃၈။ ဝိပါက်စိတ္တဇ။ ပဋိသန္ဓေကမ္မဇ၊
(၃) နိက် ဝိပါက်ကြည့် စိတ်-၅၃။စေ-၅၂၊ ယခင်-၅၃-တို့ကြောင့်ဖြစ်သော စိတ္တဇ၊ ပဋိသန္ဓေ ကမ္မဇမှတပါးသောကမ္မဇရုပ်၊ဥတုဇရုပ်၊အာဟာရဇရုပ်၊

ငြိမ်သက်စေတတ်သောအားဖြင့်ကျေးဇူးပြုသောတရားသည်ဝိပါကပစ္စည်းမည်၏။သမ္ပယုတ်တရား၊ စိတ္တဇရုပ်တရားတို့ကို သိပ်၍ထားဘိသကဲ့သို့၊ငြိမ်သက်စွာပစ္စည်းပြုသည်၊ ဝိပါက်ဘဝင်သက်သက်ဖြစ်၍ အိပ်

ပျော်ခိုက်ကိုကြည့်။ ။မနောဒွါရာဝဇ္ဇန်းနှင့်။ ဓာတ်ိုက်သော တရားတို့ကားကြမ်းထမ်း၏။ကြမ်းထမ်းသောစိတ်တို့မှသာလျှင်။ ဝိညတ်အမူအရာနှင့်ပြုံးရယ်ခြင်းငိုကြွေးခြင်းများကိုဖြစ်စေနိုင်၏။ ။ထိုကြောင့်။

(၃၀၆) မနောဒွါရ။ဓာကာမာ။ဘိညာသုံးဆဲ့နှစ်။

(၃၀၇) ကာယဝါစာ။မူအရာ။နှစ်ဖြာဝိညတ်ဖြစ်။

(၃၀၇) ဆဲ့သုံး–သောမနဿ။ပြုံးရယ်တတ်၊ငိုတတ်ဒေါသဓာနှစ်။

ဟူ၍ဆိုသည်၊ ။ဝိညတ်စသည်တို့ကားကြမ်းထမ်းသောရုပ်အမူအရာတို့တည်း။ထက်သန်သောစိတ်၏အခိုးအရှိန်အငွေ့အသက်တို့တည်း။ ။ဖိုလ်–၄–ခုသည်၊ဝိပါက်ပင်ဖြစ်သော်လည်း။ဇောနကိစ္စနှင့်ဖြစ်ရ၍။ အခြားဝိပါက်တို့ထက်သန်စွမ်း၏။ထိုကြောင့်၊၎င်းဖိုလ်စိတ်သည်။ဣရိယာပုထ်–၄–ပါးကိုခိုင်စေနိုင်ခြင်းတည်းဟူသောအတန်ငယ်သန်စွမ်းသော ဝိဉ္စတ္တ ရုပ်အမူအရာကိုပြုနိုင်လေသည်၊ ။ထိုကြောင့်။

(၃၀၅) ဓာအပ္ပနာ။ဣရိယာ။ကောင်းစွာတည်ခိုင်စေ။

ဟူ၍ဆိုသည်။ ။ဖိုလ်ဓာကားအပ္ပနာဓာတည်း၊ ။၎င်းအပ္ပနာဓာ–၂၆–သည်။ ကာမဓာကဲ့သို့ ရုန့်ရင်းသောတရားမျိုးမဟုတ်ချေ၍၊ ဝိညတ်ကိုကားမဖြစ်နိုင်ချေ။

ငန့်၌ဝိပါက်ဝိဉ္စတ္တဆိုသော်လည်း။

(၃၀၃) အရူပ်ဘုံ၌။စိတ်သန္တိနှင့်။ဒွိဝိညာဏ်၊နိဗ္ဗာန်ဆုံးရ။ကြည့်မှု ကြွင်းထ၊သတ်ပဋ္ဌ။တဘဝစိတ်နှင့်စေ၊

ဟူသည့်အတိုင်း။ဝိဉ္စတ္တရုပ်ကိုဖြစ်စေသောစိတ်တို့မှာ၊အရူပဝိပါက်–၄–ခွေပဋိသန္ဓိဝိညာဏ်–၁၀–ရဟန္တာတို့ စုတိများကို ကြည့်ရသောကြောင့်။ ၎င်းစိတ်များသည်ဝိဉ္စတ္တရုပ်ကိုမဖြစ်စေနိုင်ရကား၊ ၎င်းဝိပါက်များသည် ဝိဉ္စတ္တရုပ်အားဝိပါကပစ္စည်းမတတ်နိုင်။

## (၁၄) အာဟာရပစ္စည်း။

(၅၃၄) ထောက်ပံ့ခိုင်ဘွယ်။ကျေးဇူးကြွယ်။ လေးသွယ်အာဟာရ။

ထောက်ပံ့ခိုင်စေရန် ကျေးဇူးပြုသော အာဟာရတရား–၄–ပါးသည် ပစ္စည်း။ ။အာဟာရ–၄–ပါးကား။

(၄၆၄) ကဗဠီ,ဖဿော,၊ မနောသဥ္စေ,။ ဝိညာဏေ,။ လေးထွေ
အာဟာရ။

ဟူသည်နှင့်အညီ။ဩဇာ-၁။ ဖဿ-၈၉၊စေတနာ-၈၉။ ဝိညာဏ်-၈၉-တည်း။ ။ဩဇာကားရုပ်တည်း။ကြွင်း-၃-ပါးကားနာမ်တည်း၊ ။ သို့ဖြစ်၍။ အာဟာရပစ္စည်းသည်။ ရုပ်အာဟာရနာမ်အာဟာရဟူ၍-၂-ပါးရှိ၏။

"ရုပ်အာဟာရာ။နာမ်အာဟာရာ။-၂-ဖြာပစ္စည်းထား။"

| | | | |
|---|---|---|---|
| ဥ-သ | (က) | ရူပအာဟာရ | } ၂-မျိုး။ |
| သ | (ခ) | နာမအာဟာရ | |

ဥ-သ (က) ရူပအာဟာရပစ္စည်း။

လေ့ကျက်ရန်အခန်း။

| | | |
|---|---|---|
| (၁) | စည်း | အဇ္ဈတ္တစတုသမုဋ္ဌာနိကဩဇာ။ဗဟိဒ္ဓဩဇာ။ |
| (၂) | ပန် | အဇ္ဈတ္တဖြစ်သောကလာပ်တူ ကလာပ်ပြားဖြစ်သောစတုသမုဋ္ဌာနိကရုပ်၊ |
| (၃) | နိက် | ငတ်,စေ,အကုန်၊ |

ကာမဘုံ၌။အဇ္ဈတ္တသန္တာန်ရှိ စတုသမုဋ္ဌာနိကဩဇာ။ အပမှမျိုအပ်သောထမင်းမုန့်စသောဗဟိဒ္ဓဩဇာသည်၊ ဤရူပကာယစတုဇရုပ်တို့အား ထောက်ပံ့သမှုကျေးဇူးပြုသော ပစ္စည်းတရားတို့တည်း။ ။ဂဗ္ဘသေယျပုဂ္ဂိုလ်တို့အား။အမိ၏အာဟာရမပြန့်နှံ့မီ။တိဇရုပ်၌ပါသောဩဇာသည်။ ထောက်ပံ့သမှုကျေးဇူးပြု၏။ ။ထိုအတူ။ဥပပတ် ကာမာဝစရနတ်တို့အားဖြစ်စဉ်၌ နတ်ဩဇာကိုမသုံးဆောင်မီတိုင်အောင်လည်း တိဇဩဇာထောက်ပံ့ပုံကိုသိရမည်။

(၃၉၀) ဗဟိဒ္ဓ,အဇ္ဈတ္တ,။နှစ်ရပ်ဩဇာ။ရေးမ်ခါ၌။ငြိသို့ဆိုက်က။
အဇ္ဈတ္တဝယ်။ခဏမစဲ။တသဲသဲ၊အမြဲရုပ်ဖြစ်စေ၊

ဟူသည်နှင့်အညီ။မျိုအပ်သောမုန့်ထမင်းစသည်၌ရှိသောဗဟိဒ္ဓဩဇာသည်၊ပါစက တေဇောဓာတ်ချက်ကြိုးစပ်ပြီးသည်ရှိသော်။ ကမ္မဇပါစက

ဓာတ်၌လာသည်။ တကိုယ်လုံးကိုဖြန့်လိုက်က။ ၎င်းဩဇာသည်၊အဇ္ဈတ္တစတုဇဩဇာနှင့်သဘောတူချင်းရောမိမှ။ဇနကသတ္တိဖြင့်။ အာဟာရဇရုပ်ကိုဖြစ်စေ၏။ အာဟာရဇရုပ်ဟူသည် သမတေဇောထက်သန်သော ကလာပ်တည်း။ ၎င်းကလာပ်ကမှတဆင့် ဥတုဇရုပ်ကို ဖြစ်စေ၏။ ၎င်းရုပ်ကား၊ဩဇာပစ္စယဥတုဇတည်း။

“ဥပတ္ထမ္ဘာ။ဇနကာ။ဟာရာကိစ္စဒွေး။”

ရုပ်အာဟာရ၏ကိစ္စသည်ထောက်ပံ့ခြင်းဥပတ္ထမ္ဘနကိစ္စ၊ ရုပ်ကိုဖြစ်ပေါ်စေခြင်းဇနကကိစ္စဟူ၍-၂-ပါးရှိ၏၊ မျိုအပ်သော အာဟာရအထောက်အပံ့ကိုမရသောအဇ္ဈတ္တစတုသမုဋ္ဌာနိကဩဇာကား၊ဥပတ္ထမ္ဘနကိစ္စကိုသာဆောင်ရွက်နိုင်သည်။ ။ဗဟိဒ္ဓါဟာရဩဇာအထောက်အပံ့ကိုရမှရုပ်ဖြစ်စေနိုင်ခြင်းဇနကကိစ္စကိုဆောင်ရွက်နိုင်၏။

ကမ္မဇရုပ်ကာယအားကြီးသောအချို့သောနတ်။ပြိတ္တာ။ငရဲသားတို့မှာကား၊ ဗဟိဒ္ဓအာဟာရနှင့်ကင်း၍ပင်၊ အဇ္ဈတ္တအာဟာရဖြင့် ရှည်မြင့်စွာသောကာလပတ်လုံးတည်တန့်နိုင်သောရုပ်ကာယရှိကြလေကုန်သည်။

ပဋ္ဌာန်းပါဠိတော်၌။ဥပတ္ထမ္ဘနကိစ္စကိုသာပဓာနပြု၍အာဟာရပစ္စည်းကိုဟောတော်မူ၏။ ။ထိုဥပတ္ထမ္ဘနကိစ္စသည်သာလျှင်အာဟာရမှာလိုရင်းဖြစ်၏၊ ဗဟိဒ္ဓါဟာရမရှိသော်လည်း ထိုဥပတ္ထမ္ဘနကိစ္စမှာမူကားရှိသည်ပင်။ဥပတ္ထမ္ဘနကိစ္စကားအာဝါသိကကိစ္စ၊ဇနကကိစ္စကားအာဂန္တုကကိစ္စတည်း။ ။ထောက်ပံ့သည်ဆိုသော်လည်း၊ဓာတ်ဆီအနေနှင့်တေဇောကိုညီမျှ၍ကြီးပွါးအောင်ထောက်ပံ့ရင်းဖြစ်၏။၎င်းဩဇာအထောက်အပံ့ကိုရလျှင်၊ တေဇောလည်းအားတက်၍လတ်ဆတ်သောဥတုဇရုပ်တို့ကိုပေါက်ဘွားလေသည်။

ပြခဲ့ပြီးသော- စည်း,ပန်,နိက်,-၃-ပါးကား၊ ဥပတ္ထမ္ဘနကိစ္စအနေနှင့်ပြခဲ့သည်၊ဇနကကိစ္စအနေနှင့်မူကား အောက်ပါအတိုင်း-စည်း,ပန်,နိက်,ကိုသိရမည်။

## ၃-ပ ရုပအာဟာရတနည်း။

(၁) စည်း ဗဟိဒ္ဓဩဇာ။

(၂) ပန် အာဟာရဇရုပ်၊
(၃) နိက် မိတ်,စေ,အကျန်၊အာဟာရဇမှတပါးဟီဇရုပ်။

အလုံးစုံအဝိညာဏက သဝိညာဏကရုပ်ဟူသမျှသည်။တစေ့ဝေါ မှာမှီနေကြရ၏။ တစေ့ချျင်အသက်ရှိ၏။တစေ့ချျင်အားကြီးသော မှီရာရှိ၏။ရုပ်ဟူသမျှမှာ၊တစေ့ချယ်လယ်သမျှခံနေရ၏။တစေ့ချျင် အုပ်ထိန်းစိုးရပခါနရှိ၏။ ၎င်းတစေ့မှာလည်း၊ ဩဇာတည်းဟူသော ခါတ်ဆိကိုမှီရစားသောက်ရမှတည်နိုင်ပြန်ရကား။ ဩဇာသည်တစေ့ ၏မူလရင်းဖြစ်ပြန်၏။ထိုကြောင့်အနုပိတ်၍လိုရင်းတရားအစစ်ကို ဟောရာ ပဋ္ဌာန်းဒေသနာတော်၌။ ဩဇာတပါးကိုသာလျှင် မျက်နှာကြီး ခေါင်း ကောက်၍ပစ္စည်းတပါးခေါ်လောက်အောင် အာဟာရပစ္စည်းဟူ၍ ဟော တော်မူ၏။ ။တစေ့တို့ကိုမူကား။သူရောင်ါပါ။ပွမ်းဆိပ်ပါနိုင်သော သဟဇာတမျိုးမှာသာပါဝင်ရလေသည်။

ဤရုပ်အာဟာရမျိုးကား သဟဇာတအစစ်ကြီးလည်း မဟုတ်ခဲ့။ အ ဘယ်ကြောင့်နည်းဟူမူ။

(၅၅၁) မိမိနှင့်မူ။အတူဖြစ်ရန်၊ကျေးဇူးသန်။အမှန်သဟဇ၊

ဟူသည်နှင့်အညီ။အတူဥပါဒ်သည်ကိုကျေးဇူးပြုမှ၊ သဟဇာတဟူရ ကား၊၎င်းအာဟာရသည်အတူဖြစ်သောရုပ်တို့ကိုမမိကလည်းအတူဥပါဒ် သဲဖြစ်၍၊ ကျေးဇူးပြုနိုင်သည် မဟုတ်၊မိမိဌီသို့ရောက်မှ။ ကလာပ်တူက လာပ်ပြားစတုဇရုပ်တို့ကိုထောက်ပံ့သမှကျေးဇူးပြု၏၊ ဗဟိဒ္ဓအာဟာရ အထောက်အပံ့ကိုရ၍၊ရုပ်ကိုဖြစ်စေသော်လည်း။ဥတ်နှင့်စိတ္တဇရုပ်ကဲ့သို့။ တပြိုင်နက် ဖြစ်စေသည်မဟုတ်၊ မိမိဌီသို့ရောက်မှ ရုပ်ကို ဖြစ်စေနိုင်ရ ကား၊သဟဇာတ လက္ခဏာမရှိချေ၊ ။ပစ္စည်းပြုပုံမှုကား သဟဇာတ နှင့်ဆင်ဘူဖြစ်၍၊ ၎င်းကိုဥပသဟဇာတပစ္စည်းဟူ၍သံခိပ်၌ အမည်ပေး လေသည်၊ ။ထို့ကြောင့်၊

(၅၅၂) ရုပ်အာဟာရ၊ဇီဝိတ်၊မှတ်ရန်တဌာန၊

ဟူ၍။ရုပ်အာဟာရနှင့်၊ရုပ်ဇီဝိတ်ငြေ–၂–ပါးတွဲ၍ဌာနတခုထားတော် မူလေသည်။

## သ (ခ) နာမအာဟာရပစ္စည်း။

### လေ့ကျက်ရန်အခန်း၊

(၁) စည်း ဖဿ-စေတနာ-ဝိဉ်အကုန်။
(၂) ပန် ဝိဉ်,စေ,အကုန်။ဝိပ်ပဋိသန္ဓေကမ္မဇရုပ်။
(၃) နိက် ပဋိသန္ဓေကမ္မဇမှတပါး၊ ကမ္မဇ၊ဥတုဇ၊အာဟာရဇရုပ်၊

ဤပစ္စည်းသည်။သဟဇာတငယ်မျိုးတည်း။ ။အဘိဓမ္မာနည်းအား ဖြင့် ဤနာမ်အာဟာရ-၃-ပါးသည်၊ သဟဇာတအတူတကွ ဖြစ်သော တရားတို့ကိုသာလျှင်ထောက်ပံ့သမှုကျေးဇူးပြု၏။ ၊သုတ္တန်နည်းအား ဖြင့်၎င်း။ ပဋိစ္စသမုပ္ပါဒ်နည်းအားဖြင့်၎င်း၊ ဖဿာဟာရသည်။ ဝေဒနာ တဏှာဥပါဒါန်ကမ္မဘဝကိုကျေးဇူးဆောင်၏၊ ။ထိုစကားမှန်စွ။သတ္တ ဝါဟူသမျှတို့သည်၊ ထိခိုက်လာသောအာရုံ၏ အရသာကိုဖဿဖြင့်ခံယူ ၍။ဝေဒနာသုံးဆောင်ပြီးခါ၊ တဏှာဥပါဒါန်ထက်သန်ကြီးမား၊ ပွါးကြီး ပွါး၍၊-၃-ပါးသောဝဋ်စက်မှ။မထွက်နိုင်ရှိနေကြ၏၊ ။အကယ်၍။ဖဿာ ဟာရမရှိခဲ့အံ့။ဝေဒနာအခွင့်မရ၍။တဏှာဥပါဒါန်မပေါ်လာဘဲ၊ ကမ္မဘ ဝသုဉ်းလေရာ၏။ကမ္မဝဋ်သုဉ်းကလည်း။ဝိပါကဝဋ်ကိလေသဝဋ်တို့မရှိ လေရာ။ ။စေတနာဟာရသည်။ဥပပတ္တိဘဝတည်းဟူသောကာမ၊ရူပ၊ အရူပ၊ဘဝ-၃-ပါးကိုကျေးဇူးဆောင်လေ၏။ ။စေတနာဟာရ၊သင်္ခါ ရ၊ကမ္မဘဝ။ကမ္မဝဋ်အတူတူ။၎င်းစေတနာဟာရမရှိက၊ ဘဝ-သုံးပါးမ ရှိခဲ့ရာ။ ။ဝိညာဏာဟာရသည်။ နာမ်ရုပ်သဠာယတနတို့ကို ကျေးဇူး ဆောင်လေ၏၊ ။ဝိညာဏ်မရှိက၊၎င်းတို့မရှိလေရာ။ ။နာမ်အာဟာ ရ-၃-ပါးနှင့်ပင်ပဋိစ္စသမုပ္ပါဒ်စက်လည်လေ၏။

## (၁၅) ဣန္ဒြိယပစ္စည်း။

(၅၃၂) သဟ,ပုရေ,ဇီဝိတံ,။သုံးတန်ဣန္ဒြိယ၊ ဟူသည်နှင့်အညီ။ဣန္ဒြိယ-၃-မျိုးရှိ၏။

(က) သဟဇာတိန္ဒြိယ၊
(ခ) ပုရေဇာတိန္ဒြိယ၊ ၃-မျိုး
(ဂ) ရူပဇီဝိတိန္ဒြိယ၊

### (က) သဟဇာတိန္ဒြိယပစ္စည်း၊

(၅၃၆) စိတ်,ဇီ,ဝေ,ဒိ,၊သဒ်,သ,မိ,၊ပညိ,နာမ်ရှစ်-သ၊

ဟူသည်နှင့်အညီ၊သဟဇာတိန္ဒြိယပစ္စည်းတရားသည် -၁-စိတ်၊ ၂-ဇီဝိတ၊၃-ဝေဒနာ၊၄-ဣရိယ၊ ၅-သဒ္ဓါ၊၆-သတိ၊၇-သမာဓိ၊ ၈-ပညာ၊ဤနာမ်ဣန္ဒြေတရားကိုယ်ရှစ်ပါးတည်း၊

လေ့ကျက်ရန်အခန်း၊

(၁) စည်း နာမ်ဣန္ဒြေရှစ်ပါး၊
(၂) ပန် စိတ်,စေ,အကုန်-စိတ္တဇပဋိသန္ဓေကမ္မဇရုပ်၊
(၃) နိုက် ပဋိသန္ဓေကမ္မဇမှတပါး ကမ္မဇ၊ ဥတုဇ အာဟာရဇရုပ်၊

ဤသဟဇာတိန္ဒြိယပစ္စည်းသည်၊သမုစ္စည်းပိုင်း (၄၅၆,-၇,-၈,-၉,-၄၆၀,)ကလာသောဣန္ဒြေ-၂၂-ပါးထဲက၊နာမ်ဣန္ဒြေ-၈-ပါးကိုပိုင်းခြား၍ထုတ်သော ပစ္စည်းတည်း၊ ၊ဣန္ဒြိယ၏အနက်သည် အစိုးရခြင်းအနက်တည်း၊

(၄၆၀) ဆိုင်ရာဌာန၊ရိုးပိုင်ကြ၊ကိစ္စကိုယ်စီစီ၊

ဟူသည်နှင့်အညီ၊ စိတ်သည် ဝိဇာနနကိစ္စဖြင့် သမ္ပယုတ်တရားတို့အပေါ်မှာအစိုးရ၏၊ဇီဝိတသည်စောင့်ခြင်းကိစ္စဖြင့်စသည်သိလေ၊ ၊သဟဇာတာဓိပတိပစ္စည်း-၄-ပါးတို့ကား၊ဘယ်ပါးပစ္စည်းတစ်၍ကြီးကဲလျှင်၊၃-ပါးအသာနေရတော့သည်၊ ၊ဤသဟဇာတိန္ဒြိယပစ္စည်းကား၊သမ္ပယုတ်တရားနှင့်ဣန္ဒြေတရားကိုယ်မှန်သျှင်ကိုယ်ကိစ္စနှင့်ကိုယ်ပြိုင်၍ အသီးအသီးအစိုးချကြ၏၊ ၊အဓိပတိသည်စကြဝတေးမင်းအစိုးရပုံနှင့်တူ၏၊ဣန္ဒြိယသည်ပဒေသရာဇ်မင်းအစိုးရပုံနှင့်တူ၏၊ ၊ပန်,တရားတို့၌ကျေးဇူးပြုပုံကို စိတ်,စေ,ဟှာဉ်ပုံကိုရှု၍ ထိုက်သည်အားလျော်စွာသိလေ၊ စိတ်၊ဝေဒနာ၊

ဇီဝိတ၊ ဤတရားတို့ကိုသာဆိတ်စေအကုန်ကိုကျေးဇူးပြု၏။ ပညာဆိုလျှင် မိတ်-၄၇-နှင့်။စေ-၃၇-ကိုသာကျေးဇူးပြု၏စသည်သိလေ၊

(၄၆၇) အဟိတ်တွင်-မဂ်,။ဖိုလ်,။ဈာန်,မဂ်,။ကောဂ်,ဝိစိကော။

ဟူသည်နှင့်အညီ၊ ဝိစိကိစ္ဆာ၌ရှိသော ဧကဂ္ဂတာသည်၊ ဈာနင်္ဂတရား ကိုယ်ပင်ဖြစ်သော်လည်း။ဈာနပ္ပစ္စယပစ္စည်းမတပ်၊

ဝ-၄ (ခ) ပုရေဇာတိန္ဒြိယပစ္စည်း၊

(၂၃၇) ဝတ္ထုငါးလီ။ဝတ်ပုရိ။

လေ့ကျက်ရန်အခန်း။

| | | |
|---|---|---|
| (၁) | စည်း | အမှီခံသောပသာဒရုပ်-၅။ |
| (၂) | ပန် | မှီသောပဉ္စဝိညာဏ်-၁၀၊စေ-၇၊ |
| (၃) | နိုက် | ပဉ္စဝိညာဏ်ကြည့်စိတ်-၇၉။စေ-၅၂၊ရုပ်အကုန်၊ |

ဝတ္ထုပုရေဇာတိန္ဒြိယ၌။ဝိညာဏ်အမှီခံရသောပသာဒဝတ္ထုငါးခုသည် သာဈာနိန္ဒြိယပစ္စည်းတပ်သည်။ပဉ္စဒွါရဝီထိ၌ပထမအတီတဘဝင်နှင့် ဥပါဒ် သောမဏ္ဍိမာယုကခေါ်သော ပသာဒသည်သာလျှင်ဝိညာဏ်၏ မှီရာဖြစ်၍ ပစ္စည်းတင်၏။အကျယ်ကိုနိဿယပစ္စည်း ( နိ-ခ-**1** )တွင်ဆိုခဲ့ပြီ။ ။ ကမ္မဇဖြစ်၍ ခဏတိုင်းဖြစ်သောပသာဒရုပ်သည်၊ ပုရေဇာတိန္ဒြိယ ပစ္စည်း တပ်သည်ကားအနည်းငယ်သာ အလွတ်ဖြစ်၍ချုပ်လေသည်ကသာများ လေတော့သည်။ ။ဆိုင်ရာဥပမာနမိုးပိုင်ကြပုံကား။ ။စက္ခုပသာဒသည် ကြည့်ရှုခြင်းကိစ္စဖြင့်။မိမိ၌မှီသောစက္ခုဝိညာဏ်ကိုအစိုးရ၏။စက္ခုပသာ ဒထက်သန်မှုဝိညာဏ်လည်းသန်စွမ်းထက်သန်လေသည်။ အိုမင်းကြီးရင့် ၍စက္ခုပသာဒကိုဇရာဘိစီးသောအခါရင်း၌မှီသောဝိညာဏ်သည်ထက် သန်စွာဒဿနကိစ္စကိုမဘပ်စွမ်းနိုင်။ ။သောတဝိညာဏ်စသည်တို့မှာ လည်းဤနည်းအတိုင်းပင်သိ။ ။ဟာဒယဝတ္ထုသည်ပုရေဇာတနိဿယ မှာပါလျက်။ဤ၌-မပါသာရခြင်းမှာ။ရင်းဟာဒယဝတ္ထုသည် ရှေ့ကဥပါဒ် ဖြစ်ပေါ်၍ဝိညာဏ်၏မှီရာမျှသာဖြစ်၏။ပဉ္စပသာဒတို့ကဲ့သို့ မိမိ၌မှီသော ဝိညာဏ်ကိုကားနုံ့ခြင်းထက်ခြင်းစသည်ဖြစ်အောင်အမြဲနိယာမအားဖြင့် မတတ်နိုင်အစိုးမရ။ ။ပဉ္စပသာဒနှင့် ပဉ္စာရုံကား ခံခါတ် တိုက်ခါတ်

ဖြစ်၍၊ ဓမ္မာရုံနှင့်ဟဒယကား ခံဝတ်တိုက်ဝတ်မဟုတ်ကြ၊ ဓမ္မာရုံတည်းဟူသော တိုက်ဝတ်သည် မနောဒွါရ၌သာ ခိုက်ရသည်၊ မနောအကြည်၌သာ ပေါ်ရသည်၊ ထိုကြောင့် ဟဒယသည် ဒွါရမတိုက်၊ ထိုကြောင့် ၎င်းဟဒယသည် ပုရေဇာတိန္ဒြိယပစ္စည်းကို မရလေသတည်း၊

"နိဿ,ဖွေး၊ဥ၊ ဗိုးရမှု၊ သုံးခုပုဇာတိန်၊"

အနိဿခြင်း၊ ဖွေးကဥပါဒ်ခြင်း၊ နိဿောဝိညာဏ်ကို ဒိဋ္ဌိလက်ရွေ့ဖြင့်ထောက်ခြင်း နှင့် ခြင်းအရာ၌ အဗိုးရခြင်း၊ ဤသင်္ကေတ-၃-ပါးနှင့်ညီမှ၊ ပုရေဇာတိန္ဒြိယပစ္စည်းတပ်နိုင်သည်၊

---

၃-သ (၈) ရူပဇီဝိတိန္ဒြိယ၊

(၂၃၇) ရုပ်ဇီ,ဝိတ၊

လေ့ကျက်ရန်အခန်း၊

| | | |
|---|---|---|
| (၁) | စည်း | ရုပ်ဇီဝိတ၊ |
| (၂) | ပန် | ရုပ်ဇီဝိတကြည့်သောကလာပ်တူကမ္မဇရုပ်၊ |
| (၃) | နိက် | ဗိတ်,ဝေ,အကုန်၊ ဇီဝိတရုပ်၊ ဗိဇ္ဇာဇ၊ ဥတုဇ၊ အာဟာရဇရုပ်၊ |

---

ရုပ်ဇီဝိတသည် မိမိနှင့်ကလာပ်တူသော ကမ္မဇရုပ်တို့ကို အရှည်တည်တန့်စေရန် စောင့်ရှောက်ခြင်း အသက်၏ကိစ္စဖြင့် ကျေးဇူးပြု၍၊ ကလာပ်တူကမ္မဇရုပ်တို့ကို စောင့်ရှောက်ခြင်းကိစ္စဖြင့် အဗိုးရ၏၊

ရုပ်ဇီဝိတိန္ဒြေသည်၊ ကလာပ်တူရုပ်ဇီဝိတ၏ ပစ္စည်းပြုကို မခံရသောကြောင့်၊ ပန်,မဖြစ်ရကား၊ နိက်,၌သာ ပါရလေသည်၊

ရုပ်ဇီဝိတသည်၊ ကလာပ်တူကမ္မဇကို စောင့်ရှောက်မှု အဗိုးရမှုသာဖြစ်စေမှု မရှိရကား သဟဇာတ လက္ခဏာမဟုတ်တတ်၍ ဥပသဟာဒ တခေါ်ရလေသည်၊

ဘာ၀-ပ်-၂-ခုသည်၊ သမုဋ္ဌာနပိုင်းရှုမြဲ-၂၂-ရေတွက်ချက်၌ ပါသော်၊အဘယ်ကြောင့်ဣန္ဒြိယပစ္စည်း မတပ်သနည်းဟူမူ၊ ၊ပစ္စည်းတပ်ကိုရန်အကြောင်းသည်-၃-မျိုးရှိ၏၊

(၁) ဇနနသတ္တိ ဖြင့်စေခြင်း။
(၂) ဥပတ္ထမ္ဘန ထောက်ပံ့ခြင်း။
(၃) အနုပါလန စောင့်ရှောက်ခြင်း။

ဤကိစ္စ-၃-မျိုးတွင်တပါးပါးကိုရမှပစ္စည်းတပ်နိုင်သည်။ ။ဘာဝရုပ်-၂-ခုမှာမူကား။ဤကိစ္စ-၃-ပါးပင်အလျှင်းမရှိ။။စတုသမုဋ္ဌာနိကရုပ်တို့အပေါ်၌စွဲ၍တည်သော၊ဣတ္ထိလိင်္ဂဣတ္ထိနိမိတ္တစသော မိန်းမယောက်ျားအခြင်းအရာစသောပညတ်အမှုအရာတို့အပေါ်၌သာအစိုးရ၏။၎င်းအမှုအရာရသည်။ဘာဝရုပ်ကြောင့်သာထင်ရှားသဖြင့် ဘာဝရုပ်ကအစိုးရသည်ဟုဆိုရသည်။ထိုအမှုအရာတို့သည်လည်းပညတ်တရားဖြစ်၍အနှစ်အသားမရှိရကားဇနကစသောကိစ္စဖြင့်ပစ္စည်းပြုဘွယ်မရှိ၍။ ၎င်းဘာဝရုပ်-၂-ခုကပစ္စည်းမပြုနိုင်။ထိုကြောင့်၊ ဘာဝရုပ်-၂-သည် ဣန္ဒြိယပစ္စည်း၌မဝင်ရလေသတည်း၊ ။တနည်းမှာ။တေကာလိကတရားသာ ပစ္စယုပ္ပန်ဖြစ်ထိုက်၏။ ကာလဝိမုတ်တရားကား ပစ္စယုပ္ပန်ဖြစ်ရိုးမရှိ။ ပစ္စည်းသာဖြစ်ထိုက်၏။ပဋ္ဌာန်း-၂၄-ပစ္စည်း၌ကာလဝိမုတ်ဖြစ်သောပညတ်နိဗ္ဗာန်တို့ပစ္စယုပ္ပန်ဖြစ်သည်ဟူ၍မရှိချေ။ ။သို့ဖြစ်၍ပညတ်ဖြစ်သောဣတ္ထိသဏ္ဌာနစသည်တို့ကိုအကာယ်၍ပစ္စည်းပြုခဲ့လျှင်။ ဘာဝရုပ်နှင့်သာဆိုင်၏။ ၎င်းဣတ္ထိသဏ္ဌာနစသည်တို့ကလည်းပစ္စည်းပြုခံနိုင်သောတရားမျိုးမဟုတ်၍။ဘာဝရုပ်-၂-ခုသည်၎င်းတို့ကိုပစ္စည်းမပြုရသဲ။ဣန္ဒြိယပစ္စည်းမှလွတ်ရလေသည်။

## သ (၁၇) ဈာနပစ္စည်း။

(၅၃၈) တက်,စာ,ပီ,ဝေ,၊ကေဂ္ဂေ,။ငါးထွေရှုဈာန်။

ဟူသည်နှင့်အညီ။ဝိတက်၊ဝိစာရ၊ပီတိ၊ဝေဒနာ၊ဧကဂ္ဂတာ၊ဤဈာနင်-၅-ပါးသည်ဈာနပစ္စည်းမည်၏။

လေ့ကျက်ရန်အခန်း။

(၁) စည်း ဈာနင်တရား-၅-ပါး။
(၂) ပန် ဒွိပဉ္စဝိညာဏ်-၁၀-ကြဉ်စိတ်-၇၉။စေ-၅၂။စိတ္တဇပဋိသန္ဓေကမ္မဇရုပ်။
(၃) နိက် ဒွိပဉ္စဝိညာဏ်-၁၀။ စေ-၇၊ ပဋိသန္ဓေမှ တပါးသောကမ္မဇ။ဥတုဇ။အာဟာရဇရုပ်။

ကောင်းသောအမှု၊ မကောင်းသောအမှုတို့၌စိတ်၏ ဖြောင့်မတ်စွာရှုးရိုက်ခြင်းဟုဆိုအပ်သောဈာန်၏ကိစ္စဖြင့် ကျေးဇူးပြုသောတရားရသည်ဈာနပစ္စည်းမည်၏၊ ။ထိုကြောင့်ဈာန၏အဓိပ္ပါယ်ကို၊

(၂၄) ရိုက်ရိုက်ရှုရှု။ အထူးမြဲမြန်၊ ရှုအားသန်။ ဈာန်ဟုခေါ်သတတ်။

ဟူသောသံပေါက်ဖြင့်ပြတော်မူ၏။ ။မှုဆိုးသည် တရသော ချုံတွင်းကတည်၍မြားဖြင့် သားကောင်ကို တည့်တည့်ချိန်ဘိသကဲ့သို့ငင်း။ ဥဖိုငှက်သည် ကမ်းစက တည်၍ ငြိမ်သက်စွာ ငါးကိုချောင်းဘိသကဲ့သို့ ငင်း၊အာရုံနှင့်တည့်မတ်ရိုက်ရှုးအောင်ချိန်ရွယ်၍ပဲ့ပြင်ခြင်းကိစ္စသည်ဈာနကိစ္စမည်၏။ ။ကုသိုလ်မှု၊အကုသိုလ်မှု၊အရပ်ရပ်မှာဈာနကိစ္စမပါကပြီးစီးနိုင်သည်မဟုတ်ချေ။

(၄၆၆) ပဥ္စဝိညာဉ်။ဈာနင်-ကြဉ်၊ဖိုလ်ကြဉ်-အဝိရေ။

ဟူသည်နှင့်အညီ။ ပဥ္စဝိညာဏ်-၁၀-၌ဝေဒနာ၊ ဧကဂ္ဂတာတို့သည်ဈာနင်တရားကိုယ် ဖြစ်သော်လည်း ဈာနပစ္စည်းမတပ်၊ ထိုကြောင့် ပဥ္စဝိညာဏ်-၁၀-သည်-ပန်,မထိုက်၍-နိက်,တွင်ပါရလေသည်။ ။ပဥ္စဝိညာဏ်-၁၀-မှုကား၊ ဦးတိုက်မိမိမှိုရာပသာဒပေါ်သို့ထိခိုက်လာသောအာရုံကိုယူသော စိတ်မျိုးဖြစ်၍-၎င်းတို့၌ဈာနကိစ္စမလိုပြီ။ ။ဤပစ္စည်းကား သဟဇာတငယ်မျိုးတည်း။

သ (၁၇) မဂ္ဂပစ္စည်း။

(၅၃၈) ပဉ်,တက်,ဝါ,ကမ်,။အာဇိဝံ,။ဝါယာမ်,သ,ဠိ,ဒိဋ္ဌ်,။

ဟူသည်နှင့်အညီ။ သဟိတ်စိတ်-၇၁-ချ၌ယှဉ်သော-၁-ပညာ၊ ၂-ဝိတက်။၃-သမ္မာဝါစာ။၄-သမ္မာကမ္မန္တ။၅-သမ္မာအာဇီဝ။၆-ဝီရိယ။ ၇-သတိ၊၈-သမာဓိ။၉-ဒိဋ္ဌိ။ဤတရားကိုယ်ကိုးပါးသည်မဂ္ဂင်မည်၏၊

လေ့ကျက်ရန်အခန်း။

(၁) စည်း မဂ္ဂင်တရားကိုယ်-၈-ပါး။

(၂) ပန် သဟိတ်စိတ်-၇၁။စေ-၅၂၊ သဟိတ်ပဋိသန္ဓေ။ သဟိတ်ပဋိသန္ဓေကမ္မဇရုပ်၊

( ၇ )

(၃) နိကက် အဟိတ်စိတ်-၁၈။စေ-၁၂။ အဟိတ်စိတ္တုပ္ပါဒ်။ သဟိတ်ႈ၌သုဒ္ဓကမ္မဇမှတပါး ကမ္မဇ၊ ဥတုဇ၊ အာဟာရဇရုပ်။

သုဂတိ၊ဒုဂ္ဂတိ။ဝိဝဋ္ဋနိဗ္ဗာန်စခန်းသို့ပြေးသွားသောစိတ်စေတနာ၏လမ်းခရီးသာသွယ်ကျေးဇူးပြုသောတရားရသည်မဂ္ဂပစ္စည်းမည်၏။ ။စိတ်စေတနာကိုဖြောင့်ဖြောင့်သွားစေရန်။ကောက်ကောက်သွားစေရန်ကျေးဇူးပြုသောတရားတို့ဟူ၍ဆိုလိုသည်။ ။ထိုမဂ္ဂင်တို့တွင်။ မိစ္ဆာဒိဋ္ဌိ၊ မိစ္ဆာသင်္ကပ္ပ၊မိစ္ဆာဝါယာမ၊ မိစ္ဆာသမာဓိတို့ကား လမ်းကောက်တို့တည်း။ ထိုလမ်းကောက်တို့ဖြင့် ပါဏာတိပါတစသည်ကိုပြုကျင့်၍ ဒုဂ္ဂတိလမ်းခရီးတာရှည်လေ၏။ ။သမ္မာဒိဋ္ဌိ၊သမ္မာသင်္ကပ္ပ၊သမ္မာဝါစာ၊သမ္မာကမ္မန္တ၊သမ္မာအာဇီဝ၊ သမ္မာဝါယာမ၊သမ္မာသတိ၊ သမ္မာသမာဓိတို့ကား လမ်းဖြောင့်တရားတို့တည်း။ ထိုလမ်းဖြောင့်တို့ဖြင့် ဒါန၊သီလ၊ဘာဝနာတရားများကို ကြိုးစားအားထုတ်၍ သုဂတိ လမ်းစခန်းသို့ ရောက်ပြီးနောက်။ နိဗ္ဗာန်တိုင်ပေါက်ရောက်လေ၏၊ ။အဗျာကတတို့တွင် အကြောင်းဖြစ်သော ကုသိုလ်တရားတို့ကြောင့် ဖြစ်ရပြီးစီးရသော ဝိပါက်တို့၌ပါသောမဂ္ဂင်တရားရသည်။အကြောင်းရင်းကုသိုလ်မဂ္ဂင်တပ်လေပြီးသော နည်းအတိုင်းပင်မဂ္ဂပစ္စည်းကိုရလေ၏။မဟာဝိပါက်ရှစ်ချ၌သမ္ပယုတ်၊ဝိပ္ပယုတ်၊အသင်္ခါရိက၊ သသင်္ခါရိက ခေါ်ရသကဲ့သို့ရင်း၊ မဟဂ္ဂုတ်ဝိပါက်တို့၌။ ပထမဈာန်၊ဒုတိယဈာန်ခေါ်ရဘိသကဲ့သို့ရင်းမှတ်။ မိမိကပင်အကျိုးဖြစ်နေပြီးဖြစ်၍ကားတဘန်သုဂတိလမ်းကိုမဘွင့်နိုင်ချေ။ ။ကြိယာ၌ရှိသောမဂ္ဂင်တရားတို့ကားမိမိတို့က သုဂတိကိုဆောင်စွမ်းနိုင်သော တရားဖြစ်လျက်။ကိလေသာပြတ်၍၊ ဝဋ်လက်စသတ်ပြီးသော ရဟန္တာသန္တာန်၌ဖြစ်ရ၍သုဂတိကိုမဆောင်နိုင်ချေ၊ ။အဟေတုကိတ်၌ပါသောမဂ္ဂင်တရားတို့၌လည်းလျော်စွာသိလေ။

(၄၇) အဟိတ်တွင်-မဂ်,။ဗိုလ်,ဈာန်,မဂ်,၊ကောဂ်,ဝိစိကော။

ဟူသည်နှင့်အညီ။ အဟိတ်စိတ်၌ပါသော မဂ္ဂင်တရားကိုယ်တို့သည် မဂ္ဂပစ္စည်းမထိုက်။ သို့ဖြစ်၍ အဟိတ်စိတ်-ပနံ,မထိုက်ရကား-နိကက်,တွင်ဝင်ရလေသည်။ ။ဝိစိကိစ္ဆာ၌ဧကဂ္ဂတာလည်းမဂ္ဂပစ္စည်းမတပ်ချေ၊ ။ဈာပစ္စည်းကားသဟာဇာတငယ်မျိုးတည်း။

## သ (၁၇) သမ္ဗယုတ္တပစ္စည်း။

(၅၄၀) ဝိတ်,စေ,သုံးရုံ။နာမ်အကုန်။ယှဉ်တုံသမ္ဗယုတ်။

လော့ကျက်ရန်အခန်း။

(၁) စည်း ဝိတ်,စေ,အကုန်။
(၂) ပန် ဝိတ်,စေ,အကုန်၊
(၃) နိက် စတုဇရုပ်အကုန်။

(၄၁) ဖြစ်,ပျက်,မှီ,အာ,။တူလေးဖြာ။အင်္ဂါယှဉ်နိမိတ်။

ဟူသည်နှင့်အညီ၊ဥပါဒ်တူ၊ဘင်တူ၊အာရုံတူ၊ မှီရာဝတ္ထုတူ။ ဤသမ္ဗယုတ္တလက္ခဏာနှင့်ပြည့်စုံသောတရားမျိုးမှန်မှ သမ္ဗယုတ္တပစ္စည်းတပ်နိုင်လေသည်။ ။ဝိတ်စေတသိက်တို့၌သာ၊ဤသမ္ပယုတ္တလက္ခဏာကိုရထိုက်သဖြင့်၊ ၎င်းတို့သာ-စည်း,ပန်,ဖြစ်ရလေသည်။ ရုပ်တို့ကား။ ၎င်းလက္ခဏာ-၄-ပါးမရှိ၍-နိက်,တွင်ဝင်ရလေသည်၊အဋ္ဌကလာပ်ရုပ်စသည်တို့၌ကလာပ်တူ အဋ္ဌက၊နဝက၊ဒသက၊စသောရုပ်တို့သည်။ဥပါဒ်တူ ဘင်တူဖြစ်၍သမ္ပယုတ်ဖြစ်လေရာလိမ့်သောဟူသောသက်ာတွေးတောဘွယ်ကိုပျောက်ခြင်းငှါ၊သမ္ဗယုတ္တပစ္စည်းကိုဟောရပြန်၏။ ၎င်းသမ္ပယုတ္တပစ္စည်းသည်ဈာန်၊ မဂ်၊ မဂ္ဂတို့ကဲ့သို့ ကိစ္စအထူးဖြင့် ပစ္စည်းပြုသောတရားမဟုတ်။သဟဇာတမှခွဲ၍။ အတူဖြစ်သော်လည်း သမ္ဗယုတ် ဖြစ်သင့်မှဖြစ်သည် ဟူသော အနေနှင့် နာမ်သက်သက်ကို သီးခြား ပြသော ပစ္စည်းတည်း။ ။ဤပစ္စည်းသည်သဟဇာတသတ်မျိုးတည်း၊

## (၁၈) ဝိပ္ပယုတ္တပစ္စည်း။

(၅၄၁) သဟ,ပစ္ဆေ,။ဝတ်ပုရေ,။သုံးထွေဝိပ္ပယုတ်။

ဟူသည်နှင့်အညီ။ဝိပ္ပယုတ္တပစ္စည်း-၃-မျိုးရှိ၏။

(က) သဟဇာတဝိပ္ပယုတ်
(ခ) ဝတ္ထုပုရေဇာတဝိပ္ပယုတ် } ၃-မျိုး
(ဂ) ပစ္ဆာဇာတဝိပ္ပယုတ်

## ၁ (က) သဟဇာတဝိပ္ပယုတ္တပစ္စည်း၊

(၅၄၂) ရုပ်အား-နာမ်က၊ ရုပ်က-နာမ်အား၊တစ်တုံငြား၊ နှစ်ပါးသဟထုတ်၊

ဟူသည်နှင့်အညီ၊နာမ်သည်ရုပ်အားဝိပ္ပယုတ္တပစ္စည်းတစ်ဖြာ၊ရုပ်သည် နာမ်အားဝိပ္ပယုတ္တပစ္စည်းတင်ဖြာဆိုလိုသည်၊

### လေ့ကျက်ရန်အခန်း၊

(၁) စည်း ရုပ်ကိုဖြစ်စေနိုင်သောစိတ်-၇၅၊ စေ-၅၂၊ ပဋိသန္ဓေ ဝေါကာရပဋိသန္ဓေနှင့်ဟဒယဝတ္ထု၊

(၂) ပန် စိတ္တဇပဋိသန္ဓေကမ္မဇရုပ်၊ပဋိသန္ဓေဝေါကာရပဋိသန္ဓေ နှင့်ဟဒယဝတ္ထု၊

(၃) နိက် ပဋိသန္ဓေဝေါကာရပဋိသန္ဓေမှ တပါး စိတ်-၈၉၊စေ- ၅၂၊ပဋိသန္ဓေကမ္မဇမှတပါးရုပ်အကုန်၊

ဤသဟဇာတဝိပ္ပယုတ်သည်ပစ္စည်းတမျိုးမဟုတ်၊သဟဇာတကြီးထဲမှ ထုတ်၍၊သဟဇာတမျိုးတို့အလေ့၊ ပဋိသန္ဓေကမ္မဇစိတ္တဇရုပ်တို့အားသဟ ဇာတပစ္စည်းတပ်သောရုပ်နာမ်ရကိုပိုင်းခြား၍ပြသောပစ္စည်းတည်း၊ ၊ အကြင်ရုပ်နာမ်တရားအရာ၌၊သမ္ပယုတ္တဖြစ်လေသလောဟုတွေးတောယုံ မှားဘွယ်ရှိ၏၊ ထိုအရာ၌သာလျှင်၊ သမ္ပယုတ်မဟုတ်ဟူ၍ပြခြင်းငှါ၊ ဤ ဝိပ္ပယုတ္တပစ္စည်းကိုဟောတော်မူရလေသည်၊ ၊ဥပမာကား၊စိတ်နှင့်စိတ္တဇ ရုပ်သည်၊ဥပါဒ်ပြိုင်အတူဖြစ်၍၊သမ္ပယုတ်ဖြစ်လေသလောဟုတွေးဘွယ် ရှိ၏၊ဤနေရာ၌စိတ်နှင့် စိတ္တဇရုပ်သည်တခြားစီ၊ ရုပ်ကတခြား နာမ်ကတ ခြားဟူ၍ခွဲခြားသိးသန့်၍ပြခြင်းငှါဝိပ္ပယုတ္တပစ္စည်းကိုဟောရ၏၊ပဋိသန္ဓေဝေါ ကာရပဋိသန္ဓေနှင့် ၎င်း၏မှီရာဟဒယဝတ္ထုသည်၊ အတူလည်းဖြစ် မှီရာ လည်းဖြစ်၍၊သမ္ပယုတ္တဖြစ်လေသလောဟုတွေးတောဘွယ်ရှိ၏၊ဤနေရာ ၌သမ္ပယုတ်မဟုတ်တခြားစီဟုပြခြင်းငှါဝိပ္ပယုတ္တကိုဟောရ၏၊

(၇) အညမညပစ္စည်းမှာပြခဲ့သောနည်းအတိုင်း၊ပဋိသန္ဓေဝေါကာရပဋိ သန္ဓေနှင့်ဟဒယဝတ္ထုသည်၊အချင်းချင်းပြန်လှန်၍၊တခုကို-စည်းယူခိုက်၊ တခုသည်-ပန်,ဖြစ်၏ဟုသိလေ၊ ၊ပဋိသန္ဓေဝေါကာရပဋိသန္ဓေမှတပါးသော စိတ်-၈၉-တို့ကားအမြဲ-စည်း,ဖြစ်၍-ပန်,၌လည်းဝင်ရလေသည်၊

(၁) ဝဏ္ဏုပုရေဇာတဝိပ္ပယုတ္တပစ္စည်း။

"ဝဏ္ဏုပုရေ,။ပစ္ဆာဇေ,။ဿိလေဆိုခဲ့တိုင်း။"

ဟူသည်နှင့်အညီ၊ဝဏ္ဏုပုရေဇာတဝိပ္ပယုတ်သည်။ ( ဂ-ခ **1** ) ဝဏ္ဏု ပုရေဇာတနှံသယပစ္စည်းနှင့် အလုံးစုံတူ၏၊ ။ပစ္ဆာဇာတဝိပ္ပယုတ် သည် (၁၁) ပစ္ဆာဇာတပစ္စည်းနှင့်အလုံးစုံတူ၏၊ ။ဆိုခဲ့ပြီးအတိုင်းသိ လေဟူလို၊ ။သိလွယ်ရန်လေ့ကျက်ခန်းကိုပြဦးအံ့။

ဝဏ္ဏုပုရေဇာတဝိပ္ပယုတ္တသည်- ၂-မျိုးရှိ၏၊

| | | | |
|---|---|---|---|
| ဝ-ပု | (**1**) | ဝဏ္ဏုပုရေဇာတ | ၂-မျိုး။ |
| | (**2**) | ဝဏ္ဏာရမ္မဏပုရေဇာတ | |

## (**1**) ဝဏ္ဏုပုရေဇာတဝိပ္ပယုတ္တပစ္စည်း။

လေ့ကျက်ရန်အခန်း။

| | | |
|---|---|---|
| (၁) | စည်း | ပဝတ္တိအခါအမှီခံသောဝဏ္ဏုရုပ်-၆-ပါး။ |
| (၂) | ပန် | ၎င်းဝဏ္ဏုကိုမှီသောစိတ်-ဂ၅ စေ-၅၂။ |
| (၃) | နိက် | စတုဝေါကာရဘုံ၌၊ဝဏ္ဏုကိုမမှီသောစိတ်-၄၆။ စေ-၄၆၊ပဥ္စဝေါကာရ ပဋိသန္ဓေ-၁၅၊စေ-၃၅၊ စတုဇရုပ်အကုန်။ |

ဤ၌-စည်း,ဖြစ်သောစက္ခုဝဏ္ဏုနှင့်။ပန်,ဖြစ်သောစက္ခုဝိညာဏ်သည်။ ဖြစ်ကြပုံ ချော်ရှက်၍နေသဖြင့် သမ္ပယုတ္တယုံမှားဘွယ်ရှိ၍၊ သမ္ပယုက်မ ဟုတ်။စက္ခုဝဏ္ဏုရုပ်ကတခြား။ စက္ခုဝိညာဏ်နာမ်ကတခြားဖြစ်သည် ဟုဝိပ္ပယုတ္တပစ္စည်းကိုဟောတော်မူသည်။ကြွင်းသောဝဏ္ဏုရုပ်တို့၌လည်း ဤနည်းအတိုင်းပင်သိ၊ ။ကာယဝဏ္ဏု၊၎င်း၌ဖြစ်ပေါ်၍နေသောသုခဒုက္ခ ကာယဝိညာဏ် ဤပစ္စည်း ပစ္စယုပ္ပန်-၂-ပါးတို့သည် တသားတည်းဟု သတ္တဝါတို့ထင်မှား၏။၎င်းကိုတသားတည်းမဟုတ်၊ ရုပ်ရုပ်ကတခြား၊ နာမ်ကားတခြားဟုခွဲခြား၍ဝိပ္ပယုတ္တကိုဟောတော်မူ၏၊ ဝိပဿနာရှုရာ၊ ဤဝိပ္ပယုတ္တပစ္စည်းသည်နာမရူပပရိစ္ဆေဒဉာဏ်သို့ပေါက်နိုင်ရန်။ အလွန် ကောင်းသောအချက်ကြီးဖြစ်၏။ ။နိမြန်းသောပန်းရောင်အဆင်းရှိသော

ရေကဲ့သို့။ ပုလဲအဆင်းရှိသော ဖြူဖွေးသော ပိုးငယ်တို့ကို တလွှန့်လွှန့်တ လှုပ်လှုပ်မြင်ဘိသကဲ့သို့။ ဝဏ္ဏုရုပ်တည်းဟူသော ပုရေစာတရေနီအပြင် ၌။ ဝိညာဏ်-၆-ပါးတည်းဟူသော ပုရေစာတပစ္စယုပ္ပန် နာမ်-ပိုးငယ်ဖြူ တို့ကိုဉာဏ်ယှဉ်ထင်ထင်သိမြင်အောင်ရှုရမည်ဟူ၍ဝိပဿနာအရာဝယ်။ ငါတို့ကျေးဇူးရှင်ဘုရားဟောကြားတော်မူ၏။

ဝ-ပု-အာ (2) ဝဏ္ဏာရမ္မဏပုရေစာတဝိပ္ပယုတ္တပစ္စည်း။

လေ့ကျက်ရန်အခန်း။

| | | |
|---|---|---|
| (၁) | စည်း | အာရုံပြုခံသောပစ္စုပ္ပန်ဟာဒယဝတ္ထု။ |
| (၂) | ပန် | အာရုံပြုကဲမနောဒွါရာဝဇ္ဇန်း-၁။ကာမဇော-၂၉။ တဒါရုံ-၁၁။ အဘိညာဏ်-၂။ ဇွာသော မဉ္ဇရီယ ကုဏ္ဍူစ္စဝိရတီအပ္ပမညာကြဉ်သောစေ-၄၄။ |
| (၃) | နိက် | ၎င်းဝတ္ထုကို အာရုံမပြုသောစိတ်-၇၉။ စေ-၅၂။ ရုပ်အကုန်။ |

(၇) ပစ္ဆာဇာတဝိပ္ပယုတ္တပစ္စည်း။

လေ့ကျက်ရန်အခန်း။

| | | |
|---|---|---|
| (၁) | စည်း | ပဋိသန္ဓေါကာရဘုံ၌နောက်နောင်စိတ်-၇၅။ စေ-၅၂။ |
| (၂) | ပန် | ရှေ့ရှေ့စိတ်၌ဥပါဒ်၍ဌီရှိသဲရုပ်-၂၄။ |
| (၃) | နိက် | စိတ်,စေ,အကုန်။ နောက်နောက်စိတ်နှင့် ဥပါဒ်ပြိုင် သောစတုဇရုပ်။ |

ပစ္စုပ္ပန်၌ဌီရှိသဲသောရုပ်တရားတို့နှင့်။နာမ်တရားတို့ စည်း,-ပန်,ဖြစ်၍ နေရာမှာ။ရုပ်နှင့်နာမ်မခွဲနိုင်ဘဲထွေးရှက်နေသည့်အတွက်။ဝိပ္ပယုတ္တပစ္စည်း ကိုဟော၍ခွဲခြမ်းတော်မူရလေသည်။

(၂၀) အတ္ထိပစ္စည်း။

(၅၄၃) သ,ဝတ်,အာ,ပု,။ပစ်,ဟာ,ရူ။ခြောက်ဆူအတ္ထိထုတ်။

ဟူသည်နှင့်အညီ၊အကဏ္ဍပစ္စည်း-၆-မျိုးရှိ၏။

(က) သဟဇာတကဏ္ဍ
(ခ) ဝတ္ထုပုရေဇာတကဏ္ဍ
(ဂ) အာရမ္မဏပုရေဇာတကဏ္ဍ
(ဃ) ပစ္ဆာဇာတကဏ္ဍ
(င) အာဟာရကဏ္ဍ
(စ) ရူပဇီဝိတိန္ဒြိယကဏ္ဍ
} ၆-မျိုး။

တနည်းမှာ။ ဤ၌ (ခ) ဝတ္ထုပုရေဇာတကဏ္ဍနှင့်၊ (ဂ) အာရမ္မဏ ပုရေဇာတကဏ္ဍကိုပေါင်း၍-၃-ချက်ရနည်းအလိုအကဏ္ဍ-၅-ပါးရှိ၏။

သ (က) သဟဇာတကဏ္ဍ
ပု (ခ) ပုရေဇာတကဏ္ဍ
ပ (ဂ) ပစ္ဆာဇာတကဏ္ဍ
ဥ-သ (ဃ) အာဟာရကဏ္ဍ
ဥ-သ (င) ဇီဝိန္ဒြိယကဏ္ဍ
} ၅-မျိုး။

သ (က) သဟဇာတကဏ္ဍပစ္စည်း။

ဤပစ္စည်းသည် (၆) သဟဇာတပစ္စည်းကြီးနှင့်-စည်း,ပနံ,နိက်; အလုံးစုံတူ၏။

(ခ) ပုရေဇာတကဏ္ဍပစ္စည်း၊

"ဝတ်,ပု၊အာ,ပု၊ဝတ်-အာ,ပု။သုံးဆူပုရေဇာ။"
ဟူသည်နှင့်အညီ။ပုရေဇာတ-၃ မျိုးရှိ၏။

ဝ-ပု **(1)** ဝတ္ထုပုရေဇာတကဏ္ဍ
အာ-ပု **(2)** အာရမ္မဏပုရေဇာတကဏ္ဍ
ဝ-အာ-ပု **(3)** ဝတ္ထာရမ္မဏပုရေဇာတကဏ္ဍ

## (1) ဝတ္ထုပုရေဇာတတ္ထိပစ္စည်း။

ဤပစ္စည်းသည်၊ (၈-ခ-1) ဝတ္ထုပုရေဇာတနိဿယနှင့် အလုံးစုံ-စည်း,ပန်,နိက်,တူ၏၊

## (2) အာရမ္မဏပုရေဇာတတ္ထိပစ္စည်း။

ဤပစ္စည်းသည် (၁၀-ခ) အာရမ္မဏပုရေဇာတပစ္စည်းနှင့်အလုံးစုံ-စည်း,ပန်,နိက်,တူ၏။

## (3) ဝတ္ထာရမ္မဏပုရေဇာတတ္ထိပစ္စည်း။

ဤပစ္စည်းသည် (၈-ခ-2) ဝတ္ထာရမ္မဏပုရေဇာတနိဿယပစ္စည်းနှင့် အလုံးစုံ-စည်း,ပန်,နိက်,တူ၏။

## (ဂ) ပစ္ဆာဇာတတ္ထိပစ္စည်း။

ဤပစ္စည်းသည် (၁၁) ပစ္ဆာဇာတပစ္စည်းနှင့် အလုံးစုံ-စည်း,ပန်,နိက်,တူ၏၊

## ဥ-သ (ဃ) အာဟာရတ္ထိပစ္စည်း။

ဤပစ္စည်းသည် (၁၄-က) ရူပအာဟာရ ပစ္စည်းနှင့် အလုံးစုံ-စည်း,ပန်,နိက်,တူ၏၊ ။(၁၄-ခ) နာမ်အာဟာရသည်သဟဇာတမျိုးဖြစ်၍၊ သဟဇာတတ္ထိနှင့်တူသဖြင့်အထူးဆိုဘွယ်မရှိ၊

## ဥ-သ (င) ဣန္ဒြိယတ္ထိပစ္စည်း။

ဤပစ္စည်းသည် (၁၅-ဂ) ရူပဇီဝိတိန္ဒြိယပစ္စည်းနှင့်အလုံးစုံ-စည်း,ပန်,နိက်,တူ၏၊ ။(၁၅-က)သဟဇာတိန္ဒြိယသည်သဟဇာတမျိုးဖြစ်၍သဟဇာတတ္ထိနှင့်တူသဖြင့်ဆိုဘွယ်မရှိ၊ ။(၁၅-ခ)ပုရေဇာတိန္ဒြိယသည်ပုရေဇာတမျိုးဖြစ်၍ဝတ္ထုပုရေဇာတတ္ထိနှင့်တူသဖြင့်အထူးဆိုဘွယ်မရှိပြီ၊

ဤ (၂၀) အတ္ထိပစ္စည်းသည် တပါးသောပစ္စည်းတို့နှင့် ပစ္စည်းသရုပ်

အခြားမဟုတ်ဆိုခဲ့ပြီးသောပစ္စည်းတို့ထဲကပင်ပစ္စုပ္ပန်အနေထင်ရှားတင်း လင်းရှိဆဲအဖြစ်ဖြင့် ကျေးဇူးပြုသော ပစ္စည်းတရားမျိုးကို ရပေါင်း၍ပြ သောပစ္စည်းတည်း။

(က). သဟဇာတတ္ထိပစ္စည်းပြုပုံကား။ ။ထင်ရှားရှိသောစိတ်,စေ, အကုန်သည်အချင်းချင်းအတ္ထိပစ္စည်းဖြင့်ကျေးဇူးပြု၏။ မိမိတို့ကြောင့်ဖြစ် သောစိတ္တဇရုပ်အားလည်းအတ္ထိကိစ္စဖြင့်ကျေးဇူးပြု၏။ ပဝတ္တိကာလပဋိ သန္ဓေသည်အတူဖြစ်သောပဋိသန္ဓေကမ္မဇရုပ်တို့အားအတ္ထိကိစ္စဖြင့်ကျေး ဇူးပြု၏။ ။ပဝတ္တိကာလပဋိသန္ဓေနှင့်ဟဒယဝတ္ထုသည်အချင်းချင်းအတ္ထိ ကိစ္စဖြင့်ကျေးဇူးပြု၏။ ။မဟာဘုတ်-၄ ခုသည်၊ဥပါဒါရုပ်အားအတ္ထိ ကိစ္စဖြင့်ကျေးဇူးပြု၏။ ၎င်းမဟာဘုတ်-၄-ခုသည်။ အချင်းချင်းအားထင် ရှားရှိဆဲပစ္စုပ္ပန်တည်းဟူသောအတ္ထိကိစ္စဖြင့်ကျေးဇူးပြု၏။

(ခ) ပုရေဇာတတ္ထိတို့တွင်။ (ခ-1) ဝတ္ထုပုရေဇာတတ္ထိပစ္စည်းပြုပုံ ကား။ ။မဇ္ဈိမာယုကာခေါ်သောပသာဒရုပ်-၅-သည်ပဉ္စဝိညာဏ်-၁၀- အားထင်ရှားရှိဆဲအတ္ထိကိစ္စဖြင့်ကျေးဇူးပြု၏။ ။ပဋိသန္ဓေစသောရှေ့ရှေ့ စိတ်နှင့်အတူဥပါဒ်သောဟဒယဝတ္ထုသည်နောက်နောက်ဖြစ်သောမနော ဓာတ်၊မနောဝိညာဏဓာတ်အားအတ္ထိကိစ္စဖြင့်ကျေးဇူးပြု၏။

ရဘိခါနီး၌။ရတိမှပြန်၍ရေသော်-၁၇-ချက်မြောက်စိတ်နှင့်ဥပါဒ်ပြိုင် သောဟဒယဝတ္ထုသည်။ရတိတိုင်အောင်စိတ်တို့အား အတ္ထိကိစ္စဖြင့်ကျေး ဇူးပြု၏။

(ခ-2) အာရမ္မဏပုရေဇာတတ္ထိကျေးဇူးပြုပုံကား။ ။အတိတဘ ဝင်နှင့်အတူဥပါဒ်သောနိပ္ဖန္နရုပ်ရူပါရုံသည်။ ပဉ္စဒွါရာဝဇ္ဇန်းအစတဒါရုံ အဆုံးရှိသောစိတ်တို့အားမိမိထင်ရှားရှိဆဲအတ္ထိကိစ္စဖြင့်ကျေးဇူးပြု၏။ ။ သဒ္ဒါရုံစသောနိပ္ဖန္နရုပ်တို့၏ပစ္စည်းပြုပုံကိုလည်း၎င်းနည်းအတိုင်းပင်ဆို။ ။ ပြင်ကအာရုံသည်အတ္ထိပစ္စည်း။ အာဝဇ္ဇန်းစသော စိတ်သည်အတ္ထိ၏ ပစ္စ ယုပ္ပန်။ ။မဟန္တာရုံဝိထိစသည်တို့၌တဒါရုံစသည်မဖြစ်ရခြင်းအကြောင်း သည်။အတ္ထိကိစ္စဖြင့်ကျေးဇူးပြုသောအာရုံကချုပ်ဆုံးနှင့်လေ၍။ အာရုံက အတ္ထိကိစ္စဖြင့်ကျေးဇူးမပြုသောကြောင့် တဒါရုံစသောစိတ်မဖြစ်ဘဲ ဝိထိ တပိုင်းပြတ်တန်းလန်းတွေဖြစ်၍ နေရလေသည်။ ။ရုပ်နာမ်တရားတို့၏

သန္တတိပညတ်- အမျှင်မပြတ်ဘဲနေခြင်း။သမူဟပညတ်- အခဲအစိုင်တုံး တိုင်မြေ့ရဖြစ်၍နေခြင်း။သဏ္ဌာနပညတ်-သူ့ပုံနတ်ဟန်၊ တိရစ္ဆာန်နှင့်။ ပန်းမာလ်သစ်ပင် အမျိုးမျိုးဖြစ်၍နေခြင်းသည်။ဤအတ္ထိကိစ္စ (၂၄) အဝိဂတကိစ္စတို့ပင်တည်း။

(ခ-3) ဝတ္ထာရမ္မဏပုရေဇာတတ္ထိကျေးဇူးပြုပုံကား။ ။အာရုံပြုခံသောပစ္စုပ္ပန်ရှိဆဲဟဒယဝတ္ထုသည်။အာရုံပြုသောမနောဒွါရာဝဇ္ဇန်း-၁။ ကာမဇော-၂၉။ တဒါရုံ-၁၁။အဘိညာဉ်-၂-၊ဝေ-၄၄-တို့အားအတ္ထိကိစ္စဖြင့်ကျေးဇူးပြု၏။ ။ပုရေဇာတတ္ထိ-၃-မျိုးကျေးဇူးပြုပုံပြီး၏။

(ဂ) ပစ္ဆာဇာတတ္ထိကျေးဇူးပြုပုံကား။ပဌမဘဝင်စသောနောက်နောက်စိတ်-၈၅-သည်။ပဋိသန္ဓေစသောရှေ့ရှေ့စိတ်အခိုက်၌ဥပါဒ်သောဌီရှိဆဲရုပ်တို့အား။နောက်မှဖြစ်၍ ထင်ရှားရှိဆဲအတ္ထိကိစ္စဖြင့် ကျေးဇူးပြု၏၊ ။ပစ္ဆာဇာတသည်။အတ္ထိပစ္စည်း၌အတွင်းဝင်သောကြောင့်ပစ္စုပ္ပန်ကျေးဇူးပြုသောပစ္စည်းမျိုးပင်ဖြစ်၏၊ ။ထို့ကြောင့်ရှေ့ရှေ့စိတ်၌ဥပါဒ်ခဲ့ကြသောရုပ်ရသည်နောက်နောက်စိတ်ဥပါဒ်မှပစ္ဆာဇာတပစ္စည်းကိုရ၍။ ၎င်းနောက်နောက်စိတ်၏-ပန့်,ဖြစ်နိုင်လေသည်။ နောက်စိတ်မဥပါဒ်မီ-ပန့်,မဖြစ်နိုင်ကြ။ ။ပဋိသန္ဓေစိတ်အခိုက်၌ဖြစ်သော ကမ္မဇ,ဥတုဇ,ဟုဆိုအပ်သောဒွိဇရုပ်သည်။ ပဌမဘဝင်ဥပါဒ်မှ ပစ္ဆာဇာတ-ပန့်,ဖြစ်ကြလေသည်၊ ။ဤအတိုင်းသိလေ။

(ဃ) အာဟာရတ္ထိ ပစ္စည်းပြုပုံကား။ ။ပစ္စုပ္ပန်ရှိဆဲကဗဠီကာရသြဇာသည် ဌီအနေရှိဆဲဖြစ်သော အဇ္ဈတ္တသန္တာန်၌ စတုဇရုပ်တို့ အား အတ္ထိကိစ္စဖြင့်ကျေးဇူးပြု၏။ ။ဗဟိဒ္ဓသြဇာအထောက်အပံ့ကို ရသော အဇ္ဈတ္တသြဇာသည်ဌီခဏ၌မိမိရှိဆဲပစ္စုပ္ပန်ဖြစ်၍ စတုဇရုပ်တို့အားအတ္ထိကိစ္စဖြင့်ကျေးဇူးပြု၏။

(င) ဇီဝိတိန္ဒြိယတ္ထိကျေးဇူးပြုပုံကား။ပစ္စုပ္ပန်ရုပ်ဇီဝိတသည်၊ ကလာပ်တူပစ္စုပ္ပန်ကမ္မဇရုပ်တို့အားအတ္ထိကိစ္စဖြင့်ကျေးဇူးပြု၏။

(၁) ဤအတ္ထိပစ္စည်းသည်-သန္တတိပညတ်၊ သမူဟပညတ်၊သဏ္ဌာ

နပညတ်၊ဤ-ပညတ်-၃ ပါးကိုပယ်ဖျောက်နိုင်၏။ အဖြိုးစွဖြင့်ရုပ်နာမ်တရားတို့အချင်းချင်းကျေးဇူးပြုနေခြင်းကြောင့်။ လက်ခြေအင်္ဂါမျက်နှာပုံပန်း၊သဏ္ဌာန်ကြယ်သောနိမိတ္တအမျိုးမျိုးတွေဖြစ်နေသည်ဟုထင်ရ၏၊

(၆၄၉) ပစ္စုပ္ပန်သတ္တဝါ။အင်္ဂါကြီးငယ်။သဏ္ဌာန်တကြယ်။ မှတ်ဘွယ်နိမိတ္တာ။

ဟူသည်နှင့်အညီ။ရုပ်နာမ်ဓာတ်တရားတို့၏ပစ္စုပ္ပန်အခနေတခုနှင့်တခုအဖြိုကိစ္စဖြင့် ဘွဲ့စပ် ကျေးဇူး ပြုထားခြင်းကြောင့်။ အထူးထူးသော နိမိတ်သဏ္ဌာန်။ဟန်ပန်ပုံပန်း။အသဏ္ဌာန်တကြယ်တွေဖြစ်၍နေ၏။ ။အဖြိုပစ္စည်း၏ကိစ္စကိုသေချာစွာမြင်နိုင်လျှင်။တခါတည်း ၎င်းနိမိတ်ဘို့ ပျက်စီးပျောက်ကွယ်နိုင်၏၊ ။အချင်းချင်းဘွဲ့စပ်တွဲနှောင်ချိတ်ဆက်၍ထားသော စက်ကြိယာတခုမှာပခာနအခရာစက်ခလုတ်နေရာကို။ မလှုပ်မယှက်စေသေးလျှင်တည်ငြိမ်စွာတခဲနက်ပင်ရှိ၏၊ ၎င်းခလုတ်ကို ဖြုတ်လိုက်လျှင် တခါတည်းအားရှိအားမဲ့ဖရိုဖရဲကွဲချင်သလောက်ကွဲရပျက်စီးသလောက်သို့။ထိုအတူအချင်းချင်းပစ္စည်းပစ္စယုပ္ပန်အဖြိုအနေဖြင့် စပ်ဘွဲ့ချိတ်ဆက်ရာ၌ပရမတ္ထတရားတို့၏ကျေးဇူးပြုနေသောအဖြိုကိစ္စကြီးကိုမြင်လျှင်ပင်။ နိမိတ္တသညာတို့သည်တခါတည်းကြကွဲပျက်စီးလေရာတော့သည်။

(၆၅၀) အကုန်နိမိတ်။ပျောက်အောင်ကြိတ်၊အနိမိတ္တသာ။

ဟူသည်အတိုင်းနိမိတ္တပျောက်၍။အနိမိတ္တလမ်းပေါက်လိမ့်တော့သတတ်။ ။နိမိတ္တကို ပျောက်အောင် ကြိတ်ချေဘို့လည်း ဤအဖြိုပစ္စည်းသည်သက်နက်အမျိုးမျိုးတွင်မိုးကြိုးဝဇိရစိန်နှင့်တူ၏။

( ၁) ယင်းသို့ရုပ်နာမ်တရားတို့၏အစဉ်ဖြစ်နေသောသန္တတိ,သမူဟ, သဏ္ဌာန,ပညတ်-၃-ပါးတို့ဘန်ဆင်း၍။နိမိတ္တရှိသည့်အတွက်ကြောင့်။

(၆၅၁) အတင့်အတယ်။ အဘွယ်အရာ။ မင်္ဂလာသုဘ၊ သုခဇာဠ္ဌ။ထင်သမျှ။မှတ်ကြပဏ္ဏတ္တိတာ။

ဟူသည်နှင့်အညီ၊ဤဝတ္ထုသည် တင့်တယ်ဘွယ်ရာမင်္ဂလာရှိ၏။ ဤဝတ္ထုသည်ယဉ်ကျေးကောင်းမြတ်လျောက်ပတ်ချစ်ခင်ဘွယ်ရှိ၏။စသည်ဖြင့်ပဏ္ဏတ္တိတရားပွါးများနေ၏။ ။နိမိတ္တမူလရင်းမရှိပါမူကား ပဏ္ဏတ္တိတာဝင်မရှိလေရာ။ရုပ်နာမ်တရားတို့၏အဖြိုပစ္စယသတ္တိဖြင့်အချင်းချင်းကျေးဇူးပြုနေကြပုံကိုလက်တွေ့ဘျန၊ဒိဋ္ဌမြင်သိခဲ့လျှင်။နိမိတ္တမရှိသဖြင့်။ပဏ္ဏတ္တိတလည်းမရှိလေရာ။သာယာဘွယ်ထင်စရာတစုံတခုမျှမရှိနိုင်ပြီ။

(၆၅၂) အကုန်ပဏ္ဏတ္တိ။ပျောက်စေဘိ။အပဏ္ဏတ္တိတသော။

ဟူသည်နှင့်အညီ။ ပဏ္ဏတ္တိတပျောက်၍။ အပဏ္ဏတ္တိတလမ်း ပေါက်လိမ့်တော့သတတ်။ ။ဤအဋ္ဌိပဋ္ဌည်းသည် ပဏ္ဏတ္တိတကို ချေဖျက်ရန် ဝဇိရစိန်လက်နက်လည်းဟုတ်၏။

(၃) ယင်းသို့ရုပ်နာမ်တရားတို့၏အစဉ်ဖြစ်နေသော သန္တတိ,သမူဟ,သဏ္ဌာန, ထင်မှားဘွယ်ရာတို့၏အတွက်ကြောင့်ပင်လျှင်၊ ငါ,သူတပါး,ယောကျ်ား,မိန်းမ,ဒေဝ,ဗြဟ္မာ,။ သတ္တဝါအတန်တန်။ တိရစ္ဆာန်အမျိုးမျိုးတည်းဟူသော။ အတ္တ,ဇီဝ,ပုဂ္ဂလ,သတ္တ,ဖြစ်၍နေ၏။ စွဲထင်မှတ်မှား၍နေ၏။ ။ထိုကြောင့်။

(၆၅၃) နတ်လူဗြဟ္မာ။ငါသူတပါး။ ယောကျ်ားမိန်းမ။ပုဂ္ဂလနှင့်။ဗိုးရပိုင်နိုင်။ခွံခိုင်မြင့်ရှည်။သက်ဆုံးတည့်ဟု။အားစည်သမျှ။အနတ္တ။အတ္တဇီဝသာ။

ဟူ၍။အတ္တ,ဇီဝ,၏အနက်ကိုပြတော်မူ၏။ ။နိမိတ္တပင်မရှိပါမူကား ဘယ်မှာအတ္တ,ဇီဝ,ရှိနိုင်ပါအံ့နည်း။အဋ္ဌိပဋ္ဌယသတ္တိဖြင့်။ဤတရားရှိခြင်းကြောင့်ဤတရားတည်ရှိရသည်။ဤတရားတည်ဘို့ရန် ဤတရားကကျေးဇူးပြုရသည်စသောအားဖြင့်ပဋ္ဌည်းပြုပုံကိုမြင်ပါမူကား၊အတ္တ,ဇီဝ,ရှိမည်ဝေးစွ၊ အတ္တ,ဇီဝ,၏အခြေမူလနိမိတ္တပင်မရှိလေရာ။ အတ္တ,ဇီဝ,သဘောမှ။ရွေလျောသဉ်းဆိတ်သည်ကိုမြင်ရလေ၏။

(၆၅၄) အတ္တဇီဝေ။ပျောက်ကင်းစေ။မှတ်လေသုညတ။

ဟူသည်နှင့်အညီ။အတ္တ,ဇီဝ,ပျောက်၍။ သုညတလမ်း ပေါက်လိမ့်တော့သတတ်။ ။ဤအဋ္ဌိပဋ္ဌည်းသည်။ အတ္တဇီဝကိုဖျက်ရန် ဝဇိရစိန်လက်နက်ကြီးလည်းဟုတ်၏။

''အဋ္ဌိပဋ္ဌယ။မြင်စွမ်းကမူ။နိမိတ္တကွာ၊ ပဏ္ဏာဘာပျောက်၊ သုံညရောက်။ပေါက်၏လမ်းသုံးသွယ်။''

တနည်းလည်း။ ။ဤအဋ္ဌိပဋ္ဌည်းသတ္တိကိုဝိပဿနာဉာဏ်ဖြင့် မသိခြင်းကြောင့် ဒိဋ္ဌိအမျိုးမျိုးဖြစ်၍နေ၏၊ ။ရူပါရုံတည့်းဟူသော ပုရေဇာတဋ္ဌိပဋ္ဌည်းနှင့်စက္ခုဝိညာဏဝိထိစိတ်တည်းဟူသော ပဋ္ဌယုပ္ပန်-၂-ပါးတို့သည်။စည်း,ပန်,အဖြစ်ဖြင့်ကျေးဇူးပြုသည်ကိုမသိမမြင်သဖြင့်၊ ငါမြင်သည်ဟုဒိဋ္ဌိဖြစ်လေသည်။ ဤနည်းအတူသဒ္ဒါရုံစသည်တို့၌ဒိဋ္ဌိဖြစ်၍နေပုံကိုသိလေ။ ။ဤသို့အဋ္ဌိပဋ္ဌယသတ္တိဖြင့်-စည်း,ပန်,ကျေးဇူးပြု၍။ဖဿ,

ဝေဒနာ,တဏှာ, ဥပါဒါန်,ကမ္မဘဝ,မျိုးစေ့ကျ၍။ဘဝတပါး၌၊ ပဋိသန္ဓိဝိညာဏ်တည်းဟူသောရုပ်နာမ်တို့၏ ဥပပတ္တိဘဝအဘန်ဘန် ပေါ်သည်ကိုငါဖြစ်ပြန်ပြီဟုဒိဋ္ဌိဖြစ်ပြန်၏။

သဟဇာတတ္တိ၊ပစ္ဆာဇာတတ္တိ၊ အာဟာရတ္တိ၊ ဣန္ဒြိယတ္တိဖြင့်အချင်းချင်းစပ်ဆုံ့တွဲချိတ်၍ အပေါင်းအစည်းရုပ်ခဲနာမ်ခဲဖြစ်နေသည်ကို။ ငါ၏ကိုယ်ထင်။ငါပင်ကောဋ္ဌဟုဒိဋ္ဌိဖြစ်၍နေ၏။

(၆၂၁) နာမရူပ။သင်္ခါရ၏။ပဋိစ္စတော်။ သမုပ္ပါဒ်ကို။အတတ်
ထင်ထင်။ပိုင်ပိုင်မြင်က။ ကင်္ခါယုံမှား။ ဆဲ့ခြောက်ပါး
နှင့်။ရှစ်ပါးဝိစိ၊ဒိဋ္ဌိဖြာဖြာ။ ကင်းစင်ကွာ။ ကင်္ခါဝိတရ
ဏဝိသုဒ္ဓိ၊

ဟူသည်နှင့်အညီ။ဤအတ္တိပစ္စယသတ္တိကို နေရာကျပိုင်နိုင်စွာမြင်က၊ ယုံမှားသက်ာဝိစိကိစ္ဆာပျောက်၍။ ကင်္ခါဝိတရဏဝိသုဒ္ဓိလမ်း ပေါက်နိုင်၏။ ။မြင်ပုံကား။ ။ရူပါရုံတည်းဟူသောပုရေဇာတတ္တိ၊စက္ခုအတွက် မြင်ခြင်းတည်းဟူသောဝိညာဏ် ပစ္စယုပ္ပန်တော့ဖြစ်၍နေသည်အကြောင်းကိုစွဲ၍အကျိုးတရားဖြစ်ပွါး၍ နေသောပဋိစ္စသမုပ္ပါဒ်တည်း။ ငါမြင်သည်မဟုတ်ဟု။စက္ခုဒွါရ၌ ယုံမှားကင်းလေ၏၊ ။သောတဒွါရစသည်တို့၌လည်းဤနည်းအတူသိ၊ ။သဟဇာတတ္တိအတွက်ကြောင့်ရုပ်နာမ်အစဉ်ဖြစ်နေသည်၊ငါဖြစ်နေသည်မဟုတ်။ ။ပစ္ဆာဇာတတ္တိပစ္စည်းထိုက်သောနာမ်တရားတို့အတွက်နှင့်ဤစတုသမုဋ္ဌာန်ကရုပ်တည်တန့်၍နေနိုင်သည်။ ငါတည်နေသည်မဟုတ်။ ။အာဟာရတ္တိပစ္စည်းထိုက်သော ဩဇာအတွက်စတုသမုဋ္ဌာန်ကရုပ်တရားတို့အားအင်ပြည့်ဝ။ ရှင်ပလတ်ဆတ်၍နေသည်၊ငါအားအင်ပြည့်ဝ လတ်ဆတ်၍နေသည်မဟုတ်၊ ။ဣန္ဒြိယတ္တိပစ္စည်းထိုက်သောရုပ်ဇီဝိတအတွက်၊ သတ္တဝါထင်စရာ အထည်ကိုဖြစ်သောကမ္မဇရုပ်တို့မပျက်မပြားဘဲရှည်ကြာစွာ အသက်ရှိသည့်အသွင်ဖြင့်တည်နေနိုင်သည်၊ငါတည်နေနိုင်သည်မဟုတ်။ဤသို့ယုံမှားခြင်.အမျိုးမျိုးပျောက်၍။ကင်္ခါဝိတရဏဝိသုဒ္ဓိလမ်းပေါက်နိုင်၏။

"ပစ္စည်းအတ္တိ။မြင်စွမ်းသိမှု။ဝိစိကင်းကွာ၊လမ်းပေါက်ရာ။ ကင်္ခါဝိတရဏဝိသုဒ္ဓိ။" ။ဤမျှလောက်အတ္တိပစ္စည်း၏အကျိုးအစွမ်းတို့ကိုမြင်နိုင်ရာ၏။

## အ (၂၂) နတ္ထိပစ္စည်း။

ဤပစ္စည်းသည်၊(၄)အနန္တရပစ္စည်းနှင့်အလုံးစုံစည်း,ပန်,နိက်,တူ၏။

(၅၀၇) နန်,သမနန်,နတ်,ဝိတံ။၄-တန်အတူတူ။

ဟူသောသံပေါက်ကိုသတိရစေ။ ။ချုပ်လေပြီးသော ရှေ့ရှေ့နာမ်သည်နောက်နောက် ဥပါဒ်သောနာမ်အား နတ္ထိပစ္စည်းတပ်၍။ မရှိဘဲနှင့်ကျေးဇူးပြုသည်ဟုဆိုလိုသည်။ ။နတ္ထိသဒ္ဒါမရှိခြင်းအနက်ဟော။

## အ (၂၃) ဝိဂတပစ္စည်း။

ဤပစ္စည်းလည်း (၄) အနန္တရနှင့်အတူတူပင်။ ။ချုပ်ကင်းပြီးသောရှေ့နာမ်သည်နောက်နာမ်အားဝိဂတပစ္စည်းဖြင့်ကျေးဇူးပြု၏။ ။ကင်းကွာလျက်နှင့်ကျေးဇူးပြုသည်ဟုဆိုလိုသည်။ ။ဝိဂတသဒ္ဒါ ကင်းကွာခြင်းအနက်ဟော။ ။အတ္ထိနှင့်နတ္ထိပစ္စည်းတစုံ။ ။ဝိဂတနှင့် အဝိဂတပစ္စည်းတစုံ။ ။အတ္ထိပစ္စည်းကိုဟောပြီးရှိနှင့်၍ရင်းပစ္စည်းနှင့် ဆန့်ကျင်ဘက်နတ္ထိပစ္စည်းကိုဟောရသည်။ ။ဝိဂတပစ္စည်းကို ဟောပြီးရှိနှင့်၍အဝိဂတပစ္စည်းကိုဟောရသည်။ ။ပစ္စည်းသရုပ်ထူး၍မဟုတ်။ ။မီးရောင်၏ချုပ်ငြိမ်းခြင်းသည်။မှောင်ဖြစ်ရန် ကျေးဇူးပြုသကဲ့သို့ရင်း။ နေ၏ဝင်ခြင်းသည်၊မှောင်ဖြစ်ရန်အားပေးဘိသကဲ့သို့ရင်း။ ချုပ်လေသောစိတ်သည်။နောက်စိတ်ဥပါဒ်ဖြစ်ပေါ်ရန်ကျေးဇူးပြုသောပစ္စည်းမျိုးဖြစ်၍။ နတ္ထိဝိဂတပစ္စည်းမျိုးမည်၏။

## (၂၄) အဝိဂတပစ္စည်း။

ဤပစ္စည်းသည် အတ္ထိပစ္စည်းနှင့်အလုံးစုံတူ၏။ ။အတ္ထိပစ္စည်း-၅-မျိုးကဲ့သကဲ့သို့။ ။၁-သဟဇာတအဝိဂတ။ ၂-ပုရေဇာတအဝိဂတ။ ၃-ပစ္ဆာဇာတအဝိဂတ၊၄-အာဟာရအဝိဂတ။၅-ဣန္ဒြိယအဝိဂတဟူ၍ငါးပါးရှိ၏။အတ္ထိပစ္စည်းမှာညွှန်းခဲ့သောအတိုင်းပင်ဆိုလေ၊ ။မကွေမကွာပစ္စုပ္ပန်ရှိနေဆဲအဖြစ်ဖြင့် ကျေးဇူးပြုသောတရားသည် အဝိဂတပစ္စည်းမည်၏။အဝိဂတသဒ္ဒါမကွေမကွာမကင်းမလွဲခြင်းအနက်ဟော။

၂၄-ပစ္စည်းတို့၏-စည်း,ပန်,နိက်,ကိုပြဆိုခန်းပြီး၏။

## (၄) ဇယားဖြင့်-စည်း,ပန်,-တို့ကိုအကျဉ်းပြခြင်း။

စိတ်စေတသိက်တို့၏သရုပ်ဂဏန်းမျှကိုသာပြအံ့။အကျဉ်းပြသော ဇယားပုံဖြစ်၍၊ အကျယ်ကို ရှေးလေ့ကျက်ခန်း-စည်း,ပန်,နိက်,တို့မှာ ယူပါ။ ။စည့်,ပန်,တို့ကိုသာ၍ပြအံ့။သျှေးဖွဲ့ပြသောတရားနှင့် ဖွဲ့ပြခံရသော တရားများသာလိုရင်းဖြစ်၏။ ပဋ္ဌနိက်ဟူသည်ကား လိုရင်းမဟုတ်။ပန်,၌မဝင်နိုင်သမျှကို-နိက်,ချည်းဟုအမြဲယူရ၏။

| | စိတ် | စေတသိက် | ရုပ် | အမည် |
|---|---|---|---|---|
| စည်း | + | ဟိတ်-၆ | + | ဟသိတ |
| ပန် | သဟိတ် ၇၁ | ၅၂ | စိတ္တဇ,ပဋိသန္ဓေကမ္မဇ | |
| စည်း | ၈၉ | ၅၂ | ၂၈-"နိဗ္ဗာန်,ပညတ်" | အာရမ္မဏ |
| ပန် | ၈၉ | ၅၂ | + | |
| စည်း | ၈၄ | ၄၇ | ၁၈-"နိဗ္ဗာန်" | အာရမ္မဏာ ဝိပတိ |
| ပန် | ၂၀ | ၄၅ | + | |
| စည်း | ၅၂ | ၃ | + | သဟာဓာတာ ဝိပတိ |
| ပန် | ၅၂ | ၅၀ | စိတ္တဇ-ပဋိသန္ဓေကမ္မဇ | |

| | စိတ် | စေတသိက် | ရုပ် | အမည် |
|---|---|---|---|---|
| စည်း | ၁၉ | ၅၂ | + | အနန္တရ-သမနန္တရ |
| ပန် | ၁၉ | ၅၂ | + | |
| စည်း | ၁၉ | ၅၂ | ၅ | သဟဇာတ |
| ပန် | ၁၉ | ၅၂ | ၂၀ | |
| စည်း | ၁၉ | ၅၂ | ၅ | အညမည |
| ပန် | ၁၉ | ၅၂ | ၅ | |

သဟဇာတနိဿယ၊ ဝတ္ထုပုရေဇာတနိဿယ၊ ဝတ္ထာရမ္မဏပုရေဇာတ နိဿယ-၃-မျိုးတို့တွင်။ သဟဇာတနိဿယသည်သဟဇာတနှင့်တူပြီ။

| | | | | |
|---|---|---|---|---|
| စည်း | + | + | ၆ | ဝတ္ထုပုရေဇာတနိဿယ |
| ပန် | ၁၅ | ၅၂ | + | |
| စည်း | + | + | ၁ | ဝတ္ထာရမ္မဏပုရေဇာတနိဿယ |
| ပန် | ၄၃ | ၄၄ | + | |

အာရမ္မဏူပနိဿယ၊ အနန္တရူပနိဿယ၊ ပကတူပနိဿယဟူ၍ ဥပ နိဿယ-၃-မျိုးရှိသည်တွင်။ အာရမ္မဏူပနိဿယသည် အာရမ္မဏာဓိပ တိနှင့်တူ၏။ အနန္တရူပနိဿယသည်အနန္တရနှင့်တူ၏။

| | စိတ် | စေတသိက် | ရုပ် | အမည် |
|---|---|---|---|---|
| စည်း | ၈၉ | ၅၂ | ၂၈-"ပညတ်" | ပကတူပ နိဿယ |
| ပန် | ၈၉ | ၅၂ | + | |

ပုရေဇာတ သုံးမျိုးအနက်။ ဝတ္ထုပုရေဇာတသည် ဝတ္ထုပုရေဇာတ နိဿယနှင့်တူ၏။ ဝတ္ထာရမ္မဏပုရေဇာတသည် ဝတ္ထာရမ္မဏပုရေဇာတ နိဿယနှင့်တူ၏။

| | | | | |
|---|---|---|---|---|
| စည်း | + | + | ၁၈ | အာရမ္မဏ ပုရေဇာတ |
| ပန် | ၅၄ | ၅၀ | + | |
| စည်း | ၈၅ | ၅၂ | + | ပစ္ဆာဇာတ |
| ပန် | + | + | စတုဇ | |
| စည်း | ၄၇ | ၅၂ | + | အာသေဝန |
| ပန် | ၅၁ | ၅၂ | + | |
| စည်း | + | ၁ | + | သဟဇာတ ကမ္မ |
| ပန် | ၈၉ | ၅၁ | စိတ္တဇ,ပဋိသန္ဓေကမ္မဇ | |
| စည်း | + | ၃၃ | + | နာနာက္ခဏိက ကမ္မ |
| ပန် | ၃၆ | ၃၈ | ကမ္မဇရုပ် | |

| | ဗိတ် | စေတသိက် | ရုပ် | အမည် |
|---|---|---|---|---|
| စည်း | ၃၆ | ၃၈ | + | ဝိပါက |
| ပန် | ၃၆ | ၃၈ | စိတ္တဇ,ပဋိသန္ဓေကမ္မဇ | |
| စည်း | + | + | ၁ | ရုပ်အာဟာရ |
| ပန် | + | + | စတုဇ | |
| စည်း | ၈၉ | ၂ | + | နာမ်အာဟာရ |
| ပန် | ၈၉ | ၅၂ | စိတ္တဇ,ပဋိသန္ဓိကမ္မဇ | |
| စည်း | ၈၉ | ၇ | + | သဟဇာတိန္ဒြိယ |
| ပန် | ၈၉ | ၅၂ | စိတ္တဇ,ပဋိသန္ဓိကမ္မဇ | |
| စည်း | + | + | ၅ | ပုရေဇာတိန္ဒြိယ |
| ပန် | ၁၀ | ၇ | + | |
| စည်း | + | + | ၁ | ရုပဇီဝိတိန္ဒြိယ |
| ပန် | + | + | ကမ္မဇ-၁၇ | |
| စည်း | + | ၅ | + | ဈာန |
| ပန် | ၇၉ | ၅၂ | စိတ္တဇ,ပဋိသန္ဓေကမ္မဇ | |

| | စိတ် | စေတသိက် | ရုပ် | အမည် |
|---|---|---|---|---|
| စည်း | + | ၄ | + | မဂ္ဂ |
| ပန် | ၇၀ | ၅၂ | စိတ္တဇ,ပဋိသန္ဓေကမ္မဇ | |
| စည်း | ၈၄ | ၅၂ | + | သမ္ပယုတ္တ |
| ပန် | ၈၄ | ၅၂ | + | |
| စည်း | ၇၅ | ၅၂ | ၁ | သဟဇာတဝိပ္ပယုတ္တ |
| ပန် | ၁၅ | ၃၅ | ၁ | |

ပုရေဇာတဝိပ္ပယုတ်သည်။ ဝတ္ထုပုရေဇာတနိဿယဝတ္ထာရမ္မဏပုရေဇာတနိဿယနှင့်တူ၏။ ပစ္ဆာဇာတဝိပ္ပယုတ်သည် ပစ္ဆာဇာတနှင့်တူ၏။ အတ္ထိပစ္စည်း၏ဇယားကိုကားရုံလင်စွာပြအံ့။

| | | | | |
|---|---|---|---|---|
| စည်း | ၈၄ | ၅၂ | ၅ | သဟဇာတတ္ထိ |
| ပန် | ၈၄ | ၅၂ | ၂၀ | |
| စည်း | + | + | ၄ | ဝတ္ထုပုရေဇာတတ္ထိ |
| ပန် | ၁၅ | ၅၂ | + | |

| | စိတ် | စေတသိက် | ရုပ် | အမည် |
|---|---|---|---|---|
| စည်း | + | + | ၁ | ဝတ္ထာရမ္မဏပုရေဇာတဿ |
| ပန် | ၄၃ | ၄၄ | + | |
| စည်း | + | + | ၁၈ | အာရမ္မဏပုရေဇာတဿ |
| ပန် | ၅၄ | ၅၀ | + | |
| စည်း | ၈၅ | ၅၂ | + | ပစ္ဆာဇာတဿ |
| ပန် | + | + | စတုဇ | |
| စည်း | + | + | ၁ | ရူပအာဟာရဿ |
| ပန် | + | + | စတုဇ | |
| စည်း | + | + | ၅ | ပုရေဇာတိန္ဒြိယဿ |
| ပန် | ၁၀ | ၇ | + | |
| စည်း | + | + | ၁ | ရူပဇီဝိတိန္ဒြိယဿ |
| ပန် | + | + | ကမ္မဇ-၁၇ | |

နာမ်အာဟာရဿ၊ သဟဇာတိန္ဒြိယဿ တို့ကား သဟဇာတဿ၌ အတွင်း ဝင်ပြီးဖြစ်၍မဆိုပြီ။ ၊နတ္ထိနှင့်ဝိဂတသည်။ အနန္တရနှင့်တူ၏။ အဝိဂတ သည်။ အသုံးရုံ အတ္ထိနှင့်တူ၏။

စည်း,ပန့်,နိက်,တို့ကို၊ အစဉ်အတိုင်း ပြသောအခန်း၌ လေ့ကျက်ရန်ချားကိုနှုတ်တက်ရစေ၍။ ကြေပွန်သောအခါ၊ဤဇယားကွက်၌။ ပြထားသောဂဏန်းများ၏ သရုပ်ကိုဉာဏ်ဖြင့် စင်းစား၍ ဘောင်ဖြင့်လင်းရမည်၊ ၊ဤဇယားပုံဖြင့်အလေ့အကျင့်ပြု၍စည်း,ပန့်,တို့ကိုချေရမည်၊

(၅) ၂၄-ပစ္စည်းတို့ကို-၆-မျိုးဖြင့်ပေါင်း၍ပြခန်း၊

(၅၆၄) နာမ်,လျှင်နာမ်,အား၊ခြောက်မျိုးပြား။ငါးပါးနာမ်,ရုပ်,၄ါ။
(၅၆၅) နာမ်,လျှင်ရုပ်,အား။မျိုးတပါး။နာမ်,အား-ရုပ်,ကော၊
(၅၆၆) ပညတ်,နာမ်,ရုပ်,။နာမ်,အားဒုက်။ဒုက်ဒုက်ကိုးမျိုးသာ၊
ဟူသည်နှင့်အညီ၊-၂၄-ပစ္စည်းတို့ကိုကျေးဇူးပြုပုံ သဘောတူပေါင်းလျှင်-၆-မျိုးသာရှိ၏။

(၁) စည်း,ကလည်းနာမ်။ ပန့်,ကလည်းနာမ်ဖြစ်၍နာမ်သည် နာမ်အားကျေးဇူးပြုသောပစ္စည်း-၆-မျိုး။

(၁) အနန္တရ (၄) သမ္ပယုတ္တ
(၂) သမနန္တရ (၅) နတ္ထိ
(၃) အာသေဝန (၆) ဝိဂတ

(၂) စည်း,ကသာနာမ်ဖြစ်၍။ပန့်,ကနာမ်ရုပ်-၂-ပါးဆိုင်၍၊ နာမ်သည်ရုပ်အားကျေးဇူးပြုသောပစ္စည်း-၅-မျိုး။

(၁) ဟေတု (၄) ဈာန
(၂) ကမ္မ (၅) မဂ္ဂ
(၃) ဝိပါက

(၃) စည်း,ကနာမ်သက်သက်။ ပန့်,ကရုပ်သက်သက်ဖြစ်၍ နာမ်သည်ရုပ်အားကျေးဇူးပြုသောပစ္စည်း-၁-မျိုး။
(၁) ပစ္ဆာဇာတ၊

(၄) စည်း,ကရုပ်၊ ပန့်,ကနာမ်ဖြစ်၍ရုပ်သည် နာမ်အားကျေးဇူးပြုသောပစ္စည်း-၁-မျိုး။

(၁) ပုရေဇာတ။

(၅) စည်း,ကပညတ်။နာမ်၊ရုပ်။ပန့်,ကနာမ်ဖြစ်၍ ပညတ်နာမ်ရုပ်သည်နာမ်အားကျေးဇူးပြုသောပစ္စည်း-၂-မျိုး။

(၁) အာရမ္မဏ။ (၂) ဥပနိဿယ။

(၆) စည်း,ကလည်းနာမ်ရုပ်။ပန့်,ကလည်းနာမ်ရုပ်ဖြစ်၍၊ နာမ်ရုပ်သည်နာမ်ရုပ်အားကျေးဇူးပြုသောပစ္စည်း-၉-မျိုး။

| | | | |
|---|---|---|---|
| (၁) | အဓိပတိ | (၆) | ဈာန္ဒြိယ |
| (၂) | သဟဇာတ | (၇) | ဝိပ္ပယုတ္တ |
| (၃) | အညမည | (၈) | အတ္ထိ |
| (၄) | နိဿယ | (၉) | အဝိဂတ |
| (၅) | အာဟာရ | | |

နောက်က ဆိုခဲ့ပြီးသော-စည်း,ပန့်,နိက်, လေ့ကျက်ခန်းကို ကြေပွန်လျှင်ဤ-၆-မျိုးဝေဘန်နည်းကိုလွယ်စွာနားလည်လတ္တံ့။

"စဝိပစ္စည်း၊တူရာမှီး။၆-နည်းဖြစ်တို့လေ၊"

(၆) ၄-မျိုး၌သွင်း၍ပြခန်း။

(၇၆) အာ,ဥ,ကံ,အတ်,။ ဤလေးရပ်တွင်။အကုန်ဝင်။ ကုန်စင်ခွဲစိတ်ပြ။

ဟူသည်နှင့်အညီ။ပြခဲ့ပြီးသောပစ္စည်းဝေဘန်ခန်း ပစ္စည်းအမျိုးတို့ကိုပေါင်း၍ပြခန်း၌၊ ခွဲစိတ်သောနည်းအတိုင်း အကုန်ပစ္စည်းတို့ကို ခွဲစိတ်၍။ လျှော်ရာသွင်းထည့်လိုက်လျှင်၊ အာရမ္မဏ၊ ဥပနိဿယ၊ကမ္မ၊အတ္ထိ၊ ဤပစ္စည်းလေးပါးသို့သာဝင်ကြရလေကုန်၏။

(၁) အာရမ္မဏ- ၆-မျိုး။ ဝတ္ထာရမ္မဏ- ၅-မျိုးသည် အာရမ္မဏပစ္စည်း၌ဝင်လေ၏၊

(၂) အနန္တရ-၆-မျိုး။ပကတူပ-၂-မျိုးသည် ဥပနိဿယပစ္စည်း၌ ဝင်လေ၏။

(၃) ဒုဗ္ဗလဖြစ်သော နာနာက္ခဏိကစေတနာသည် ကမ္မပစ္စည်း၌ အတွင်းဝင်လေ၏။

(၄) သဟဇာတ-၁၅-မျိုး။ဥပသဟဇာတ-၂-မျိုး။ဝတ္ထုပုရေဇာတ-၆-မျိုး၊ အာရမ္မဏပုရေဇာတ-၃-မျိုး။ ဝတ္ထာရမ္မဏ-၅-မျိုး။ပစ္ဆာဇာတ-၄-မျိုး။ဤပစ္စည်းတို့သည်အတ္ထိပစ္စည်း၌ဝင်ကုန်၏။

အဘယ်ကြောင့် အသီးအသီး ဝင်နိုင်လေသနည်းဟု သံသယဥာဏ်ဆင်၍။နောက်ကလေ့ကျက်ခန်းနှင့်ရှင်းလင်းလေ။

(၇) ကာလ-၃-ပါးဖြင့်ဝေဘန်ခန်း။

"ပစ္စုပ္ပန်ဆဲ့ငါး။တိတ်ကား‌ပဥ္စ၊ယင်းနှစ်ဖြေး။တေးကာလိက၊ဝိမုတ္တ၊သုံးဝပစ္စည်းခွဲ။"

ပစ္စုပ္ပန်ဖြစ်၍ကျေးဇူးပြုသောပစ္စည်းမျိုး-၁၅၊အတိတ်ဖြစ်၍ ကျေးဇူးပြုသောပစ္စည်းမျိုး-၅၊ယင်းပစ္စုပ္ပန်အတိတ်-၂-ပါးဖြစ်၍ ကျေးဇူးပြုသောပစ္စည်းမျိုး-၁။ အချိန်ကာလ-၃-ပါးဖြစ်၍။ အချိန်ကာလ-၃-ပါးမှလွတ်၍ ကျေးဇူးပြုသောပစ္စည်းမျိုး-၃-ပါးရှိ၏ဟူလို။

(၁) ပစ္စုပ္ပန်၌ကျေးဇူးပြုသောပစ္စည်း-၁၅-မျိုး။

(၁) ဟေတု
(၂) သဟဇာတ
(၃) အညမည
(၄) နိဿယ
(၅) ပုရေဇာတ
(၆) ပစ္ဆာဇာတ
(၇) ဝိပါက
(၈) အာဟာရ
(၉) ဈာနိန္ဒြိယ
(၁၀) ဈာန
(၁၁) မဂ္ဂ
(၁၂) သမ္ပယုတ္တ
(၁၃) ဝိပ္ပယုတ္တ
(၁၄) အတ္ထိ
(၁၅) အဝိဂတ

ဤ-၁၅-ပါးသည်အတ္ထိ၌ဝင်သောထင်ရှားရှိဆဲဖြစ်သောပစ္စုပ္ပန်အနေနှင့်ကျေးဇူးသောပစ္စည်းမျိုးတည်း။

(၂) အတိတ်ဖြစ်၍ကျေးဇူးပြုသောပစ္စည်း-၅-မျိုး။

(၁) အနန္တရ (၄) နတ္ထိ
(၂) သမနန္တရ (၅) ဝိဂတ
(၃) အာသေဝန

ဤပစ္စည်း-၅-ပါးကား အနန္တရမျိုး၌ ဝင်သော ချုပ်ပြီးမှကျေးဇူးပြုသောပစ္စည်းမျိုးတည်း။

(၃) ပစ္စုပ္ပန်အတိတ်-၂-ပါးဖြစ်၍ကျေးဇူးပြုသောပစ္စည်း-၁-မျိုး၊

(၁)ကမ္မ

ဤ၌သဟဇာတကမ္မသည် ပစ္စုပ္ပန်ဆဲဆဲဖြစ်၍ကျေးဇူးပြု၏။ နာနာက္ခဏိကကမ္မသည်ချုပ်ပြီးအတိတ်ဖြစ်၍ကျေးဇူးပြု၏။

(၄) တေကာလိက၊ကာလဝိမုတ္တပစ္စည်း-၃-မျိုး။

(၁) အာရမ္မဏ (၃) ဥပနိဿယ
(၂) အဓိပတိ

ဤ၌အာရမ္မဏပစ္စည်း၌နိဗ္ဗာန်ပညတ်မှတပါးအာရုံခြောက်ပါးသည် ကာလ-၃-ပါးဖြစ်၍ကျေးဇူးပြုသောကြောင့်တေကာလိကဖြစ်၏၊ နိဗ္ဗာန်ပညတ်တို့မှာကာလဝိမုတ်ဖြစ်၍ကျေးဇူးပြု၏။ ။အဓိပတိ၌၊သဟဇာတာဓိပတိသည်ပစ္စုပ္ပန်ပစ္စည်း။အာရမ္မဏာဓိပတိ၌။နိဗ္ဗာန်သည် ကာလဝိမုတ်ပစ္စည်း။ကြွင်းတရားရသည်တေကာလိကပစ္စည်း။ ။ဥပနိဿယ၌၊အာရမ္မဏူပနိဿယမှာအာရမ္မဏာဓိပတိကဲ့သို့မှတ်။ ။အနန္တရူပနိဿယသည်အတိတ်ပစ္စည်း။ ။ပကတူပ၌။ပညတ်သည် ကာလဝိမုတ်ပစ္စည်း။ ကြွင်းတရားရသည်တေကာလိကပစ္စည်း။ ။ဤသို့တေကာလိက။ကာလဝိမုတ်ရောနှောသောကြောင့်။ဤ-၃-ပစ္စည်းကိုတေကာလိကကာလဝိမုတ္တပစ္စည်းခေါ်သည်၊

(၈) ပစ္စယသတ္တိဖြင့်ပြခန်း။

"ဖြစ်စေ-၅-ကောက်။ပံ့ထောက်ကော။ဥဒ္ဒာရသ။ဇနု-ဥပဏ္ဏမ်။"

ဖြစ်ပေါ်ဥပါဒ်စေနိုင်သော "ဇနက" ပစ္စည်းမျိုး-၅။ထောက်ပံ့သဖြင့်

ကျေးဇူးပြုသော "ဥပတ္ထမ္ဘက" ပစ္စည်းမျိုး-၁။ဖြစ်ပေါ်စေခြင်းထောက်ပံ့ခြင်း-၂-ကိစ္စဖြင့်ကျေးဇူးပြုသော"ဇနကောပတ္ထမ္ဘက"ပစ္စည်းမျိုး-၁၈-ရှိသည်ဟူလို။

### (၁) ဇနကပစ္စည်း-၅-မျိုး။

(၁) အနန္တရ (၄) နတ္ထိ
(၂) သမနန္တရ (၅) ဝိဂတ
(၃) အာသေဝန

ဤငါးပါးသည်၊နောက်နောက်နာမ်အားဖြစ်တို့သောကျေးဇူးပြုနိုင်၏။

### (၂) ဥပတ္ထမ္ဘကပစ္စည်း-၁-မျိုး။

(၁) ပစ္ဆာဇာတ
ဤပစ္စည်းသည် ဦရှိသဲ စတုဇရုပ်တို့အား ထောက်ပံ့ရုံသာ ကျေးဇူးပြုနိုင်၏။

### (၃) ဇနကောပတ္ထမ္ဘကပစ္စည်း-၁၈-မျိုး။

ဤ-၁၈-ပါးကား။ဇနက-၅-မျိုး။ဥပတ္ထမ္ဘက-၁-မျိုးမှ ကြွင်းသော-၁၈-ပစ္စည်းပင်တည်း။ ။ဤ-၁၈-ပါးသည်ဖြစ်လည်း ဖြစ်စေနိုင်၏။ ထောက်လည်းထောက်ပံ့နိုင်၏။

### (၉) ဘာဝဖြင့်ပြခန်း၊

"ကိုးကောဝေါ။စတုဝေါတုံ၊ဂေါ်ဝိကြံ။လုံးစုံပဥ္စဝေါ။"

အသညသတ်ဘုံဟုဆိုအပ်သောဧကဝေါကာရဘဝ၌-၉-ပစ္စည်းရ၏၊ အရူပ-၄-ဘုံဟုဆိုအပ်သောစတုဝေါကာရဘဝ၌-၂၁-ပစ္စည်းရ၏၊ ၎င်းတို့မှကြွင်းပဥ္စဝေါကာရဘုံ၌အလုံးစုံ-၂၄-ပစ္စည်းကိုရ၏ဟူလို၊

### ( ၁၀ )

## (၁) ဧကဝေါကာရဘဝ၌-ကိုးပစ္စည်း။

(၁) အာရမ္မဏ (၆) ဥပနိဿယ
(၂) အဓိပတိ (၇) ဣန္ဒြိယ
(၃) သဟဇာတ (၈) အတ္ထိ
(၄) အညမည (၉) အဝိဂတ
(၅) နိဿယ

ဤ၌အဓိပတိပစ္စည်းကိုရသည်ဆိုသော်လည်း၊သဟဇာတာဓိပတိကို မရ။အာရမ္မဏာဓိပတိကိုရသည်။သဟဇာတကို ရသည်ဆိုသော်လည်း။ ရုပ်သဟဇာတကိုသာရသည်။ဣန္ဒြိယကိုရသည်ဆိုသော်လည်း။ ရူပဇီဝိတိန္ဒြိယကိုသာရသည်စသည်ဖြင့်စစ်လေဦး။

## (၂) စတုဝေါကာရဘဝ၌-၂၁-ပစ္စည်း။

ဤ၌-၂၄-ပစ္စည်းတို့တွင်။ပုရေဇာတ၊ပစ္ဆာဇာတ၊ဝိပ္ပယုတ္တ-၃-ပစ္စည်းကိုနုတ်၍။ ကြွင်း-၂၁-ပစ္စည်းသည် စတုဝေါကာရဘဝ၌ရ၏။ ။ဤ၌လည်းနိဿယကိုရသည်ဆိုသော်လည်းသဟဇာတနိဿယကိုသာရ၏။ ပုရေဇာတနိဿယကိုမရစသည်ဖြင့်စစ်လေဦး။

## (၃) ပဉ္စဝေါကာရဘဝ၌ကား-အလုံးစုံ-၂၄-ပစ္စည်းလုံးပင်ရ၏၊

ဒေါသသည်ကာမဘုံ၌သာဟေတုပစ္စည်းတင်၏။ရူပဘုံအရူပဘုံတို့၌ ပစ္စည်းမတပ်စသည်ဖြင့်ရှင်း။ ။ဒိဋ္ဌိသမ္ပယုတ်-၄-ခုနှင့်ဝိစိကိစ္ဆာသည်- ပုထုဇ္ဇန်၌သာထိုက်သည်အားလျော်စွာပစ္စည်းတင်၏၊အရိယာတို့၌ပစ္စည်း မတပ်စသည်ဖြင့်ရှင်း၊ ။ဂန္ဓာရုံ၊ရသာရုံ၊ဖောဋ္ဌဗ္ဗာရုံတို့နှင့်။ဃာနဝတ္ထု၊ ဇိဝှါဝတ္ထု၊ကာယဝတ္ထု၊ဃာနဝိညာဏ်၊ဇိဝှါဝိညာဏ်၊ ကာယဝိညာဏ် တို့သည်ကာမဘုံ၌သာ။အာရမ္မဏ၊အာရမ္မဏာဓိပတိ၊ အာရမ္မဏပုရေဇာတ။ ။နိဿယ၊ဝတ္ထုပုရေဇာတ-စည်း,ပန်,ဖြစ်ကြ၏၊ ။ရူပဘုံအရူပဘုံ၌-စည်း,ပန်,မဖြစ်စသည်ဖြင့်ရှင်း။ဉာဏ်စွမ်းရှိသလောက်ခွဲစိတ်လေ။

“ပိဋကာကာရေကဌာနမှိ၊နယတောသုဒ္ဒုဒသိတော။
နယေနတေနသုဗုဒ္ဓိ၊ပိဋကေယေဝယထာရဟံ။”

ကေဠာနမှိ၊တရသောနေရာဌာန၌။စိန္တာကာရေ၊ကြံစည်ပုံအခြင်းအရာကို။ နယာတော။ အကျဉ်းလက်စ။ နည်း၊ ယအားဖြင့်။ သူ၊ဒသိတော။ ကောင်းစွာ ပြအပ်သည်ရှိသော်။တေနနယေန။ ထိုနည်းဖြင့်။ သဗ္ဗဿ။စပ်ဆိုင်သမျှသောအရာရာတို့၌။ယထာရဟံ။ထိုက်သည့်အားလျော်စွာ။ စိန္တယေ၀။ဉာဏ်ပွမ်းထုတ်၍။ကြံ။ကုတ် ကြံစည်ရာသလျှင်ကတည်း။

‘‘လက်စကြံဘွယ်။နည်းနှင့်ဘွယ်။သွယ်သွယ်ကြံဆင့်ပွါး။’’

## (၁၀) နာမ်ရုပ်တို့ကိုတခုစီပစ္စည်းတပ်၍ပြခန်း။

‘‘စိတ်,စေ,ရုပ်,နိဗ်။ခွဲခြမ်းကြံတင်။စိတ်လေစည်း,တပ်ပုံ။’’

စိတ်-၈၉။စေ-၅၂။နိပ္ဖန္နရုပ်-၁၈။နိဗ္ဗာန်။ဤတရားတို့ကိုအသီးအသီး ခွဲခြား၍။စည်း,ပန်,တို့ဖြင့်ဝေဘန်ရမည်ဟူလို။

လောဘမူစိတ်၊ဒေါသမူစိတ်-၁၀-သည်။အာရမ္မဏ၊အဓိပတိ၊အနန္တရ၊သမနန္တရ၊သဟဇာတ၊အညမည။နိဿယ၊ဥပနိဿယ၊ ပစ္ဆာဇာတ၊အာသေဝန၊အာဟာရ၊ဣန္ဒြိယ၊သမ္ပယုတ္တ၊ဝိပ္ပယုတ္တ၊အတ္ထိ၊နတ္ထိ၊ ဝိဂတ၊အဝိဂတ။ဤ-၁၈-ပစ္စည်းတပ်၏။

မောဟမူစိတ်သည်- ယခင်-၁၈-တွင်။ အဓိပတိကိုကြဉ်၍။ -၁၇-ပစ္စည်းတပ်၏။

ဒုက္ခသဟဂုတ် ကာယဝိညာဏ်-၁-ကြိယာ-၃-ကြဉ်သော အဟိတ်စိတ်-၁၄-တို့သည်။ ယခင်- ၁၈-တွင်။ အာသေဝနကိုကြဉ်။ ဝိပါကကို ထည့်၍-၁၈-ပစ္စည်းတပ်ကုန်၏။

ဒုက္ခသဟဂုတ်ကာယဝိညာဏ်စိတ်သည်။ ယခင် ပထမ-၁၈-တွင်၊ အဓိပတိ။အာသေဝနကြဉ်၍။ဝိပါကကိုထည့်၍-၁၇-ပစ္စည်းတပ်၏။

အာဝဇ္ဇန်း-၂-သည်။၁၈-တွင်အာသေဝနကြဉ်-၁၇-တပ်၏။

ဟသိတုပ္ပါဒ်သည်။ယခင်အတိုင်း-၁၈-တပ်၏။

မဟာကုသိုလ်၊မဟာကြိယာ၊မဟဂ္ဂုတ်ကုသိုလ်၊ ကြိယာတို့သည်။ ယခင်အတိုင်း-၁၈-ပစ္စည်းတပ်ကုန်၏။

မဟာဝိပါက်၊မဟဂ္ဂုတ်ဝိပါက်တို့သည်။ယခင်-၁၈-တွင်အာသေဝန ကိုကြဉ်၊ဝိပါကကိုထည့်၍-၁၈-ပစ္စည်းတပ်ကုန်၏။

မဂ်စိတ်-၄-ခုသည်။ယခင်-၁၈-တွင် အာသေဝနကြည့်-၂၇-ပစ္စည်းတပ်၏။

ဖိုလ်လေးခုသည်။ ယခင်-၁၈-တွင် အာသေဝနကိုကြည့်။ ဝိပါကကို ထည့်၍-၁၈ ပစ္စည်းတပ်၏။

**အ**လုံးစုံစိတ်တခုယုတ်ကိုးဆယ်ဖြစ်မှု၊ဟေတု၊ပုရေဇာတ၊ကမ္မ၊ဈာန၊မဂ္ဂကြည့်၍ကြွင်း-၁၉-ပစ္စည်းတပ်၏။

အလုံးစုံစိတ်တခုယုတ်ကိုးဆယ်သည်။ ပစ္ဆာဇာတကိုနုတ်၍-ကြွင်း-၂၃-ပစ္စည်းတို့၏-ပန်,ဖြစ်၏။ ။ကုသိုလ်ကြိယာဖြစ်လျှင်၊ဝိပါက၏-ပန်, မဖြစ်။ဝိပါက်ဖြစ်လျှင် အာသေဝန၏ ပန်,မဖြစ်စသည်ခွဲစိတ်လျှင် ကွဲပြားသေး၏။

စေတသိက်တို့တွင်။ဖဿသည် အာရမ္မဏ၊ အဓိပတိ၊အနန္တရ၊သမနန္တရ၊သဟဇာတ၊ အညမည၊နိဿယ၊ ဥပနိဿယ၊ ပစ္ဆာဇာတ၊အာသေဝန၊ဝိပါက၊အာဟာရ၊သမ္ပယုတ္တ၊ဝိပ္ပယုတ္တ၊အတ္ထိ၊နတ္ထိ၊ဝိဂတ၊အဝိဂတ။ဤ-၁၈-ပစ္စည်းတပ်၏။ ။ဤမှနောက်၌။ဇယားဖြင့်-စည်း,ပန်,တို့ကိုပြအံ့။ဇယား၌ပါရှိသော ဂဏန်းကိုရှု၍ ပစ္စည်းအမည်ကိုဘော်ထုတ်လေ။ စင်းစားရန်မှာ။ ။ဟေတု၊ အဓိပတိ၊ အာဟာရ၊ ဣန္ဒြိယ၊ဈာန၊မဂ္ဂ၊ ဤပစ္စည်းတို့ကိုကြပ်ကြပ်သဘောထား၍ကြံ၊

| အမည် | စည်း | ပန် |
|---|---|---|
| ဝိတ် | ၁၉ | ၂၃ |
| ဖဿ | ၁၈ | ၂၃ |
| ဝေဒနာ | ၁၉ | ၂၃ |
| သညာ | ၁၇ | ၂၃ |
| စေတနာ | ၁၉ | ၂၃ |
| ဧကဂ္ဂတာ | ၂၀ | ၂၃ |
| ဇီဝိတိန္ဒြေ | ၁၈ | ၂၃ |
| မနသိကာရ | ၁၇ | ၂၃ |
| ဝိတက် | ၁၉ | ၂၃ |
| ဝိစာရ | ၁၈ | ၂၃ |
| ဝီရိယ | ၁၉ | ၂၃ |
| ပီတိ | ၁၈ | ၂၃ |
| ဆန္ဒ | ၁၇ | ၂၃ |
| အဓိမောက္ခ | ၁၇ | ၂၃ |

| အမည် | စည်း | ပန် |
|---|---|---|
| မောဟ | ၁၇ | ၂၀ |
| အဟိရိက | ၁၆ | ၂၀ |
| အနောတ္တပ္ပ | ၁၆ | ၂၀ |
| ဥဒ္ဓစ္စ | ၁၆ | ၂၀ |
| လောဘ | ၁၇ | ၂၀ |
| ဒိဋ္ဌိ | ၁၈ | ၂၀ |
| မာန | ၁၆ | ၂၀ |
| ဒေါသ | ၁၆ | ၂၀ |
| ဣဿာ | ၁၅ | ၂၀ |
| မစ္ဆရိယ | ၁၅ | ၂၀ |
| ကုက္ကုစ္စ | ၁၅ | ၂၀ |
| ထိန | ၁၆ | ၂၀ |
| မိဒ္ဓ | ၁၆ | ၂၀ |
| ဝိစိကိစ္ဆာ | ၁၅ | ၂၀ |

| အမည် | စည်း | ပန် |
|---|---|---|
| သဒ္ဓါ | ၁၀ | ၂၃ |
| သတိ | ၁၉ | ၂၃ |
| အလောဘ | ၁၀ | ၂၃ |
| အဒေါသ | ၁၀ | ၂၃ |
| ဝိရတိ-၃ | ၁၀ | ၂၂ |
| အပ္ပမညာ-၂ | ၁၇ | ၂၃ |
| ပညာ | ၂၀ | ၂၃ |

ကြွင်းသော သောဘဏ စေ တ သိက် ၁၅-တို့ကား ၁၇-ပစ္စည်းတပ်၍ ၂၃-ပစ္စည်းတို့၏-ပန်သိုက်၏။

| | | |
|---|---|---|
| ပထဝီ | ၉ | ၁၅ |
| တေဇော | ၉ | ၁၅ |
| ဝါယော | ၉ | ၁၅ |
| အာပေါ | ၉ | ၁၅ |

| အမည် | စည်း | ပန် |
|---|---|---|
| စက္ခု | ၉ | ၁၄ |
| သောတ | ၉ | ၁၄ |
| ဃာန | ၉ | ၁၄ |
| ဇိဝှါ | ၉ | ၁၄ |
| ကာယ | ၉ | ၁၄ |
| ရူပ | ၆ | ၁၄ |
| သဒ္ဒ | ၆ | ၁၄ |
| ဂန္ဓ | ၆ | ၁၄ |
| ရသ | ၆ | ၁၄ |
| ဖောဋ္ဌဗ္ဗ | ၉ | ၁၅ |
| ဟဒယ | ၁၀ | ၁၅ |
| ဇီဝိတ | ၇ | ၁၄ |
| အာဟာရ | ၇ | ၁၄ |
| ဣတ္ထိဘော | ၆ | ၁၄ |
| ပုမ္ဘော | ၆ | ၁၄ |

| အမည် | စည်း | ပန် |
|---|---|---|
| နိဗ္ဗာန် | ၃ | + |
| ပညတ် | ၃ | + |

ရုပ်တို့တွင်၊ မဟာဘုတ်လေးပါးသည်အာရမ္မဏ၊ အဓိပတိ၊ သဟဇာတ၊ အညမည၊ နိဿယ၊ ပုရေဇာတ၊ အတ္ထိ၊ အဝိဂတ ပစ္စည်းတပ်၏။ ။ ဟေတု၊ အဓိပတိ၊ သဟဇာတ၊ အညမည၊ နိဿယ။ ပစ္ဆာဇာတ၊ ကမ္မ၊ ဝိပါက၊ အာဟာရ၊ ဣန္ဒြိယ၊ ဈာန၊ မဂ္ဂ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ-၁၅-ပစ္စည်း၏-ပန်,ဖြစ်၏၊ စသည်ဖြင့်ဝေဘန်၍စစ်လေ၊ ဇယားဂဏန်းတို့ကိုလည်း ဆင်ခြင်လေ။ ။ထိုသို့ဆင်ခြင်သော် တရသော တရားသည်များသော အကျိုးတရားတို့ကို ကျေးဇူးပြုသော-စည်း,လည်းဖြစ်၏။ များစွာသောအကြောင်းတို့၏ ကျေးဇူးပြုကိုခံသော ပန်,လည်းဖြစ်၏ဟုပစ္စယပရိဂ္ဂဟဉာဏ်ကိုတည်ထောင်လေ၊

## (၁၁) ဝိထိဖြင့်ပြခန်း။

တိဟိတ်ပုဂ္ဂိုလ်သည်ဘုရားတည်းဟူသော အဝိဇ္ဇာမှုရုံ၍ ပညာအဓိပတိတပ်သည့် တိဟိတ်ဇောကျသော အတိမဟန္တ စက္ခုဒွါရ ဝိထိဖြင့်ပြဆိုအံ့။

(၁၇၃) စက္ခု,လောက,။ရူပ,ထင်ပြီ။မနသိ,၊လေးသီစက္ခုဘို့။ ဟူသည်နှင့်အညီ။စက္ခုဒွါရ၌ဖြစ်ပေါ်နိုင်ရန်။

(၁) စက္ခု စက္ခုပသာဒ
(၂) အာလောက အရောင်အလင်း
(၃) ရူပ ရူပါရုံ
(၄) ‌ံ့ မနသိကာရ နှလုံးသွင်းမှု

ဤအကြောင်း-၄-ခုပေါင်းဆုံညီညွတ်ခဲ့သည်ရှိသော်။

(၁၇၇) အတိ,စလေ,။ဥပ္ပဇ္ဇေ,။သုံးထွေဘင်္ဂ။
(၁၇၈) ဘဝင်-သုံးတန်။အာဝဇ္ဇန်း၊ဝိညာဏ်ခွေပဥ္စ၊
(၁၇၉) သံ,သန်,ဝုဋ္ဌော,၊ဇော,သတ္တာ။တဒါ,နှစ်ကြိမ်ချ၊ ဟူသည်နှင့်အညီ။စက္ခုဒွါရဝိထိအစဉ်ကိုပြရာ၏။

တိ ဓ ဒ ပ ဓ သံ သန် ၎ ဇ
၀၀၀,၀၀၀,၀၀၀,၀၀၀,၀၀၀,၀၀၀,၀၀၀,၀၀၀,၀၀၀,

ဇ ဇ ဇ ဇ ဇ ဇ ရုံ ရုံ ဘွင်
၀၀၀,၀၀၀,၀၀၀,၀၀၀,၀၀၀,၀၀၀,၀၀၀,၀၀၀,၀၀၀,
ဤဝိထိ၌ဘဝင်စိတ်တို့မှာ၊

(၂၆၄) ဘ ၁ တ ခ ။ သန်, ဘွင်, ရ ။ သုံး ခုထပ်စမြဲ။
ဟူသည်နှင့်အညီ။ တိဟိတ်ပုဂ္ဂိုလ်ဖြစ်၍။ တိဟိတ်ဘဝင်တို့ကိုချ။ ။
စက္ခုဝိညာဏ်စသောဝိပါက်စိတ်တို့မှာ။

(၂၀၇) ဇုဠာရုံတွင်။ ကု-ဝိ, ယှဉ်။ တိ, တွင်သောမနသ်၊
ဟူသည်နှင့်အညီ။ အတိဇုဠာရုံဖြစ်၍။ ကုသလဝိပါက်စက္ခုဝိညာဏ်၊ သမ္ပဋိစ္ဆိုန်း။ သောမနဿသန္တီရဏတို့ကိုချ။ ၎င်္ဇော၊ တိဟိတ်ဇော၊ တိဟိတ်သောမနဿတဒါရုံ။ ထိုနောက်ကာ ၁ မတိဟိတ်ဘဝင်ချလေ။
ဤဝိထိ၌။ အတီတဘ ၁ င်အခိုက်မှာ။ အဘယ်မျှလောက်ပစ္စည်းတပ်နိုင်သနည်းဟုဆင်ခြင်ရန်မှာ။ ။ ထိုတိဟိတ်အတီတဘဝင် ဥပါဒ်ခိုက်မှာ စိတ်-၁၊ စေ-၃၃။ ၎င်း-၃၄-ပါးသောနာမ်တရားတို့သည်တပြိုင်နက်ဖြစ်ပေါ်၍။ ၎င်း-၃၄-ပါးသောနာမ်တရားတို့သည်ဥပါဒ်သည်နှင့်တပြိုင်နက်။ ၎င်းစိတ်တို့ကြောင့်ဖြစ်ပေါ်၍။ စိတ်၏အရှိန်အဝါဖြစ်သော စိတ္တဇကလာပ်တို့သည် လျှပ်စစ်ပြက်လိုက်ဘိသကဲ့သို့ ကိုယ်လုံးအပြည့် ဖြစ်ပေါ်လေ၏။ ။ ထိုသို့ဖြစ်ရာ၌ပစ္စည်းတပ်ပုံကား။
နာမ်-၃၄-ဘို့တွင်။ သညာ၊ မနသိကာရ၊ အဝိဂ္ဂေါကျ၊ သဒ္ဓါ၊ ဟိရီ၊ သြတ္တပ္ပ၊ တတြမဇ္ဈတ္တတာ၊ ကာယပဿဒ္ဓိစသော-၁၂-ပါး။ အပ္ပမညာ-၂။ ဤ-၂၀-ပါးတို့သည်။ အချင်းချင်းနာမ်တရားအား၎င်း၊ မိမိတို့ကြောင့်ဖြစ်သောစိတ္တဇရုပ်အား၎င်းကျေးဇူးပြုသောအခါ သဟဇာတ၊ နိဿယ၊ ဝိပါက၊ အတ္ထိ၊ အဝိဂတ။ ဤ-၅-ပစ္စည်းတပ်၏။ ။ အချင်းချင်းနာမ်အားသာကျေးဇူးပြုသောအခါ၎င်းတို့တွင်အညမည၊ သမ္ပယုတ္တကိုထည့်၍-၇-ပစ္စယသတ္တိဖြင့်ကျေးဇူးပြု၏။ ။ စိတ္တဇရုပ်အားသာကျေးဇူးပြုသောအခါဝိပ္ပယုတ္တပစ္စည်းတပ်၏။ ။ နောက်ဘဝင်စလနအားအနန္တရ၊ သမနန္တရ အနန္တရူပနိဿယ၊ နတ္ထိ၊ ဝိဂတ။ ဤ-၅-ပစ္စည်းဖြင့်ကျေးဇူးပြု၏။ ။ အဓိပတိကိစ္စနှင့်အာရုံပြု

ခံလျှင်အာရမ္မဏ၊အာရမ္မဏာဓိပတိ၊အာရမ္မဏူပနိဿယ။ ဤ-၃-ပစ္စည်း တပ်၏။ ။အားကြီးသောမိရာအဖြင့်ဖြင့် ကျေးဇူးပြုသောအခါ ပကတူ နိဿယပစ္စည်းတပ်၏။ ။ရှေ့ရှေ့ဖြစ်သောစတုဇရုပ်အားကျေးဇူးပြုသော အခါပစ္ဆာဇာတပစ္စည်းတပ်၏။ ။ပေါင်းသည်ရှိသော်ဆိုငြီးစေတသိက်- ၂၀-သည်အာရမ္မဏ၊အဓိပတိ၊အနန္တရ၊သမနန္တရ၊သဟဇာတ၊ အည မည၊နိဿယ၊ဥပနိဿယ၊ ပစ္ဆာဇာတ၊ဝိပါက၊ သမ္ပယုတ္တ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊နတ္ထိ၊ဝိဂတ၊အဝိဂတ။ဤ-၁၄-ပစ္စည်းတပ်၏။ ။ရထိုက်သမျှပစ္စည်း တပ်ပုံ။နောက်ကိုလည်းဤနည်းနှင့်ချည်းသွားလေ။ ။ဖဿသည်။ ၎င်း- ၁၄-ပစ္စည်းတွင်အာဟာရထည့်၍-၁၅-ပစ္စည်းတပ်၏။ ။အလောဘ၊ အဒေါသသည်။၎င်း-၁၄-တွင်ဟေတုထည့်၍-၁၅-စည်း,တပ်၏။ ။ဝိ စာရ၊ပီတိသည်။၁၄-တွင် ဈာန-ထည့်၍-၁၅-စည်း,တပ်၏။ ။သဒ္ဓါ သည်။၁၄-တွင် ဣန္ဒြိယ ထည့်၍-၁၅-စည်း,တပ်၏။ ။စေတနာသည်။ ၁၄-တွင်ကမ္မ၊အာဟာရထည့်၍-၁၆-စည်း,တပ်၏။ ။ဝိတက်သည်။ ၁၄-တွင် ဈာန၊မဂ္ဂထည့်၍-၁၆-စည်း,တပ်၏။ ။ဝေဒနာသည်။၁၄- တွင်ဈာန၊ဣန္ဒြိယထည့်၍-၁၆-စည်း,တပ်၏။ ။ဘဝင်ဝိညာဏ်စိတ်သည်။ ၁၄-တွင်အာဟာရ၊ဣန္ဒြိယထည့်၍-၁၆-စည်း,တပ်၏။ ။ပညာ၊ဝီရိယ သည်၊၁၄-တွင်ဣန္ဒြိယ၊မဂ္ဂထည့်၍ ၁၆-စည်း,တပ်၏။ ။ဧကဂ္ဂတာသည်။ ၁၄-တွင်ဈာန၊ဣန္ဒြိယ၊မဂ္ဂထည့်၍ ၁၇-စည်း,တပ်၏။ ။ပေါင်းသည်ရှိ သော်အတီတဘဝင်နာမ်ကလာပ်သည် ပုရေဇာတ၊အာသေဝန ၂-ကို ထား၍ ၂၂-ပစ္စည်းတပ်၏။

ရုပ်ဘက်၌စစ်ပြန်လျှင်၊၎င်းအတီတဘဝင်နှင့်တပြိုင်နက်ဖြစ်ပေါ်သော စိတ္တဇအဋ္ဌကလာပ်မှာပါသော မဟာဘုတ် ၄-သည်ဘုတ်ချင်းချင်းအား ၎င်း၊ဥပါဒါရုပ်အား၎င်း သဟဇာတ၊နိဿယ၊အတ္ထိ၊အဝိဂတ ၄-ပစ္စည်း တပ်၏။ ။ဘုတ်ချင်းချင်းအားသာဖြစ်မူ။ ၎င်း၌အညမညကိုထည့်၍ ၅- ပစ္စည်းတပ်၏။ ။၎င်း၌ပါသောဩဇာသည်အာဟာရပစ္စည်းတပ်၏။ ။ ၎င်းအဋ္ဌကလာပ်က အာရမ္မဏာဓိပတိကိစ္စနှင့်အာရုံပြုခံလျှင် အာရမ္မဏ၊ အဓိပတိ၊ဥပနိဿယ၊ပုရေဇာတ ၄-ပစ္စည်းတပ်၏။ ။ပေါင်းစိတ္တဇက လာပ်၌ပစ္စည်းပေါင်း ၁၀-ရ၏။ ။၎င်းအတီတဘဝင်နှင့်ဖြစ်သောဥတု ဇကလာပ်၊ အာဟာရဇကလာပ်တို့၌လည်း ထိုနည်းတူသိလေ။ ။၎င်း အတီတဘဝင်နှင့်အတူဥပါဒ်သော ကမ္မဇကလာပ် ၉-စည်းတို့၌လည်း၊

ပသာဒရုပ် ၅-ဇီဝိတရုပ်တို့သည် ဣန္ဒြိယတပ်၏၊သုံ့ဖြစ်၍ ကမ္မဇရုပ်တို့၌ ၁၁-ပစ္စည်းရ၏။ ။ဤသို့လျှင်အတီတဘဝင်ဥပါဒ်ခိုက်၌အချင်းချင်းရုပ်နာမ်တို့ကျေးဇူးပြုကြပုံသည်၊ အာသေဝနပစ္စည်းကိုထွတ်၍ ၂၃-ပစ္စည်းဖြင့် ဤရူပကာယတကောင်လုံးကိုအသီးအသီးကျေးဇူးပြုကြ၏။ ဇောအခိုက်၌ကား ၂၄-ပစ္စည်းလုံးပင်ရ၏။ ။ဤသို့စိတ်တိုင်းစိတ်တိုင်း-စည်း, ပန့်,တို့ကိုသိလေ။ ။နောက်၌နာမ်ဘက်သက်သက်ကိုသာပြအံ့။

၎င်းအတီတဘဝင်သည် အနန္တရ၊ သမနန္တရ၊ အနန္တရူပနိဿယ၊ နတ္ထိ၊ ဝိဂတသတ္တိဖြင့် ကျေးဇူးပြု၍ ဖြစ်ပေါ်လာသော ဘဝင်စလနအခိုက်မှာလည်း။ထိုအတီတဘဝင်အတိုင်းပင်နာမ်ကလာပ်တို့ ၂၂-ပစ္စည်းတပ်၏၊ ဘဝင်္ဂုပစ္ဆေဒလည်းထိုအတူပင်။ ။ပဉ္စဒွါရာဝဇ္ဇန်းအခိုက်၌စိတ်-၁၊စေ-၁၀၊ပေါင်းနာမ်ကလာပ်-၁၁။၎င်း ၁၁-သည်။ယင်း ၂၂-ပစ္စည်းတို့တွင် ဟေတု၊မဂ္ဂကိုနုတ်၍ ၂၀-ပစ္စည်းတပ်၏။ ။စက္ခုဝိညာဏ် အခိုက်၌၊ စိတ်-၁၊ စေ-၇၊ပေါင်းနာမ်ကလာပ်-၈၊ ၎င်း ၈-သည်ဆိုပြီး ၂၂-တွင် ဟေတု၊မဂ္ဂ၊ဈာန ၃-ကိုနုတ်၍ ၁၉-ပစ္စည်းတပ်။ ။ဤနေရာ၌ (၄၆၆)ပဉ္စဝိညာဉ်ဈာနင်ကြည့်။ မိုလ်ကြည့်အဝိရေ၊ (၄၆၇) အဟိတ်တွင်မဂ်။ မိုလ်ဈာန်မင်။ဧကဂ်ဝိဝိကော။ ။ဆိုသောသံပေါက်ကို သတိထားလေ။ ။ သမ္ပဋိစ္ဆန်းအခိုက်၌။စိတ်-၁၊စေ-၁၀။၎င်း ၁၁-သည် ပဉ္စဒွါရာဝဇ္ဇန်းကဲ့သို့ ၂၀-ပစ္စည်းတပ်၏။ ။သောမနဿသန္တီရဏအခိုက်၌စိတ်-၁။စေ-၁၁၊ ။ဥပေက္ခာအခိုက်၌စိတ်-၁။စေ-၁၀။၎င်း ၂-အခိုက်၌လည်း ပဉ္စဒွါရာဝဇ္ဇန်းကဲ့သို့ ၂၀-ပစ္စည်းတပ်၏။ ။ပဌမဇော သောမနဿတိဟိတ်မဟာကုသိုလ်အခိုက်၌စိတ်-၁။စေ-၃၃။ ၎င်း၃၄-သည် အတီတဘဝင်အခိုက်နာမ်ပစ္စည်း ၂၂-တွင်အာသေဝနကိုထည့်၍ ၂၃-ပစ္စည်းတပ်၏။ ။ ဤ၌မဟာကုသိုလ်ပဌမဇွေးဖြစ်လျက်စေ ၃၃-ဆိုသည်မှာချပြမှုတည်ခဲ့သောဝိရတိသည်ဘုရားတည်းဟူသောအတိဇ္ဇာရုံ၌ပညာဓိပတိဇောကျသောဝိရတိဖြစ်၍၊ဝိရတီအပ္ပမညာတို့မဆိုင်သဖြင့် ၎င်းတို့ကိုချန်ခဲ့သည်။ ၎င်းတို့ကားရံခါ,အသီးသီး,နာနာ,ကဒါစိတရေးတို့တည်း။

(၁၀၇) မာ,ဇာ,မစ်,ကု,။ထိ,မိဒ်,ရ။သုံးခုဝိရတိ။

(၁၀၈) နှစ်ပမညာ။ဆဲ့တဖြာ။ရံခါယှဉ်ကြဘိ။

(၁၀၉) အာရုံမတူ။ကဲ့ကြမှု။အတူမဖြစ်သိ။

ဟူသောမှတ်ချက်ကိုသတိရှိစေ။

အနန္တရ၊ သမနန္တရ၊ အနန္တရူပနိဿယ၊ အာသေဝန၊ နတ္ထိ၊ ဝိဂတ ၆-ပစ္စယသတ္တိဖြင့်ကျေးဇူးပြု၍ပေါ်ပေါက်လာသော ဒုတိယဇော။လ။ သတ္တမဇောအခိုက်မှာလည်း ထိုပထမဇောအတိုင်း ၂၃-ပစ္စည်းပင်ရ၏။ သတ္တမဇော၌ကား အာသေဝနကိုနုတ်၍ ၂၂-ပစ္စည်းရ၏။ ။သတ္တမဇောသည် နောက်၌အာသေဝနသတ္တိဖြင့်ကျေးဇူးပြုရန်ဇောမရှိ၍ အာသေဝနပစ္စည်း မထိုက်လေ၊ ။၎င်းဇောအခိုက်၌ သဟဇာတာဓိပတိကိုလည်းရနိုင်၏။ နာနာက္ခဏိက ကမ္မပစ္စည်းကိုလည်းရနိုင်၏။ ။ပထမ၊ ဒုတိယဖြစ်သည့် သောမနဿတိဟိတ်တဒါရုံ ၂-ခုနှင့်နောက်ဘဝင်တို့အခိုက်၌လည်းအတီတဘဝင်မှာကဲ့သို့ ၂၂-ပစ္စည်းတင်၏။

ဤဝိထိ၌ဘုရား၌တည်သော အတိဣဋ္ဌပစ္စည်းရူပါရုံသည် အတီတဘဝင်နှင့်ပြိုင်၍ ရှေးဦးကဥပါဒ်ပြီးလျှင်။ မိမိနောက်မှ ဥပါဒ်သောပဉ္စဒွါရာဝဇ္ဇန်းအစတဒါရုံအဆုံးရှိသောစိတ်တို့၏အာရုံပြုကိုခံ၍။ ၎င်းစိတ်တို့အား အာရမ္မဏအာရမ္မဏာဓိပတိ၊ အာရမ္မဏူပနိဿယ၊ အာရမ္မဏပုရေဇာတ၊ ပုရေဇာတတ္ထိ၊ ပုရေဇာတအဝိဂတ၊ ဤ ၆-ပစ္စယသတ္တိဖြင့်ကျေးဇူးပြု၏။ ပဉ္စဒွါရာဝဇ္ဇန်းစသော စိတ်တို့သည် ၎င်းရူပါရုံ၏ ကျေးဇူးပြုကိုခံရသော ပစ္စယုပ္ပန်တရားတို့ဖြစ်ကြ၏၊

၎င်းရူပါရုံသည်။

(၁၇၃) ဆဲ့ခုနစ်ချက်။ ထိုစိတ်တက်။ ရုပ်သက်တခုယူ။

ဟူသည်နှင့်အညီ။ စိတ္တက္ခဏ ၁၇-ချက်ပြည့်ရာဒုတိယတဒါရုံနှင့်ပြိုင်၍ချုပ်၏။ ။အတီတဘဝင်နှင့်အတူဥပါဒ်ပြိုင်၍ဥပါဒ်သောမဇ္ဈိမာယုကခေါ်သောစက္ခုပသာဒသည်။ မိမိဌီသို့ရောက်၍။ ဘဝင်စလနအခိုက်၌၊ မှန်ကြည်ခတ်လင်းကိစ္စဖြင့်ရူပါရုံထင်လာသည်ကိုခံပြီးလျှင်စက္ခုဝိညာဏ်စိတ်၏မှီရာကိစ္စကိုရွက်ဆောင်လျက်။ ထိုစက္ခုဝိညာဏ်စိတ်အားနိဿယဝတ္ထုပုရေဇာတ၊ ပုရေဇာတိန္ဒြိယ၊ ပုရေဇာတ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ။ ဤ ၆-ပစ္စယသတ္တိဖြင့်ကျေးဇူးပြု၏။ စက္ခုဝိညာဏ်စိတ်သည်ထိုမဇ္ဈိမာယုကစက္ခုပသာဒ၏အကျိုးခံပစ္စယုပ္ပန်ဖြစ်၏။ ။စက္ခုဝိညာဏ်မှတပါးသော အတီတဘဝင်စသောစိတ်တို့သည်မိမိတို့ရှေ့အနန္တရဖြစ်သောစိတ်နှင့်တူပြိုင်ဥပါဒ်ခဲ့သော ဟဒယဝတ္ထုကိုမှီသဖြင့် ၎င်းဟဒယဝတ္ထု၏ ပစ္စယုပ္ပန်ဖြစ်၏။ ။အတီတဘဝင်နှင့်တူပြိုင်ဥပါဒ်သောဟဒယဝတ္ထုသည်ဘဝင်

စလနအားနိဿယ၊ ဝဏ္ဏုပုရေဇာတ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ၊ ဤ ၅-ပစ္စယသတ္တိဖြင့်ကျေးဇူးပြု၏။ ။ဘဝင်္ဂစလနသည်အတီတဘဝင်နှင့်တူပြိုင်ဥပါဒ်သောဟာဒယဝတ္ထု၏-ပနံ,ဖြစ်၏၊ ဤသို့စသည်ဖြင့်သိလေ။

စက္ခုဒွါရဝိထိဖြစ်ရန်ဆိုခဲ့ပြီးသောအကြောင်းကြီး ၄-ခုတို့တွင်။ ။စက္ခုသည် ၆-ပစ္စယသတ္တိဖြင့်ကျေးဇူးပြု၏။ ။အာလောကအရောင်အလင်းသည် ပကတူပနိဿယသတ္တိဖြင့်ကျေးဇူးပြု၏။ ။ရူပါရုံသည်-၆-ပစ္စယသတ္တိဖြင့်ကျေးဇူးပြု၏။ ။မနသိကာရသည်ပကတူပနိဿယသတ္တိဖြင့်ကျေးဇူးပြု၏။ ၊ဤအကြောင်း ၄-ပါးသည် အလွန်နီးသောအကြောင်းဖြစ်၏။

ထိုမှတပါးလည်းစက္ခုဒွါရဝိထိတခုကျဘို့ရန် ပကတူပအကြောင်းတို့ကားများစွာ၏။ ၎င်းရူပါရုံကိုမြင်နိုင်ရန်မျှဘသော ဥတုဘောဇန်၊ ၎င်းရူပါရုံရှိရာသို့သွားရခြင်း။ လမ်းညွှန်ပြသောသူ၊ ၎င်းရူပါရုံကို လုပ်ပေးသောသူစသည်ဖြင့် ပကတူပနိဿယ အကြောင်းတို့ကား အတိုင်းမသိများ၏။ တခုသော-ပုဒ်နံ-မှုံယော်ကိုလူတထောင်ကြံလုပ်ရသည် ဆိုသကဲ့သို့မှတ်လေ။ ။ထိုကြောင့်ရုပ်နာမ်တရားတို့ကိုအထူးထူးအပြားပြားများသော အကြောင်းတို့ ပေါင်းဆုံ ပြုပြင်အပ်သဖြင့်သင်္ခါရ ခေါ်ရလေသည်။ ။ပစ္စယေဟိသမောခနေတွာ ကရီယတိတိသင်္ခါရော။ ။ပစ္စယေဟိ။ အထူးထူးသောအကြောင်းတို့သည်၊ သမောခနေတွာ။ ပေါင်းစည်းရုံး၍။ ကရီယတိ။ ပြုပြင်စီရင်အပ်၏။ ဣတိတသ္မာ။ ထိုကြောင့်။ သင်္ခါရော။ သင်္ခါရမည်၏။ ။ဤသို့ဝိဂြိုဟ်ပြု။

ထိုသို့ရုပ်နာမ်သဘောတို့၏ပကတိရင်းကပင်ပြုပြင်မှုဖြစ်သောတရားမျိုးဖြစ်၍၊ ပြုပြင်သောအကြောင်းကင်းတဲ့လျှင် ချက်ချင်းပျက်စီးရွေ့လျောအနိစ္စသဘောသို့သာရောက်ရလေတော့သည်။ ထိုသို့သင်္ခါရဓမ္မတာအနိစ္စမျိုးဖြစ်သည့်အတွက်။ အနိစ္စလက်ကမလွတ်နိုင်သဖြင့်မိုင်မိုင်နိုင်နိုင်မြဲခိုင်သောချမ်းသာဟူ၍တခုမျှမရှိသောကြောင့်၎င်း။ သတ္တဝါတို့အလိုဆန္ဒနှင့်ဖြစ်ပေါ်လာသည်မဟုတ်။ သေလျှင်မြောပါး။ အားကြီးစွာ အဆင်းရဲခံ၍အကြောင်းတွေကူနိုင်မှဖြစ်သောတရားမျိုးဖြစ်၍၊ စင်စစ်ဒုက္ခခေါ်ရလေသည်။

ဆိုခဲ့ပြီးသော စက္ခုဒွါရအတိမဟန္တာရုံဝိထိ၏ ပစ္စည်းဇယားပုံကိုကားအောက်ပါအတိုင်းသိ။

| | | | | | | | |
|---|---|---|---|---|---|---|---|
| ဝိတ်မည် | တိ | နှ | ဒ | ပ | စ | သံ | သန် |
| ပစ္စည်းရ | ၂၂ | ၂၂ | ၂၂ | ၂၀ | ၁၉ | ၂၀ | ၂၀ |
| ဝိတ်မည် | ဂ | ဇ | လ | ဇ | ရုံ | ရုံ | ဘွင |
| ပစ္စည်းရ | ၂၀ | ၂၃ | ၂၃ | ၂၂ | ၂၂ | ၂၂ | ၂၂ |

ဤဝိထိန္ဒြရထိုက်သမျှအႏုံးပြုခံသောအခိုက်ပါထည့်၍ဆိုသည်။အာရုံပြုမခံဘဲသက်သက်ဖြစ်လျှင်။ တိ,န္ဒြ-၂၂-ပစ္စည်းတွင်အာရမ္မဏနှင့် အာရမ္မဏာဓိပတိကိုနှုတ်။ဤသို့အစဉ်အတိုင်းနှုတ်ရ၏။ဇောအခိုက်၌ကား သဟဇာတာဓိပတိကိုရနိုင်၏။

ဤနည်းကိုမှီ၍ဝိထိတွေ့ဘုံင်းပစ္စည်းတပ်ပုံကိုသိလေ။

(၁၂) ပဋ္ဌာနသရုပ္ပါဒ်ဖြင့်ပြခန်း။

(၁) အဝိဇ္ဇာပစ္စယာသင်္ခါရာ။

အဝိဇ္ဇာမောဟတည်းဟူသောအကြောင်းကြောင့် သင်္ခါရဖြစ်သည်ဆိုရာ၌၊ ။သင်္ခါရသည်၊

(၅၀၂) ပုညာ,ပုည,-အာနေဥ္ဇ,။သုံးဝဲ့ဝိတ်ဖြာ။

ဟူသည်နှင့်အညီ၊ကာမကုသိုလ်-၈။ရူပကုသိုလ်-၅-တည်းဟူသောပုညာဘိသင်္ခါရ၊ ။အကုသိုလ်-၁၂-တည်းဟူသောအပုညာဘိသင်္ခါရ၊ ။အရူပကုသိုလ်-၄-တည်းဟူသောအာနေဥ္ဇာဘိသင်္ခါရ၊ ။ဤသို့ ၃-ပါးအပြားရှိ၏။

အဝိဇ္ဇာသည်အပုညာဘိသင်္ခါရအား ဟေတု၊အာရမ္မဏ၊ အဓိပတိ၊ အနန္တရ၊သမနန္တရ၊သဟဇာတ၊အညမည၊ နိဿယ၊ဥပနိဿယ၊ အာသေဝန၊သမ္ပယုတ္တ၊အတ္ထိ၊နတ္ထိ၊ဝိဂတ၊အဝိဂတ။ဤ ၁၅-ပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ ။ထိုကြောင့် ညောင်ကန်ဆရာတော်-ဦးဇုဓ်, ရေးစီရင်အပ်သောပစ္စယာကာရဒီပနီကျမ်း၌၊

"အပုညာမှာ။အဝိဇ္ဇာ၊တပ်ရာဆဲ့ငါးတည်း။"

ဟူ၍စပ်ဆိုတော်မူ၏။ ။ပစ္စည်းတပ်ပုံကား။ ။အဝိဇ္ဇာကိုအလေး အမြတ်အာရုံပြု၍လောဘမူစိတ်ဖြစ်သောအခါ။အဝိဇ္ဇာသည် အပုညာဘိ သင်္ခါရအားအာရမ္မဏ၊အဓိပတိ၊အာရမ္မဏူပနိဿယ သုံးပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ ။အလေးမပြုလျှင်အာရမ္မဏသာ။

အဝိဇ္ဇာဖုံးလွှမ်း၍အပြစ်ကိုမသိမမြင်သဖြင့် ဒုစ္စရိုက်ကိုပြုသောအခါ၊ ရှေးအဘို့၌ဖြစ်သောအဝိဇ္ဇာသည်အပုညာဘိသင်္ခါရအားပကတူပနိဿ ယသတ္တိဖြင့်ကျေးဇူးပြု၏၊ ။ဝီထိ၌ရှေးဇော၌ပါသော အဝိဇ္ဇာသည် အ ပုညာဘိသင်္ခါရဖြစ်သောနောက်ဇောအား အနန္တရ၊သမနန္တရ၊ အနန္တ ရူပနိဿယ၊ အာသေဝန၊နတ္ထိ၊ ဝိဂတ-၆-ပစ္စယသတ္တိဖြင့် ကျေးဇူးပြု ၏။ ။တခုသောစိတ္တုပ္ပါဒ်၌သဟဇာတ်အဝိဇ္ဇာသည်သဟဇာတ်အပုညာ ဘိသင်္ခါရအား ဟေတု။ သဟဇာတ၊ အညမည၊ နိဿယ၊သမ္ပယုတ္တ၊ အတ္ထိ၊အဝိဂတ-၇-ပစ္စယသတ္တိဖြင့်ကျေးဇူးပြု၏။

အဝိဇ္ဇာသည်ပုညာဘိသင်္ခါရအား အာရမ္မဏ၊ပကတူပနိဿယ-၂- ပစ္စယသတ္တိဖြင့်ကျေးဇူးပြု၏။

"ပုညအားသာ။အဝိဇ္ဇာ။တပ်ရာနှစ်ပစ္စည်း၊"

ပစ္စည်းပြုပုံကား။ ။အဝိဇ္ဇာ၏အပြစ်ကိုရှု၍ ၎င်းအဝိဇ္ဇာကိုလက္ခဏာ ရေးဖြင့်ဆင်ခြင်၍ ပုညာဘိသင်္ခါရဖြစ်သောအခါ။၎င်းအဝိဇ္ဇာသည်ပုညာ ဘိသင်္ခါရအား၊အာရမ္မဏပစ္စယသတ္တိဖြင့်ကျေးဇူးပြု၏။

အဝိဇ္ဇာကိုလွန်မြောက်ရန် ဘာဝနာကုသိုလ်တရားကို ကြိုးစားရာ၌ ၎င်း၊အဝိဇ္ဇာဖုံးလွှမ်းသည့်အတွက်ကာမရူပကိုအကောင်းထင်၍၊၎င်းကာ မရူပဘုံသို့ရောက်ရန်ပုညာဘိသင်္ခါရကိုအားထုတ်ရာ၌၎င်း၊အဝိဇ္ဇာသည် ပုညာဘိသင်္ခါရအားပကတူပနိဿယသတ္တိဖြင့်ကျေးဇူးပြု၏။

အဝိဇ္ဇာသည်အာနေဉ္ဇာဘိသင်္ခါရအား ပကတူပနိဿယသတ္တိတပါး ဖြင့်သာကျေးဇူးပြု၏။

"အာနေဉ္ဇမှာ၊အဝိဇ္ဇာ။တပ်ရာတခုတည်း။"

ပစ္စည်းပြုပုံကား၊ ။အဝိဇ္ဇာဖုံးလွှမ်းသည့်အတွက် အရူပဘုံကို အ မြတ်ထင်၍။၎င်းဘုံသို့ရောက်ရန်အာနေဉ္ဇာဘိသင်္ခါရကိုအားထုတ်ရာ၏။

အဝိဇ္ဇာသည်အာနေဉ္ဇာဘိသင်္ခါရအားပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြု၏။

ပေါင်းရုံးသော်။ အဝိဇ္ဇာသည်သင်္ခါရ-၃-ပါးအား-၁၅-ပစ္စည်းဖြင့် ကျေးဇူးပြု၏။

## (၂) သင်္ခါရပစ္စယာဝိညာဏံ။

သင်္ခါရကြောင့်ဝိညာဏ်ဖြစ်သည်ဆိုရာ၌။ ။ဝိညာဏ်အရကား၊

(၅၀၃) သန္ဓိပဝတ္တိ။နှစ်မျိုးရှိ။ဝိပါက်ဝိညာဏာ။

ဟူသည်နှင့်အညီ။ပဋိသန္ဓိပဝတ္တိဖြစ်ကြသောလောကီဝိပါက်-၃၂-ပင်တည်း။ ။အပုညာဘိသင်္ခါရကြောင့် ပဋိသန္ဓေအခိုက်၌ အကုသလဝိပါက် ဥပေက္ခာသန္တီရဏဝိညာဏ်ဖြစ်၏။ ပဝတ္တိ၌ အကုသလဝိပါက်ဝိညာဏ်-၇-ဖြစ်၏။ ။ကာမာဝစရပုညာဘိသင်္ခါရကြောင့် ပဋိသန္ဓေအခိုက်၌ကုသလဝိပါက် ဥပေက္ခာသန္တီရဏ-၁။မဟာဝိပါက်-၈-တည်းဟူသောဝိညာဏ်-၉-ပါးဖြစ်၏။ ပဝတ္တိ၌အဟိတ်ကုသလဝိပါက်-၈။ မဟာဝိပါက်-၈-တည်းဟူသောဝိညာဏ်-၁၆-ပါးဖြစ်၏။ရူပါဝစရပုညာဘိသင်္ခါရကြောင့် ပဋိသန္ဓိ၊ပဝတ္တိ-၂-ပါး၌ရူပဝိပါက် ဝိညာဏ်-၅-ပါးဖြစ်၏။ ။အာနေဉ္ဇာဘိသင်္ခါရကြောင့်ပဋိသန္ဓိ။ ပဝတ္တိ-၂-ပါး၌ အရူပဝိပါက်ဝိညာဏ်-၄-ခုဖြစ်၏။ ။သင်္ခါရသည် ဝိညာဏ်အား ပကတူပနိဿယ၊နာနာက္ခဏိကကမ္မ-၂-ပစ္စယသတ္တိဖြင့်ကျေးဇူးပြု၏။

"သင်္ခါရကား။ဝိညာဏ်အား။တပ်ပြားနှစ်ပစ္စည်း။"

## (၃) ဝိညာဏပစ္စယာနာမရူပံ။

ဝိညာဏ်ကြောင့်၊နာမ်၊ရုပ်ဖြစ်သည်ဆိုရာ၌။ ။နာမ်၊ရုပ်အရကား။

(၅၀၄) စေတသိက်မှု။နာမ်ဟုယူ၊ရုပ်မူကမ္မဇာ။

ဟူသည်နှင့်အညီ။ဆိုအပ်ခဲ့ပြီးသောဝိပါက်ဝိညာဏ်-၃၂-ခုတို့၌ယှဉ်သောစေတသိက်-၃၅-သည်နာမ်မည်၏။ ။ကမ္မဇရုပ်သည်´ဤနေရာ၌ရုပ်မည်၏၊

(၅၀၅) ဝိညာဏ်နည်းတူ။နှစ်မျိုးယူ။အတူယှဉ်မကွာ၊

ဟူသည်နှင့်အညီ။ဝိညာဏ်သည်ပဋိသန္ဓေဝိညာဏ်။ ပဝတ္တိဝိညာဏ်

၂-မျိုးရှိသကဲ့သို့။နာမ်ရုပ်ကိုလည်း။ပဋိသန္ဓေနာမ်ရုပ်။ ပဝတ္တိနာမ်ရုပ်ဟူ၍-၂-မျိုးယူရမည်၊ ။ပဋိသန္ဓေဝိညာဏ်သည်သမ္ပယုတ်ဖြစ်သော စေတသိက်နာမ်အား။ သဟဇာတ၊အညမညာ၊နိဿယ၊ဝိပါက၊ အာဟာရ၊ ဣန္ဒြိယ၊သမ္ပယုတ္တ၊အတ္ထိ၊အဝိဂတ-၉-ပစ္စယသတ္တိဖြင့်ကျေးဇူးပြု၏။

''ဝိပါက်ဝိညာဉ်။နံအားလျှင်။တပ်ချင်ကိုးပစ္စည်း။''

ထိုပဋိသန္ဓေဝိညာဏ်သည်ပဋိသန္ဓေကမ္မဇဟဒယဝတ္ထုရုပ်အားယခင်၉-ပစ္စည်းတို့တွင်သမ္ပယုတ္တကိုနုတ်၊ ဝိပ္ပယုတ္တကိုထည့်၍-၉-ပစ္စယသတ္တိဖြင့်ကျေးဇူးပြု၏။ ။ဟဒယဝတ္ထုမှတပါးသော ကမ္မဇရုပ်အား ပထမ၉-ပစ္စည်းတွင်အညမညာ၊သမ္ပယုတ္တကိုနုတ်၊ ဝိပ္ပယုတ္တကိုထည့်၍-၈-ပစ္စယသတ္တိဖြင့်ကျေးဇူးပြု၏။

''ဝတ္ထုအားသာ။နဝဓာ။ကြွင်းမှာရှစ်ပစ္စည်း၊''

ပရမတ္ထသံခိပ်နည်းအတိုင်းသာ ဤမှာဆိုသည်၊ ။ဝိညာဏ်အခရကိုအမျိုးမျိုးယူပုံ။နာမ်ရုပ်အခရကိုအမျိုးမျိုးယူပုံတို့ကားများစွာရှိသေး၏။

(၄) နာမရူပပစ္စယာသဠာယတနံ။

နာမ်ရုပ်ကြောင့်,သဠာယတနဖြစ်သည်ဆိုရာ၌။ ။သဠာယတန အရကား။

(၅၀၆) သဠာယတန၊ခြောက်ဒွါရ။မနဝိပါက်သာ။

ဒွါရခြောက်ပါးသည်ဤ၌သဠာယတနမည်၏။ ။ဒွါရခြောက်ပါးကား။

(၁၂၅) စက်,သော,ဃာ,ဇိ,။ကာ,မနီ။ခြောက်ထ်ဒွါရမှတ်။

ဟူသည်နှင့်အညီ။စက္ခု၊သောတ၊ဃာန၊ဇိဝှါ၊ကာယဟုဆိုအပ်သော ရုပ်ဒွါရ-၅-ပါး။မနောဒွါရ-၁-ပါး။ဤခြောက်ပါးတည်း။ ။မနဝိပါက်သာဆိုခြင်းကြောင့်ဤ၌လောကီဝိပါက်-၃၂-ကိုမနာယတနခေါ်ပါသည်။

ဤ၌နာမ်ရုပ်ကား။ ဝိပါက်၌ ယှဉ်သော စေတသိက်-၃၅-တည်းဟူသောခန္ဓာ-၃-ပါးသည်နာမ်မည်၏။ ။ကမ္မဇမဟာဘုတ်-၄-ပါး၊စက္ခု၊သောတ၊ဃာန၊ဇိဝှါ၊ကာယ၊ဟဒယ၊ဇီဝိတ၊ဩဇာ။ ဤရုပ်-၁၂-ပါးသည်ရုပ်မည်၏။

''သုံးပါးခန္ဓာ၊နံမှတ်ပါ။စေ,သာဝိပါက်ဖြစ်။''

''ဝတ္ထု,ဘူတ,၊အာဟာရ၊ဇီဝ,ရုပ်-ဆဲ့နှစ်။''

ဝိပါက်စေတသိက် ခန္ဓာ-၃-ပါးတည်းဟူသော နာမ်သည် သဟဇာတမနာယတနအားသဟဇာတ၊ အညမညနိဿယ၊ဝိပါက၊ သမ္ပယုတ္တ၊ အတ္ထိ၊အဝိဂတ။ ဤ-၇-ပစ္စယသတ္တိတို့ဖြင့်ကျေးဇူးပြု၏။

"ဝိပါက်နာမ်ကား။မနအား၊တဝ်ငြားသတ္တခါ။"

ဤဝိပါက်စေတသိက်ခန္ဓာ-၃-ပါးတို့တွင်။ အလောဘ၊အဒေါသ၊ အမောဟသက်သက်ခွဲ၍ပစ္စည်းတပ်လျှင်။ယခင်-၇-တွင်ဟေတုထည့်၍-၈-ပစ္စည်းတပ်၏။ ။စေတနာဖြစ်လျှင်သဟဇာတကမ္မကိုထည့်။ ။ဖဿ၊စေတနာဖြစ်လျှင်အာဟာရကိုထည့်။ ။ဝိစာရ၊ ပီတိဖြစ်လျှင် ဈာနကိုထည့်။ ။ဝေဒနာ၊ဇီဝိတ၊သဒ္ဓါဖြစ်လျှင် ဣန္ဒြိယကိုထည့်။ ။သတိ၊ဝီရိယ၊ပညာဖြစ်လျှင်ဣန္ဒြိယ၊မဂ္ဂကိုထည့်၊ ။ဧကဂ္ဂတာဖြစ်လျှင်ဣန္ဒြိယ၊ဈာန၊မဂ္ဂထည့်၍-၁၀-ပစ္စည်းတပ်၏၊ ။ဤသို့သိလေ။ ။ဝိပါက်စိတ်ဟူသမျှမှာ စေတသိက်ယှဉ်ကိုရှု၍ပစ္စည်းတပ်ပုံကိုသိ။ ပဥ္စဝိညာဏ်မှာစေတသိက်-၇-သာရသည်ဖြစ်၍ဟေတု၊ဈာန၊မဂ္ဂတို့နှင့်မဆိုင်။ယခင်-၇-ပစ္စည်းတွင် ကမ္မ၊အာဟာရ၊ဣန္ဒြိယတို့ကိုထိုက်သည့်အားလျော်စွာထည့်၍ဝေတန်လေ။

စတုဝေါကာရဘုံ၌။ပဋိသန္ဓိ၊ပဝတ္တိ-၂-ပါး၌စေတသိက်နာမ်ရသည် မနာယတနအားသာပြဆိုခဲ့ပြီးသောအတိုင်း ပစ္စည်းတပ်၏။ ရုပ်မရှိ၍ရုပ်နှင့်မဆိုင်။

ပဉ္စဝေါကာရပဋိသန္ဓေအခါဝိပါက်နာမ်စေတသိက်ခန္ဓာ-၃-ပါးတို့သည်ပဋိသန္ဓေစိတ်ဟုဆိုအပ်သောမနာယတနအားဆိုခဲ့ပြီးအတိုင်းသဟဇာတ၊အညမည နိဿယ၊ဝိပါက၊သမ္ပယုတ္တ၊အတ္ထိ၊အဝိဂတ။ ဤ-၇-ပစ္စယသတ္တိဖြင့်ကျေးဇူးပြု၏၊ ။ဟဒယဝတ္ထုရုပ်သည်ပဋိသန္ဓေမနာယတနအားဆိုခဲ့ပြီးသော-၇-တွင်ဝိပါက၊သမ္ပယုတ္တကိုနုတ်၊ ဝိပ္ပယုတ္တကိုထည့်၍-၆-ပစ္စယသတ္တိဖြင့်ကျေးဇူးပြု၏။

"ဝတ္ထုရုပ်ကား။မနအား။တပ်ငြားခြောက်ပစ္စည်း။"

ပဝတ္တိအခါရှေးရှေးစိတ်နှင့်တူပြိုင် ဥပါဒ်သော ဟဒယဝတ္ထုသည်ဝိပါက်မနာယတနအားနိဿယ၊ပုရေဇာတ၊ဝိပ္ပယုတ္တ၊အတ္ထိ၊အဝိဂတ-၅-ပစ္စယသတ္တိဖြင့်ကျေးဇူးပြု၏။

"ပဝတ္တိအခါ။တပ်သည်မှာ။မှတ်ပါငါးပစ္စည်း။"

မဇ္ဈိမာယုကဖြစ်သောပဉ္စာယတနသည်ပဉ္စဝိညာဏ်မနာယတနအား

နိဿယ၊ပုရေဇာတ၊ဣန္ဒြိယ၊ ဝိပ္ပယုတ္တ၊အတ္ထိ၊ အဝိဂတ-၆-ပစ္စယသတ္တိ
ဖြင့်ကျေးဇူးပြု၏။

"ဝတ္ထုငါးပါး။မနအား။တပ်ပြားခြောက်ပစ္စည်း။"

ပဉ္စဝေါကာရပဋိသန္ဓေအခါ။ဝိပါက်စေတသိက် နာမ်ခန္ဓာ-၃-ပါးတို့သည်ပဉ္စာယတနအားသဟဇာတ၊နိဿယ၊ဝိပါက၊ဝိပ္ပယုတ္တ၊အတ္ထိ၊အဝိဂတ-၆-ပစ္စယသတ္တိဖြင့်ကျေးဇူးပြု၏။

"ဝိပါက်နံကား။စက္ခု၊အား။တပ်ပြားခြောက်ပစ္စည်း။"

ပဝတ္တိအခါ။ရင်းစေတသိက်ဝိပါက်နာမ်ခန္ဓာ-၃-ပါးတို့သည်ပဉ္စာယတနအားပစ္ဆာဇာတ၊ဝိပ္ပယုတ္တ၊အတ္ထိ၊အဝိဂတ-၄-ပစ္စယသတ္တိဖြင့်ကျေးဇူးပြု၏။

"ပဝတ္တိအခါ။ဖြစ်ခဲ့ပါ။တပ်ရာလေးပစ္စည်း။"

ဤကား ရုပ်နာမ်-၂-ပါးတို့ ထိုက်သည်အား လျော်စွာ ကျေးဇူးပြုပုံတည်း။

ရုပ်သည်ရုပ်အားကျေးဇူးပြုပုံကား။ ။မဟာဘုတ်-၄-ပါးတို့သည်ကလာပ်တူပဉ္စာယတနအားသဟဇာတ၊နိဿယ၊ အတ္ထိ၊အဝိဂတ-၄-ပစ္စယသတ္တိဖြင့်ကျေးဇူးပြု၏။

"ဘူတရုပ်ကား။စက္ခု၊အား။လေးပါးပစ္စယာ။"

ရုပ်ဇီဝိတသည်ကလာပ်တူပဉ္စာယတနအားဣန္ဒြိယ၊အတ္ထိ၊ အဝိဂတ-၃-ပစ္စယသတ္တိဖြင့်ကျေးဇူးပြု၏။

"ဇီဝိတကား။စက္ခု၊အား။သုံးပါးပစ္စယာ။"

ကာမဘုံ၌ကမ္မဇဩဇာသည် ကလာပ်တူကလာပ်ပြား ပဉ္စာယတနအားအာဟာရ၊အတ္ထိ၊အဝိဂတ-၃-ပစ္စယသတ္တိဖြင့်ကျေးဇူးပြု၏။

"အာဟာရကား။စက္ခု၊အား။သုံးပါးပစ္စယာ။"

ပေါင်းသော်နာမ်ရုပ်သည်သဠာယတနအား-၁၆-ပစ္စည်းတပ်၏။

## (၅) သဠာယတနပစ္စယာဖဿော။

သဠာယတနကြောင့်ဖဿဖြစ်သည်ဆိုရာ၌၊ ။ဖဿအရကား။

(၅၀၇) ဝိညာဏ်ခြောက်ဝ။ယှဉ်တုံကြ။ဖဿဝေဒနာ၊

ဟူသည်နှင့်အညီ။စက္ခုဝိညာဏ်စသောဝိညာဏ်-၆-ပါးနှင့်ယှဉ်စပ်၍

ဖဿ ၆-ပါးဖြစ်၏။ စက္ခုသမ္ဖဿ စသည်ဆိုလေ။ ။စက္ခာယတနသည်စက္ခုသမ္ဖဿအား နိဿယ၊ပုရေဇာတ၊ဣန္ဒြိယ၊ဝိပ္ပယုတ္တ၊အတ္ထိ၊အဝိဂတ-၆-ပစ္စယသတ္တိဖြင့်ကျေးဇူးပြု၏။ ။သောတာယတနစသည်တို့ကလည်း သောတသမ္ဖဿစသည်တို့အား၌နည်းအတိုင်းပင်သိ။

"ပဋ္ဌာယတန၊ငါးဖဿ။တပ်ရခြောက်ပစ္စည်း၊"

သဠာယတနအရတွင်၊မနာယတနကိုဝိပါက်ကိုယူခဲ့သောအတိုင်းမနာယတနသည် မနောသမ္ဖဿအားသဟဇာတ၊အညမည၊နိဿယ၊ဝိပါက၊အာဟာရ၊ ဣန္ဒြိယ၊ သမ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ-၉-ပစ္စယသတ္တိဖြင့်ကျေးဇူးပြု၏။

"မနသေဘ်ကား။ဖဿအား၊ကိုးပါးတပ်သတည်း။"

(၆) ဖဿပစ္စယာဝေဒနာ၊

ဖဿကြောင့်ဝေဒနာဖြစ်သည်ဟူရာ၌၊ ။ဝေဒနာသည်ဖဿအမည်ကိုစွဲ၍။စက္ခုသမ္ဖဿဇာဝေဒနာစသည်ဖြင့်-၆-ပါးအပြားရှိ၏။ ။ဖဿသည်သဟဇာတ်ဝေဒနာအား သဟဇာတ၊အညမည၊နိဿယ၊ဝိပါက၊အာဟာရ၊သမ္ပယုတ္တ၊အတ္ထိ၊အဝိဂတ-၈-ပစ္စယသတ္တိဖြင့်ကျေးဇူးပြု၏။

"ဝေဒနာအား။ဖဿကား။ရှစ်ပါးတပ်ပစ္စည်း။"

(၇) ဝေဒနာပစ္စယာတဏှာ၊

ဝေဒနာကြောင့်တဏှာဖြစ်သည်ဆိုရာ၌။ ။တဏှာအရကား။

(၁၀၈) ခြောက်ပါးအာရုံ၊သာယာတုံ၊ခြောက်ရုံညစ်တဏှာ။

ဟူသည်နှင့်အညီ။အာရုံခြောက်ပါး၌ သာယာသည်ကိုစွဲ၍ တဏှာ-၆-ပါးရှိ၏။ ။ရူပတဏှာ။လ။ဓမ္မတဏှာ။ဓမ္မတဏှာ။ ။ဓမ္မတဏှာဆိုသည်ကား၊

(၁၄၀) စိတ်,စေတသိက်,။နိဗ်,ရုပ်,အကြွင်း။ပညတ်,အများ။၌ ၅-ပါး။မှတ်သားဓမ္မာရုံ။

ဟူသည်နှင့်အညီ။ လောကီစိတ်-၈၁။စေ-၅၂။ပသာဒရုပ်-၅။ သုခုမ

ရုပ်-၁၉။ ပဉ္စတ်ဟုဆိုအပ်သော တဏှာ၏နယ်ဖြစ်သော ဓမ္မာရုံကိုတပ်သောတဏှာတည်း။ ။ဝေဒနာသည် တဏှာအား။ ပကတူပနိဿယသတ္တိတပါးဖြင့်သာကျေးဇူးပြု၏။

"ဝေဒနာကား။တဏှာအား။တပ်ငြားတပစ္စည်း။"

ဝိပါက် ဝေဒနာကိုသာ ဝေဒနာ အရယူသောကြောင့်။ သဟဇာတတဏှာကိုပဋိစ္စသမုပ္ပါဒ်နည်းအားဖြင့်ပစ္စည်းမတပ်နိုင်။ ။ဒုက္ခဝေဒနာသည်တဏှာအား အဘယ်သို့ပစ္စည်းပြုသနည်းဟူမူ။ ၎င်းဒုက္ခဝေဒနာရှိသောသူသည်။ဒုက္ခဝေဒနာကိုစက်ဆုပ်ကြောက်လန့်၍။ သုခဝေဒနာကိုတောင့်တသောတဏှာဖြစ်၏။ ထိုအခါဒုက္ခဝေဒနာသည်တဏှာအား ပကတူပနိဿယသတ္တိဖြင့်ကျေးဇူးပြု၏။ ။ဒေါမနဿဝေဒနာ။ဥပေက္ခာဝေဒနာတို့ကိုလည်းကြံ၍သိလေ။

(ဂ) တဏှာပစ္စယာဥပါဒါန်။

တဏှာကြောင့်ဥပါဒါန်ဖြစ်သည်ဆိုရာ၌၊ ။ဥပါဒါန်အရကား။

(၅၀၉) ကာမ,ဒိဋ္ဌိ၊ သီလဗ္ဗတ,။ အတ္တဝါဒသန်။ ဥပါဒါန်။လေးတန်သရုပ်ပြာ။

ဟူသည်နှင့်အညီ။ကာမုပါဒါန်၊ဒိဋ္ဌုပါဒါန်၊ သီလဗ္ဗတုပါဒါန်၊ အတ္တဝါဒုပါဒါန်ဟူ၍လေးပါးရှိ၏၊ ။တဏှာနှင့်ဥပါဒါန်ထူးခြားပုံကား။ ။တခုသောအာရုံ၌ ပထမလက်ဦးတည့်ထောင် သာယာမှုသည် တဏှာ၏ကိစ္စ။၎င်းအာရုံ၌နောက်ထပ်၍စွဲလမ်းနေခြင်းသည်ဥပါဒါန်၏ကိစ္စ။

"ရှေ့ဖြစ်တဏှာ။နောက်ဖြစ်ခါ။ဥပါဒါန်ဖြစ်မြဲ။"

တနည်း။အားနည်းသောလောဘသည်တဏှာ။အားကြီးလျှင်ဥပါဒါန်။

"အားနည်းတဏှာ။အားကြီးခါ၊ဥပါဒါန်ခေါ်မြဲ။"

တနည်း။ အလိုနည်းခြင်း အပိစ္ဆတာ ဂုဏ်၏ ဆန့်ကျင်ဘက်သည် တဏှာ။ ရောင့်ရဲ လွယ်ခြင်း သန္တောသ ဂုဏ်၏ ဆန့်ကျင်ဘက်သည် ဥပါဒါန်။

"အပိစ္ဆတာ။သန္တောသာ။စဉ်ကာဆန့်ကျင်မြဲ။"

တနည်း။ရှာမှီးခြင်း ပရိယေသန ဒုက္ခ၏ အကြောင်း လောဘသည် တဏှာ။ ရှာမှီး၍ရပြီးကိုစောင့်ရှောက်ရခြင်း အာရက္ခဒုက္ခ၏ အကြောင်း လောဘသည်ဥပါဒါန်။

"ပရိယေသန။အာရက္ခ။မူလစဉ်၍တွဲ။"

ဤသို့တဏှာ။ဥပါဒါန်-၂-ပါးထူးပုံကိုသိ။

ရှေ့ဖြစ်သောတဏှာသည်နောက်ဖြစ်သောကာမုပါဒါန်အား ပကတူပနိဿယသတ္တိဖြင့်ကျေးဇူးပြု၏။

"တဏှာသည်ကား။ကာမအား။တပ်ငြားကေခေ။"

တဏှာသည်ကာမုပါဒါန်မှတပါးသော ဥပါဒါန်-၃-ပါးအား ဟေတု၊သဟဇာတ၊အညမည၊နိဿယ၊သမ္ပယုတ္တ၊အတ္ထိ၊ အဝိဂတ-၇-ပစ္စယသတ္တိဖြင့်ကျေးဇူးပြု၏။

"ကာမုပါဒါန်။မှကြွင်းကျန်။တပ်ဟန်သတ္တခေ။"

ပကတူပနိဿယလည်းတပ်နိုင်၏။

## (၉) ဥပါဒါနပစ္စယာဘဝေါ။

ဥပါဒါန်ကြောင့်ဘဝဖြစ်သည်ဆိုရာ၌။ ။ဘဝသည် ကမ္မဘဝ၊ဥပပတ္တိဘဝဟူ၍-၂-ပါးပြားပြန်၏။ ။ကမ္မဘဝအရကား။

(၅၀၀) ကုသလာ,ကုသလ။ကမ္မပထံ။ဤနှစ်တန်။ကမ္မဘဝသာ။

ဟူသည်နှင့်အညီ။ကမ္မပထမြောက်သောကုသိုလ်။အကုသိုလ်ကံ-၂-ပါးသည်ကမ္မဘဝမည်၏။ လောကီကုသိုလ် အကုသိုလ်စေတနာ ၃၃-ဆိုလိုသည်။

ဥပါဒါန်-၄-ပါးသည်သဟဇာတ်မဟုတ်သောကမ္မဘဝအားပကတူပနိဿယသတ္တိဖြင့်ကျေးဇူးပြု၏။ ။ကာမုပါဒါန်သည် သဟဇာတ်ကမ္မဘဝအားဟေတု၊သဟဇာတ၊အညမည၊နိဿယ၊ သမ္ပယုတ္တ၊အတ္ထိ၊အဝိဂတ-၇-ပစ္စယသတ္တိဖြင့်ကျေးဇူးပြု၏။ ။ကြွင်းဥပါဒါန်-၃-ပါးသည် သဟဇာတ်ကမ္မဘဝအားယခင်-၇-တွင်ဟေတုကိုနှုတ်။ မဂ္ဂကိုထည့်၍ ၇-ပစ္စယသတ္တိဖြင့်ကျေးဇူးပြု၏၊ ။ဥပါဒါန်လေးပါးသည်အခြားမဲ့ကမ္မ

ဘဝအားအနန္တရ၊သမနန္တရ၊ အနန္တရူပနိဿယ၊ အာသေဝန၊နတ္ထိ၊ ဝိဂတ-၇-ပစ္စယသတ္တိဖြင့်ကျေးဇူးပြု၏။ ။အလေးအမြတ်အာရုံပြုခံသော ဥပါဒါန်-၄-ပါးသည်အလေးအမြတ်အာရုံပြုသောကမ္မဘဝအား အာရမ္မဏ၊အာရမ္မဏာဓိပတိ၊အာရမ္မဏူပနိဿယ-၃-ပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ ။ပေါင်းသော် ဥပါဒါန်-၄-ပါးသည်ကမ္မဘဝအား-၁၇-ပစ္စည်းတပ်၏။

"ဥပါဒါန်ကား။ဘဝအား။တပ်ပြားသတ္တရသ်။"

ဥပပတ္တိဘဝအရကား။

(၅၁၁) ဝိပါက်ခန္ဓာ။ကဋတ္တာဟု။ရုပ်နာမ်ရု။ဥပပတ္တိသာ။

ဟူသည်နှင့်အညီ။လောကီဝိပါက်-၃၂။ စေ-၃၅။ကမ္မဇရုပ်-၁၈။ ဤနာမ်ရုပ်ရသည်ဥပပတ္တိဘဝမည်၏။ ။ကမ္မဘဝအတွက်ကြောင့်အကျိုးဖြစ်ရသောလူကောင်နတ်ကောင်စသည်ကိုဥပပတ္တိဘဝဆိုသည်။ ကာမဘဝစသောဘဝကိုးပါးဆိုသည်လည်းဤဥပပတ္တိ၏အစိတ်တို့တည်း။

ဥပါဒါန်လေးပါးသည် ဥပပတ္တိဘဝအား ပကတူပနိဿယသတ္တိဖြင့်ကျေးဇူးပြု၏။ကမ္မဇရုပ်ကိုလည်းသုတ္တန်နည်းအားဖြင့် ပကတူပနိဿယပစ္စည်းတပ်၏။သုတ္တန်နည်းအလိုအားဖြင့်ရုပ်သည်လည်းပကတူပနိဿယ၏ပစ္စယုပ္ပန်ဖြစ်နိုင်၏။ ။ကမ္မဘဝနှင့်သင်္ခါရအတူတူမကွဲပြားဟုမှတ်။

(၁၀) ဘဝပစ္စယာဇာတိ။

ဘဝကြောင့်ဇာတိဖြစ်သည်ဆိုရာ၌၊ ။ဘဝအရ ကမ္မဘဝကိုယူ။ ဇာတိဆိုသည်ကား ကမ္မဘဝကြောင့် ဖြစ်သော ရုပ်နာမ်တရားတို့၏ဖြစ်ပေါ်မှုပင်ဖြစ်၍။ဥပပတ္တိဘဝသည်ပင်လျှင်ဇာတိဟုဆိုသော်ဆိုရ၏။ ။ ဇာတိဇရာမရဏတို့သည်ဥပပတ္တိဂုဏ်တို့တည်း။ ။ထိုကြောင့်။

(၅၁၂) ဖြစ်မှု,ရင့်မှု,။ပျက်ဆုံးမှု,။ဥပပတ္တိဘဝမှာ။

ဟူ၍ဆိုသည်။ ။ကမ္မဘဝနှင့်ဥပပတ္တိဘဝသည်အကြောင်းအကျိုးဖြစ်၏။

ဘဝသည်ဇာတိအားပကတူပနိဿယ၊ နာနာက္ခဏိကကမ္မ-၂-ပစ္စယ သတ္တိဖြင့်ကျေးဇူးပြု၏။

"ဘဝသည်ကား။ ဇာတိအား။ နှစ်ပါးတင်ပစ္စည်း။"

(၁၁) ဇာတိပစ္စယာဇရာမရဏာဒယော။

ဇာတိကြောင့် ဇရာဖြစ်သည် ဆိုရာ၌။ ။ဇာတိသည် ဇရာစသော တရားတို့အားသုတ္တန်နည်းအားဖြင့်ပကတူပနိဿယပစ္စည်းတပ်၏။

"ယင်းသည်ဇာတိ။ ဇရာဒိ။ တပ်ဘိတပစ္စည်း။"

မရဏ သောက၊ ပရိဒေဝ တို့အားလည်း ဤနည်း အတိုင်း ပစ္စည်း တပ်၏။

ဤအရာ၌။ ပရမတ္ထသဘာဝအားဖြင့် ရုပ်တို့၏အသက်သည်စိတ္တက္ခဏ ၁၇-ချက်ရှိသျှင် ခဏတိုင်း ချုပ်ဆုံးကွယ်ပျောက်မြဲဖြစ်၍။ အဘယ်ရုပ် ထက်အဘယ်ရုပ်အိုမင်း၏ဟူ၍ ပရမတ္ထအားဖြင့် မရှိနိုင်။ သွားကြွေခြင်း ဆံပြုခြင်းစသောပညတ္တိဇရာသည် ကြီးရင့်သောသူတို့၌သာ ထင်ရှား၍ ငယ်နုသောသူတို့၌အဘယ်ကြောင့်မထင်ရှားသနည်းဟူမူ။ ။အကြင်ဂဗ္ဘ သေယျကသတ္တဝါသည် ပထမကလလရေကြည်စသော ရှေးရှေးရုပ်တို့ ၏ရင့်ရော်သော အခိုက်၌ပေါက်ပွါးသောဥတုဇအာဟာရဇရုပ်တို့သည်၊ မိမိတို့၏အကြောင်းရင်းဖြစ်သောဥတုဩဇာ-၂-ပါးတို့ရင့်သျှင်ရင့်သည် အားလျော်စွာဖြစ်ကြရကုန်၏။ ယင်းဥတုဩဇာတို့သည် ငှါအခိုက်တည်း ဟူသောဇရာကာလ၌သာရုပ်ကိုပေါက်ပွါးစေနိုင်၏၊ ပေါက်ပွါးသောဥ တုဇ၊ အာဟာရဇ တို့သည်မိမိတို့အကြောင်းရင်းရုပ်အောင်အားနည်းချည့် နဲ့၏၊ အဆင့်ဆင့်ဤနည်းအတိုင်းသားမြေး မြစ်အစဉ်အတိုင်းသိလေ။ ။ တခုသောတောဇောကြောင့်ဖြစ်သောဥတုဇတို့တွင်လည်း စောစောစီးစီး သစ်သစ်လတ်လတ်ငှါတုန်းကဖြစ်သောရုပ်သည် အတော်သစ်လွင်ပျိုနု၏။ နောက်ကျသော ငှါမှဖြစ်သောရုပ်သည် ချည့်နဲ့၏စသည်ဖြင့်သိလေ။ ။ ထိုသို့ဖြစ်သောကြောင့် အသက်ကြီးရင့်သောအခါ အဆင့်ဆင့် ရင့်ရော် ရင့်ရော်၍သာသောဥတု၊ အာဟာရတို့မှအဆင့်ဆင့်ဖြစ်ရသောရုပ်တို့သည် ရင့်ရော်သည်ထက်ရင့်ရော်ခြင်း တိုးတက်လာသဖြင့်၊ အသားအရေပုံနေ အဟန်သဏ္ဌာန်တမျိုးသွားကျိုးဆံပြုခြင်းစသော ပါကဋဇရာသည်ထင်

ရွှာပေါ်ပေါက်လာ၏။ ။ထိုကြောင့်ရူပကဏ္ဍအာဘွင့်မူလဋိကာ၌။ ။ကလလတော ပဘုတိ ပုရိမရူပါနံ ဇရာပတ္တက္ခဏေဥပ္ပန္နာနိပစ္ဆိမရူပါနိပရိပက္ကရူပါနုရူပါနေဝဥပ္ပဇ္ဇန္တိတိ သုပရိဏတ ရူပပရိပက္ကကာလေ ဥပ္ပန္နာနိ ပစ္ဆိမရူပါနိခဏ္ဍိစ္စာဒိသဘာဝါနေဝဟောန္တိ၊ ။ဟူ၍မိန့်၏။ ။အနက်ကား။ ။ကလလတော။ကလလရေကြည်အခါမှ။ပဘုတိ၊စ၍။ပုရိမရူပါနံ။ရှေးရှေး၌ဖြစ်ကုန်သောရုပ်တို့၏။ဇရာပတ္တက္ခဏေ။ဇရာသို့ရောက်သောအခိုက်၌၊ဥပ္ပန္နာနိ။ဖြစ်ကုန်သော။ပစ္ဆိမရူပါနိ။နောက်နောက်ဖြစ်သောရုပ်တို့သည်။ပရိပက္ကရူပါနုရူပါနေဝ။ရင့်ခြင်းသို့ရောက်လေသော အကြောင်းရင်းရုပ်အားလျော်စွာတို့သာလျှင်။ ဥပ္ပဇ္ဇန္တိ။ ဥပါဒ်ပေါ်ကြကုန်၏၊ ဣတိတသ္မာ၊ထိုကြောင့်၊သုပရိဏတရူပပရိပက္ကကာလေ။အလွန်ရင့်လေပြီးသောရုပ်တို့၏ မြည့်ရွမ်းသောကာလ၌။ ဥပ္ပန္နာနိ။ ဖြစ်ကုန်သော။ ပစ္ဆိမရူပါနိ၊ နောက်နောက်ဖြစ်သောရုပ်တို့သည်။ခဏ္ဍိစ္စာဒိသဘာဝါနေဝ။ သွားကျိုးဆံပြူခြင်းစသောသဘောရှိကုန်သည်သာလျှင်။ဟောန္တိ။ကုန်၏။

ကမ္ဘဇရုပ်အားကြီးသောနတ်တို့မှာကားထိုကဲ့သို့အိုခြင်းမရှိလေ၊အာဟာရဇ၊ဥတုဇအားကြီးသော သတ္တဝါတို့၌သာ ပါကဋဇရာရှိရ၏၊ ။သစ်ပင်တို့၌လည်းထိုနည်းအတူဥတုဇအဆင့်ဆင့်အိုမင်းရင့်ရော်။ပါကဋဇရာပေါ်အောင်ဆောင်နေသည်ကိုသိလေ၊ ။အသက်တမ်းတိုရှည်ဖြစ်နေရခြင်း အကြောင်းလည်းယခင်ဆိုပြီး ဥတု၊ အာဟာရ-၂-ပါးတို့ဘန်ဆင်း၍ရုပ်တရားတို့၏ရင့်လွယ်။ရင့်ခဲ-၂-ပါးကိုခွဲ၍ဖြစ်ရလေသည်။ ။ဇရာ၌သိမှတ်ဘွယ်စကားရပ်။

ဇာတိကြောင့်သောကဖြစ်သည်ဆိုသဖြင့်။ယင်းသောကစသည်သည်လည်းအဝိဇ္ဇာနှင့်မကင်းရကား။ဇာတိကြောင့်အဝိဇ္ဇာဖြစ်၏ဟူ၍လည်းဆိုထိုက်ပြန်၏၊ ဇာတိသည်အဝိဇ္ဇာအားပကတူပနိဿယသတ္တိဖြင့်ကျေးဇူးပြု၏၊ ။အဝိဇ္ဇာဖြစ်လျှင် သင်္ခါရစသည် ဖြစ်ပြန်သောကြောင့်။ ငန္ဒီစွာသရုပ္ပါဒ်စက် လည်နိုင်လေ၏။ ။ဤပဋိစ္စသမုပ္ပါဒ် အင်္ဂါအဝိဇ္ဇာ စသောတရားတို့သည်ကိစ္စ-၂-ပါးစီရှိကြကုန်၏။ ။ပုံကား၊ ။အဝိဇ္ဇာသည် တွေဝေမိုက်မဲခြင်း မိမိကိစ္စ။ သင်္ခါရကိုဖြစ်ပေါ်စေရန် ကျေးဇူးပြုသော ကိစ္စ။ဤသို့စသည်ဖြင့်-၂-ပါးစီရှိကြ၏၊

အကျဉ်းချုပ်ဇယားပုံ။

| စိတ်မည် | အဝိဇ္ဇာ | သင်္ခါရ | ဝိညာဏ် | နာမ်ရုပ် | သဠာယတန | ဖဿ |
|---|---|---|---|---|---|---|
| ပစ္စည်းရ | ၁၅ | ၂ | ၁၀ | ၁၄ | ၁၁ | ၈ |
| စိတ်မည် | ဝေဒနာ | တဏှာ | ဥပါဒါန် | ဘဝ | ဇာတိ | ဇရာ |
| ပစ္စည်းရ | ၁ | ၈ | ၁၇ | ၂ | ၁ | * |

## (၁၃) အာဟာရ-၃-ပါးဖြင့်ပြခန်း။

ဖဿ၊စေတနာ၊ဝိညာဏ်၊ဤနာမ်အာဟာရ-၃-ပါးဖြင့်ပဋိစ္စသမုပ္ပါဒ်စက်လည်နိုင်လေ၏၊လည်ပုံကား။ ဖဿသည်ဝေဒနာ၊ တဏှာ၊ဥပါဒါန်၊ ကမ္မဘဝ၊ဤအင်္ဂါ-၄-ပါးကိုကျေးဇူးပြုလေ၏။ ၊ပစ္စည်းတပ်ပုံမှာဆိုခဲ့ပြီးအတိုင်းသိလောက်ပြီ။ ၊စေတနာဟာရ၊သင်္ခါရ၊ကမ္မဘဝ၊အဘူတ္။ ထိုကြောင့်စေတနာဟာရသည်ဥပပတ္တိဘဝဝိညာဏ်ကို ကျေးဇူးပြုလေ၏၊ဝိညာဏာဟာရသည်နာမ်ရုပ်၊သဠာယတန၊ ဖဿကိုကျေးဇူးပြုလေ၏၊ ။ဇာတိ၊ဇရာမရဏစသည်ဘ်ရှုနှင့်အဝိဇ္ဇာကားစေတနာဟာရ၏နယ်စေတနာဟာရ၏ကျေးဇူးခံသမားဟုမှတ်လေ။ ။ဤသို့နာမ်အာဟာရ-၃-ပါးဖြင့်ပဋိစ္စသမုပ္ပါဒ်လည်လေ၏။ ၊အကျဉ်းမှုကား၊ ဖဿာဟာရသည်စေတနာဟာရအားကျေးဇူးပြု၏၊ စေတနာဟာရသည် ဝိညာဏာဟာရအားကျေးဇူးပြု၏။ဝိညာဏာဟာရသည်ဖဿာဟာရအားကျေးဇူးပြုပြန်၏ဟုလှည့်လေ။ ။ရုပ်အာဟာရမူကား၊ ထိုက်သည့် အလျောက်စတုဇရုပ်ကိုပစ္စည်းပြုလေ၏။ ။ထိုသို့အာဟာရအတွက်ကြောင့် ပဋိစ္စသမုပ္ပါဒ်ဒုက္ခစက်ဖြစ်နေကြောင်းကိုလည်း။

"ယံကိဉ္စိဒုက္ခံသမ္ဘောတိ၊သဗ္ဗံအာဟာရပစ္စယာ။
အာဟာရာနံနိရောဓေန၊နတ္ထိဒုက္ခဿသမ္ဘဝေါ။"
( ၁၃ )

ဟူ၍သုတ္တန်ပါဠိတော်၌ဟောတော်မူ၏။ ။အနက်ကား။ ။ယံကိဉ္စိ၊ အလုံးစုံသော၊ဒုက္ခံ၊ ဒုက္ခဟူသမျှသည်။ အတ္ထိ၊ရှိ၏။ သဗ္ဗံ၊အလုံးစုံသော ဒုက္ခဟူသမျှသည်။ အာဟာရပစ္စယာ၊ အာဟာရ ဟူသော အကြောင်း ကြောင့်။သမ္ဘောတိ၊ ဖြစ်ပွားစည်ပင်ရ၏။အာဟာရာနံ၊ အာဟာရတရား တို့၏။နိရောဓေန၊ချုပ်ခြင်းကြောင့်။ ဒုက္ခဿ၊ဒုက္ခစက်၏။သမ္ဘဝေါ၊ ဖြစ် ခြင်းသည်။နတ္ထိ၊မရှိနိုင်။

အကျဉ်းချုပ်ဇယားပုံ။

| | | | | | |
|---|---|---|---|---|---|
| ဖဿနယ် | ဝေဒနာ | တဏှာ | ဥပါဒါန် | ကမ္မဘဝ | သင်္ခါရ |
| စေတနာနယ် | ဥပပတ္တိ | ဝိညာဏ် | ဇာတိ | ဇရာဒိ | အဝိဇ္ဇာ |
| ဝိညာဏ်နယ် | နာမ်ရုပ် | သဠာယတန | ဖဿ | * | * |

## (၁၄) ဝဋ်-၃-ပါးဖြင့်ပြခန်း။

''ကိလေ,ကမ္မ,၊ဝိပါက,၊သုံးဝဝဋ်စက်ဘွဲ့။''

ကိလေသဝဋ်၊ကမ္မဝဋ်၊ဝိပါကဝဋ်ဟူ၍။ဝဋ်-၃-ပါးရှိ၏။ ။ဝဋ္ဋတိ အဖွဲ့ဖွဲ့ပဝတ္တတိတိဝဋ္ဋံ။ ။ဝဋ္ဋတိ၊လည်တတ်၏၊အဖွဲ့ဖွဲ့။မပြတ် မလပ်မနေမနား။ပဝတ္တတိ၊အစဉ်ဖြစ်တတ်၏။ ဣတိ၊ထို့ကြောင့်။ဝဋ္ဋံ၊ဝဋ် မည်၏။ ။ငါကြိုဟ်။ ။ဝဋ်-၃-ပါးဖြင့်ပဋိစ္စသမုပ္ပါဒ်စက်လည်လေ၏။ ။ ပဋိစ္စသမုပ္ပါဒ်အင်္ဂါတို့တွင်။ အဝိဇ္ဇာ၊တဏှာ၊ဥပါဒါန်တို့သည် ကိလေသ ဝဋ်မည်ကုန်၏။ ။သင်္ခါရ၊ကမ္မဘဝတို့သည် ကမ္မဝဋ်မည်ကုန်၏။ ။ ဝိညာဏ်၊နာမ်ရုပ်၊သဠာယတန၊ဖဿ၊ဝေဒနာ၊ဥပပတ္တိဘဝ၊ဇာတိ၊ဇရာ စသည်တို့ကား။ဝိပါကဝဋ်မည်ကုန်၏။ ။ကိလေသဝဋ်လည်လျှင်ကမ္မ ဝဋ်လည်ရ၏။ကမ္မဝဋ်လည်လျှင်လည်းဝိပါကဝဋ်လည်ရ၏။ ဝိပါကဝဋ် လည်လျှင်လည်းကိလေသဝဋ်လည်ပြန်၏။ဤသို့အစဉ်အတိုင်း သံသရာ ခရီးလမ်းမှာ။နစ်ခမ်းမရှိအောင်လည်လေ၏။

အကျဉ်းချုပ်ဇယားပုံ။

| | | | | |
|---|---|---|---|---|
| ကိလေသဝဋ် | အဝိဇ္ဇာ | တဏှာ | ဥပါဒါန် | * |
| ကမ္မဝဋ် | သင်္ခါရ | ကမ္မဘဝ | * | * |
| ဝိပါကဝဋ် | ဝိညာဏ် | နာမ်ရုပ် | သဠာယတန | ဖဿ |
| ဝိပါကဝဋ် | ဝေဒနာ | ဥပပတ္တိ | ဇာတိ | ဇရာမိ |

ကိလေသဝဋ်သည်ကမ္မဝဋ်အားပစ္စည်းတပ်၏။ ကမ္မဝဋ်သည် ဝိပါကဝဋ်အားပစ္စည်းတပ်၏။ ဝိပါကဝဋ်လည်းတဖန်ကိလေသဝဋ်ကို ပစ္စည်းတပ်ပြန်၏။

(၁၅) သစ္စာဖြင့်ပြခန်း။

သာမညသုတ္တန်နည်းအားဖြင့်လောကီကုသိုလ် အကုသိုလ် စိတ္တုပ္ပါဒ်သည်သမုဒယသစ္စာမည်၏။ကြွင်းလောကီတရားရသည် ဒုက္ခသစ္စာမည်၏။ ။ပဋိစ္စသမုပ္ပါဒ်ကိုသစ္စာဖွဲ့သည်ရှိသော်။ ဝိညာဏ်၊နာမ်ရုပ်၊ သဠာယတန၊ဖဿ၊ဝေဒနာ၊ဥပပတ္တိဘဝ၊ ဇာတိ၊ ဇရာ စသည်တို့သည်ဒုက္ခသစ္စာမည်ကုန်၏။ ။အဝိဇ္ဇာ၊သင်္ခါရ၊ တဏှာ၊ဥပါဒါန်၊ ကမ္မဘဝသည် ဒုက္ခကိုဖြစ်စေသောကြောင့်သမုဒယသစ္စာမည်၏။ ။အဝိဇ္ဇာယတွေ့ဝ အသေသဝိရာဂနိရောဓာသင်္ခါရနိရောဓောစသည်ဖြင့်ပဋိစ္စသမုပ္ပါဒ်ဒုက္ခဇာတ်ကိုဖြတ်တောက်၍ဟောတော်မူအပ်သော၊

(၄၂၄) ဒုက္ခခပ်သိမ်း၊ချုပ်ပြတ်ငြိမ်း။ဇာတ်သိမ်းပြည်နိဗ္ဗာန်။ ဟူ၍ဆိုအပ်သောနိဗ္ဗာန်သည်နိရောဓသစ္စာမည်၏။ ။ထိုနိဗ္ဗာန်သို့ ရောက်ကြောင်းအကျင့်ကောင်းဖြစ်သော။

(၄၀၂) မဂ္ဂင်အဌ၊ထင်ရှားသှ၊ဝဋ်မှထွက်ကြောင်းသိ။ ဟူ၍ဆိုအပ်သောမဂ္ဂင်ရှစ်ပါးသည်မဂ္ဂသစ္စာမည်၏။

ဇယားပုံ။

| | | | | | |
|---|---|---|---|---|---|
| ဒုက္ခ | ဝိညာဏ် | နာမ်ရုပ် | သဠာယတန | ဖဿ | ဝေဒနာ |
| ဒုက္ခ | | ဥပပတ္တိ | ဇာတိ | ဇရာမရဏ | * |
| သမုဒယ | အဝိဇ္ဇာ | သင်္ခါရ | တဏှာ | ဥပါဒါန် | ကမ္မဘဝ |
| နိရောဓ | နိဗ္ဗာန် | * | * | * | * |
| မဂ္ဂ | မဂ္ဂင်၈ပါး | * | * | * | * |

တနည်းကား၊အသုံးစုံလောကီတရားဟူသမျှကိုဒုက္ခချည်းယူ။၎င်းဒုက္ခကိုဖြစ်စေသမျှသမုဒယချည်းယူ၊ ။အဝိဇ္ဇာသည်ဒုက္ခသစ္စာမည်၏။၎င်းအဝိဇ္ဇာ၏အကြောင်းဇာတိသည်သမုဒယသစ္စာမည့်၏။ ၎င်းအဝိဇ္ဇာ၏အဆုံးစွန်ဇာတ်သိမ်း ချုပ်ငြိမ်းခြင်းသည် နိရောဓသစ္စာမည်၏။ နိရောဓသို့ရောက်ကြောင်းမဂ္ဂင်သည်မဂ္ဂသစ္စာမည်၏။ ။သင်္ခါရသည်ဒုက္ခမည်၏။အဝိဇ္ဇာသည်သမုဒယမည်၏။သင်္ခါရ၏အဆုံးစွန်ချုပ်ခြင်းသည် နိရောဓမည်၏။နိရောဓသို့ရောက်ကြောင်းမဂ္ဂင်သည်မဂ္ဂမည်၏။ ဤသို့လျှင်အင်္ဂါတပါးတပါး၌ သစ္စာ-၄-ပါး-၄-ပါးစီ ရသည်ဖြစ်၍ ဇာတိတိုင်အောင်အင်္ဂါ-၁၁-ပါးမှာသစ္စာ-၄၄-ပါးရ၏။ ၎င်း-၄၄-ပါးကို စတုစတ္တာသီသညာဏဝတ္ထုဟူ၍ ခေါ်ဝေါ်၏၊ ။သမုဒယသည် ဒုက္ခအား ထိုက်သည်အားလျော်စွာပစ္စည်းတပ်၏။

(၁၆) သဆက္ကသုတ္တန်ဖြင့်ပြခန်း။

ပဋိစ္စသမုပ္ပါဒ်ဒေသနာမှာ။အတ္တ,အတ္တနိယ,ဂါဟတရားတို့ကိုခွါရှားဘို့ရန်အလုပ်လိုရင်းမှာမူကား။အစွန်း-၃-ပါးရှိသည့်အနက်။အဝိဇ္ဇာ၊သင်္ခါရ

ဟူသောအတိတ်အဓွန့်။ ဇာတိ၊ဇရာ၊မရဏဟူသော အနာဂတ်အဓွန့်တို့သည်လိုရင်းမဟုတ်သေး။ဝိညာဏ်အစ၊ဘဝအဆုံးရှိသောပစ္စုပ္ပန်အဓွန့်ခေါ်သော၊တရားသာ လိုရင်းဖြစ်၏။ ။ပစ္စုပ္ပန်အဓွန့် တရားစုတွင်လည်းဝိညာဏ်၊နာမ်ရုပ်၊ဥပါဒါန်၊ဘဝတို့လိုရင်းမဟုတ်သေး၊မိမိသန္တာန်မှာနေစဉ်ခဏစဉ် အဘန်ဘန် တွေ့ကြုံ နေရသော သဠာယတန၊ ဖဿ၊ဝေဒနာ၊တဏှာဟူသော၍ပစ္စုပ္ပန်ဖြစ်ဆဲ-၄-ခုထဲ၌သာအားကြိုးအားခဲ။စွဲမြဲလုပ်ကိုင်ဘို့အရေးလို၏။ ။သဠာယတနပစ္စယာဖဿော ဟူသောပဒ၌။ရူပါရုံစသောဗာဟိရာယတနသည်လည်းဖဿ၏ အကြောင်းဖြစ်၍ဆရာကြီးတို့သဠာယတနဟူသောပုဒ်၌သွင်းယူသော။နည်းအတိုင်း။ ရူပါရုံစသည်ကိုသဠာယတနပုဒ်၌ထည့်သွင်းလျှင် အဇ္ဈတ္တိကာယတန၊ ဗာဟိရာယတနဟူသော သဠာယတန၊ ဖဿ၊ဝေဒနာ၊တဏှာ။ ဤတရားတို့သာလုပ်ငန်းဆောင်တာကြီးဖြစ်ခဲ့၏။အတိတ်အနာဂတ်တို့ကိုလိုက်၍နေဘွယ်မရှိ။ ။ထို့ကြောင့်ဘဒ္ဒေကရတ္တသုတ္တန်ပါဠိတော်၌။

“အတီတံနန္ဝာဂမေယျ။နာဘိကင်္ခေအနာဂတံ။
ယဒတီတံပဟီနံတံ။အပ္ပတ္တဉ္စအနာဂတံ။”
“ပစ္စုပ္ပန္နဉ္စယောဓမ္မံ။တတ္ထတတ္ထဝိပဿတိ။
အသံဟီရံအသံကုပ္ပံ။တံဝိဒ္ဓါမနုဗြူဟယေ။”

ဟူ၍ဟောတော်မူ၏။ ။အနက်ကား။ ။အတီတံ။ချုပ်ပြီးလွန်ပြီးသောအတိတ်တရားစုကို။နန္ဝာဂမေယျ။အစဉ်လိုက်၍မနေရာ။အနာဂတံ။မရောက်သေးသောအနာဂတ်တရားစုကိုလည်း။နာဘိကင်္ခေ။ မြော်တန်းငံ့လင့်၍မနေရာ။ဟိ။အဘယ်ကြောင့်နည်းဟူမူ။ယံတံအတီတံ။အကြင်အတိတ်တရားစုသည်။ပဟီနံ။လွန်ပယ်ချုပ်ဆုံးခဲ့ပြီ။အနာဂတဉ္စ။ အနာဂတ်တရားစုသည်ကား။အပ္ပတ္တံ။ ကိုယ့်ရှေ့မှောက်သို့၊ မရောက်မဆိုက်လာသေး။ ။ယောစ။ အကြင်သူမူကား၊ ပစ္စုပ္ပန္နံ။ကိုယ့်ရှေ့မှောက်၌ ဆိုက်ရောက်လာဆဲဖြစ်သော။ ဓမ္မံ။ရုပ်နာမ်တရားကို တတ္ထတတ္ထ။ ထိုထိုအရာဌာနဟူသမျှတို့၌။ဝိပဿတိ။ရှုဆင်ခြင်၏။တံ။ထိုကိုယ့်ရှေ့မှောက်၌ဆိုက်ရောက်လာဆဲသောပစ္စုပ္ပန်တရား၌ကြိုးစားရှုဆင်ခြင်ခြင်းအမှုကို။ ဝိဒ္ဓါ။ပညာရှိသည်။အသံဟီရံ။ မတွန့်မဆုတ်။အသံကုပ္ပံ။မပျက်မဆီး။ အနုဗြူဟယေ။ပွားများအားထုတ်ရာ၏။

ဤဒေသနာတော်အတိုင်းပစ္စုပ္ပန်စခန်း၌သာအပန်းတကြီး အရေးကြီး
ရမည်ဟုသိသာလှ၏။ ။ခြောက်ဒွါရကိုမူတည်၍ ဝိညာဏ်-၆-ပါးစ
သည်ကိုမူထိသွင်း၍-၆-ခု-၆-စုံဟောတော်မူအပ်သော သဠာယတန,သုတ္တန်
ဒေသနာတော်မြတ်၌ပစ္စုပ္ပန်ဆဲဆဲတို့ကိုသာလျှင်ခေါက်တွဲ၍ ဟောတော်
မူ၏။ စက္ခုဉ္စပဋိစ္စရူပေစဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ။ တိဏ္ဏံ သင်္ဂတိဖဿော။
ဖဿပစ္စယာဝေဒနာ။ ဝေဒနာပစ္စယာတဏှာ။ ။စသည်ဖြင့် ခြောက်ဒွါ
ရ၌ဟောတော်မူ၏။ ။စက္ခုတည်းဟူသောအခံခေါက်။ ရူပါရုံတည်းဟူ
သောအတိုက်ခေါက်။ စက္ခုဝိညာဏ်တည်းဟူသောအပေါ်ခေါက် အပွင့်
ခေါက်။ ဤခေါက် ၃-ပါးတို့ပေါင်းစပ်မိလျှင်ဖဿတည်းဟူသောအကြွတ်
အဘွဲ့ခေါက်ပေါ်ရ၏။ ၎င်းဖဿပေါ်လျှင် ဝေဒနာတည်းဟူသော ခံစား
ခေါက်ပေါ်ရ၏။ ဝေဒနာပေါ်လျှင်တဏှာတည်းဟူသောအစွဲအလမ်းခေါက်
ပေါ်ရ၏။ တဏှာပေါ်လျှင်ဥပါဒါန်၊ ကမ္မဘဝ၊ သင်္ခါရတို့ပေါ်ရ၏။ ၎င်းကမ္မ
ဘဝတို့ပေါ်လျှင်ဥပပတ္တိဘဝအမြဲပေါ်ရ၏။ ။ဝိညာဏ်၊ နာမ်ရုပ်၊ ဇာတိ၊
ဇရာဒိ၊ အဝိဇ္ဇာတို့သည် ဥပပတ္တိပေါ်လျှင် မနေသာသောတရားမျိုး ဖြစ်
သည်အတိုင်းပေါ် ကြရကုန်၏။ ။ဤသို့လျှင် သဠာယတန,ဒေသနာတော်
နည်းအတိုင်းအားဖြင့် သဠာယတန၊ ဖဿ၊ ဝေဒနာ၊ တဏှာ။ ဤပဋိစ္စသ
မုပ္ပါဒ်အင်္ဂါ-၄-ပါးဖြင့်ပဋိစ္စသမုပ္ပါဒ်စက်အပြည့်အစုံဖြစ်နိုင်လေ၏။

ဤအင်္ဂါ-၄-ပါးတွင်လည်းပဋိစ္စသမုပ္ပါဒ်စက်ဖြစ်ရန်အခြေမူလပဓာန
သည်တဏှာဖြစ်ခဲ့၏၊ ထိုစကားမှန်၏၊ စက္ခုစသော-၆-ဒွါရ၌ ဝေဒနာပစ္စ
ယာတဏှာ။ ဆိုသောနေရာမှာတဏှာမဖြစ်ပါဘဲ ၎င်းစက္ခုစသည်တို့ကို
အနိစ္စစသည်ဖြင့်ဆင်ခြင်သောမဂ္ဂင်ဝင်လာပါမူကား ပဋိစ္စသမုပ္ပါဒ်စက်ရ
ပတ်သည့်ချုပ်ပြတ်ငြိမ်းစဲမည်ကေန်တည်း။ ။ထို့ကြောင့်တဏှာသည်
မူလဖြစ်၏။ ။ထို့ကြောင့် မဟုတ်ဒေလာအရိယာသစ္စဒေသနာ၌အလုံးစုံ
လောက၏အချုပ်အချာမဟာဗိုလ်ချုပ်ထား၍။ တဏှာတပါးတည်းကိုသာ
သမုဒယအရိယသစ္စာဘွဲ့တော်မူလေသည်။ ။ဗောဓိမဏ္ဍိုင်၌ဘုရားဖြစ်
တော်မူပြီးစ၌။ ဘဝဘဝကို ပြုပြင်ဘန်ဆင်း၍ နေသော ဗိသုကာသမား
တဏှာတရား၌သာလျှင်။ များစွာငြိမ်းမောင်းကြိမ်းဝါးတော်မူလို၍။ အနေ
ကဇာတိသံသာရံစသောဥဒါန်းကိုကျူးရင့်တော်မူလေသည်။

သဂါထာဝဂ္ဂသံယုတ်ပါဠိတော်၌လည်း။ နတ်သားတယောက်လာ၍
ကိံသုဇနေတိပုရိသံ,။ ဟူသောစကားဖြင့်၊ အရှင်ဘုရားအဘယ်မည်သော

တရားသည်။သတ္တဝါအများကိုမွေးဖွားပြုပြင်ပါသနည်းဟုဆျောက်ထား ရာ။ ။တဏှာဇနေတိပုရိသံ။ ။ဟူ၍မြတ်စွာဘုရားဖြေကြားတော်မူ၏။ ။ဒေဝပုတ္တ၊နတ်သား၊တဏှာ။တဏှာတရားသည်၊ပုရိသံ၊သတ္တဝါ ဟူသမျှကို၊ဇနေတိ။ဖြစ်ပွါးပေါ်စေ၊ဘုန်ဆင်းပေ၏။

ဤမှတပါးများစွာပင်တဏှာအကြောင်းကိုဟောသောသုတ္တန်တို့ထင် ရှားစွာရှိကုန်သေး၏။ ။သောတစသည်တို့မှာလည်းဆိုခဲ့ပြီး စက္ခုအ တိုင်းသိလေ၊

ဆဆက္ကသုတ္တန်၏အကျဉ်းချုပ်ဇယားပုံ၊

| ခံခာတ် | တိုက်ခာတ် | ပွင့်ခာတ် | ကြိတ်ခာတ် | ခံစားခာတ် | စွဲလမ်းခာတ် | |
|---|---|---|---|---|---|---|
| စက္ခု | ရူပါရုံ | ဝိညာဏ် | ဖဿ | ဝေဒနာ | တဏှာ | စက္ခုတို-၆ |
| သောတ | သဒ္ဒါရုံ | ဝိညာဏ် | ဖဿ | ဝေဒနာ | တဏှာ | သောတတို၆ |
| ဃာန | ဂန္ဓာရုံ | ဝိညာဏ် | ဖဿ | ဝေဒနာ | တဏှာ | ဃာနတို-၆ |
| ဇိဝှါ | ရသာရုံ | ဝိညာဏ် | ဖဿ | ဝေဒနာ | တဏှာ | ဇိဝှါတို-၆ |
| ကာယ | ဖောဋ္ဌဗ္ဗာရုံ | ဝိညာဏ် | ဖဿ | ဝေဒနာ | တဏှာ | ကာယတို၆ |
| မနော | ဓမ္မာရုံ | ဝိညာဏ် | ဖဿ | ဝေဒနာ | တဏှာ | မနောတို-၆ |
| ဒွါရ-၆ | အာရုံ-၆ | ဝိညာဏ်-၆ | ဖဿ ၆ | ဝေဒနာ-၆ | တဏှာ ၆ | |

စက္ခုစသောခာတ်သဘာဝတရားတို့၏အချင်းချင်းကျေးဇူးပြုနေကြ သည့်အတွက်ဖြစ်နေသည်ကို ခာတ်သဘောတို့၏ အချင်းချင်း ကျေးဇူး ဆက်၍ဖြစ်နေမှုသာတည်းဟူ၍ပညာမျက်စိဖြင့်မမြင်ဘဲ။ ။ငါ၏မမ,ငါ သောဟမသ္မိ,ငါသောမေအတ္တာ,ဟူ၍ထိုဆဆက္ကဒေသနာအတိုင်း ဖြစ်နေ မှုကို၊ဤမြင်ခြင်းသည်ငါ၏မြင်ခြင်းတည်း။ ငါမြင်၏။မြင်ခြင်းသည်ပင်ငါ ဘဲဟုတဏှာ၊မာန၊ဒိဋ္ဌိတည်းဟူသောဂါဟတရားကြမ်းတို့အတင်းဘမ်း ၍နေလျှင်ပဋ္ဌာန်းအစဉ်မပြတ်ဘဲပဋိစ္စသမုပ္ပါဒ်စက်လည်လေ၏။

(၄၉၆) သတ္တဇီဝ။ကင်းစင်ပ၊ဘာဝတတ်တိုင်းဖြစ်။

ဟူသည်နှင့်အညီ။ဆဆက္ကဒေသနာအတိုင်း။စက္ခုစသောတရားတို့၏ ရူပါရုံစသောတရားတို့နှင့်အချင်းချင်းပစ္စည်းဆက်နွယ်၍ ဓာတ်သဘောတို့ဓမ္မတာ သူ့ဘာဝအလိုအလျောက်ဖြစ်နေသည်။ ပရမေသွာ၊ဗြဟ္မာ၊ ဗိဿနိုးဘုန်းဆင်း၍ ဖြစ်သည်မဟုတ်။ထိုသို့ဖြစ်၍ နေမှုသည်လည်း ငါ၊ ဥစ္စာ၊ငါ၊ငါ့ကိုယ်မဟုတ်။နိဿတ္တနိဇ္ဇီဝပစ္စယသတ္တိအစဉ်ဟုထင်သင်းစွာ သိမြင်နိုင်လျှင်ဂါဟာတရားပြေပြတ်၍ ပဋိစ္စသမုပ္ပါဒပစ္စယသတ္တိချုပ်ငြိမ်း၍ဧကန်ပင်ဒုက္ခဓာတ်သိမ်းရလေ၏။

## (၁၇) ပစ္စယဘေဒကိုပြခန်း။

ရှေး၌ဆိုခဲ့ပြီးသော ပဋ္ဌာန်းနည်း၊ ပဋိစ္စသမုပ္ပါဒ်နည်းတို့သည် ဤမည်သောအကြောင်းသည် ဤမည်သောအကျိုးဖြစ်ရန် ကျေးဇူးပြု၏၊ ဤမည်သောအကျိုးသည်။ဤမည်သောအကြောင်း၏ကျေးဇူးပြုကိုခံ၍ ဖြစ်ပေါ်ရ၏ဟု ပြသောကြောင့် ပစ္စည်းပင်မည်ကြ၏။ ထို-၂-ပါးတို့တွင် ပဋိစ္စသမုပ္ပါဒ်နည်းသည်ကြမ်း၏။ပဋ္ဌာန်းနည်းသည်သိမ်မွေ့၏။

တခုသောအကျိုးဖြစ်ရာ၌အကြောင်းမှကား တပါးတည်းမဟုတ် စပ်ဆိုင်သမျှအလွန်များလှ၏၊ ။ဥပမာကား။ ။ဟိတ်-၆-ပါးကြောင့် သဟိတ်စိတ်၊ သဟိတ်စိတ္တဇရုပ်ဖြစ်သည်ဆိုသော်လည်း ၎င်းအကျိုးတရားတို့သည်ဟိတ်-၆-ပါးကြောင့်သာဖြစ်သည်မဟုတ်။အာရုံအကြောင်း၊ မှီရာအကြောင်းစသော အကြောင်းတို့လည်း ပါဝင်ကုန်၏။ ။အဝိဇ္ဇာကြောင့်သင်္ခါရဖြစ်သည်ဆိုသော်လည်း အဝိဇ္ဇာကြောင့်သာဖြစ်သည် မဟုတ်။အာရမ္မဏပစ္စည်း၊ နိဿယပစ္စည်းစသည်တို့လည်းအများပင် ပါဝင်နိုင်ကုန်သည်၊ ။ထိုသို့ပင် အကျိုးတပါး၌ အကြောင်းများကုန်သော်လည်းတရားကိုနာခံသောဝေနေယျသတ္တဝါတို့၏အဇ္ဈာသယကိုထောက်ရှုသဖြင့်၎င်း။ ဒေသနာတော်ကို တင့်တယ် သန့်ရှင်း စေလို သဖြင့်၎င်း၊ ပြဋ္ဌာန်းသော ပဓာနအကြောင်းကိုသော်၎င်း။ ထင်ရှားသော ပါကဋအကြောင်း ကိုသော်၎င်း။ မဆက်ဆံသော အသာဓာရဏ အကြောင်းကိုသော်၎င်း ထုတ်သင့်ရာဟောတော်မူရလေသည်။

(၁) ပဓာနပစ္စည်း — အချုပ်အချာဖြစ်သောအကြောင်း။
(၂) ပါကဋပစ္စည်း — ထင်ရှားသောအကြောင်း။

(၃) အသာဓာရဏပစ္စည်း။အခြားနှင့်မဆက်ဆံသောအကြောင်း။

(၁) ဖဿကြောင့် ဝေဒနာဖြစ်သည်ဆိုရာ၌။ ဝေဒနာဖြစ်ပေါ်ရန် ဖဿသည်သာလျှင်အချုပ်အချာဖြစ်၍ပဓာနပစ္စည်းမည်၏။

(၂) ရူပါရုံကြောင့်စက္ခုဝိညာဏ်ဖြစ်သည်ဆိုရာ၌။ရူပါရုံမှတပါး စက္ခုဝိညာဏ်ဖြစ်ဘို့ အကြောင်းတွေရှိသော်လည်း စက္ခုဝိညာဏ်ဖြစ်ရန်ရူပါရုံသည်ထင်ရှားသောအကြောင်းဖြစ်၍ပါကဋပစ္စည်းမည်၏။

(၃) စက္ခုပသာဒကြောင့်စက္ခုဝိညာဏ်ဖြစ်သည်ဆိုရာ၌။ စက္ခုပသာဒသည် စက္ခုဝိညာဏ်တည်းဟူသော အကျိုးမှတပါး တခြားသော ဝိညာဏ်နှင့်မဆက်ဆံသောကြောင့်အသာဓာရဏပစ္စည်းမည်၏၊

"အသာဓာရဏ၊ပါကဋ၊ပဓာန၊သုံးပစ္စည်း၊"

တဘန်ပစ္စည်း-၃-မျိုးရှိပြန်၏။

(၁) ဇနကပစ္စည်း ဖြစ်စေသောအကြောင်း။
(၂) ဥပတ္ထမ္ဘကပစ္စည်း ထောက်ပံ့သောအကြောင်း။
(၃) ဇနကောပတ္ထမ္ဘကပစ္စည်း နှစ်ပါးလုံးနှင့်ဆိုင်သောအကြောင်း၊

(၁) သင်္ခါရကြောင့်ဝိညာဏ်ဖြစ်သည်ဆိုရာ၌ဇနကပစ္စည်း။
(၂) နေ့ံဝိတ်ကြောင့်ရှေရှည်ခိုင်ခန့်သည်ဆိုရာ၌ဥပတ္ထမ္ဘကပစ္စည်း။
(၃) အာဟာရကြောင့်ကျန်းမာသည်ဆိုရာ၌ဇနကောပတ္ထမ္ဘပစ္စည်း။

ပဋ္ဌာန်းပစ္စည်း ပဋိစ္စသမုပ္ပါဒ်ပစ္စည်းအရာတို့၌ ဤသို့ စစ်ဆေးသင့်ပြန်၏။ ။သင်္ခါရကြောင့်ဝိပါက်ဝိညာဏ်ဖြစ်သည်ဟူရာ၌ သင်္ခါရသည်ကုသိုလ်အကုသိုလ်သဘောဖြစ်၏၊ အကျိုးဝိညာဏ်သည် ဝိပါက်ဖြစ်၏။ အကြောင်းအကျိုးသဘောမတူဘဲကျေးဇူးပြုခြင်းသည် သင့်ပါမည်လော။ ဟောတုစသောနံတရားသည်ရုပ်ကိုဖြစ်စေ၏။စက္ခုပသာဒစသော ရုပ်တရားသည် နံကိုဖြစ်စေ၏စသည်ဖြင့်အကျိုးနှင့်အကြောင်းသဘောမတူပါဘဲလျက်ကျေးဇူးပြုခြင်းသည် သင့်နိုင်ပါမည်လောဟူမူ ။ ။ဆိုလတ္တံ့သောအောက်ပါပစ္စည်းအကြောင်းအမျိုးတို့ဖြင့်ဖြေရှင်းရမည်။

(၁) ဝိရုဒ္ဓပစ္စည်း အကျိုးနှင့်ဆန့်ကျင်သောအကြောင်း။

(၂) အဝိရုဒ္ဓပစ္စည်း အကျိုးနှင့်မဆန့်ကျင်သောအကြောင်း၊
(၃) သဒိသပစ္စည်း အကျိုးနှင့်တူသောအကြောင်း။
(၄) အသဒိသပစ္စည်း အကျိုးနှင့်မတူသောအကြောင်း။

အကြောင်းမျိုး-၄-ပါး၌၏။ ။ထို-၄-ပါးတို့တွင်။ဝိရုဒ္ဓပစ္စည်းနှင့်အဝိရုဒ္ဓပစ္စည်းတို့မှာအောက်ပါအတိုင်း မိမိကိုယ်ကလက်ထက်ပွါးပစ္စည်းများရှိသေး၏။

(၁) ဝိရုဒ္ဓပစ္စယ။

(၁) ဌာနဝိရုဒ္ဓပစ္စည်း (၂) သဘာဝဝိရုဒ္ဓပစ္စည်း (၃) ကိစ္စဝိရုဒ္ဓပစ္စည်း

(၁) ဖြစ်ရာဌာနဆန့်ကျင်လျက် အကျိုးအား ကျေးဇူးပြုသော အကြောင်းသည် ဌာနဝိရုဒ္ဓပစ္စည်းမည်၏။ ။ပုံကား။ ။ရှေးရှေးသင်ကြားသောအတတ်ပညာသည်အရာဌာနမတူဘဲနောက်နောက်သင်ကြားသောပညာအားကျေးဇူးပြုသကဲ့သို့မှတ်။ ။ပဋ္ဌာန်း၌ အနန္တရမျိုးသည် ဌာနဝိရုဒ္ဓပစ္စည်းမျိုးတည်း။

(၂) သဘောချင်းဆန့်ကျင်လျက် အကျိုးအားကျေးဇူးပြုသောအကြောင်းသည် သဘာဝဝိရုဒ္ဓပစ္စည်းမည်၏။ ။ပုံကား။ ။လတ်ဆတ်သောနွားနို့သည် သဘောချင်း ဆန့်ကျင်လျက် နို့ချဉ်ရက်တက်ရည်အား ကျေးဇူးပြုသကဲ့သို့မှတ်။ ။ပဋ္ဌာန်း၌ကမ္မပစ္စည်း၊ ပဋိစ္စသမုပ္ပါဒ်၌စေတနာကံသည် ဝိပါက်အား သဘောချင်းမတူဘဲ ကျေးဇူးပြုရာစသည်တို့၌လည်းဤနည်းအတိုင်းသိ။

(၃) ကိစ္စချင်း ဆန့်ကျင်လျက် အကျိုးအား ကျေးဇူးပြုသော အကြောင်းသည်ကိစ္စဝိရုဒ္ဓပစ္စည်းမည်၏။ ။ပုံကား။ ။မူးယစ်ခြင်းကိစ္စမရှိသောသကာထန်းလျက်သည်မိမိနှင့်ကိစ္စချင်းဆန့်ကျင်လျက်မူးယစ်ခြင်းကိစ္စကိုဆောင်ရွက်နိုင်သောအရက်အားကျေးဇူးပြုသကဲ့သို့မှတ်။ ။အာကာသသည် သောတဝိညာဏ်ဖြစ်စေရန်ကိစ္စမတူဘဲ ပကတူပနိဿယ သတ္တိဖြင့်ကျေးဇူးပြုရာစသည်တို့၌ဤနည်းအတိုင်းသိ။ ။နေပူခြင်းသည် မိုးသည်းရွာ၍မြေခြင်းကိစ္စအားကျေးဇူးပြုခြင်းစသည်ကိုလည်းသိ။

(၂) အဝိရုဒ္ဓပစ္စယ။

(၁)ဌာနအဝိရုဒ္ဓပစ္စည်း(၂)သဘာဝအဝိရုဒ္ဓပစ္စည်း(၃)ကိစ္စအဝိရုဒ္ဓပစ္စည်း

(၁) အရာဌာန မဆန့်ကျင်ဘဲ အကျိုးအား ကျေးဇူးပြုသော အကြောင်းသည်ဌာနအဝိရုဒ္ဓပစ္စည်းမည်၏။ ။ပုံကား။ ။ရူပါရုံသည်စက္ခုပသာဒတည့်ဟူသော အရာဌာနတူမျှလျက်မဆန့်ကျင်ဘဲစက္ခုဝိညာဏ်အား ကျေးဇူးပြုသကဲ့သို့မှတ်။ ။သဟဇာတပစ္စည်းမျိုး ဟူသမျှသည် ဌာနအဝိရုဒ္ဓပစ္စည်းမျိုးချည်းတည်း၊ ။အရာတူသောဘုရင်တပါးသည် အရာတူဘုရင်တပါးအားကျေးဇူးပြုခြင်းစသည်တို့ကိုလည်းသိ။

(၂) သဘောချင်း မဆန့်ကျင်ဘဲ အကျိုးအားကျေးဇူးပြုသောအကြောင်းသည်သဘာဝအဝိရုဒ္ဓပစ္စည်းမည်၏။ ။ပုံကား။ ။မြဲသောသဘောရှိသောဆီးနှင်းသည်မြဲသောသဘောရှိသောဟေမန္တဥတုအား သဘောချင်း မဆန့်ကျင်ဘဲ ကျေးဇူးပြုသကဲ့သို့မှတ်၊ ။ရှေ့သိတတေဇောသည် နောက်သိတတေဇောအား၊ ဥဗ္ဗေတေဇောသည်အဆင့်ဆင့်ဥဗ္ဗေတေဇောအားကျေးဇူးပြုရာတို့၌ဒင်း၊ရာဂစရိုက်ရှိသောသူသည် ရာဂစရိုက်ရှိသောသူတယောက်အား၊ပညာစရိုက်ရှိသောသူသည်ပညာစရိုက်ရှိသောသူတယောက်အားသဘောချင်းမဆန့်ကျင် သဘောတူစွာ ကျေးဇူးပြုရာတို့၌ဒင်းမှတ်လေ။

(၃) ကိစ္စချင်းမဆန့်ကျင်ဘဲအကျိုးအားကျေးဇူးပြုသောအကြောင်းသည်ကိစ္စအဝိရုဒ္ဓပစ္စည်းမည်၏၊ ။ပုံကား၊ ။ရှေ့ရှေ့ဇောသည်နောက်နောက်ဇောအား ကိစ္စချင်း မဆန့်ကျင်ဘဲ ကျေးဇူးပြုသကဲ့သို့မှတ်။ ။လည်ခြင်းကိစ္စရှိသောစက်သွားဘီးတခုသည်ထိုကဲ့သို့ လည်ခြင်းကိစ္စရှိသောစက်သွားဘီးတခုအားကျေးဇူးပြုခြင်း။ အာလောကကိစ္စကိုဆောင်စွမ်းနိုင်သောနေမင်းသည် မီမီကဲ့သို့အာလောကကိစ္စကို ဆောင်စွမ်းနိုင်သော မှန်၊ဖလ်၊စိန် စသည်တို့အားကျေးဇူးပြုခြင်း၊မီးကိစ္စကိုဆောင်စွမ်းနိုင်သောနေမင်းသည်မိမိကဲ့သို့ မီးကိစ္စကိုဆောင်စွမ်းနိုင်သော သူရကန္တကျောက်အားကျေးဇူးပြုခြင်း။ ဋီကိစ္စကိုဆောင်ဆဲဖြစ်သော ရှင်တရားရ

သည်မိမိကဲ့သို့ဌှိကိုဆောင်ဆဲရုပ်တရားရအားကျေးဇူးပြုခြင်း စသည်တို့ကိုသိလေ။

သဒိသ၊ အသဒိသပစ္စည်း-၂-ပါးတို့တွင်။ ။မိမိနှင့်တူစွာဖြစ်အောင်အကျိုးအားကျေးဇူးပြုသောတရားသည်သဒိသပစ္စည်းမည်၏။ ။ပုံကား။ ။သလေးစပါးစသောမျိုးစေ့သည်မိမိနှင့်ထပ်တူထပ်မျှ သလေးသီးတည်းဟူသော အကျိုးကို ဖြစ်စေသကဲ့သို့မှတ်။ ။တိရိစ္ဆာန်အမျိုး ဇာတ်အမျိုးတို့အဆက်ဆက်တူစွာကျေးဇူးပြုခြင်း။ ဥတု၊ဩဇာသည် မိမိတို့နှင့်တူစွာရုပ်တည်းဟူသောအကျိုးကိုဖြစ်စေခြင်း။သဟဇာတနာမ်သည်မိမိနှင့်တူစွာသဟဇာတနာမ်တည်းဟူသော အကျိုးကိုဖြစ်စေခြင်း စသည်တို့ကိုသိလေ။

မိမိနှင့်မတူသောအကျိုးအားကျေးဇူးပြုသောအကြောင်းသည်အသဒိသပစ္စည်းမည်၏။ ။ပုံကား။ ။ထုံးနန္ဒင်းတည်းဟူသောအဖြူအဝါသည် မိမိနှင့် မတူသောအနီအား ကျေးဇူးပြုသကဲ့သို့မှတ်။ ။မြည်းမသည်အဿတိုရ်မြင်းပျိုအားမိမိနှင့်မတူဘဲ ကျေးဇူးပြုခြင်း။ ပဒုမာကြာတိုက်သည်သံသေဒဇသွီးကညာအားကျေးဇူးပြုခြင်း။ စည်နှင့် စည်လက်ခတ်သည်အသံအားကျေးဇူးပြုခြင်း။ ခက်မာ,ဘွဲစေး,ပူအေး, ထောက်ခံ,ခြင်းကြီယာမျှသာရှိသော ဓာတ်-၄-ပါးသည်အသုရိန် မြင့်မိရ်တောင်ကြီးတို့အားကျေးဇူးပြုခြင်း။ ဟိတ်-၆-ပါးတည်းဟူသောနံသည် စိတ္တဇရုပ်အားကျေးဇူးပြုခြင်း။ ဝတ္ထုရုပ်-၆-ပါးသည် နံတရားအား ကျေးဇူးပြုခြင်းစသည်တို့ကိုလည်းသိလေ။

ထိုကြောင့်အရာရာဟူသမျှတို့၌ အကြောင်းအကျိုးစပ်ဘွဲခြင်းကြောင့်သာလျှင်ပုဂ္ဂိုလ်သတ္တဝါသရုဒ္ဒရာရေမြေ၊အထွေထွေအပြားပြားဖြစ်၍နေသည်။တရုံတရာဖြဟ္မာ၊ဗိသကာ်ိုး၊ အစိုးတရဘာန်ဆင်း၍ဖြစ်သည်မဟုတ်ရကား။နေရာတိုင်းမှာပင်အကျိုးအကြောင်းကိုကြံရာသည်၊ ။ကြံသောအခါလည်းဆိုအပ်ပြီးသောဝိရုဒ္ဓ၊အဝိရုဒ္ဓ၊သဒိသ၊အသဒိသ၊အကြောင်း-၄-ပါးတွင်ထည့်၍ကြည့်လျှင်ဘယ်အကြောင်းနှင့် စပ်ဆိုင်သည်ဟု ကြံစည်လေ။ ။ဤသို့အရာဌာနအသျောက်ပေါက်ရောက် ဉာဏ်မြင် အကြောင်းအကျိုး မဆန့်ကျင်အောင်ကြံဖွမ်းနိုင်သော ဉာဏ်ရှိသူကိုဌာနာဌာနကောသလ္လဉာဏ်ရှင်ဟူ၍ခေါ်ဝေါ်ရလေသည်၊

"ဝိရုဠှ,ဝိရုဠှ,။သဒိသ,။အသဒိသ,လေး။"
"သန့်ကျင်,မသန့်။ဘူတန်,မဘူ,။
ကြောင်းလေးသွယ်။တွေးယူကြံစစ်ဆေး။"

## (၁၈) နယဘေဒကိုပြခန်း၊

သာသနာတော်ခမ္မ၌အကြောင်းနှင့်အကျိုးစပ်၍ပြသောနည်းသည်ဆိုခဲ့ပြီးသောအတိုင်းပဋ္ဌာန်းနည်း၊ ပဋိစ္စသမုပ္ပါဒ်နည်းဟူ၍-၂-ပါးရှိ၏။ရှေး၌ဆိုခဲ့ပြီးအတိုင်းၿငင်းနည်း-၂-ပါးကိုသိရလေပြီ။ ။ပဋ္ဌာန်းနှင့်ပဋိစ္စသမုပ္ပါဒ်နည်း-၂-ပါးသည်အနှုန်းနှင့်အကြမ်းသာကွဲသည်။တရားမျိုးမှာအတူတူပင်မှတ်။ ဝေနေယျသတ္တဝါတို့ အဇ္ဈာသယကိုထောက်၍၊ မဂ်ဉာဏ်ဖိုလ်ဉာဏ်ကိုပေါက်နိုင်လျှင်ပြီးစေတော့ဟူသောအနေနှင့် ခင်ကြမ်းကြမ်းပဋိစ္စသမုပ္ပါဒ်နည်းကိုဟောတော်မူရသည်။ ။သတ္တဝါတို့၏မျက်နှာကိုမငဲ့တရားသဘာဝတို့၏မျက်နှာကိုသာငဲ့၍ခမ္မာဓိဋ္ဌာန်အားဖြင့်နှုန်းနိုင်သမျှ အနှုစိတ်၍ပဋ္ဌာန်းဒေသနာတော်ကိုဟောတော်မူ၏။နိဗ္ဗာန်မှတပါးသော ပရမတ်တရားဟူသမျှကိုပဋိစ္စသမုပ္ပန္နတရားဟူ၍လည်းဟောတော်မူ၏။

ထိုမှတပါးအကျိုးအကြောင်းကိုဆင်ခြင်သောနည်းသည်အောက်ပါအတိုင်း-၂-ပါးရှိပြန်၏။

(၁) အနုလောမနယ — အစဉ်လိုက်ကြောင်းမှအကျိုးကိုကြံသောနည်း၊

(၂) ပဋိလောမနယ — ပြန်၍ အကျိုးမှ အကြောင်းကို ကြံသောနည်း၊

(၁) အလောမနယကြံပုံကား။ ။ဟိတ်ခြောက်ပါးကြောင့်ၿငင်းနှင့်သမ္ပယုတ်ဖြစ်သော စေတနာ စသောနာမ်တရား၊ စိတ္တဇရုပ်တရားဖြစ်ရ၏။ ၿငင်းအကျိုး၌ပါသောစေတနာသည်လည်းနာနာက္ခဏိကကမ္မပစ္စည်းတပ်၍ဝိပါကအကျိုးကိုဖြစ်စေ၏။ ၿငင်းဝိပါက်ဖြစ်ပြန်ကလည်း ရုပ်နာမ်တို့ဖြစ်ရပြန်၏။ၿငင်းရုပ်တို့တွင်ဂဗ္ဘသေယျကသတ္တဝါ၊ ပုရေဇာတသတ္တိစသည်ဖြင့်ဟိတ်-၆-ပါးစသောနာမ်အားကျေးဇူးပြုပြန်၏။ ။ဤသို့ပဋ္ဌာန်းအတိုင်းဉာဏ်ရှိသလောက်ကြံလေ။သံသရာရှည်သမျှဉာဏ်ကိုသွင်နှင်၍ကြည့်။ ။အ

ဝိဇ္ဇာဖြစ်လျှင်အကျိုးမဲ့အားလနတော အဟောသိကံဖြစ်၍မသွား။ ၎င်းအဝိဇ္ဇာသည်သင်္ခါရကိုဖြစ်စေ၏။သင်္ခါရသည်လည်း ဝိညာဏ်ကိုဖြစ်စေ၏စသည်ဖြင့်ပဋိစ္စသမုပ္ပါဒ်နည်းအတိုင်းသံသရာရှည်သမျှဉာဏ်ကိုမောင်းနှင်၍ကြည့်။ ။ဤသို့အကြောင်းတခုမှ စဝ်လျဉ်းသမျှလျှောက်၍အကျိုးဟူသမျှကိုဆင်ခြင်ကြံစည်သောနည်းသည်အနုလောမနည်းမည်၏။ ။ဤအနုလောမနည်းအမြင်မှန်လျှင်ဥစ္ဆေဒဒိဋ္ဌိပျောက်၏။

(၂) ပဋိလောမနယကြံပုံကား။ ၊ဟိတ်ကြောင့်ဖြစ်သောစေတနာတည်းဟူသော နာမ်တခုကိုရှုလသားပြီးလျှင်၊ ၎င်းစေတနာသည်အကြောင်းမရှိဘဲဖြစ်လာသည်မဟုတ်။ဟိတ်တရားကြောင့်သာဖြစ်ရ၏။၎င်းဟိတ်မရှိလျှင်မဖြစ်ပေါ်ခဲ့ရာ၊ထိုဟိတ်တရားသည်လည်းအကြောင်းမဲ့ဖြစ်သည်မဟုတ်။ မှီရာဝတ္ထုကြောင့်သာ ဖြစ်ရ၏။ ၎င်းမှီရာ ဝတ္ထုတည်းဟူသောရုပ်သည်လည်းနာနာက္ခဏိကကမ္မစေတနာကြောင့်ဖြစ်ရ၏။၎င်းစေတနာသည်လည်းအကြောင်းမဲ့ဖြစ်သည်မဟုတ်။တခုခုသောအာရုံကြောင့်ဖြစ်၏စသည်ဖြင့်ပဋ္ဌာန်းနည်းအတိုင်းဉာဏ်အလျှောက်ရှုရလေ။

ဇရာမရဏသည်အကြောင်းမဲ့ဖြစ်သည်မဟုတ်၊ဇာတိကြောင့်သာဖြစ်ရ၏။ဇာတိမရှိကမဖြစ်ရာ။၎င်းဇာတိသည်လည်းဘဝကြောင့်ဖြစ်ရ၏။၎င်းဘဝသည်လည်း ဥပါဒါန်ကြောင့် ဖြစ်ရ၏စသည်ဖြင့် ပဋိစ္စသမုပ္ပါဒ်နည်းအတိုင်းဉာဏ်ရှုသလောက်ရှုရလေ။ ။ဤသို့အကျိုးတခုကို လက်ကိုင်ပြု၍စဝ်လျဉ်းသမျှလျှောက်၍အကြောင်းအဆင့်ဆင့်ကို ဆင်ခြင်ကြံစည်သောနည်းသည်ပဋိလောမနည်းမည်၏။ ၊ဤပဋိလောမနည်း အမြင်မှန်လျှင်အဟေတုကဒိဋ္ဌိပျောက်ကင်း၏၊

''အနုလုံ,ပဋိလုံ,"နည်း-၂-ပုံ၊ရုန်ဆန်ဉာဏ်ရှေ့ပြေး။''

ထို့မှတပါးလည်းအောက်ပါအတိုင်းနည်း-၄-မျိုးရှိပြန်၏။

(၁) ဧကတ္တနယ အကြောင်းနှင့်အကျိုးစပ်ခြင်းနည်း။
(၂) နာနတ္တနယ သဘောအသီးသီးအခြားခြားဖြစ်ပုံနည်း။
(၃) အဗျာပါရနယ ဓမ္မတို့၏ကတ္တားဗျာပါရမရှိပုံနည်း။
(၄) ဧဝံဓမ္မတာနယ ဤကြောင့်ဤသာဖြစ်ပုံနည်း။

ထို-၄-ပါးတို့တွင်။

(၁) နာနာက္ခဏိကကမ္မ စသော အကြောင်းပစ္စည်းတရားသည် ဝိပါက စသောအကျိုးပစ္စယုပ္ပန်တရားတို့နှင့်အစဥ်မပြတ်စပ်ခြင်း။ ။အဝိဇ္ဇာ စသော အကြောင်းတရားသည် သင်္ခါရစသော အကျိုးတရားနှင့် မပြတ်စပ်ခြင်း သဘောတခု ကောန်ထင်ရှားရှိနေခြင်းသည် ဧကတ္တနည်းမည်၏။ ။ဤဧကတ္တနည်းကိုအသိမှန်လျှင် ဥစ္ဆေဒဒိဋ္ဌိပျောက်၏။ အသိချော်လျှင်သဿတဒိဋ္ဌိရောက်၏။

(၂) ကမ္မနှင့်ဝိပါကသည် အကြောင်း အကျိုး စပ်ကြသော်လည်း သဘောချင်းအသီးအသီးတမျိုးစီဖြစ်၏။ကမ္မသည်ဝိပါကမဟုတ်။ဝိပါကသည်ကမ္မမဟုတ်။ ။အဝိဇ္ဇာနှင့်သင်္ခါရမှာလည်းဤနည်းအတိုင်းခွဲဝိတ်၊ ဤသို့ဓမ္မတို့၏ အချင်းချင်း စပ်ကြသော်လည်း သဘောအသီးသီးဖြစ်ပုံသည် နာနတ္တနည်းမည်၏။ ။ဤနည်းကို အမြင်မှန်လျှင် သဿတဒိဋ္ဌိပျောက်၏။အမြင်ချော်လျှင်ဥစ္ဆေဒဒိဋ္ဌိရောက်၏။

(၃) ကမ္မပစ္စည်းက ငါသည်ဝိပါကကို ဖြစ်စေမည် ဖြစ်အောင်ပြုမည်ဟု ကတ္တုသတ္တိဗျာပါရပယောဂမရှိခြင်း။ ။အဝိဇ္ဇာကလည်း ငါသည်သင်္ခါရကိုဖြစ်အောင်ပြုမည်ဟူ၍ပယောဂမရှိခြင်းသည် အဗျာပါရနည်းမည်၏။ ။ဤနည်းကို အသိမှန်လျှင် အတ္တဝါဒုပါဒါန် အတ္တဒိဋ္ဌိပျောက်၏။အသိချော်လျှင်အကိရိယဒိဋ္ဌိရောက်၏။

(၄) ထိုသို့တရားတို့၏ ကတ္တုသတ္တိ ပယောဂဗျာပါရ မရှိသော်လည်းပေါက်လွှတ်တတ်တိုင်း ရောက်တတ်ရာရာ ဖြစ်လိုရာ ဖြစ်ရမည်မဟုတ်၊ကမ္မပစ္စည်းကြောင့်ဝိပါကသာဖြစ်ရ၏။ ။အဝိဇ္ဇာကြောင့်သင်္ခါရသာဖြစ်ရ၏စသည်ဖြင့်အလျော်နှင့်လျော်စွာဓမ္မတာတရားတို့ထုံးတမ်းအလေ့အတိုင်းဖြစ်ခြင်းသည် ဧဝံဓမ္မတာနည်းမည်၏။ ။ဤနည်းကိုအမြင်မှန်လျှင်အဟေတုကဒိဋ္ဌိ အကိရိယဒိဋ္ဌိပျောက်၏၊အမြင်ချော်လျှင် အဟေတုကဒိဋ္ဌိနိယတဝါဒရောက်လေ၏။ ။ဤနည်း-၄-ပါးဖြင့်ပဋ္ဌာန်းနည်းပဋိစ္စသမုပ္ပါဒ်နည်းတွေ့သမျှကြံရမည်။

"ကေတ်,နာနာ,။အဗျာပါ,။ဓမ္မတာ,နည်းလေး၊"
"ကြောင်းကျိုးနှစ်ဖြာ၊စပ်ဆက်ရာ။ကြံကာဥာဏ်ဖြင့်ဆေး။"

## (၁၄) မဂ်ပေါ်ပုံကိုအစဉ်ဖြင့်ပြခန်း။

ဤသို့ပြဆိုအပ်ခဲ့ပြီးသော ပဋ္ဌာန်းနည်း၊ ပဋိစ္စသမုပ္ပါဒ်နည်းတို့ဖြင့် ရုပ်နာမ်ခန္ဓာတို့၏တရသည်တရအားကျေးဇူးပြုကာနေကြသဖြင့်သံသရာအစဉ်မပြတ်ဘဲ ရုပ်ခဲနာမ်ခဲတွေဖြစ်၍နေ၏။ ဤရုပ်ခဲနာမ်ခဲပေါင်းဘွဲ့စင်ရှက်ကျေးဇူးဆက်၍နေသောတရားအစုကိုပင်လျှင် ရုပ်ခဲနာမ်ခဲတွေဟု အမှန်သိနိုင်သောပညာမပေါ်မပေါက်နိုင်ရကား။ ငါ၏ခန္ဓာငါ့ဥစ္စာပင်ငါဘဲထင်၍ ပြင်ပြင်မှောက်မှားနေကြရုံသာမက၊ ရင်းထင်မှားမှု ဒိဋ္ဌိအတွက်နှင့်ပင်သံသရာအတွင်း ပဋိစ္စသမုပ္ပါဒ်ကျော့ကွင်းမိ၍။ စင်စစ်ဒုက္ခနယ်ဖြစ်သောဝဋ်ဘောင်မှ၊ လွတ်အောင်မတတ်နိုင်ကြဘဲနေရကုန်၏။

ထိုကြောင့်။ ။ဧတဿစာနန္ဒမဂ္ဂဿအညာဏာအနနုဗောဓာဧဝမယံပဇာတန္တာကုလကဇာတာဂုဏဂဏ္ဍိကဇာတာမုဉ္ဇပဗ္ဗဇဘူတာအပါယံဒုဂ္ဂတိံဝိနိပါတံသံသာရံနာတိဝတ္တတိ။ ။ဟူ၍နိဒါနဝဂ္ဂသံယုတ်၌အာနန္ဒာအားဘုရားရှင်ဟောကြားတော်မူ၏။ ။အာနန္ဒ။ချစ်သားအာနန္ဒာ။ဧတဿဓမ္မဿ။ထိုအကြောင်းတရားကြောင့်အကျိုးတရားဖြစ်ပွါး၍နေ၏ဟူသောတရားကို။အညာဏာ။မသိခြင်းကြောင့်။အနနုဗောဓာ။လျော်စွာမမြင်ခြင်းကြောင့်။ဧဝံ။ဤသို့။အယံပဇာ။ဤသတ္တဝါအပေါင်းသည်၊တန္တာကုလကဇာတာ၊ကြွက်ကိုက်သောမြှတ်ဆာချည်ထွေးကဲ့သို့ဖြစ်၍။ဂုဏဂဏ္ဍိကဇာတာ။ စာပေါင်းသိုက် ရှုပ်လိုဖြစ်၍။ မုဉ္ဇပဗ္ဗဇဘူတာ။ ဖြူဆံမြက်ပြိတ်မြက်ထွေးကဲ့သို့ဖြစ်၍။အပါယံ၊ပွါးစီးနိုင်ဘွယ်မရှိသော။ဒုဂ္ဂတိံ။သံသရာခရီးသမားတို့သာ ငြိုငြင်သဖြင့် သွားလာအပ်သော၊ ဝိနိပါတံ။ ဖရိုဖရဲဘောက်လဲဘောက်ပြန်။မှောက်လှန်ကျဆုံးရာဖြစ်သော၊ သံသာရံ၊သံသရာဝဲခရီးခဲကို၊နာတိဝတ္တတိ။မလွန်နိုင်ချေ။ ။ဤကားအနက်။

ထိုသို့ပစ္စည်းပစ္စယုပ္ပန်ပြန်လှန်ဘွဲ့စည်း၍နေသောခန္ဓာအစဉ်၊အာယတနအစဉ်သည်ပင်လျှင်သံသရာအယဉ်ကြီးဖြစ်၍နေ၏။ခန္ဓာအာယတနဓာတ်တို့မှတပါးသံသရာဟူ၍မရှိ။ ။ထိုကြောင့်ဓမ္မသင်္ဂဏီအဋ္ဌကထာ၌။

> "ခန္ဓာနဉ္စပဋိပါဋိ။ဓာတုအာယတနာနစ။
> အဗ္ဗောစ္ဆိန္နံဝတ္တမာနာ။သံသာရောတိပဝုစ္စတိ။"

ဟူ၍ဆို၏။ ။အနက်ကား။ ။ခန္ဓာနဉ္စ၊ခန္ဓာ-၅-ပါးတို့၏ရင်း။ဓာတုအာယတနာနဉ္စ။ ဓာတ်အာယတနတို့၏ရင်း။အဗ္ဗောစ္ဆိန္နံ။ မပြတ်မလတ်။

ဝတ္တမာနာ။ဖြစ်၍နေသော။ပဋိပါဋိ။အစဉ်ကို၊သံသာရောတိ။သံသရာကြီး
ပင်ဟူ၍။ပဝုစ္စတိ။ဆိုအပ်၏။

သက်သက်အကြောင်းအကျိုးစပ်ဆက်ယှဉ်တွဲရခဲ၍နေသော ဤခန္ဓာ
ကိုယ်သည်သံသရာတရားအစုအပုံကြီးမျှသာတည်း။ဤခန္ဓာ၌လူဆိုဘို့ရန်
နတ်ဆိုဘို့ရန်သတ္တဝါဆိုဘို့ရန်တစုံတခုသောဓာတ်မျှမပါမရှိ၊ ။ကော်
ရိုးအမှိုက်ထွေးကိုလူပုံနှင့်တူဘွဲ့စည်းနှောင်၍၊လယ်ခင်းဥယျာဉ်မှာထား
သည်ကိုမြင်သော တောသားသတ္တဝါငှက်များစွာတို့သည် ပညာမှကင်း
ရှင်းသဖြင့်၊မြင်ရင်းအတိုင်းမှတ်ပါး မကြံစည်မတွေးမတောတတ်ဘဲ။ ဧ
ကန်လူကြီးပင်ထင်မှတ်၍ လန့်ကြကုန်သကဲ့သို့။ တဏှာ၊ဒိဋ္ဌိ၊ငြိကြီးငြိ၍။
ကျော့မိပြီးသောသတ္တဝါတို့သည်ထိုသံသရာအပုံအစုရုပ်နာမ်သက်သက်
အခဲအဆိုင်ပေါင်းဘွဲ့၍ နေသည်ကို အပေါ်ရုံမြင်သည်အတိုင်းထက်အပို
ထွက်နိုင်သောပညာအဆင်အခြင်မရှိသဖြင့်။ ငါ၏ကိုယ်ပင်ငါဘဲထင်၍။
ရှင်စရာနှင့်တွေ့လျှင်မြူးထူး။ကြောက်စရာနှင့်တွေ့လျှင်ရှုံးမှုးမလောက်၊အ
လကား မှားမှောက်လန့်ထိတ်၍ နေကြရလေသည်။ စင်စစ်ကား သက်
သက်သံသရာတုံး။ရုပ်လုံးနာမ်ခဲတွေပင်တည်း၊ ။ထိုကြောင့်။

"သုဒ္ဓသံသရာပုဉ္ဇောယံ။နယိဓသတ္တုပလဗ္ဘတိ။"

ဟူ၍သဂါထာဝဂ္ဂသံယုတ်၌ဟောတော်မူသည်။ ။အနက်ကား၊ ။
အယံ။ဤခန္ဓာကိုယ်သည်။ သုဒ္ဓသံသရာပုဉ္ဇော။ သက်သက်အကြောင်းအ
ကျိုးစပ်၍ဖြစ်နေသောသံသရာတရားအစုအပုံကြီးသာတည်း။ဣဓ။ဤသံသ
ရာရုပ်ပုံနာမ်ပုံကြီး၌။သတ္တော။သတ္တဝါဟူ၍၊နဥပလဗ္ဘတိ။ရှာကြံ၍မရနိုင်။

ဝင်ရိုးစက်ဘီးစသောသေးသေး ဖွဲ့ ဖွဲ့မှစ၍ရထား၏အင်္ဂါအပေါင်းတို့
စပ်ဘွဲ့နေသည်ရှိသော်။၎င်းသစ်သား၊သံ၊ကျေးအစိတ်အစိတ်အစုအပုံကို
ရထားဟူ၍ခေါ်ဝေါ်ရ၏။ဤဝတ္ထုအစုအပုံ၌ ရထားဘယ်ဟာပါလဲဟုရှာ
ကြံသော်တခုမျှမတွေ့မရှိဘိသကဲ့သို့။ထိုအတူသက်သက်သံသရာရုပ်နာမ်
တို့ရခဲ၍အထွဋ်ပဌ္ဌယသတ္တိဖြင့်။ တခုသောပစ္စုပ္ပန်ရှိဆဲရုပ်နာမ်သည် တခု
သောပစ္စုပ္ပန်ရှိဆဲရုပ်နာမ်အားစပ်ဘွဲ့ကျေးဇူးပြု၍ ဋ္ဌီအနေတည်တန့်၍နေ
သောတရားစုကိုသာလျှင်သတ္တဝါဟူ၍ ထင်မြင်စွဲလမ်း၍နေကြ၏။ ၎င်း
ပစ္စုပ္ပန်ရုပ်နာမ်အစုမှာတခုမျှသတ္တဝါဟူ၍ရှာလျှင်မရ။ ။ဤသို့ရုပ်နာမ်
အစုသက်သက်ကိုမြင်လျှင်ငါပင်ငါဘဲဟုလွဲမှားသောဒိဋ္ဌိအထင်ပျောက်

၍ဒိဋ္ဌိဝိသုဒ္ဓိလမ်းပေါက်၏။ထိုသို့ဒိဋ္ဌိဝိသုဒ္ဓိလမ်းပေါက်က၊ဆိုခဲ့ပြီးသော ပဋ္ဌာန်းနည်း၊ပဋိစ္စသမုပ္ပါဒ်နည်းတို့အတိုင်းအကြောင်းတရားရှိခြင်းကြောင့် အကျိုးတရားဆက်လက်၍နေသောတရားတို့၏ ပစ္စည်းပစ္စယုပ္ပန် အစည် အတန်းရုပ်နာမ်စခန်းရုပ်နာမ်လမ်းကြီးသာတည်း။ ဘယ်ဘဝက လာ၍ ဘယ်ဘဝသို့သွားသောပုဂ္ဂိုလ်သတ္တဝါငါသူတပါးမရှိဟုပိုင်နိုင်စွာအသိ ဉာဏ်ပေါက်သောအခါ အမျိုးမျိုးသောယုံမှားသက်ဝင်ဝိစိကိစ္ဆာပျောက် ၍။ကင်္ခါဝိတရဏဝိသုဒ္ဓိလမ်းပေါက်လေ၏။ထိုကြောင့်ပရမတ္ထသံခိပ်၌၊ ။ နာမရူပ၊သင်္ခါရ၏။ပဋိစ္စခေတ်။သမုပ္ပါဒ်ကို၊အတတ်ထင်ထင်၊ ပိုင်ပိုင်မြင်က။ကင်္ခါယုံမှား။ဆဲ့ခြောက်ပါးနှင့်။ ရှစ်ပါးဝိစိ၊ ဒိဋ္ဌိဖြာဖြာ။ကင်းစင်ကွာ၊ ကင်္ခါဝိတရဏဝိသုဒ္ဓိ။ ။ဟူ၍ဆိုတော်မူသည်။ ။ထိုကြောင့်ပဋ္ဌာန်း နည်းပဋိစ္စသမုပ္ပါဒ်နည်းသည် ကင်္ခါဝိတရဏဝိသုဒ္ဓိပေါက်မှုမှာ အနှုံး သောနည်းလမ်းဖြစ်၏။ ။ဤသို့အကြောင်းအတွက် အကျိုးဖြစ်၍နေရ ၏။အကြောင်းကိုနုတ်လျှင်။ ငုတ်တုတ်ပင်ပြိုပျက်၍ အကျိုးတရားမဆက် နိုင်ဟုစင်စစ်မြင်လျှင်၊

(ဒ ၂၃) ဖြစ်မှုပျက်မှု။အစုံရှု။ဥဒယဗ္ဗယဉာဏ်။

ဟူသည်နှင့်အညီ၊ဥဒယဗ္ဗယဉာဏ်စခန်းသို့လည်းတန်းတန်းမတ်မတ် ပေါက်ရောက်နိုင်လေ၏၊ ။ပေါက်နိုင်ပုံကား။ ။ဤအကြောင်းထင်ရှား တင်းလင်းရှိပါမူ။ ဗြဟ္မာ၊သိကြား၊ ဘုရားသဗ္ဗညုတို့တားသော်လည်း မ နိုင်။ ကေန်ဤမည်သောအကျိုးဖြစ်ပွါး၏ဟု။ အကြောင်းကိုဘော်၍ကြည့် လျှင်အဖြစ်ကိုမြင်သောဥဒယဉာဏ်ပေါ်ပေါက်၏။ ။ဤအကြောင်းမရှိခဲ့ လျှင်ဗြဟ္မာ၊သိကြား-ဘုရား တို့ပြုပြင်သော်လည်းမရ၊ဤမည်သောအကျိုး တရားကေန်ပျက်ဆုံး၏ဟု အကြောင်းကိုနုတ်၍ကြည့်လျှင် အပျက်ကိုမြင် သောဝယဉာဏ်ပေါ်ပေါက်၏။ ။ထိုဉာဏ်-၂-ပါးကိုပင်လျှင်ဥဒယဗ္ဗ ယဉာဏ်ခေါ်၏။ ။သံယုတ်ပါဠိတော်၌လည်း။

"ဟေတုံပဋိစ္စသမ္ဘူတာ။ဟေတုဘင်္ဂါနိရုဇ္ဈရေ။"

ဟူ၍ဟောတော်မူ၏။ ။အနက်ကား။ ။ဒေသ။ထိုရုပ်နာမ်ခန္ဓာအာ ယတနတရားတို့သည်၊ ဟေတုံ၊အကြောင်းကို။ပဋိစ္စ။စွဲ၍။သမ္ဘူတာ၊ ဖြစ် ပွါး၍နေကုန်၏၊ ဟေတုဘင်္ဂါ၊အကြောင်းတရား ပျက်ပြား ချုပ်ဆုံးခြင်း

ကြောင့်။နိရုဒ္ဓရေ။မိမိတို့လည်းချုပ်ဆုံးကွယ်ပျောံရကုန်၏။ ။ထိုသို့ရုပ်နာမ်တရားတို့၏ အကြောင်းနှင့်သာစပ်၍ ဖြစ်လေ့ရှိသည်၏အဖြစ်ကို မြင်က။၎င်းတရားတို့၏အနိစ္စအချက်ကိုကောင်းကောင်းထင်မြင်နိုင်၏။ ။ရေအပြင်၌တခုသောဒုတ်လုံးတံဖြင့်ရေးချစ်သည်ရှိသော်။ရေးချစ်သောဒုတ်လုံတံသည်ရေအပြင်၌ဝိုက်ဆဲအခါ၌သာအရေးအကြောင်းလိုလိုဖြစ်၏။ဒုတ်လုံတံရွေ့သည်နှင့်တပြိုင်နက်ရေမှာအရေးသည် တခါခြင်းပျက်ကွယ်လေသကဲ့သို့၎င်း။ပွတ်ဆောက်ဖျားပေါ်၌ချလိုက်သောမုန့်ညင်းစေ့သည်ပွတ်ဆောက်ဖျား၌တည့်တည့်ကျဆိုက်အခါတွင်သာတည်၍ဘခဏခြင်းပျက်စီးလေသကဲ့သို့၎င်း။ ပထဝီဝါယောလွန်ကဲသော တိမ်ညွန့်-၂-ခုတို့တိုက်ခိုက်ဆဲအခါလျှပ်စစ်ပြက်၍ [illegible]က်၍၊ ချက်ခြင်းလျှင်စစ်ကွယ်ပျောံလေသကဲ့သို့၎င်း။ထိုအတူလက်ငင်းပစ္စုပ္ပန်ထင်ရှားသောအကြောင်းတရားကျေးဇူးပြုခိုက်တွင်သာလျှပ်စစ်ပြက်သကဲ့သို့အကျိုးတရားပေါ်တဲ့၍၊တခါခြင်းအကြောင်းနှင့်တကွပျက်စီးရလေတော့သည်။ ။ကျေးဇူးပြုသောပစ္စည်းတရားကခိုင်မြဲသောတရားဖြစ်ပါမူကား။၎င်း၏အကျိုးလည်းခိုင်မြဲလေရာ၏။ထိုသို့ကားမဟုတ်ပါခဲ့။ရေမဏ္ဍတရားချင်းသာကျေးဇူးပြုရလေသည်ဖြစ်၍။သူ့ကိုမကယ်သာ။ ငါလည်းမကယ်နိုင် ဆိုသကဲ့သို့။ သမုဒ္ဒရာအတွင်းမှာ။အပြင်းမောပန်း။အားစွမ်းလျှလျှ။လက်ပန်းကျသောသူ-၂-ယောံပုံကဲ့သို့။အကြောင်းအကျိုးတစုံလုံးပင်။ပုံးပုံးရတ်ရတ်။ဘင်ခဏတွင်မြုပ်ကြလေတော့သည်၊ ။ထိုကြောင့်အဘိဓမ္မာဝတာရအဋ္ဌကထာ၌။

“ဥဒကေဒဏ္ဍရာဇိဝ။အာရဂ္ဂေရိဝသာသပေါ်။
ဝိဇ္ဇုပ္ပါဒါဝမ္မောတော။ပရိတ္တဋ္ဌာယိနောသိယုံ၊”

ဟူ၍ဆိုသည်။ ။အနက်ကား။ ။ဥဒကေ။ရေအပြင်၌။ဒဏ္ဍရာဇိဝ။ဒုတ်လုံတံအရေးအသားကဲ့သို့၎င်း။အာရဂ္ဂေ။အပ်ဖျား၌။ သာသပေါ်ဇ္ဇဝ။ မုန့်ညင်းစေ့ကဲ့သို့၎င်း။ ဝိဇ္ဇုပ္ပါဒါဝ။ လျှပ်စစ်တိမ်ပန်းတို့ကဲ့သို့၎င်း။ တေဓမ္မာ။ထိုရုပ်နာမ်တရားတို့သည်။ပရိတ္တဋ္ဌာယိနော၊ လျှစ်ခနဲမျှ၊ တခဏကလေးသာတည်တန့်နိုင်ကုန်သည်။သိယုံ။ဖြစ်ကုန်၏၊ ။ဤသို့ဆိုပြီးသောအတိုင်းဥာဏ်၌ ထင်လာသောအခါ။ ထိုရုပ်နာမ်တရားတို့သည် အလေ့ပေါက်ပွါး။အလကားအမှိုက်မြက်ထွေးတို့ကဲ့သို့၊အားကိုးလေံဘွယ်အနှစ်သာရ။ဘာမျှတခုမရှိ။ပြင်စင်လွင်ပအနတ္တတို့သာတကားဟု၊ ကြံစား

ဆင်ခြင်သောယောဂီပုဂ္ဂိုလ်၏ ဉာဏ်ဝတွင်၊မှန်ပြသကဲ့သို့ ထင်မြင်နိုင်လေ၏၊ ။ထိုကြောင့်ယခင်ကျမ်း၌ပင်။

"ကဒလီသုပိနာလာတ၊စက္ကမာယုပမာဋ္ဌမေ။
အသာရာပနနိဿာရာ၊ဟုတွာခါယန္တိ ယောဂိနော။"

ဟူ၍ဆို၏။ ။အနက်ကား။ ။ဋ္ဌမေ၊ဤရုပ်နာမ်တရားတို့သည်၊ကဒလီသုပိနာလာတစက္ကမာယုပမာ၊ငှက်ပျောတုံး၊အိပ်မက်၊ထင်းမီးစက်၊မျက်လှည့်နှင့်သာတူကုန်၏၊အသာရာ၊အားကိုးစရာ၊ဟာမျှအနှစ်သာရမရှိကြလေကုန်၊နိဿာရာ၊သာရမှကင်းကုန်သည်၊ဟုတွာ၊ဖြစ်၍၊ယောဂိနော၊ကြံ့စားလေတတ်၊ယောဂီသူမြတ်အား၊ခါယန္တိ၊ထင်မြင်လာကုန်၏။ ။ဤအဖြစ်အပျက်-၂-ပါးကိုရှုသောဉာဏ်သည်၊ဥဒယဗ္ဗယဉာဏ်မည်၏။

(၄၂၄) အပျက်ကိုသာ၊ရှုတုံပါ၊သညာဘင်ဉာဏ်၊

ဟူသည်နှင့်အညီ။ ဥဒယဗ္ဗယဉာဏ်ရင့်သန်လာသောအခါ၊အဖြစ်ကိုနှလုံးမသွင်းဘဲ၊အပျက်၌သာသတိဉာဏ်တည်တော့၏။ ။ထိုဘင်ဉာဏ်ထက်သန်လာသောအခါ၊ ပြင်းစွာရိုက်နှက်၍၊ ကွဲပျက်ဆဲဖြစ်သော အိုးဇက်၊လှော်ချက်ဆဲဖြစ်သောနှမ်း၊ ဘရမ်းဘတာမြူတို့ကဲ့သို့ရှင်း၊ မိုးသီးပေါက်ကြီးစွာ မိုးရွာတုန်း အခါ၊ ကမ်းထိပ်က ရပ်၍ ကြည့်သောယောကျ်ားသည်ရေအပြင်၌၊ရုပ်ရှက်ခတ်ပျက်၍ပျက်၍နေသောဥပေါင်းရေပွက်တို့ကိုမြင်ရသကဲ့သို့၊ခပ်အိမ်းသောသင်္ခါရတရားတို့၏ ရုပ်ရှက်ခတ် လျင်စွာပျက်စီး၍နေသည်ကိုမြင်ရ၏။ ။ဤသို့ဘင်ဉာဏ်ဖြင့် ထင်မြင်နေသောယောဂီပုဂ္ဂိုလ်ကိုရည်၍၊ဓမ္မပဒပါဠိတော်၌။

"ယထာပုပ္ဖုဠကံပဿေ၊ယထာပဿေမရီစိကံ။
ဧဝံလောကံအဝေက္ခန္တံ၊မစ္စုရာဇာနပဿတိ။"

ဟူ၍ဟောတော်မူ၏။ ။အနက်ကား။ ။ပုပ္ဖုဠကံ၊ရေပွက်ကို၊ပဿေယထာ၊ ရှုမြင်သကဲ့သို့ရှင်း။ မရီစိကံ၊တံလျှပ်ကို၊ ပဿေယထာ။ ရှုမြင်သကဲ့သို့ရှင်း၊ဧဝံ၊ဤအတူ၊လောကံ၊ရုပ်နာမ်ခန္ဓာဟုဆိုအပ်သောလောကကို၊အဝေက္ခန္တံ၊ဉာဏ်ဖြင့်သက်၍အပျက်ကိုသာရှုသော ယောဂီပုဂ္ဂိုလ်ကို၊မစ္စုရာဇာ၊သေမင်းသည်၊နပဿတိ၊မမြင်နိုင်၊ ။ဘင်ဉာဏ်ကိုမြင်

သောသူကိုသေမင်းမမြင်နိုင်ဟူလို၊ သေမင်းမမြင်နိုင်ဆိုသည်ကား။ သေမင်း၏နိုင်ငံ အလွတ်၏ဆိုလိုသည်။ ။ဘင်္ဂဥာဏ်ပြီး၏။

(၄၂၅) အပျက်မြင်က။ ဘယမစ္ဆူ၊ ပျက်မှုခပင်း၊ ဘေးသေမင်းဟု။ ကြောက်ခင်းတွေတွေ၊ ရှုတုံ့ပေ၊ မှတ်လေဘယဉာဏ်။

ဟူသည်နှင့်အညီ။ဘင်္ဂဉာဏ်ထက်သန်လာသောအခါ။သက်ရှည်ချမ်းသာအနေအကင်းလိုဘေးကိုကြောက်တက်လှသောသူသည်။ခြင်္သေ့သစ်အများ။သားရဲဝံပုလွေ။ဘီလူးရက္ခိုသ်။ နွားရိုက်ခွေးကြမ်း။ မုန့်ပြွမ်းသောဆင်။ဆိပ်လျင်သောမြွေဆိုး။မိုးကြိုးအခြင်း။သင်းချိုင်းစစ်ပွဲ၊ ရဲရဲညီသောရှားမီးအစုတွေကိုတွေ့သောကာလ။ မှိုင်မှေ့ဝေနေခဲ့၊ သေမတတ်ကြောက်ခြင်းဖြစ်သကဲ့သို့၊ခပ်သိမ်းဥသုံ။ အလုံးစုံပျက်ပြား၍နေသော သင်္ခါရတရားတွေကို။ သေမင်းဘေးကြီးထက်ကြပ်လိုက်သောပမာ၊ လွန်စွာကြောက်အားကြီးလှသောဘယဉာဏ်ထင်မြင်လာ၏။ ။ဘယဉာဏ်ပြီး၏။

(၄၂၆) ကြောက်ဘွယ်ခင်း၊မြင်တုံလျှင်းက။ဘေးဘယမျိုး။ ရုပ်နာမ်ဆိုး၌။ကိုးရာမရှိ။ခက်မှန်းသိ၊အာဒီနဝဉာဏ်။

ဟူသည်နှင့်အညီ။ဘယဉာဏ် ထက်သန်လာသောအခါ။ သက်ရှည်ချမ်းသာအနေအကင်းလို ဘေးကိုကြောက်တတ်သောသူသည်၊ သားရဲနေသောရှု။ ကျားခိုသော တောင်ခေါင်း၊ မိကျောင်းရဲသောရေ။ ထားပြနေသောတောတောင်။မီးလောင်သောအိမ်။ရွယ်ချိန်လွှတ်ပစ်၊ချွတ်ထစ်တိုက်ခိုက်ဆဲဖြစ်သောစစ်မြေသို့ရောက်၍။ ကြောက်ရွံ့လန့်ထိတ်။ စိတ်မပျော်ရွှင်။ထက်ဝန်းကျင်အားဖြင့် အပြစ်အာဒီနဝကို မြင်သကဲ့သို့။ ခပ်သိမ်းသောဘဝတို့၌ကိုးစားရာရှာကြံမရ၊အလုံးစုံသောလောကကို မီးခဲတွင်းမီးခဲပုံအဟုန်။ အာသိဝိသောပမ သုဗ္ဗန်အလာ ဓာတ်လေးဖြာကို အဆိပ်လျင်သောမြွေ။ငါးထွေသောခန္ဓာကို။ဥက္ခိတ္တာသိက။ သန့်လျက်ချိမသောသူသတ်ယောက်ျား။ အဇ္ဈတ္တိကာယတနခြောက်ပါးကိုရွာပျက်ပမာ၊ ဗာဟိရာယတနခြောက်ပါးကို ခိုးသူထားပြကြီးဟုအပြစ်ကြီးစွာထင်သောအာဒီနဝဉာဏ်ပေါ်လာ၏။ ။အာဒီနဝဉာဏ်ပြီး၏။

(၆၂၇) ကိုးရာမထင်။ခက်ပုံမြင်က။မရွှင်မလန်း၊စိတ်ဘုန်ခန်း၍။မချမ်းမမြေ့။ငြိုးငွေ့သောထွေ။စိတ်အနေ။ မှတ်လေနိဗ္ဗိဒ်။

ဟူသည်နှင့်အညီ၊ အာဒီနဝဥာဏ်ယှက်သန်သောခါ။ အနေ့ာတတ်ဒိုင်၏ အနေ့ာက်မျက်နှာ ရတနာ့ခုနစ်ပါးဖြင့်ပြီးသော စိတ္တကုန့်တောင်ချော ကြာတော၀ယ်။ရွှင်မောပျော်နေသော ဖွေဟာသ်ာသည် ဖွန်းစဉ္စား ရွှာ၏အထွက်စိုစိုသော ရွှံ့ဒိုင်ဘွက်၌။ မနှစ်သက်မပျော်နိုင်သကဲ့သို့ဂုင်း။ ယူဇနာသုံးထောင်။ဟော၀န်ချောင်နှင့်တောတောင်အကြွေ့၌သာ ပျော်မွေ့ နေကျဖြစ်သောမိဂရာဇာကေသရာသည်။လူ့ရွာ၀င်းခြံ၌ ပျော်စံမမွေ့ငြိုး ငွေ့လသကဲ့သို့ဂုင်း၊ ဆဒ္ဒန်အိုင်အနားမှာ ပျော်ပါးနေကျ ဖြစ်သော ဆင်ပြူဆဒ္ဒန်ကောင်းကင်ပျံသည်နိုင်ငံမြို့တွင်း၌ အလျှင်းပင်မပျော်မွေ့နိုင် သကဲ့သို့ဂုင်း။ခပ်သိမ်းသော ဘုံဘ၀ရုပ်နာမ်သင်္ခါရတို့၌ အပြစ်အာဒီနဝ ကိုမြင်ပြီးသောယောဂီဟာသ်ာကေသရာဆဒ္ဒန်အား၊ အတန်တန်သောနာမ ရူပမွေ့သင်္ခါရတို့၌ပျော်ပိုက်ရန်အားမသိမနှစ်ခြိုက်နိုင်။ငြီးမှိုင်နွမ်းချည့်၊ ပျင်းယိငြီးတောက်ခြင်းတည်းဟူသောနိဗ္ဗိဒါဉာဏ်ပေါ်ပေါက်လာ၏၊ ။ နိဗ္ဗိဒါဉာဏ်ပြီး၏။

(၆၂၈) ငြိုးငွေ့အားသန်။ စိတ်ပူပန်က။ လျင်မြန်တစ်။လွတ်လိုဘိ။ မုစ္စိတုကမျတာဉာဏ်။

ဟူသည်နှင့်အညီ။နိဗ္ဗိဒါဉာဏ် ရင့်သန်ထက်မြက်သောအခါ။ မြွေမိသောဘားအရောင်၊ချိုင့်လှောင်သော့တောကြက်။အလမ္မာယ်လက်၌မြွေ။ ကျော့ကွင်းမိလေသောသမင်။ဂဠုန်လက်တွင်နဂါး။ကြောင်ဘားလက်၌ ကြွက်သူငယ်။ နက်ကျယ်သော ညွှန်ပြောင်း၌ကျသောဆင်အို။ ရာဟုမျိုသော-လမိမာန်၊ရန်သူပိုင်းသောယောကျ်ားစသည်ကဲ့သို့။ ဘယ်တစုံတရာသောသင်္ခါရ၌ပင် ပျော်ပါးငြိုကပ်ဘွဲ့စပ်တပ်စွန်းခြင်းမရှိ။ လွန်စွာထန်ပြင်းလွတ်ကင်းထွက်မြောက်လိုသော မုစ္စိတုကမျတာဉာဏ်ပေါ်ပေါက်လာ၏။ ။မုစ္စိတုကမျတာဉာဏ်ပြီး၏။

(၆၂၉) လွှတ်လိုလှ၍။လွှတ်ရတဲ့ငှာ။ဘာဝနာလေးဆယ်။ အကျယ်ဖြန့်ချိ။အားတိုက်ဘိ။ပဋိသန္ဓိဉာဏ်။

ဟူသည်နှင့်အညီ၊ငါးဆောင်းသောယောကျ်ားသည် မြွေဟောက်ကို အုပ်မိက။ဗိုဟ်ရွှင်ပျ၊ ငါးကြီးရပေ့ပေါ့ဟု၊ အသေ့ချင်စွာ။ ဘမ်းလိုက်ရာ တွင်။ကြီးစွာဆိပ်တောက်၊ စိတ်ဒေါသပေါက်သော မြွေဟောက်ကြီးကို မြင်သေရာတွင်မှ၊ကြောက်လန့်တုန်အေး။မြွေဟောက်ဘေးကိုဝေးအောင် ·ပစ်ဘို့ရန်အကွက်။ ချက်ကောင်းကိုရှာပြီးမှ ဝေးသှအောင်လွှင့်ပစ်ပြီးခါ။ လျင်စွာတက်ပြေး၍။ မြွေဘေးမှလွှတ်ခဲ့ပေပြီဟု။ ငမ်းမြောက်ဝမ်းသာ လှည့်ကာဖှည့်ကာတွေးဆဘိသကဲ့သို့။ရုပ်နာမ်တရား၏အဖြစ်သနစ်ကို။ မဖိစစ်မစုံစမ်း။ အကာဘ်းပြကတိ ဖြစ်၍နေစဉ်က။ ၎င်းရုပ်နာမ်၏ အကြောင်းအရာကို တခါတရံမျှ မကြံဘန်မိ၊ ဝိဋ္ဌတဏှာ။ သည်းစွာတင်း ကျမ်း။ ငန်းမန်းသွေးမွှန်၍နေခဲ့မိသမျှကို။ ဆိုခဲ့ပြီးသောအတိုင်း။ ပဋိပ္ပသ မုပ္ပါဒ်နည်းပဋ္ဌာန်းနည်းမှအခြေစ၍ဥဒယဗ္ဗယဉာဏ်မှ အဆင့်ဆင့်တက် ခါ။မုစ္စိတုကမျတာဉာဏ်သို့ရောက်က။တွေးထောက်ကြံဘန်။ပြန်လှန်စင်း စားလိုက်က။မြွေဟောက်ကိုလက်မှလွှတ်ပြီးသူကဲ့သို့။ ငါ့မှာရှေးကမသိ ဘူးသေ၂တရားများကိုသိရပေပြီဟုရှေးကထက်ပင်များစွာအားတက်ပြန် သဖြင့်။လွှတ်လိုသောမုစ္စိတုကမျတာဉာဏ်ပေါက်သောအတိုင်း လွှတ်ရ တဲ့စိမ့်သောငှာ။ဘာဝနာ-၄၀-ဖြင့်ဉာဏ်ဝင်ရှုးစိုက်။ အားတိုက်ဘိနှိပ်။ ခဲကြိတ်ကြိုးစားလေရာ၊ရှေးကထက်အထင်အမြင်သာ၍၊တဏှာဝိဋ္ဌတို့ပါး ရှားသည်ထက်ပါးရှားသောပဋိသန္ဓိဉာဏ်ပေါ်ပေါက်လာ၏။ ။ဤပဋိ သန္ဓိဉာဏ်၏လက်နက်ဖြစ်သော တော့လးဆယ်အကျယ်ကိုကား ငါ တို့ကျေးဇူးရှင်ဘုရားကြီးရေးသားတော်မူသော-ဘာဝနာဒီပနီ, စာအုပ် မှာကြည့်လေ။

ပဋိသန္ဓိဉာဏ်ပြီး၏။

(၆၃၀) အားတိုက်ရှု၍။လွှတ်မှုလွှတ်ရန်။ အမြင်သန်က။ ရုပ်နာမ်ဓမ္မ၊သင်္ခါရဝယ်။မတွယ်သမှု။သျစ်လျူရှု။သင်္ခါ ရုပေက္ခာဉာဏ်၊

ဟူသည်နှင့်အညီ၊ လွှတ်ထွက်ရန်အားတိုက်ရှုသော ပဋိသန္ဓိဉာဏ်

ထက်သန်လာသောအခါ။ရှေးဦးပထမက။ချစ်ကြည်လှစွာသောမယားဆိုးကို။ရန်ငြိုးမှုက်ပွား၊ မုန်းထားပြစ်မြင်။ခွါကြည့်စွန့်ပစ်ပြီးနောက်။ တစုံတယောက်သောယောက်ျားနှင့်။ပျော်ပါးချန်မင်။ရယ်မောရွှင်၍။နေချင်တိုင်းနေသော်လည်း။ မမုန်းမချစ်လျစ်လျူသာဖြစ်သကဲ့သို့။ ခပ်သိမ်းသောရုပ်နာမ်ဓမ္မ သင်္ခါရတို့၌။ ငါပင်ငါဘဲ ထင်စွဲစရာ ဉာဏ်ဖြင့် ရှာမရသောကြောင့်။ကြောက်ခြင်းနှစ်သက်ခြင်းကိုစွန့်ပစ်၍။ မမုန်းမချစ်လျစ်လျူဖြစ်သောသင်္ခါရုပေက္ခာဉာဏ်ပေါ်ပေါက်လာ၏။

သင်္ခါရုပေက္ခာဉာဏ်ပြီး၏။

(၉၃၁) မဂ်ရောက်လိုသော်။အဆော်အနှုန်း။ မဂ်လေးဦးအား။ အထူးလျော်မှု။ကျေးဇူးပြု။အနုလောမဉာဏ်။

ဟူသည်နှင့်အညီ။သင်္ခါရတရားတို့၌၊ ကြောင့်ကြဗျာပါရအမှုစိုက်မှုပြေငြိမ်းသောသင်္ခါရုပေက္ခာဉာဏ်အလွန်ထက်သန်သောအခါ၊နေထွက်လိုသော်အရုဏ်လာခြင်းကဲ့သို့။မဂ်ဉာဏ်လေးပါးပေါ်ရန် လွန်စွာလျော်သော။မဂ်ပေါ်ဖို့ကျေးဇူးပြုတတ်သော အနုလောမဉာဏ်ဖြစ်ပေါ်လာ၏၊ ။ဤအနုလောမဉာဏ်ဟူသည်ကား။မဂ်ဖြစ်သောဝိထိမှာအာဝဇ္ဇန်း, ပရိကံ,ဥပစာ,ဇောတို့၏နောက် ဂေါတြဘုဇော၏ရှေ့၌ဖြစ်သော အနုလုံဇောပင်လျှင်တည်း၊

(၉၃၅) သင်္ခါရုနှင့်၊အနုလောမ။ ဉာဏ်နှစ်ဝ။ဝုဋ္ဌာနဂါမိနီလည်း။ ခေါ်သတည်း။

ဟူသည်နှင့်အညီ။ဆိုခဲ့ပြီးသောဝိပဿနာဉာဏ်တို့တွင်။သင်္ခါရုပေက္ခာဉာဏ်နှင့်အနုလောမဉာဏ်တို့ကို။သံသရာဝဋ်တွင်းကအတင်းတ၍ကျွတ်လွတ်သောမဂ်သို့ ရောက်စေတတ်သောကြောင့် ဝုဋ္ဌာနဂါမိနီဝိပဿနာဟူ၍ခေါ်ဝေါ်အပ်၏။ ။သင်္ခါရုပေက္ခာဉာဏ်၊ အနုလောမဉာဏ်၊ ဂေါတြဘုဉာဏ်သုံးပါးကိုလည်းလောကီတရားတို့၏ အထွတ်အထိပ်သို့ရောက်သောဉာဏ်တို့ဖြစ်၍ သိခါပတ္တဝိပဿနာဉာဏ်ဟူ၍ ခေါ်ဝေါ်ရ၏။ ။လောကုတ္တရာမှလွဲလျှင်ဆိုပြီးဉာဏ်သုံးပါးအထွတ်အထိပ်ဆို

လိုသည်။ ။ဤဝုဋ္ဌာနဂါမိနီ ဝိပဿနာသို့ရောက်သောအခါ။ ကျန်မဂ်ပေါ်လာတော့မည်ဖြစ်၍ အားထုတ်ကြိုးပမ်းခြင်းအလုပ်ကိစ္စစင်ကြယ်ပြီးမြောက်ပြီးဖြစ်၍၊ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိဖြစ်၏။

(၆၃၅) ဝုဋ္ဌာနဂါမ်။ လွန်ရင့်သန်က၊ နိဗ္ဗာန်ပေါက်ခါ။ မဂ်ရောက်လာ၊ ဉာဏဒဿနဝိသုဒ္ဓိ၊

ဟူသည်နှင့်အညီ၊ ဝုဋ္ဌာနဂါမိနီဝိပဿနာရင့်လာသည်ရှိသော်၊ နိဗ္ဗာန်ကိုအာရုံပြုသော ဂေါတြဘုစိတ်နှင့်တကွ မဂ်ပေါ်ပေါက်လာ၏။ ။မဂ္ဂဝိထိဖြစ်ပါန်ကား။ ။ဒိဋ္ဌိဝိသုဒ္ဓိ။ကင်္ခါဝိတရဏဝိသုဒ္ဓိဖြစ်၍၊ ဥဒယဗ္ဗယစသောဝိပဿနာဉာဏ်အဆင့်ဆင့်သင်္ခါရုပေက္ခာဉာဏ်တိုင်အောင်အားတက်ကြိုးမင်းအတင်းဆန်တက်လာသော ယောဂီပုဂ္ဂိုလ်အားမဂ်တည်းဟူသောအပ္ပနာဖြစ်လိုလတ်သော်၊ ယောဂီပုဂ္ဂိုလ်၏တိဟိတ်ဘဝင်သည်၊ ဘဝင်စလနဘဝင်ပစ္ဆေဒဟူ၍ဘဝင်-၂-ကြိမ်ကျ၏၊ထိုနောင်မနောဒွါရာဝဇ္ဇန်းစိတ်သည်ရုပ်နာမ်တရားတို့၏အနိစ္စစသော လက္ခဏာ-၃-ပါးတွင်တပါးပါးကိုအာရုံပြု၍၊ အာဝဇ္ဇန်းကိစ္စနှင့်ဖြစ်၍ချုပ်၏။ ထိုနောင်မဟာကုသိုလ်သမ္ပယုတ်-၄-တွင်တပါးပါးသည်အာဝဇ္ဇန်းကဲ့သို့အာရုံပြု၍၊ပရိကံ,ဥပစာ,အနုလုံ,အမည်ဖြင့်ဝုဋ္ဌာနဂါမိနီဝိပဿနာဇော-၃-ကြိမ်ဖြစ်၍ချုပ်၏၊ထိုနောင်နိဗ္ဗာန်ကိုအာရုံပြု၍ပုထုဇ္ဇန်၏အနွယ်ကိုဖြတ်သောဂေါတြဘုကိစ္စနှင့်ဇောတကြိမ်ဖြစ်၍ချုပ်၏၊ထိုနောင်သောတာပတ္တိမဂ်စိတ်သည်။

(၆၃၆) သိ,ပယ်,ဆိုက်,ပွါး,။ လေးပါးအချက်၊တပြိုင်နက်၊ မဂ်၏ကိစ္စတည်း။

ဟူသည်နှင့်အညီ၊ဒုက္ခသစ္စာကိုသိမြင်ခြင်း၊ထိုက်သက်သော သမုဒယသစ္စာကို ပယ်ခြင်း၊ နိဗ္ဗာန်ကိုဆိုက်ရောက် မျက်မှောက်ပြုခြင်း၊ မဂ္ဂသစ္စာကိုပွါးခြင်းဟူသောကိစ္စ-၄-ပါးကိုတပြိုင်တည်းဆောင်ရွက်လျက်မဂ်အပ္ပနာကိစ္စဖြင့်တကြိမ်ဖြစ်၍ချုပ်၏။ ထိုနောင်သောတာပတ္တိဖိုလ်စိတ်သည်နိဗ္ဗာန်ကိုအာရုံပြု၍အပ္ပနာဇောကိစ္စ-၂-ကြိမ်ဖြစ်၍ချုပ်၏၊ထိုနောင်မိမိ၏တိဟိတ်ဘဝင်ဖြစ်၏၊

ဝိထိပုံကား။

နှ ဒ မ ပ ဥ အ ဝေါ မဂ် ဖိုလ်
၀၀၀ ၁၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၀

ဖိုလ် ဘဝင်
၀၀၀ ၀၀၀

ထိုနောက် ပစ္စဝေက္ခဏာဇော-၅-စဉ်ကျလေ၏။ ထိုယောဂီပုဂ္ဂိုလ်သည်ဒုက္ခသစ္စာဝါ သံသရာခရီးသမား ပုထုဇ္ဇန်အလားမှ ကျွတ်လွတ်ထမြောက်၍။အရိယန္တယ်ငင်နိဗ္ဗာန်သခင်အဖြစ်သို့ရောက်လေ၏။ ။ထိုပထမအဆင့် မဂ်လမ်း ပွင့်ပြီးသော ပုဂ္ဂိုလ်သည်။ အရှင်းသတ်ဒိဋ္ဌိဝိစိကိစ္ဆာကိုပယ်ပြီးဖြစ်၍၊ နောင်အပါယ်သို့သွားရဦးမည်လောဟု တွေးတောကြောက်လန့်ဘွယ်သောဘေး၊ရုပ်နာမ်ခန္ဓာ့ကိုယ်ကိုငါ-ငါဘဲဟုထင်စွဲလိမ့်သောဘေး။ရတနာ-၃-ပါး၌ယုံမှားလိမ့်သောဘေးတို့မှ။ ဧးဧးသာသာ၊တခါခြင်းလွတ်ရ၍။ အကယ်၍တဘဝတည်းနိဗ္ဗာန်သို့မပေါက်သေးခဲ့လျှင်အထွတ်အမြတ်ဖြစ်သော ဘုံဘဝတို့၌သာ။ ဝိသာခါအနာထပိဏ်တို့ကဲ့သို့။မြိန်မြိန်ကြီးပျော်ပါးအငြိမ်းစားပင်ရှင်ရ၍-၇-ဘဝထက်မလွန်ရဘဲ၊နိဗ္ဗာန်မြိုက်ပန်းကို၊ခြွေလှမ်းပန်ဆင်ရလေတော့သတည်း။

ထိုကြောင့်ရတနာသုတ်ပါဠိတော်၌။ ။ကိဉ္စာပိတေဟောန္တိ ဘုသံပမတ္တာ။ နတေဘဝံ အဋ္ဌမမာဒိယန္တိ။ ဟူ၍ဟောတော်မူ၏။ ။တေ။ထိုသောတာပန်ပုဂ္ဂိုလ်တို့သည်။ဘုသံပမတ္တာ။စည်းစိမ်ယစ်မူး။ မြူးထူးပျော်ပါးမှုကျွန်၍အလွန်ပင်မေ့လျော့ကုန်သည်၊ ကိဉ္စာပိဟောန္တိ။ တကယ်လို့ပင်ဖြစ်စေကုန်ဦးတော့။အဋ္ဌမံဘဝံ။ရှစ်ခုမြောက်သောဘဝကို။နအာဒိယန္တိ။ ပဋိသန္ဓေစွဲနေမယူရကုန်။ ။မဂ်ပေါက်သောအခါ၊တဆင့်တတန်အသိဉာဏ်ကိစ္စစင်ကြယ်ပြီးစီးပြီးဖြစ်၍ဉာဏဒဿနဝိသုဒ္ဓိပေါက်၏။ ။ဆိုခဲ့ပြီးသောဥဒယဗ္ဗယစသောဝိပဿနာဉာဏ်အစဉ်မှာတဆင့်ထက်တဆင့်ရင့်ရင့်ကြီးထူးခြားစွာရေးသားပြခဲ့သော်လည်းအလုပ်စခန်းမှာဥဒယဗ္ဗယဉာဏ်ကောင်းကောင်းပေါက်လျှင်အထက်ဉာဏ်ရလည်းအလိုလိုပြီးရတော့၏။ဥဒယဗ္ဗယဉာဏ်လိုရင်းဖြစ်၏၊ရုပ်နာမ်တရားတို့၏ပဋိစ္စသမုပ္ပါဒ်နည်းပဋ္ဌာန်းတို့စနစ်အတိုင်း အကြောင်းအကျိုးတွဲစပ်ကျေးဇူးပြုကြပုံကို

မြင်လျှင်လည်းဥဒယဗ္ဗယဉာဏ်အလွန်လွယ်လှတော့၏။ ။(ဤစာအုပ်၌ အတော်ရင့်သန်သောဥဒယဗ္ဗယဉာဏ်ကစ၍ရေးခဲ့သောကြောင့်ဝိပဿနာဉာဏ်ဆယ်ပါးတွင်သမ္မသနဉာဏ်ကျန်ရစ်ခဲ့၏။ သမ္မသနဉာဏ်ကား ခန္ဓာငါးပါးစသည်ရုပ်နာမ်၍သက္ခဏာရေးဖြင့်ဆင်ခြင်သောဉာဏ်တည်း။ ။ အဖြစ်အပျက်ကိုဉာဏ်ဖြင့် တပ်တပ်ကွင်းကွင်းရှင်းရှင်းလင်းလင်း မြင်သည်ဖြစ်စေ၊ စိတ်တည်ကြည်စွာနှင့် လက္ခဏာရေးကိုဆင်ခြင်လျှင် ပင် သမ္မသနဉာဏ်ဖြစ်နိုင်၏။မခဲယဉ်းပါခဲ့)။ ။ပထမမဂ်ကိုရပြီးသောပုဂ္ဂိုလ်သည်။သဒ္ဓါစွမ်းဝိရိယစွမ်းပ ညာစွမ်းရှိသလောက်အထက်မဂ်သုံးပါးသို့ အလျင်နှင့်အနှေးပေါက်ရောက်လေတော့သည်။ ။ဟိမဝန္တာမှစီးဆင်းလာသောဂင်္ဂါရေသည် သမုဒ္ဒရာသို့အတွင်စီးသကဲ့သို့။ ပထမအရိယာလည်းနိဗ္ဗာန်သမုဒ္ဒရာသို့သာစီးလေတော့၏။

## (၂၀) အားပေးနှိုးဆော်ခန်း။

သာသနာတည်းဟူသော အရိပ်ကောင်း၌ ခိုအောင်းတည်နေကြကုန်သောအိုသူတော်ကောင်းအပေါင်းတို့။တခဲနက်ဘော်သားဖြာကတိပြီးသော ကေလာသတောင်မင်းကို၊ဘောက်ထွင်းခွဲပျက်ကွဲအက်ချေမှုန်းပျက်ပြုန်းအောင်အစွမ်းရှိသောလက်နက်ကို သန်လျှက်လေးမြားလှံခါးသေနတ်ဟု ဆိုကြကုန်မည်လော။ ထိုလက်နက်ကို တာဝတိံသာနတ်ရွာသနင်း သိကြားမင်း၏ ထန်ပြင်းထက်မြက်ဝဇိရဝိန်စက်ဟုဆိုကြကုန်မည် မဟုတ်ကုန်လော၊

အိုသူတော်ကောင်းတို့။ကြီးကျယ်ယူဇနာ၊စန္ဒာလနန်း။သော်တာစန်းကို။ဘမ်းကာကစား။ ငုံ၍ထားနိုင်သောသူကိုလူသားသာမညဟု ဆိုကြကုန်မည်လော။ထိုသူကား၊ ရူပကာယ။ လွန်လှကြီးမား။ ကိုယ်အားဂုဏ်သိန်။တန်းခိုးထိန်သည်၊ အသုရိန်နတ်မင်းကြီးမဟုတ်တုံလော။ ။အိုသူတော်ကောင်းတို့။ နက်ကျယ်သမုဒ္ဒရာ။ ရေမျက်နှာကို။ ကြီးစွာလေဟုန်၊ တောင်စုံနှစ်ဘက်၊ဟူးဟူးရက်၍၊ဝက်ဝက်သွဲခွဲ။ရေကိုရှဲ၍။ရေထဲနဂါး။ ဆိအသားကို၊သောက်စားမျိုသုံးနိုင်သောသတ္တဝါကို၊ရေသာမြစ်ဝ၊အင်းစအိုင်နား၌၊ငါးခရုသတ်၊ပေါက်သောဖြိုင်းအောက်သိန်းစွန်ခေါ်မည်လော၊ ထိုသတ္တဝါတို့မှာမူကား။သိကြားနတ်မဒုး၏။ ချန်ခွင်းပယ်လွှင့်။ အာလိန်

မြင့်တွင်၊နှစ်ဆင့်မြောက်ဒေသ၌၊ရုက္ခပင်ပျို၊နန်းလက်ပံ၌၊ဗိုးစံအုပ်ခြို၊ဂဠုန်ဘုရင်၊ဌက်သခင်ကြီးမဟုတ်တုံလော။ ။အိုသူတော်ကောင်းတို့၊ ထိုဥပမာစကားနှင့်တူစွာ၊နှစ်ဖြာသောရုပ်နာမ်ဓမ္မ၊သင်္ခါရတို့၌၊ မူလမူထိ၊ဤကားကြောင်းကျိုး၊ ကောင်းဆိုးဖြစ်ပျက်၊စက်သမုပ္ပါဒ်၊ ပဋ္ဌာန်းမြတ်ကို၊အတပ်မြင်သိ၊ကင်္ခါဝိတရဏဝိသုဒ္ဓိအခြေသို့ရောက်သူကို၊လူကာဏ်းဗာလ၊အန္ဓပုထုဇ္ဇဉ်၊သူ့သွင်ငါလို၊ မှောင်ခိုမိုက်မှေး၊ လူသေးလူနုတ်ဆိုကုန်မည်လော၊အိုသူတော်ကောင်းတို့၊ထိုသသူကား၊လူတွင်တိက္ခ၊ကလျာဏအမှန်၊ ရုဋ္ဌသောတာပန်အမြတ်ဟု၊ အရပ်ရပ်ကျမ်းဂန်တွင်၊ ဩဘာသံအောင်ဟိတ်ဖြင့်၊ဘုရားတံဆိပ်ပေးခဲ့သည်မဟုတ်ကုန်လော။

---

ဘုရားတံဆိပ်ကားအဘိဓမ္မာဝတာရအဋ္ဌကထာ၌။

“ဣမိနာပန ဉာဏေန၊သံယုတ္တောဗုဒ္ဓသာသနေ၊
ဟောတိလဒ္ဓဿာသော၊သောတာပန္နောဟိရုဋ္ဌကော၊”

ဟူ၍မိန့်ခဲ့၏။ ။အနက်ကား။ ။ပန၊အားတက်ဘွယ်နိမိတ်၊ဘုရားတံဆိပ်ကား၊ဣမိနာဉာဏေန၊ဤကင်္ခါဝိတရဏဉာဏ်နှင့်၊ သံယုတ္တော၊ယှဉ်သော၊သော၊ ထိုယောဂီပုဂ္ဂိုလ်သည်၊ဗုဒ္ဓသာသနေ၊ သာသနာတော်မြတ်၌၊လဒ္ဓဿာသော၊ရအပ်သောထောက်ရာတည်ရာသက်သာရာရှိသည်၊ဟောတိ၊ဖြစ်၏၊ဟိ၊ ထိုစကားမှန်၏၊ သော၊ ထိုကင်္ခါဝိတရဏဉာဏ် ပေါက်သောသူသည်၊ ရုဋ္ဌကော သောတာပန္နော၊ ရုဋ္ဌသောတာပန် ကလေးပင်တည်း။ ။တရပ်၊

“သုခုမံ တေ ပဋိဝိဇ္ဈန္တိ၊ဝါလဂ္ဂံဥသုနာယထာ၊
ယေပဉ္စက္ခန္ဓေပဿန္တိ၊ပရတော နော စ အတ္တတော၊”

ထေရဂါထာပါဠိတော်။ ။အနက်ကား၊ ။ယေ၊အကြင်သူတို့သည်၊ ပဉ္စက္ခန္ဓေ၊ခန္ဓာငါးပါးရုပ်နာမ်တရားတို့ကို၊ပရတော၊ အကြောင်းအကျိုးစပ်၍ဖြစ်ရုံမျှသာဟူ၍ဗာဟိပြင်ပ၊အနတ္တအားဖြင့်၊ပဿန္တိ၊ မြင်နိုင်ကြပေကုန်၏၊အတ္တတော၊အတွင်းမှန်ဖုကိုယ်အတ္တအားဖြင့်၊နော စ ပဿန္တိ၊မရှုမမြင်ကြကုန်၊တေ၊ထိုရုပ်နာမ်တို့၏အကျိုးအကြောင်းကိုကောင်းကောင်းမြင်သောသူတို့သည်၊ဝါလဂ္ဂံ၊သေးနုသော်ငြား၊သားမြီးဖျားကို၊ ဥသုနာ၊မြားဖြင့်၊ ပဋိဝိဇ္ဈန္တိ ယထာ၊ ဘေးတွင်းခွဲလစ်မှန်အောင်ပစ်နိုင်သောသူကဲ့သို့၊

သုခုမံ။သိမ်မွေ့သော ဌာန်းရုပ်နာမ်တို့၏အကြောင်းအကျိုးတရားကို၊ပဿန္တိ မြင်စွမ်းနိုင်ကြပေကုန်၏။ ။ဤသို့ဟောတော်မူသောပါဠိတော်နှင့်အညီ။ ဆိုအပ်ခဲ့ပြီးသော ပဋ္ဌာန်းနည်း ပစ္စုဒ္ဒသရုပ္ပါဒ်နည်းတို့အတိုင်းခန္ဓာငါးပါး အကြောင်းအကျိုးစပ်ဆက်ရုံမျှသာပစ္စုပ္ပန်ဌီအခိုက်အတန့်ချင်းကျေးဇူးပြု ၍နေကြသောသင်္ခါရပုဉ္ဇ ဓမ္မအစုအပုံတို့သာ။ငါ၊သူ၊တပါး၊ ယောကျ်ား၊ မိန်းမ၊ပုဂ္ဂလ၊သတ္တ၊အတ္တ၊ဇီဝမဟုတ်ဟုမြင်နိုင်သောသူသည်၊ အလွန်တ ရာဉာဏ်စထက်မြက်နက်နဲသိမ်မွေ့သောတရားကို မြင်နိုင်သောသူမည် ၏။သားမြီးဖျားကိုမှန်အောင်ပစ်နိုင်သောဝါဠဝေဓိလေးသမားနှင့်တူ၏ဟု ချီးမွမ်းတော် မူခဲ့သောအတိုင်း ဝါဠဝေဓိသရုပ်ပြတ်။ ပရမတ်ဝိဇ္ဇာရိရ်။ ဂန္ထိရပုဂ္ဂိုလ်ဖြစ်ရန် ရုပ်နာမ်တို့၏ အကြောင်းကို ကောင်းကောင်းသိမ်း ဆည်းနိုင်သော။နာမရူပပရိဂ္ဂဟ ကင်္ခါဝိတရဏာဝိသုဒ္ဓိလမ်း။ရှုဋ္ဌသောတာ ပန်စခန်းကိုကြိုးပမ်းအားထုတ်သင့်လှပေသတည်း။ ။တခုပ်၊

အလွန်တရာခက်လှ၏ဟုပြောဆိုရသောဤပဋ္ဌာန်းနည်း ပစ္စုဒ္ဒသရုပ္ပါဒ် နည်းသည်၊သိတ္တိုရန်လက်စကိုမှ။ မစတဲ့ချင်ဘိ။ပျင်းရိမှုန်မှိုင်း။ ထုံထိုင်း ပေတုံး၊မှောင်လုံးကြီးမောဟဘိစီးခြင်းကိုခံကြရှာသောသူတို့နှင့်မူကား။ ဝေးကွာလွင့်စင်။ မှောင်ပြင်ကြီး ဖြစ်၍နေဘိ၏။ ။ထိုကြောင့် သုတ္တ နိပါတ်ဒွယတာနုပဿနာသုတ်၌။

“ပဿဓမ္မံဒုရာဇာနံ၊သံမုဠှေတ္တအဝိဒ္ဒသု၊
နိဝုတာနံတမောဟောတိ။အန္ဓကာရောအပဿတံ၊”

ဟူ၍ဟောတော်မူ၏၊ ။ဒုရာဇာနံ၊အလွန်သိနိုင်ခဲစွာသော။ ဓမ္မံ၊ရုပ် နာမ်သင်္ခါရတို့၏အကြောင်းအကျိုးနှောင်ဖွဲ့ရက်တင်ပုံတရားကို။ပဿ။ ရှုစမ်းကြလော့။ဧတ္တ။ဤတရားမျိုး၌။အဝိဒ္ဒသု၊မြင်စွမ်းနိုင်ရန် ဉာဏ်စမရှိ သောသူတို့သည်။သံမုဠှာ၊တွေဝေရှာကြကုန်၏။နိဝုတာနံ၊ အဝိဇ္ဇာမှောင် ကြီးဖြင့်၊ဘိစီးသောဝန် ရှိကြကုန်သော သူတို့အား။ တမော။ မှောင်လုံး မှောင်ပြင်သည်။ဟောတိ။၏။ အပဿတံ၊တရားမျက်ဝါ၊ မရှိစမ်းတန်း။စုံ လုံးကာကျဲးကုန်သောသူတို့အား။အန္ဓကာရော၊ အမိုက်တိုက်ကြီးသည်။ ဟောတိ၊ဖြစ်၏။

ပညာဉာဏ်စ။ကုန်ငလောက်လုံသောသူတို့မှာမူကား။ထိုပစ္စယပစ္စ ယုပ္ပန္နတရားသည် ကြယ်များအလယ်တွင်။ရောင်နွယ်ပဝင်း၊ ငွေလမင်း

ကဲ့သို့၊ထင်လင်းလှသည့်ပြင်၊ဒိဋိ၏အနီးကလေး၊မှာဟု၊ မရှုမ်ခထွေး မြင်ရွမ်းနိုင်၏။ ။ထိုကြောင့်ယခင်ပါဠိတော်၌ပင်။

“သတဥ္စဝဍ္ဎုံဟောဘိ။အာဒလောကောပသဿတာမိဝ။
သန္တိကေနံဝိဇာနန္တိ၊မဂ္ဂါဒဂ္ဂသကောဝိဒါ၊”

ဟူ၍ဟောတော်မူ၏၊ ။ပသဿတံ၊မြင်နိုင်စွမ်းသောဉာဏ်စွမ်းဉာဏ်စရှိကုန်သော၊သတဥ္စ၊သူမြတ်တို့မှာမူကား၊ အာလောကောဏ္ဍဝ။ နေလအဒထောင်။ထိန့်ပြောင်ထွန်းလင်းသကဲ့သို့။ ဝိဝဍ္ဎံ၊ပွင့်လင်းထင်ရှားသည်။ဟောတိ၊ဖြစ်၏၊မဂ္ဂါမဂ္ဂဿ၊အကြောင်းဟုဘ်သည့်မဟုတ်သည့်၌။ ကောဝိဒါ၊လိမ်မာကြသောသူတို့သည်၊ နံ၊ထိုအကြောင်းအကျိုး နှောင်ဘွဲ့စင်ဆက်ပုံတရားကို၊သန္တိကေ၊အနီးကလေး၌၊ဝိဇာနန္တိ၊သိနိုင်ကြကုန်၏၊

ဤသို့လာသောပါဠိတော်ဂါထာ-၂-ပုဒ်ကိုထောက်၍၊မောဟမှောင်လုံးမဘိရအောင်။ နေလအဒထောင်၏အရောင်ကိုမြင်ရသကဲ့သို့ ရုပ်နာမ်ဓမ္မတို့၏ ပစ္စယပစ္စုပ္ပန်ကို ကြံဘန် အားထုတ်ဘွယ် ကောင်းလှပေသတည်း။ ။တရုပ်။

ဤသို့ရုပ်နာမ်ဓမ္မ၊သင်္ခါရတို့၏၊ပစ္စယပစ္စယုပ္ပန္န၊ စပ်ဆက်ဘွဲ့စည်းနေပုံကိုမသိနိုင်စွ၊ခက်ခဲလှဟု၊ဝီရိယလျှော့၍၊ပေါ့ပေါ့တန်တန်မနေသင့်၊သာသနာပအခါလည်းမဟုတ်ပါခဲ့၊ဗုဒ္ဓမြတ်စွာ၏သာသနာတော်လည်း နေဝါလရောင်၊သောင်းထောင်မက၊ တပြိုင်တည်း တက်ကြွသကဲ့သို့၊ ထွန်းပထိန့်ပြောင်ဆဲဖြစ်၏၊ ။သာသနာပအခါမူကား၊ ထိုရုပ်နာမ်တရားကိုကြားသိရမည်ဝေးစွ။ အိပ်မက်တွင် တကြိမ်တခါမျှ မမက်ရစဘူး။ အလောင်းတော်ဟူသြိပါလ၊သရဘင်္ဂ၊မဟောသဓ၊ဝိဓုရစသောပညာရှိ၊ ဆုဒ်ပရိဗိုဇ်တို့သော်မှမမြင်မသိနိုင်ကြလေ၊သို့စင်ခက်ခဲလှစွာသော အရာကို၊သဗ္ဗညုဉာဏ်ဖြင့်ထုတ်ဘော်လှန်သျှော၍ပြတော်မူအပ်သောနည်းနယအစုံအလင်ရှိပြီးသောသာသနာတော်တွင်း၌မူကား၊ယောကျ်ားကြီးဖြစ်သသူကိုမဆိုထားနှင့်ဦး၊ဝိသာခါကဲ့သို့-၇-နှစ်ရွယ်သတို့သမီးငယ်ကလေးတို့တောင်ပင်မြင်လေသေး၏၊ ။ထိုကြောင့်အပဒါနပါဠိတော်၌။

“ယံနူနိမ္ဗုံပုရာဏောဟိ။တိဋ္ဌိကာစရိယဟိပိ။
တံပဒံသုကုမာရီဘိ။သတ္တဝဿာဘိဝေဒိတံ။”

ဟူ၍ဟောတော်မူ၏။ ။ပုရာဏောဟိ။ရှေး၌ဖြစ်ကုန်သော။တိဏ္ဏိကာ စရိယောဟိဒိ။ ဂိုဏ်းဆရာကြီးပြုလုပ်ထူထောင်၊ ဂဏ်သသင်းပြောင်ကုန် သော၊အလောင်းတော်မြတ်ကြီးတို့သော်လည်း။ ယံ။အကြောင်ရုပ်နာမ်ဓမ္မ တို့၏။သင်္ခါရဖြစ်ပုံကို၊နဒိဋ္ဌ။မမြင်စဘူးရှာကြလေ၊ပန၊သို့ပင်မမြင်သော် လည်း။ဇူဓ။ဤသာသနာတော်မြတ်၌၊တံပဒံ၊ ထိုရုပ်နာမ်ဓမ္မသင်္ခါရတို့၏ ပစ္စယပစ္စယုပ္ပန္နဖြစ်၍နေပုံတရားပိုဒ်ကို။သတ္တဝဿာဘိ။၇-နှစ်ရွယ်သာရှိ သေးကုန်သော။သုကုမာရိဘိ-ကုမ္မာရိရွယ်၊ လွန်နုနယ်သော ကလေးသူ ငယ်မတို့သော်လည်း။ဝေဒိတံ။သိနိုင်ကြလေ၏။

ဤသို့လာသောပါဠိတော်ကိုထောက်၍၊၇-နှစ်ရွယ်သူငယ်မကလေး တို့တောင် နိဗ္ဗာန် ရောက်ကြောင်း တရားကောင်းကို သိနိုင်ပါလျှင် သဲ့ ကြောင့်ငါတို့မသိရဘဲနေအံ့နည်းဟု။ ကြိုးစွာကြိုးပမ်း အစွမ်းထုတ်ဘွယ် ကောင်းလှ၏၊

“ယောဂါဝေဇာယတေဘူရိ၊အယောဂါဘူရိသင်္ခယော။”

ဓမ္မပဒပါဠိတော်။ ။ယောဂါ။ အားထုတ်ခြင်းကြောင့်။ ဘူရိ။ အသိ ပညာသည်။ဇာယတေ၊ ဖြစ်ပွါးတိုးတက်၍လာ၏။ အယောဂေါ၊အားမ ထုတ်ခြင်းကြောင့်မူကား၊ ဘူရိသင်္ခယော၊ ရှိပြီးပညာပင်မကြွင်းကုန်ဆုံး။ ပျက်ပြုန်းပျောက်ကင်းသည်။ဟောတိ။ဖြစ်၏။

ဤပါဠိတော်လာသောအတိုင်းများစွာအားထုတ်လျှင်။ မရှိသေးသော ပညာလည်းသိမြင်ပွါးတိုး။သိပြီးပညာလည်း အရှိန်တန်းခိုးပြန့်ကျယ်နိုင် ၏၊အားမထုတ်လျှင်တိုးဘို့ရန်မဆိုသာ။ရှိပြီးပညာတောင်ကွယ်ပျက်ပြုန်း တီးနိုင်သည်ဖြစ်သောကြောင့်ယခုကြုံကြုံကြိုက်သော ဒုလ္လဘခေတ်ခါသာသ နာတွင်းမှမူကား။များလှသော ယူဇနာဖြင့်လွန်စွာထူထဲလှသော မြေလွှာ ကို၊ယူခါလှန်မှောက်၍။ထိုမြေလွှာအောက်၌ရှိသောမြေဆီဩဇာအရသာ ကို။ကောင်းစွာ ယူဆောင်မည်ကြံခဲ့သော ယောကျ်ားအာဇာနည်၏စိတ် အားဆန္ဒဝိရိယတို့ထက်ဆထက်များစွာ။အရာမက။ ကြီးမားလှသော၊ဝိရိ ယအစွမ်းကိုထုတ်လျက်၊တခဏတမရှုတ်မျှ။ အလကား မကုန်မကော စေဘဲ။ကာလကို့နှမြောရ၍၊ရခဲသောဤဘဝ၌ပင်။ လှလှကြီးထောက်ရှု တည်ရာရ၍။ ရှင်သောတာပန် အရေထူးကို။ ဆွတ်ခူးယူလှမ်းနိုင်ကြစေ ကုန်သတည်း၊

''မာဝေါခဏံဝိရာဓေထ။ ခဏာတီတာဟိသောစရေ။
သဒ္ဓေဝါယမေယျာထ။ ခဏောဝေါပဋိပါဒိတော။''

အပဒါန်ပါဠိတော်လာ၊ နှိုးဆော်တိုက်တွန်းဂါထာ။ ။အနက်ကား။ ။ ဘောသန္တော။ ဒိုသူတော်ကောင်းတို့။ ဝေါ။ သင်တို့သည်၊ ခဏံ။ ထူးမြတ်သောယခုရခဲခဏကို။ မာဝိရာဓေထ။ ချော်ချွတ်၍မသွားကြစေကုန်လင့်။ ဟိ။ အဘယ်ကြောင့်နည်းဆိုသော်။ ခဏာတီတာ။ ခဏကောင်းလွန်ဆုံး၍သွားခြင်းရှိသောသူတို့သည်။ သောစရေ။ နောင်တတဘန် ပူပန်ဗိုးရိမ်ကြရကုန်၏။ ဝေါ။ သင်တို့အား။ ခဏော။ ဗုဒ္ဓုပ္ပါဒ။ ခဏကောင်းကြီးသည်။ ပဋိပါဒိတော။ ရှေ့ရှုမျက်မှောက်။ ဆိုက်ရောက်၍နေပြီ။ သဒ္ဓေ။ မိမိလုင်ငန်း။ စီးပွါးလမ်း၌။ ဝါယမေယျာထ။ ခဏခကောရအောင်၊ စောစောအားထုတ်လိုက်ကြကုန်လော့။

ပြီး၏။

(၁) "သလ္လာဝတီနဒီတီရေ။ မုံရွာနာမေ သုပါကဍုံ။
ယောမာပေတိ လဗ္ဘျာရာမံ။ သာရဇ္ဇနပ္ပသာဒကံ။"
(၂) "ဓမ္မောဒရော သတိဂ္ဂီဝေါ။ သမ္မုပ္ပဓာနဒန္တဝါ။
သဒ္ဓါကရော ပညာသီသော။ မဟာနာဂေါဟိ လဗ္ဘိယော။"
(၃) "တဿာဟံ လဗ္ဘိထေရဿ၊ သိဿော မှိ ပဗ္ဗိတော ယတိ။
လဗ္ဘိသံသမှိ သဒ္ဓါတော၊ သတ္တဝဿော သုတေ သကော။"
(၄) "ပုဗ္ဗိတုံ သတ္တဝဿမှိ၊ ဇိနံဘိဓမ္မဒေသကံ။
ဂရုနော နယမာဒါယ။ ကတာ ပဗ္ဗယမဒ္ဓရိ။"
(၅) "သာသနေ ရဝိဝိန္ဒုမှိ၊ သာကေ ပုတ္တဓယောဂတော။
တေရသေ ဇေဋ္ဌမာသဿ၊ နိဋ္ဌယာ ယံ နိဋ္ဌိတာ။"
(၆) "ပုညေန တေန သော နာဂေါ။ တောသဇ္ဇော သကလံ ဇနံ၊
ဓမ္မနာဒံ ဥဒ္ဒါဒေတု။ တောသိတာ တမန္တနုတော။"
(၇) "အာရဗ္ဘိတုံ သက္ကုဏာ နု။ ဇာမံ ဩဒြင်္ဂမာနသာ။
သက္ကုပ္ပါဝ သဿ သိဋ္ဌာနုံ။ ပါတု မံ သရဒေါ သကံ။"

(၁) သလ္လာဝတီနဒီတီရေ၊ သလ္လာဝတီမည်သော ချင်းတွင်းမြစ်၏ အနားရှာဘက်ကမ်းထိပ်၌။ မုံရွာနာမေ။ မုံရွာအမည်ရှိသော မြို့၌။ သုပါကဍုံ။ ကောင်းစွာ ကျော်စော ထင်ရှားသော။ သာရဇ္ဇနပ္ပသာဒကံ။ သူတော်ကောင်းအများကို။ ကြည်ညိုစေနိုင်သည်ဖြစ်၍၊ သာဓုဇ္ဇနပ္ပါသာဒိကာရာမ မည်ထသော။ လဗ္ဘျာရာမံ။ လယ်တီအမည်ရှိသော တိုက်တာအရာမ်ကို။ ယော။ အကြင် မဟာထေရ်မြတ်သည်။ မာပေတိ။ ဦးတည်ဘန်ဆင်း တည်ထောင်တော်မူ၏။

(၂) ဓမ္မောဒရော၊ ပရိယတ္တိတရားတည်းဟူသော ဝမ်းတိုက်လည်း ရှိပေထသော။ သတိဂ္ဂီဝေါ။ သတိပဋ္ဌာန်တရား-၄ ပါးတည်းဟူသော လည်ဘင်းလည်းရှိပေထသော။ သမ္မုပ္ပဓာနဒန္တဝါ။ သမ္မပ္ပဓာန်တရား-၄ ပါးဟု ဆိုအပ်သော အစွယ်လည်းရှိပေထသော၊ သဒ္ဓါကရော။ သဒ္ဓါတည်းဟူသော နှာမောင်းလည်းရှိပေထသော။ ပညာသီသော။ ပညာတည်းဟူသော ဦးခေါင်း ဦးကင်းလည်းရှိပေထသော။ မဟာနာဂေါ၊ ဆင်ပြောင်ကြီးဟူသည်။ လဗ္ဘိယောဟိ၊ လယ်တီမဟာထေရ်မြတ်ပေတကား။

(၃) တသာ လပ္ပဳိထေရသာ။ ထိုလယ်တီ မဟာ ထေရ်မြတ်၏။ ဘိသေသာ။သန္တိဗိဟာရိကတပည့်ဖြစ်သော၊လပ္ပဳိဝံသမှ၊ လယ်တီအနွယ် အဆက်၌၊သဋ္ဌာတော။ဖြစ်ပေါ် ကြီးပွားထသေး၊သုတေသကော။အကြား အမြင်ကိုယူသင်ထောက်လှမ်း စုံစမ်းရှာဘွေလေ့ရှိထသော။ယတိ၊အား ထုတ်သောအလေ့ရှိထသော။သဏ္ဍဝသော။သန္တေယူလစ်၊ရဟန်းဖြစ်၍။ ခုနစ်နှစ်ခုနစ်ဝါမျှသာရှိသေးသော၊အဟံ။ငါသည်တမူကား၊ ပဏ္ဍိတော။ ပဏ္ဍိတသည်၊အဖို့။ဖြစ်၏။

(၄) သဏ္ဍဝသမှ။ဘုရားဖြစ်၍ ၇-ဝ မြောက်တော်မူသောအခါ၌။ အဘိဓမ္မဒေသကံ။တာဝတိံသာဝယ်။အဘိဓမ္မာဒေသနာတရားကိုဟော ကြားတော်မူပေထသော။ဖိနံ၊ငါးမာရ်အောင်မြင်၊ ဘုရားရှင်ကို၊ပူဇိတုံ။ ပဋ္ဌာန်းတရားဖြင့်ပူဇော်ခြင်းငှာ။ဂရုနော၊ဆရာသခင်ကျေးဇူးရှင်၏။နယံ။ ပေးပြသောနည်းကို၊အာဒါယ။ယူ၍၊သဏ္ဍာသမှ။ ခုနစ်ါရသောယခုအ ခါ၌။မေ။ငါသည်။ပဋ္ဌာသမဥ္စရီ။ပဋ္ဌာယမဉ္စရီကျမ်းကို။ကတာ။ပြုစီရင်အပ်ပြီ။

(၅) သာသနေ။အတိတ်သာသနာတော်နှစ်သည်၊ရဝိဝိန္ဒုမှ၊ ၂၄၄၈-ခုသည်။သာကေ။မြန်မာသက္ကရာဇ်သည်၊ ရတာခယေ၊ ၁၂၆၆-ခုသည်။ဂ တော၊ရောက်လတ်သည်ရှိသော်။ ဇာဗြာမာဃသ။ဘပို့တွဲလဆန်း၏၊တေရ သေ။၁၃-ရက်ကြာသပတေးနေ့၌။နိဋ္ဌာယာ။ဘေးရန်မရှိဘဲ။အယံ။ဤပဋ္ဌာ မဥ္စရီမည်သောကျမ်းသည်။နိဋ္ဌိတာ။ လယ်တီတိုက်ကြီးအတွင်း၌။ ပြီး ခြင်းသို့ရောက်၏။

(၆) ဒေတနုပညေန၊ ဤပဋ္ဌာယမဥ္စရီ မည်သောကျမ်းကို ပြုရခြင်း တည်းဟူသောကောင်းမှုကြောင့်၊သောနာဂေါ။ ထိုဆင်ပြောင်ကြီးတည်း ဟူသော လယ်တီမဟာထေရ်မြတ်သည်။သကလံဇနံ။ အလုံးစုံသောလူ များအပေါင်းကို။ တောသေနက္ခာ။ နှစ်သိမ့်စေလျက်၊ ဓမ္မနာဒံ။ တရား တည်းဟူသောကြိမ်းဟိန်းကျူးရင့်သံကို၊ဥန္နာဒေတု။ကြိမ်းဟိန်းကျူးရင့် တော်မူစေသတည်း။ တောသိတာ။တရားဖြင့် နှစ်သိမ့်စေအပ်ကုန်သော။ တော၊ ထိုသူတော်ကောင်းအပေါင်းတို့သည်၊ တံ၊ထိုမဟာထေရ်မြတ်၏ အလိုတော်သို့။အနွေနံ့၊လိုက်နိုင်ကြစေကုန်သတည်း။

(၇) ဇာမ်ံ။ ဤပဋ္ဌာယမဥ္စရီကျမ်းကို၊သြဒဂျမာနသာ၊ ဝမ်းသာအား ရမ်း။ရွှင်လာမ်းတက်ကြွသောစိတ်ရှိကုန်သည်ဖြစ်၍။ အာရဘိတုံ၊ အား ထုတ်ကြည့်ရှုခြင်းငှာ၊သဏ္ဍာနံ၊ပွမ်းနိုင်ကြစေကုန်သတည်း။အသော။

ထိုမဟာထေရ်မြတ်၏။ သက်ပွါစ၊ကောင်းသော အကြံအစည်တော်တို့
သည်လည်း။သိဒ္ဓျန္တု။ ပြီးပြည့်စုံစေကုန်သတည်း။မံ၊ငါ့ကို။ သရဒေါသ
တံ။ တန်ဆောင်မုန်းမာသ၊ ဝါရတချာပတ်လုံး။ပါဘု။ စောင့်ရှောက်နိဗ္ဗု။
စောင်မတော်မူစေသတည်း၊

(ပါတုမံသရဒေါသတံ, ဟူသောပဒ၏အရ။ ငါ့ကိုတန်ဆောင်မုန်းလ
တချာပတ်လုံး။ စောင့်ပါစေသတည်းဟုဆိုခြင်းသည်။ တိပရိဝဋ္ဋတိဂုဏ်
တအနက် သုံးကျော့ရသောစကားဖြစ်၏။ ၊သုံးကျော့သုံးနက်ရပုံကား။
(၁)တန်ဆောင်မုန်းလတချာဆိုသဖြင့် အနှစ်တချာဟူသော စကားသည်
အဝုတ္တသိဒ္ဓိနည်းဖြင့်ပြီးလေ၏။ (၂)အနှစ်တချာစောင့်ပါစေသတည်းဆိုသ
ဖြင့်၊မဟာထေရ်မြတ်သည်လည်းအနှစ်တချာရှည်ပါစေသတည်းဟူသော
စကားသည်လည်း အဝုတ္တသိဒ္ဓိနည်းဖြင့် ပြီးပြန်၏။ ။(၃) ငါ့ကိုတန်
ဆောင်မုန်းလတချာပတ်လုံးစောင့်ပါစေသတည်းဆိုသဖြင့်၊ ငါလည်းအ
သက်ရှည်ကြာ ချမ်းသာကြီးပွါးစေသားဟူသောစကားလည်း အဝုတ္တ
သိဒ္ဓိနည်းဖြင့်ပြီးပြန်၏)။

"လယ်တီပဏ္ဍိတေန ရစိတာယံ ဂွယမဉ္ဇရီ သံပုဏ္ဏာ။"

ဒွိမူလဒီပနီကျမ်း။

(၁) ပဌာမ။

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

"အဝိဇ္ဇာနိဝုဋံ ဘေတွာ။ ဆေတွာ တဏှာယ ဗန္ဓနံ။
သမ္ဗုဒ္ဓံ နိဗ္ဗုတံ နတွာ။ ဝက္ခံ ဒွိမူလဒီပနိံ။"

အဟံ။ ငါသည်။ အဝိဇ္ဇာနိဝုဋံ။ အဝိဇ္ဇာ၏ ဖုံးလွှမ်း ကွယ်ကာမှုကို။ ဘေတွာ။ ခွဲဖျက်တော်မူ၍။ တဏှာယ။ တဏှာတရား၏။ ဗန္ဓနံ။ အနှောင်အဖွဲ့ကို။ ဆေတွာ။ ဖြတ်တောက်ဖျက်ဆီးတော်မူ၍။ နိဗ္ဗုတံ။ လောကဝဋ်မှ ကျွတ်လွတ် ငြိမ်းချမ်းတော် မူပြီး ထသော။ သမ္ဗုဒ္ဓံ။ မြတ်စွာဘုရားကို။ နတွာ၊ ရှိခိုးပြီး၍။ ဒွိမူသဒီပနိံ။ သတ္တလောက၏။ မူလ-၂-ပါးဖြစ်သော။ အဝိဇ္ဇာ၊ တဏှာတို့၏ သဘောကိုပြရာပြကြောင်းဖြစ်သောဒွိမူလဒီပနီ, မည်သောစာတန်းကို။ ဝက္ခံ။ ဆိုပေလတ္တံ့။

အဝိဇ္ဇာနိဝုတော လောကော။ တဏှာယ ပရိဝါရိတော။ ။ သံယုတ်ပါဠိတော်။ ။ လောကော။ လောကကြီးကို။ အဝိဇ္ဇာနိဝုတော။ အဝိဇ္ဇာမှောင်တိုက်သည်။ တခဲနက်မိုက်အောင် ဖုံးလွှမ်း၍ထားအပ်၏။ လောကော။ လောကကြီးကို။ တဏှာယ။ တဏှာတရားသည်။ ပရိဝါရိတော။ ဝန်းရိုင်းချုပ်နှောင်၍ထားအပ်၏။ ။ ဤကားအနက်။

ဤသို့ဟောကြားတော်မူအပ်သောဒေသနာနှင့်အညီ။ အလုံးစုံသော သတ္တလောကကြီးသည်အဝိဇ္ဇာမှောင်တိုက်ဘိစီးနေသည့်အတွက်။ ပညာတည်းဟူသောအရောင်အလင်းကိုမရနိုင်ချေရကား။ ဟုတ်မှန်တိုင်းသော တရားကိုမသိနိုင်ကြလေ။ ။ ထိုသတ္တလောကကြီးသည်၊ တဏှာတည်း ဟူသောအနှောင်အဖွဲ့ဝန်းရိုင်းချုပ်နှောင်ကာဆီးထားခြင်းကြောင့်။ နိက္ခမ ဓာတ်တည်းဟူသောသက်သာရာကိုမရနိုင်ချေရကား။ ထိုသတ္တလောက

တည်းဟူသော ဝဋ်ဒုက္ခမှ မလွတ်မထွက်နိုင်ကြလေ။ ။ထိုကြောင့်လောကကြီး၏ဖြစ်၍နေမှု၏အခြေမူလသည်၊ အဝိဇ္ဇာနှင့်တဏှာ-၂-ပါးသာဖြစ်ခဲ့၏။ ။သို့ကြောင့်။ အဝိဇ္ဇာတဏှာဝသေနဒွေမူလာနိ။ ။ဟူ၍ဆိုလေသည်။

## အဝိဇ္ဇာဖုံးလွှမ်းမှုနှင့်တဏှာ၏တွယ်တာမှုကိုအမြွက်မျှပြဆိုအံ့။

## (၂) အဝိဇ္ဇာအကြောင်း။

အဝိဇ္ဇာ၏ဖြစ်ရာဌာနသည်ရှစ်ဌာနရှိ၏။ ရှစ်ဌာနဟူသော်ကား။ သုတ္တန်နည်းအားဖြင့်ဒုက္ခသစ္စာတဌာန၊ သမုဒယသစ္စာတဌာန ၊နိရောဓသစ္စာတဌာန၊ မဂ္ဂသစ္စာတဌာန။ ။အဘိဓမ္မာနည်းအားဖြင့်ပုဗ္ဗန္တတဌာန၊ အပရန္တတဌာန၊ ပုဗ္ဗန္တာပရန္တတဌာန။ ပဋိစ္စသမုပ္ပါဒ်တဌာန။ ဤသို့လျှင်ရှစ်ဌာနဖြစ်သတည်း။ ။ထိုကြောင့်အဘိဓမ္မာပိဋကပါဠိတော်၌။ ။တတ္ထကတမာအဝိဇ္ဇာ။ ဒုက္ခေအညာဏံ။ ဒုက္ခသမုဒယေအညာဏံ။ ဒုက္ခနိရောဓေအညာဏံ၊ ဒုက္ခနိရောဓဂါမိနိပဋိပဒါယအညာဏံ။ ပုဗ္ဗန္တေအညာဏံ။ အပရန္တေအညာဏံ၊ ပုဗ္ဗန္တာပရန္တေအညာဏံ။ ဣဒပ္ပစ္စယတာပဋိစ္စသမုပ္ပန္နေသု အညာဏံ။ ။ဟူ၍ဟောတော်မူသည်။ ။တတ္ထ။ ထိုတရားအပေါင်းတို့တွင်။ ကတမာ။ အဘယ်မည်သောတရားသည်။ အဝိဇ္ဇာ။ သနည်း။ ဒုက္ခေ။ သစ္စာ၌ အညာဏံ။ မသိအောင်ဖုံးလွှမ်းတတ်သော အဝိဇ္ဇာ၎င်း၊ ဒုက္ခသမုဒယေ။ ဒုက္ခ၏အကြောင်းဖြစ်သောသမုဒယသစ္စာ၌၊ အညာဏံ။ ၎င်း၊ ဒုက္ခနိရောဓေ။ ဒုက္ခ၏ချုပ်ရာနိရောဓသစ္စာ၌။ အညာဏံ။ ၎င်း။ ဒုက္ခနိရောဓဂါမိနိပဋိပဒါယ။ ဒုက္ခ၏ချုပ်ရာနိဗ္ဗာန်သို့ရောက်စေတတ်သောအကျင့်ဖြစ်သောမဂ္ဂသစ္စာ၌။ အညာဏံ။ ၎င်း။ ပုဗ္ဗန္တေ။ ရှေးရှေးသောဘဝကမ္ဘာတို့၌ဖြစ်၍လွန်ခဲ့သောခန္ဓာငါးပါး၊ အာယတန ၁၂-ပါး၊ ဓာတ် ၁၈-ပါးဟူသော အတိတ်တရားအစု၌။ အညာဏံ၊ ၎င်း။ အပရန္တေ။ နောက်နောက်သောဘဝတို့၌ဖြစ်လတ္တံ့သောခန္ဓာ။ လ။ ၁၈-ပါးဟူသောအနာဂတ်တရားအစု၌။ အညာဏံ။ ၎င်း။ ပုဗ္ဗန္တာပရန္တေ။ ယခုပစ္စုပ္ပန်တဘဝလုံး၌ဖြစ်ပြီးဖြစ်ဆဲဖြစ်လတ္တံ့သောခန္ဓာ။ လ။ ၁၈-ပါးဟူသောပစ္စုပ္ပန်တရားအစု၌။ အညာဏံ။ ၎င်း။ ဣဒပ္ပစ္စယတာပဋိစ္စသမုပ္ပန္နေသု။ ဤအဝိဇ္ဇာအစရှိသောအကြောင်း ပဋိစ္စသမုပ္ပါဒ်တရား။ သင်္ခါရအစရှိသော အကျိုးပဋိစ္စသမုပ္ပန်တရားတို့၌။ အညာဏံ။ ၎င်း။ ။ရှစ်ဌာနသရုပ်ပြီး၏။

တနည်းကားဆိုခဲ့ပြီးသောအဝိဇ္ဇာ၏ဖြစ်ရာရှစ်ဌာနတို့တွင်နောက်ဆုံးဖြစ်သောပဋိစ္စသမုပ္ပါဒ်ဌာန၌ အဝိဇ္ဇာဖြစ်ပုံကိုဆိုဦးအံ့။ ။အဝိဇ္ဇာသည် ဉာဏ်၏ဆန့်ကျင်ဘက်လက္ခဏာအားဖြင့်တပါးတည်းသာတည်း။ ။အဘယ်သို့ဉာဏ်နှင့်ဆန့်ကျင်ဘက်ဖြစ်ကြသနည်း။ ။ဉာဏ်သည်နေရောင်လရောင်ကြယ်ရောင်မီးရောင်ပတ္တမြားရောင်စသောအရောင်အလင်းမျိုးနှင့်တူ၏။ အဘယ်သို့တူသနည်း။ ။ထိုအရောင်အလင်းမျိုးသည် မိမိတို့ဖြစ်ရာရောက်ရာအရပ်၌ရှိရှိသမျှသောဝတ္ထုဒြဗ်တို့ကို ထင်လင်းအောင်။ ပေါ်လောပေါ်အောင်ပြတတ်၏။ ထိုအတူဉာဏ်သည်လည်း။ လေးသင်္ချေနှင့်ကမ္ဘာတသိန်း။ ရှစ်သင်္ချေနှင့်ကမ္ဘာတသိန်း။ ၁၆-သင်္ချေနှင့်ကမ္ဘာတသိန်းကာလပတ်လုံး။ အဝိဇ္ဇာအညစ်အကြေးကိုဆေးကျော်၍လာသောပညာဓိက၊ ဝိရိယာဓိက၊ သဒ္ဓါဓိက၊ သဗ္ဗညုဘုရားတို့၏ဉာဏ်ဖြစ်အံ့။ ။ဧယျပရိယန္တံဉာဏံ။ ဉာဏပရိယန္တံဧယျံ။ ။ဟူ၍ဟောတော်မူ၏။ . ။ဉာဏံ။ သဗ္ဗညုဘုရားတို့၏ဉာဏ်တော်သည်။ ဧယျပရိယန္တံ။ ဧယျတရားသုံးမှသုံး၏။ ဧယျံ။ ဧယျတရားငါးပါးသည်လည်း။ ဉာဏပရိယန္တံ။ ဉာဏ်တော်ဆုံးမှဆုံး၏။ ။ဤသို့ဟောတော်မူသောကြောင့်။ အတိတ်သံသရာ၌။ အဘယ်ကမ္ဘာကစ၍ဧယျတရားဖြစ်သည်ဟုဧယျတရား၏အတိတ်ဖြစ်သောအစွန်းမရှိ၊ သဗ္ဗညုတဉာဏ်တော်သည်လည်း။ အတိတ်ဧယျ တရားကိုသိလို၍ အတိတ်သံသရာသို့ ရှေးရှုလွှတ်လိုက်သည် ရှိသော်။ အဘယ်မျှဝေးသောကမ္ဘာ၌ပင်ဖြစ်စေ။ အဘယ်ဘုံအဘယ်သတ္တဝါအဘယ်ဧယျမဆို။ အဏုမြူခန့်မျှမကျန်ရအောင်သိလိုသမျှဧယျဝတ္ထုကိုမျက်တောင်တခတ်လျှပ်တပြက်ခန့်နှင့်ဟုတ်မှန်တိုင်းမြတ်စွာဘုရားတို့အားပြနိုင်၏။ သဗ္ဗညုတဉာဏ်ကပြလိုက်လျှင်သဗ္ဗညုတဉာဏ်ရှင် ဖြစ်တော်မူကုန်သော မြတ်စွာဘုရားတို့သည်လည်းထင်လင်းစွာ သိတော်မူကြကုန်၏။ ထိုကြောင့်သဗ္ဗညုတဉာဏ်တော်သည်။ အတိတ်သံသရာ၌။ အဘယ်ကမ္ဘာသို့ဆိုက်ရုံသာသွားနိုင်သည်အာရုံပြုနိုင်သည်ဟု ရှေးအစွန်းမရှိ။ မြတ်စွာဘုရားတို့၏သိတော်မူလိုသောဆန္ဒတော်သာလိုရင်းဖြစ်၏၊ သိတော်မူလိုလျှင်။ သိလိုသမျှကိုမချန်မချွင်း။ မဆန်မငြင်း ဉာဏ်တော်ကပြပေ၏။ အနာဂတ်သံသရာ၌လည်း။ ဧယျလည်းအဆုံးစွန်မရှိ။ သဗ္ဗညုတဉာဏ်တော်လည်းအဆုံးစွန်မရှိ၊ ပစ္စုပ္ပန်၌လည်း ၃၁-ဘုံနှင့်တကွစကြာဝဠာအနန္တ။ သတ္တပါသင်္ခါရတို့လည်းအနန္တဖြစ်၍ ဧယျတရားလည်းအ

သုံးခု ရှိ။ ဉာဏ်တော်လည်း အဆုံးမရှိ အလိုဆန္ဒတော်သာ ပမာဏ ဖြစ်၏။ ။ ထိုကြောင့် အာဝေဏိကဂုဏ်တော်၌။ ။အတီတံသေ ဗုဒ္ဓဿ ဘဂဝတော အပ္ပဋိဟတ ဉာဏံ။ အနာဂတံသေ ဗုဒ္ဓဿ ဘဂဝတော အပ္ပဋိဟတဉာဏံ။ ပစ္စုပ္ပန္နံသေ ဗုဒ္ဓဿ ဘဂဝတော အပ္ပဋိဟတဉာဏံ၊ ဟူ၍ ဟောတော်မူသည်။ ။အနက်သင်လောက်ပြီ။ ။ဤသို့လျှင် သဗ္ဗညုဘုရားတို့၏ ဉာဏ်ဖြစ်အံ့။ ထိုသဗ္ဗညုဉာဏ်သည်။ သဗ္ဗညုဘုရားတို့အား အလုံးစုံသော ဥေယျတရားကို ထင်လင်းအောင် ပြနိုင်သတည်း။

သဗ္ဗညုဘုရားမှတပါးသော။ ရှစ်သချေနှင့် ကမ္ဘာတသိန်း ကာလပတ်လုံး။ အဝိဇ္ဇာအညစ်အကြေးကို ဖွင်လျှော်၍ လာသော ပညာဓိက၊ ဝိရိယာဓိက၊ သဒ္ဓါဓိက ပစ္စေကဗုဒ္ဓါဘုရား သုံးမျိုး။ တသချေနှင့် ကမ္ဘာတသိန်း ကာလပတ်လုံး။ အဝိဇ္ဇာအညစ်အကြေးကို ဖွပ်လျှော်၍ လာသော ပညာဓိက၊ ဝိရိယာဓိက၊ သဒ္ဓါဓိက အဂ္ဂသာဝက သုံးမျိုး။ ကမ္ဘာတသိန်း ကာလပတ်လုံး။ အဝိဇ္ဇာအညစ်အကြေးကို ဆေးလျှော်၍ လာသော ပညာဓိက၊ ဝိရိယာဓိက၊ သဒ္ဓါဓိက မဟာသာဝက သုံးမျိုး။ ကမ္ဘာတရာ၊ ကမ္ဘာတထောင် ကာလပတ်လုံး။ အဝိဇ္ဇာအညစ်အကြေးကို ဆေးလျှော်၍ လာသော ပညာဓိက၊ ဝိရိယာဓိက၊ သဒ္ဓါဓိက ပကတိသာဝက သုံးမျိုး။ ဤတဆဲ့နှစ်မျိုးသော ပုဂ္ဂိုလ်တို့၏ ဉာဏ်သည်ကား။ မိမိတို့ အညစ်အကြေးကို ဆေးလျှော်သော ပါရမီကာလအားလျော်စွာ တစိတ်တဒေသသော တရားမျှကိုသာ ထွန်းပြနိုင်သည်။ အလုံးစုံအကုန်ကို မထွန်းပြနိုင်။ အဘယ်ကြောင့်နည်းဟူမူ။ သဗ္ဗညုဘုရားတို့မှာ ပါရမီဖြည့်သော ကာလ ပရိစ္ဆေဒလည်း ရှည်လျားသည်။ ပါရမီဖြည့်စဉ်ကာလလည်း။ ပစ္စေကဗုဒ္ဓါ သာဝက အလောင်းတို့ထက်။ သဒ္ဓါ၊ ဝိရိယ၊ ဥဿာဟ၊ စသော တရားတို့၏ အစွမ်းသတ္တိတို့သည်။ အဆအရာ၊ အဆအထောင်၊ အဆအသောင်း အသိန်း မကကွာအောင် သာလွန်သည်။ ထိုကြောင့် သဗ္ဗညုဘုရားတို့၏ အရဟတ္တမဂ်ဉာဏ်သည် အဝိဇ္ဇာကို ဝါသနာနှင့်တကွ ပယ်နိုင်သည် ဖြစ်၍။ သဗ္ဗညုတဉာဏ်ကို ရသဖြင့်။ သဗ္ဗညုဘုရားတို့သည် အလုံးစုံကို အကုန်သိနိုင်သည်။ ။ပစ္စေကဗုဒ္ဓါ သာဝကတို့၏ ဉာဏ်မှာကား။ ပါရမီဖြည့်ရာ ကာလလည်း တိုသည်။ ပါရမီဖြည့်စဉ်ကာလလည်း သဗ္ဗညုဘုရားလောင်းတို့အောက်။ သဒ္ဓါ၊ ဝိရိယ၊ ဥဿာဟ၊ စသော တရား၏ အစွမ်းသတ္တိတို့သည်၊ အဆအရာ အထောင်အသောင်း အသိန်းအသန်း မကကွာအောင် ယုတ်ညံ့သည်။ ထိုကြောင့် ပစ္စေကဗုဒ္ဓါသာဝကတို့၏ အရ

ဟာတ္တမဂ်ဉာဏ်သည်အဝိဇ္ဇာတရားကိုယ်မျှကိုသာပယ်နိုင်သည်။ အဝိဇ္ဇာ၏သတ္တိဟုဆိုအပ်သောအဝိဇ္ဇာဝါသနာကိုမပယ်နိုင်၊ထိုသို့အဝိဇ္ဇာဝါသနာကိုမပယ်နိုင်သောကြောင့်။ ထိုဝါသနာတို့ဖုံးလွှမ်းသည်ဖြစ်၍။ ဉာဏ်စွမ်းသတ္တိမထက်နိုင်ရကား၊ထိုပစ္စေကဗုဒ္ဓါသာဝကတို့၏ဉာဏ်သည်။ထိုပစ္စေကဗုဒ္ဓါသာဝကတို့အားသိလိုသမျှကိုမပြနိုင်သတည်း၊ ။ဤသို့လျှင်ဉာဏ်သည်အရောင်အလင်းနှင့်တူကြောင်းကိုသိအပ်၏။

အဝိဇ္ဇာသည်ကားအမိုက်မှောင်နှင့်တူ၏။ အဘယ်သို့တူသနည်း။ အမိုက်မှောင်တို့မည်သည်ဖြစ်ရာဖြစ်ရာ ရောက်ရာရောက်ရာအရပ်၌ ဝတ္ထုဒြဗ်တို့ကိုမပေါ်ရအောင်မထင်ရအောင် မမြင်ရအောင်ဖုံးဖွက်၏၊ထိုအတူအဝိဇ္ဇာသည်လည်းမိမိရှိသော ပုဂ္ဂိုလ်၏ဉာဏ်ကိုအစွမ်းသတ္တိတုံးအောင်တိုအောင် မှေးအောင် ယုတ်အောင် ညှိုးအောင်ပြု၍။သစ္စာလေးပါးဥဿျတရားများကိုမသိအောင်ဖုံးဖွက်၏။ အကျယ်ထင်လင်းအောင် ဖြန့်၍ပြဦးပါလေ။ဤသို့လျှင်အဝိဇ္ဇာသည်အမိုက်မှောင်ကြီးနှင့်တူ၏၊

မမြင်အောင်ဖုံး၏ဟူသည်ကား၊ နေလ နက္ခတ်တာရာကြယ်များကို။ မမြင်အောင် သူကန်း၏မျက်စိမျက်လွှာ၌တည်သော တိမ်သလာသည်ဖုံးသကဲ့သို့မှတ်လေ။ ။ထိုစကားမှန်၏၊ထိုနေလနက္ခတ်တာရာများကိုမမြင်အောင်ကောင်းကင်၌တည်သောမိုးတိမ်ဆီးနှင်းတို့သည်လည်း ဖုံးနိုင်ကုန်၏။သူကန်း၏မျက်စိ၌စွဲသော တိမ်သလာသည်လည်းဖုံးနိုင်၏၊ထို ၂-ပါးတွင်မျက်စိ၌စွဲသော တိမ်သလာသည်သာ၊ စက္ခုပသာဒရုပ်ကို လွှမ်းမိုးပိတ်ချုံး၍ဖုံးနိုင်ရကား၊အဝိဇ္ဇာနှင့်သာတူသတည်း။ ။ကျမ်းဂန်တို့၌နေလကို ဆီးနှင်းမိုးတိမ်ဖုံး၍မထင်မပေါ်သကဲ့သို့။ သစ္စာလေးပါးဥဿျတရားကိုအဝိဇ္ဇာဖုံးသည်ဟုဆိုရိုးရှိ၏။ ။စက္ခုပသာဒကိုထူလှစွာသောတိမ်သလာကြီး ဖုံးလျက်ရှိသောကြောင့်၊ တန်ဆောင်မုန်းလအခါ။ စင်ကြယ်သော ကောင်းကင်ပြင်၌။ သုံးကျွန်းနှံ့အောင် ထွန်းပြနိုင်သော အဝန်းယူဇနာ-၁၅ဝ ရှိသော နေဗိမာန်။ညဉ့်အခါ-၁၄၇-ယူဇနာရှိသောလဗိမာန်။ တမိုးလုံးပြည့်သော နက္ခတ် တာရာ ဂြိုဟ်ကြယ် တို့သည် ထင်ရှားရှိပါလျက်။ ပဝတ္တိအခါမှဖြစ်သော သူကန်းသည် အနည်းငယ်မျှမြင်အောင်မကြည့်နိုင်။ ။ပဋိသန္ဓေကပင်စက္ခုချို့၍လာသော ဇစ္စန္ဓသူကန်းမှာကားဆိုဘွယ်မရှိ။စက္ခုပသာဒရုပ်ကိုပင်မဖြစ်ခဲ့မပါခဲ့ဘူးသူဖြစ်၍။ယခုဘဝတွင်။ဆေးဝါးဖြင့်ကုသခြင်းငှါလည်းမတတ်ကောင်းပြီ။ ။ထိုပဋိသန္ဓေကပင်

စကြဝဠာချိခဲ့သောဇမ္ဗူဒွီပ္ပသူကန်းနှင့်၊ ဒုဂ္ဂတိအဟိတ်၊သုဂတိအဟိတ်၊ ဒွိဟိတ်ပုဂ္ဂိုလ်များနှင့်တူ၏။ ။ပဒိုသန္တေကစကြဝဠာပြသာဒရုပ်ပါခဲ့လျက်ပဝတ္တိအခါမှ၊သလိပ် သည်းခြေ လေတို့ကြောင့် အလွန်ထူထပ်လှစွာ တိမ်သလာကြီးလွှမ်း၍၊အဒိဝမ်းကပင်မမြင်ခဲ့သောသူကန်းနှင့်ခန္ဓာအာယတနဓာတ်ပဋိစ္စသမုပ္ပါဒ်များကိုကြားနာခြင်းကင်းသောအန္ဓဗာလဖြစ်သော တိဟိတ်ပုထုဇ္ဇန်နှင့်တူ၏။ ။ဆေးကောင်းဝါးကောင်းနှင့်လုံ့လအားထုတ်၍ ကုလည်းကု၊မသင့်သောနေရပ် ဥတုအစာအပေါင်းအဘောဇ္ဇရိယာပုထ်တို့ကိုလည်းလွှတ်အောင်ရှောင်လည်းရှောင်၊လျောက်ပတ်သော နေရပ်ဥတုအစာအာဟာရစသည်ကိုကြိုးစားအားထုတ်၍မှီဝဲလည်းမှီဝဲ၏။ ဤကဲ့သို့အားထုတ်လျှင်ထိုထူထပ်လှစွာသောတိမ်သလာသည်အရှင်းသော်လည်းပြယ်ပျောက်ရာ၏။ ပါးသော်လည်း ပါး၍ ပိုးဝါးရိပ်ထင် မြင်မယောင်ယောင် ဖြစ်လာရာ၏။ အရှင်းအကင်း စင်ကြယ် ပြယ်ပျောက်၍ နေလနက္ခတ်တို့ကို မြင်လာသည်နှင့် သောတာပန်တူ၏၊ ပိုးဝါးရိပ်ထင် မြင်မယောင်ယောင်ကြီး၊မြင်မယောင်ယောင်ငယ်နှင့်ယောဂီပုဂ္ဂိုလ်ဗဟုသုတပုဂ္ဂိုလ်တို့သည်တူကုန်၏။ ။ဤသို့ အဝိဇ္ဇာ၏ဥာဏ်နှင့် ဆန့်ကျင်ဘက်လက္ခဏာကိုသိအပ်၏။

တနည်း။ ။အဝိဇ္ဇာသည် မျက်လှည့်ကြီးနှင့်တူ၏။ ဥာဏ်သည် ထိုမျက်လှည့်ကြီးကိုဖြေနိုင်သောနတ်ဆေးမန္တရားနှင့်တူ၏။

တနည်း။ ။အဝိဇ္ဇာသည်စဉ်းလဲမှု၌သာ အခါခပ်သိမ်း လေ့ကျက်သောမိစ္ဆာနတ်ဘီလူးမနှင့်တူ၏။ ကြွင်းသောတဏှာစသော ကိလေသာတို့သည်၊ထိုဘီလူးမကိုမှီခို၍ စားသောက်ခါနေကြသော အခြွေအရံရံနှင့်တူ၏၊တေဘူမကသံသရာသည်ထိုအသိန်းအသန်းမကအခြံအရံများသောအဝိဇ္ဇာဘီလူးမ၏ပိုင်စားနယ်မြေဖြစ်သောယူဇနာအပိုင်းအခြားမရှိသောတောအုပ်ကြီးနှင့်တူ၏။ဇရာမရဏ၊သောက၊ပရိဒေဝ၊ ဒုက္ခ၊ဒေါမနဿ၊ဥပါယာသစသောတရားတို့သည်ထိုတောအုပ်၌အမြဲနေ၍ဘမ်းဆီးသတ်စားသော၊ ကြမ်းထမ်းလှစွာသော တောလုံးအပြည့်များပြားသော သစ်ကျားခြင်္သေ့စသောသားရဲများနှင့်တူ၏၊ဝဋ္ဋအာရုံကာမဂုဏ်တို့သည်၊ထိုတောအုပ်ကြီး၌အပြည့်အနှံ့ပေါက်ရောက်သီးပွင့်စည်ကား၍နေသောလတ်တလောခြင်းသေစေတတ်သောအဆိပ်ပင်တွေနှင့်တူ၏။ ရာဂဂ္ဂိစသောတဆဲ့တမျိုးသောမီးတို့သည်။ ထိုတောအုပ်ကြီး၌ အဟုန်နှင့်တကွ

တောလုံးနှံ့မျှသ၍တောက်၍ လောင်၍အခါခင်သိမ်းနေသော တောမီးကြီးတွေ့နှင့်တူ၏။ဇရာမရဏာတို့သည်။ ထိုတောအုပ်ကြီး၌အခုပ်ရှစ်မျက်နှာမှပြင်းပြစွာ အခါခင်သိမ်းထ၍လာ၍နေသော လေပူမုန်တိုင်းလေကြီးနှင့်တူ၏။ ဥပါဒါနက္ခန္ဓာငါးပါးတို့သည် ဆူးခြောက်တံသင်းတို့ဖြင့် ပြည့်နှက်၍ဘည်သောတောအုပ်မြေအပြင်နှင့်တူ၏။ ဤဥပမာကားအလွန်ကြီးကျယ်၏။အစိတ်အစိတ်ဝေဘန်၍ဉာဏ်ရှိတိုင်းဖြန့်လေ။

ထိုဥပမာတို့တွင်မျက်လှည့်သည်ကြီးဥပမာကို အကျဉ်းအားဖြင့်ဆိုလိုက်ဦးအံ့။ ။ထိုမျက်လှည့်သည်ကြီးတို့ မည်သည်။ ပကတိမြေကြီးခဲအုတ်ခဲကျောက်ခဲမီးသွေးခဲစသည်ကို အတတ်ဖြင့်စီရင်၍ ရွှေခဲငွေခဲပတ္တမြားကျောက်ကောင်း အသွင်ထင်အောင်ဘန်ဆင်း၍ လူအပေါင်းအားပြလေ၏။ လူတို့၏မျက်စိ၌ ပကတိဟုတ်မှန်သော မြေကြီးအဆင်းသဏ္ဌာန် အုတ်ခဲ အဆင်းသဏ္ဌာန် ကျောက်ခဲ အဆင်းသဏ္ဌာန် မီးသွေးခဲအဆင်းသဏ္ဌာန်တို့သည်။ ပိတ်ပိတ်သား မထင်လာကုန်။ မဟုတ်မမှန်သောရွှေခဲလက်ကောက်ပုတီးသဏ္ဌာန်။ ငွေခဲ လက်ကောက် ပုတီးသဏ္ဌာန်။ ပတ္တမြားကျောက်သဏ္ဌာန်အရည်အရောင်တို့သည်သာထင်လာကုန်၏။ ။ဤ၌မျက်လှည့်သည်ကြီးအတတ်၏သတ္တိအစွမ်းသည်။ သဘောအားဖြင့်ဟုတ်ရင်းမှန်ရင်းဖြစ်သောပကတိမြေကြီးခဲ၏မြေအဆင်း မြေကြီးခဲသဏ္ဌာန်ကိုအဆင်းသဏ္ဌာန်အတိုင်း ကြည့်သူတို့မျက်စိမှာ မထင်ရအောင် မမြင်ရအောင် ကွယ်ကာပိတ်ဆို့ ဖုံးလွှမ်းနိုင်ခြင်းတခု။ သက်သက်မဟုတ်မမှန်သောရွှေငွေပတ္တမြားကျောက်တို့သဏ္ဌာန် အရည်အရောင်ကိုသာ ကြည့်သူတို့မျက်စိ၌ တကယ်အသွင်ထင်ရအောင်ဘန်ပြနိုင်ခြင်းတခု။ ဤသို့မျက်လှည့်အတတ်၌သတ္တိ-၂-ပါး-၂-ပါးစီရှိ၏။ထိုသတ္တိ-၂-ပါးနှင့်ပြည့်စုံသောမျက်လှည့်အတတ်သည်။ဘန်ဆင်း၍ပြအပ်သော ထိုရွှေခဲကိုသူငယ်တို့မှာပကတိရွှေခဲပင်မှတ်၏။ပညာအဆင်အခြင်ရှိသောသူတို့မှာ။ပကတိရွှေခဲမဟုတ်၊ မျက်လှည့်အတတ်ဖြင့် ဘန်ဆင်း၍ပြသော ရွှေခဲတုသာဖြစ်သည်ဟုမှတ်ယူ၏။မျက်စိ၌ကားရွှေခဲသဏ္ဌာန်အရည်အရောင်ကို လုံးလုံးကွယ်ပစေ၍ပကတိမြေကြီးခဲအတိုင်းထင်လာအောင်ကားမတတ်နိုင်။ လှသကဲ့သို့တင့်တယ်သကဲ့သို့အထင်ကိုမစွန့်နိုင်။နတ်ဆေးမန္တရားကိုတတ်သောပညာရှိမှာကား။နတ်ဆေးမန္တရားဖြင့် ထိုမျက်လှည့်အတတ်ကိုဖြေဖျောက်ကွယ်ပစေ၍ ပကတိမြေကြီးခဲအတိုင်းသာနေစေ၏။ ဒိဋ္ဌိမျက်စိ၌

လည်းပကတိမြေကြီးခဲအတိုင်းသာထင်မြင်၏။ မနောဒွါရ၌ဆိုဘွယ်မရှိ။ ထိုသူအားထိုမြေကြီးခဲ၌တင့်တယ်သည်ဟူသောအထင်မှတ်သည့်အတန့်ငယ်မျှမဖြစ်။ စင်စစ်ကား ဤမြေကြီးခဲသည်အသုံးမကျ အချည်းနှီးသာတည်း။ ထိုမြေကြီးခဲကိုလျက် ရွှေခဲထင်အောင် ဘန်ဆင်း၍ပြသောနက်လှည့်သမားသည်ယုတ်မာစွဟူ၍မြေခဲ၌၎င်း၊ မျက်လှည့်သမား၌၎င်း အပြစ်ကိုသာမြင်၏၊ ။ဤဥပမာ၌မျက်လှည့်သမားနှင့်အဝိဇ္ဇာတူ၏။အစွမ်းသတ္တိ ၂-ပါးနှင့်အဝိဇ္ဇာ၏ဟုတ်မှန်သော သဘောကိုဖုံးဝှက်နိုင်ခြင်း။ မဟုတ်မမှန်သည်ကိုရုပ်ဆင်၍သင်အောင်ပြနိုင်ခြင်းသတ္တိ ၂-ပါးတူ၏။ပကတိမြေကြီးခဲစသည်နှင့် ပထဝီဓာတ်စသော ပရမတ္ထတရားတူ၏။ ပညာနည်းသောသူငယ်များနှင့် အန္ဓပုထုဇ္ဇန်တူ၏။ နတ်ဆေးမန္တရားကိုကားမတတ်၊ပညာအဆင်အခြင်မျှသာရှိသောသူနှင့်ကလျာဏပုထုဇ္ဇန်တူ၏။နတ်ဆေးမန္တရားကိုတတ်သောသူနှင့်ဗလဝဝိပဿနာယောဂီပုဂ္ဂိုလ်အရိယာပုဂ္ဂိုလ်တူ၏၊ ။ဤကားမျက်လှည့်သည်ကြီးဥပမာအဖွင့်တည်း။

ဘီလူးမဥပမာ၌လည်း ထိုဘီလူးမသည်ထိုတောအရပ်၌ ဝင်လာသမျှသောခရီးသည်တို့အား မိမိကိုယ်၌ တတောလုံး၌အပြည့်အနှံ့ တူထပ်သောဘေးရန်အန္တရာယ်ဥပဒ္ဒဝေါတို့ကိုအရိပ်အဆင်မျှမထင်ရအောင်ဖုံးလွှမ်း၏။ တာဝတိံသာနတ်သားနတ်သမီးတွေ အယောင်၊နတ်ဘုံနတ်နန်းတွေအယောင်၊ နတ်ဥယျာဉ်နတ်ရေကန်တွေ အယောင် လုံးလုံးမှတ်ယူအောင်ပြနိုင်၏။ထိုသို့ပြတိုင်းမှတ်ယူ၍ငါတို့သည်ဤတောအုပ်သို့အရောက်နောက်ကျလေစွ။ငါတို့ဘေးတိုးစသောဆွေမျိုးတို့သည် ဤတောအုပ်ကိုမသိကြရှာလေစွဟု၊သေလွန်သူကိုပင်တောင့်တ၍စိတ်ချလက်ချအမေ့တလျော့မွေ့လျော်ပျော်ပါး၍နေကြစဉ်အခါမှ။ထိုတောကြီးကိုအစိုးရသောဘီလူးမသည်၊တယောက်တယောက်လျှင်အရေအထောင်မကအယုတ်တမာညစ်ညမ်းစွာသောအတတ်ကိုတတ်သောအခြွေအရံဖြစ်သော အသိန်းအသန်းမကသောဘီလူးမဘီလူးထီးတို့ကိုလွှဲအပ်၍အလိုရှိတိုင်းသတ် ဖြတ်ညှဉ်းပန်းစေ၏။သစ်ကျားခြင်္သေ့စသောမိမိကိုမှီ၍နေသော သားရဲတို့ကိုအလိုရှိတိုင်းသတ်ဖြတ်ညှဉ်းပန်းစားသောက်စေ၏၊ ။အကျယ်ချဲ့၍ကြံလေ၊ ။ဥဘတ်မူကားထိုတောအုပ်၏အခြင်းအရာကို ရိပ်မိ၍သိ၍လက်နက်ကိရိယာရိက္ခာစားနပ်နှင့်တကွ များစွာသောအပေါင်းအဘော်တို့ကိုအလျှင်အမြန်ယူ၍ထိုဘီလူးမနှင့်တကွတတောလုံးကိုတစမကျန်သုတ်သင်

ပြီးလျှင် ဘေးကင်းရာသို့ ထွက်သွားသော ယောကျ်ား ကောင်းနှင့် တူသည်၊ ။ဤသည်ကားအဝိဇ္ဇာသည်ဥာဏ်၏ဆန့်ကျင်ဘက် လက္ခဏာအားဖြင့်တပါးသာတည်း ဟူသော စကား၏မကျဉ်းမကျယ် အဓိပ္ပါယ်တည်း။ ။နောက်ကိုအကျဉ်းမျှသာဆိုအံ့။

ထိုအဝိဇ္ဇာသည် သသင်္ခါရိကအဝိဇ္ဇာ။ အသင်္ခါရိက အဝိဇ္ဇာအားဖြင့် ၂-ပါး။ ။ဟုတ်မှန်သောအားဖြင့်တင်ရှားရှိသောသဘောဟူသမျှတို့ကို မသိမမြင်မထင်မပေါ်ရအောင်ဖုံးလွှမ်းသောအဝိဇ္ဇာ။မဟုတ်မမှန်ထင်ရှားမရှိသောအရိပ်အယောင်ကိုဘန်ဆင်း၍ပြတတ်သောအဝိဇ္ဇာဟူ၍ ၂-ပါးရှိ၏။ ။ထိုကြောင့်အဋ္ဌကထာ၌။ ။အပ္ပဋိပတ္တိမိစ္ဆာ ပဋိပတ္တိတောဒုဝိဓာ။ ။ဟူ၍မိန့်ပြီ။ ။အဝိဇ္ဇာ။အဝိဇ္ဇာတရားသည်။အပ္ပဋိပတ္တိမိစ္ဆာပဋိပတ္တိတော။ ဟုတ်မှန်သမျှကိုမသိအောင်ဖုံးလွှမ်းသောအဝိဇ္ဇာ။ မဟုတ်မမှန်သည်ကိုရုပ်ဆင်၍ပြသော အဝိဇ္ဇာအားဖြင့်။ဒုဝိဓာ။ ၂-ထွေ ၂-ပါးရှိ၏။ ။ဤကားအနက်။ ။သည်ကိုထောက်၍။မောဟဟူသည်အရာရာမျိုးကိုဖုံးရုံသာဖုံးကွယ်ဖက်နိုင်သည်။မပြနိုင်ဟုမမှတ်သင့်။အပြစ်ရှိသောအမှုအတတ်မျိုး၌ ဘတ်သည့်လိမ်မာသည်ဟုဆိုသမျှသည် အဝိဇ္ဇာချည်းမှတ်လေ။ ။သုခသဟဂုတ်၊ဒုက္ခသဟဂုတ်၊ဥပေက္ခာသဟဂုတ်အားဖြင့် ၃-ပါး။ ။မနုဿဂတိ၊ဒေဝဂတိ၊နိရယဂတိ၊ ပေတဂတိ၊တိရစ္ဆာနဂတိ၊ ဤဂတိ ၅-ပါးတို့၌ ထင်ရှားရှိသောအပြစ်ကို ဖုံးလွှမ်းသောအားဖြင့် ၅-ပါး။ ။ဤလူ့ဘုံသည်မနုဿဂတိမည်၏။ ။ထိုမနုဿဂတိ၌ပဒေသရာဇ်ဇောကရာဇ်စကြာမင်္ဂတ်သဌေးသူကြွယ်စသည်ဖြစ်၍ ရှေး၌ဆိုခဲ့ပြီးသောဘီလူးမပိုင်စားနယ်မြေနှင့်တူသောလူ့ဘုံလူ့ဘဝ၌ထင်ရှားရှိသောထိတ်သန့်ကြောက်ရွံ့ဘွယ်သော အပြစ်ဒေါသ အာဒီနဝတို့ကို ဖုံးလွှမ်းပိတ်ကွယ်၍သာယာဘွယ်ထင်မှတ်အောင် ပြတတ်သော အဝိဇ္ဇာတပါး၊ နတ်ပြည် ၆-ထင်ဖြဟ္မာ ၂၀-သည်ဒေဝဂတိမည်၏။ထိုဒေဝဂတိ၌စတုမဟာရာဇ်နတ်မင်းအဖြစ်။သိကြားမင်းအဖြစ်၊သုယာမနတ်မင်း။သန္တုဿိတနတ်မင်း၊သုနိမ္မိတနတ်မင်း။ဝသဝတ္တိနတ်မင်း။ ဟာရိတစသောဖြဟ္မာမင်း၊ထိုနတ်မင်းဖြဟ္မာမင်းတို့၏ အခြံအရံဗိမာန်စည်းစိမ်တို့၌ ထင်ရှားရှိသောထိတ်သန့် ကြောက်ရွံ့ဘွယ်သောအပြစ်ဒေါသအာဒီနဝတို့ကို ဖုံးလွှမ်းပိတ်ကွယ်၍သာယာဘွယ်ထင်မှတ်အောင်ပြတတ်သော အဝိဇ္ဇာတပါး။ငရဲဘုံပြိတ္တာဘုံတိရစ္ဆာန်ဘုံတို့၌ထင်ရှားရှိသောအပြစ်ဒေါသအာဒီ

နဝကို ရှိသလောက်မထင်နိုင်အောင် ဖုံးလွှမ်းတတ်သောအဝိဇ္ဇာသုံးပါး၊ ဤသို့အားဖြင့်အဝိဇ္ဇာသည်ငါးပါးရှိ၏ဟူလိုသည်။

ထိုမှတပါးသဏ္ဍာန်ကာလအာရုံအစရှိသောအပြားတို့ဖြင့်မြောက်ပွါးသည်ရှိသော်အသင်္ချေသျှအပွမေယျာင်အဝိဇ္ဇာချားပြား၏၊အနန္တလောကဓာတ်သည်ကျဉ်းယောင်ရှိ၏၊အဝိဇ္ဇာသည်ကျယ်မယောင်ရှိ၏။ ။ဉေယျတရားသည်အနန္တအပရိမာဏရှိ၏။ထိုဉေယျတရားကို ဖုံးလွှမ်းပိတ်ဆီးသောအဝိဇ္ဇာလည်းအနန္တအပရိမာဏပင်ဖြစ်၏။ ထိုအဝိဇ္ဇာကို ဘွင့်လှစ်တတ်သော သဗ္ဗညုတဉာဏ်လည်း အနန္တအပရိမာဏပင်ဖြစ်၏။ ။ဉေယျတရားကဆိုရာ၏။အတိတ်သံသရာလည်းအစမရှိ၊ အနာဂတ်သံသရာလည်းအဆုံးမရှိ၊ သုံးဆဲ့တဘုံဖြင့်ရေတွက်အပ်သော အနန္တစကြာဝဠာလည်းအရပ်ရှစ်မျက်နှာအဆုံးမရှိ၊သုံးဆဲ့တဘုံမှအထက်ကောင်းကင်၊သုံးဆဲ့တဘုံမှ အောက်မြေရေလေ ကောင်းကင်များလည်းအဆုံးမရှိ။ ထိုမျှလေ့သောဝိသယ၌အဏုမြူခန့်မျှလပ်သည့်နေရာမရှိအောင် ဖြစ်ရသောငါသည်ကျဉ်းမြောင်းလေစွ။ဆိုထက်ကျယ်ပါမူ ကောင်းလေစွဟုဉေယျတရားကဆိုရာ၏၊အဝိဇ္ဇာကလည်းဆိုရာ၏။အဘယ်သို့ဆိုရာသနည်း။ဆိုခဲ့ပြီးသောဝိသယ၌ရှိသောဉေယျတရားသည်နည်းလေစွ။ ထိုထက်အဆအရာအဆအထောင်မကဉေယျတရားများပါမူ။ ငါသည်ဆိုထက်ကျယ်လွှန့်စွာမဖုံးရပါသောဟူ၍ ဆိုရာ၏၊မြတ်စွာဘုရားတို့၏သဗ္ဗညုတဉာဏ်၊ကလည်းဆိုရာ၏။အဘယ်သို့ဆိုရာသနည်း။ဉေယျတရားသည်နည်းလေစွ၊ကျဉ်းလေစွ။အကယ်၍ဉေယျတရားကျယ်ပါလျှင်ငါ၏ရန်သူဖြစ်သောအဝိဇ္ဇာလည်း ကျယ်ရာ၏။အဝိဇ္ဇာကျယ်လျှင်ထိုအဝိဇ္ဇာကိုသတ်၍အဝိဇ္ဇာအဖုံးကိုဘွင့်ရသောငါသည်ကျယ်ကျယ်လွင့်လွင့်ရှိရာ၏ဟူ၍ဆိုရာ၏။

ထိုသို့အဝိဇ္ဇာသည်အနန္တအပရိမာဏဖြစ်သောဉေယျတရားကိုဖုံးနိုင်၏ဟူသော်လည်း အာရုံပြု၍ချည်း ဖုံးနိုင်သည်မဟုတ်။ ဥပမာကား။ တယောက်သောသူကန်း၏မျက်စိ၌ထူထင်စွာစွဲကပ်သော တိမ်သလာသည်ဆိုရာ၏၊ အဘယ်သို့ဆိုရာသနည်း၊ ဤစကြာဝဠာတွင်း၌ ရှိသော နေလနက္ခတ်တာရာကြယ်သည်နည်းလေစွ၊ထိုထက်အဆအရာအဆအထောင်မကများသော်လည်းငါသည်ဤသူကန်းအား ထင်ရမမြင်ရအောင်ဖုံးနိုင်တော့သည်ဟုဆိုရာ၏၊အဝိဇ္ဇာနှင့်တိမ်သလာကြီးတူ၏၊တိမ်သလာသည်ပမာဏအားဖြင့်မျက်နက်ဝန်းကိုဖုံးမိရုံမျှသာရှိလျက်၊ထိုယောကျ်ားအား

တမိုးလုံးပြည့်၍နေသော နေလနက္ခတ်တာရာကြယ်အပေါင်းတို့ကိုမမြင်
ရမထင်ရအောင်ဖုံးနိုင်သည်။ သဗ္ဗညုတဉာဏ်တော်ကား အနန္တအပရိ
မာဏဖြစ်သောဉေယျတရားကို အဏုမြူခန့်မျှမကျန်အောင်အာရုံပြု၍ အ
ဝိဇ္ဇာဖုံးသည်ကို ဖွင့်လှစ်နိုင်၏။ အဝိဇ္ဇာသည် အလွန်ထူထပ်လှစွာသော
တိမ်သလာကြီးနှင့်တူ၏။ သဗ္ဗညုဘုရားတို့၏အရဟတ္တမဂ်ဉာဏ်သည်ထို
တိမ်သလာကြီးကိုတကြိမ်ခတ်ကာမျှနှင့် အကင်းအခိုးအငွေ့အသက်မျှမ
ကျန်ရအောင် ကွာကျွတ်ပျောက်ငြိမ်း စေတတ်သော နတ်သိကြားတို့၏
ဆေးကြီးနှင့်တူ၏။ သဗ္ဗညုတဉာဏ်သည်ထိုတိမ်သလာကွာကင်း၍ ထင်
ထင်လင်းလင်းကြီးပေါ်လာသောပသာဒစက္ခုနှင့်တူ၏၊ ဉေယျတရားသည်
နေလ နက္ခတ်တာရာကြယ်စသောဝဏ္ဏရူပါရုံနှင့်တူ၏။ ။ပစ္စေကဗုဒ္ဓါ
သာဝကတို့၏အရဟတ္တမဂ်ဉာဏ်များသည်ကား။တိမ်သလာကိုသာကွာ
အောင်တတ်နိုင်၍အကင်းအခိုးအငွေ့အသက်ကို ပျောက်ငြိမ်းအောင် မ
တတ်နိုင်သောအာနုဘော်နည်းသော မျက်စဉ်းဆေးနှင့်တူ၏။ ထိုမျက်စိ
သည်ဆေးအာနုဘော်ညံ့လှ၍တိမ်သလာကွာသော်လည်းကျန်ရစ်သောအ
ခိုးအကင်းသည်ပသာဒကိုဖုံးလွှမ်းနှောင့်ယှက်လျက်ရှိပြန်သောကြောင့် အ
ဝေးအာရုံကိုမမြင်နိုင်၊နီးလှမှမြင်နိုင်သည်။ နီးသော်လည်း ကြီး၍ဖွံ့ရုန့်ရင်း
သောအာရုံကိုသာ မြင်နိုင်သည်၊ သေးငယ်သိမ်မွေ့သောအာရုံကို မမြင်
နိုင်။ ။ဤစကားချပ်ပုကား။အဝိဇ္ဇာကျယ်ဝိုင်းပုံကိုသိစေသော စကားပု
တည်း။

(၁) "တမောနဒ္ဓါဗဟူသတ္တာ။နပဿန္တိဒိသောဒိသံ။
အန္ဓကွိကာဝိမုယှန္တိ။တမောခန္ဓဝသံဂတာ။"

(၂) "မောဟရုဋ္ဌာဗဟူသတ္တာ။ယထာဘူတမဒဿနာ၊
ဝိတပညာဝိယှန္တိ။မစ္စုရာဇဝသံဂတာ။"

(၃) "လောကဿမောဟောတာဝစေသ။စတုသစ္စဝိဓာယကော၊
ယောဇေတာသဗ္ဗသတ္တာနံ။တိဘူမိဘယာကရေ၊"

(၄) "ပါသောမာရဿမောဟောသော။မစ္စုရာဇာဂုဟာသယော၊
တသ္မာမောဟံဝိဝဇ္ဇေယျ၊ပဿန္တောမစ္စုနောဘယံ။"

ရစနာဂါထာ။

(၁) တမောနဒ္ဒါ။ အမိုက်မှောင်ဖြင့်မြှေးယှက်အပ်ကုန်သော။ ဗဟူသတ္တာ၊ သတ္တဝါများတို့သည်။ ဒိသောဒိသံ၊ ထိုထိုအရပ်မျက်နှာကို၊ နပဿန္တိ။ မမြင်နိုင်ကုန်၊ တမောခန္ဓသံဂတာ။ အမိုက်မှောင်တိုက်၏အလိုသို့သာလိုက်ရကုန်သည်ဖြစ်၍၊ အန္ဓကာ္ဘကာ။ မျက်စိအကွမ်းလုံးလုံးကန်းကုန်သည်ဖြစ်၍။ ဝိရယန္တိ။ အထူးထူးအပြားပြားများများတွေ့ဝေကြကုန်၏။

(၂) မောဟမူဠှာ၊ မောဟဖြင့်တွေဝေမိုက်မှားကြကုန်သော။ ဗဟူသတ္တာ၊ သတ္တဝါများတို့သည်။ ယထာဘူတံ၊ ဟုတ်မှန်သောတရားအချက်ကို။ အဒဿနာ၊ မမြင်နိုင်ကြကုန်ဘဲ။ ဝိတပညာ။ ကင်းသော ပညာရှိကုန်သည်ဖြစ်၍၊ မဏ္ဍူရာဇဝသံဂတာ။ သေမင်းနိုင်ငံသို့လိုက်ကြကုန်လျက်၊ ဝိရယန္တိ။ အထူးထူးအပြားပြားများများကြီးတွေ့ဝေကြကုန်၏။

(၃) သေ။ ဤမောဟသည်။ လောကဿ၊ လောကကြီးကို။ မောဟေတာဝ။ အမှေ့တိုက်၍မိုက်အောင်လည်းပြုလေတတ်၏။ စတုသစ္စပဋိဝေဓယကော။ သစ္စာလေးတန်၊ တရားမှန်ကို၊ သိရန်မဘောက်။ ဖုံး၍ကာပိတ်ဆို့တတ်ချေ၏။ သေ။ ဤမောဟသည်။ တယာကရေ၊ ဘေးမျိုးစုံတို့။ သိုက်မြုံပမာ။ လွှန်စွာပြိုးပြွမ်းထသော။ တိဘူမဒ္ဓိ။ သုံးပါးဘုံမျိုး။ ဝဋ်ထမ်းပိုး၌၊ သဗ္ဗေသတ္တာနံ၊ သတ္တဝါများ၊ ဝဋ်လည် နွှားအပေါင်းတို့ကို။ ယောဇေတာဝ။ က၍၊ တပ်၍လည်းထားတတ်ချေ၏။

(၄) သေမောဟော။ ဤမောဟသည်၊ မာရဿ၊ မာရ်မင်း၏။ ပါသော။ ထိပ်နှောင်ကျော့ကွင်းသံချေကျဉ်းကြီးပေတည်း၊ ဂုဟာသယော။ သတ္တဝါတို့၏စိတ်နှလုံး၌ပုန်း၍အောင်း၍အစဉ်လိုက်နေသော။ မဏ္ဍုရာဇာ။ သေမင်းသဘက်ကြီးလည်းဟုတ်ချေ၏။ တသ္မာ။ ထိုကြောင့်၊ မဏ္ဍုနော။ သေမင်း၏၊ ဘယံ။ ကြောက်ဘွယ်ဘနန်း။ ဘေးဘျမ်းကို။ ပဿန္တော။ ဉာဏ်ဖြင့်ဆင်ခြင်မြော်မြင်သိကြသည်ဖြစ်၍။ မောဟံ၊ အမိုက်မှောင်ကြီးမောဟမီးကို။ ဝဇ္ဇေယျ။ မလွတ်လွတ်အောင်ကြဉ်ရှောင်ခွါခွဲကြရာ၏။

အဝိဇ္ဇာပြီး၏။

## (၃) တဏှာ၏အကြောင်း။

တဏှာသည်အလုံးစုံသောသံသရာဝဋ်ဒုက္ခဟူသမျှ၏ နိုးစွာသောအကြောင်းဖြစ်ခြင်းလက္ခဏာအားဖြင့် တပါးသာတည်း၊ တနည်း။ အလော

ဘမည်သော နေက္ခမ္မတရားနှင့်ဆန့်ကျင်ဘက်လက္ခဏာ အားဖြင့် တပါးသာတည်း။အဘယ်သို့နေက္ခမ္မခေါ်ကြသောအလောဘတရားနှင့်ဆန့်ကျင်ဘက်ဖြစ်ကြသနည်း။နေက္ခမ္မတရားသည်အလွန်တရာသန်စွမ်းလှစွာသော ပိန်းရွက်ကြာရွက်နှင့်တူ၏။ထိုပိန်းရွက်ကြာရွက်တို့သဘောသည်အလွန်တရာနက်သောနံ့ကျူလှစွာသော ရေညွန်၌နစ်၍မြုပ်၍ အနှစ်တရာအနှစ်တထောင်ပင်နေသော်လည်းထိုရေထိုညွန်၌မိမိကလည်းရောနှောကပ်ငြိခြင်းမရှိ၊ ရေပုပ်ညွန်ပုပ်တို့က မိမိသို့ကပ်ငြိလာသော်လည်း မိမိကအကပ်အငြိအရောအနှောမခံ၊ညွန်၌နစ်၍ နေသောပတ္တမြားရတနာနှင့်လည်းတူ၏ ထိုပတ္တမြားရတနာသည် ပုပ်လှညှီလှ မည်းညစ်လှစွာသောရေညွန်အိုင်ကြီး၌အနှစ်တထောင်အနှစ်တသောင်းမြုပ်၍နေရငြားသော်လည်းထိုရေညွန်၌မိမိကလည်းရောနှောကပ်ငြိခြင်းမရှိ။ရေပုပ်ညွန်ပုပ်တို့ကမိမိသို့ကပ်ငြိလာသော်လည်းမိမိကအရောအနှောမခံ။စင်ကြယ်သန့်ရှင်းထွန်းလင်းသောမိမိနဂိုသဘောရင်းကိုစွန့်၍ ပုပ်ညှီမည်းညစ်သောရေညွန်သဘောကိုမယူဟုလိုသည်။ ထိုအတူ နေက္ခမ္မခေါ်ကြသော အလောဘတရားသည်။ဝတ္ထု၊အာရုံ၊သမ္ပတ္တိဘဝတို့ကိုပင်အာရုံပြု၍တေဘူမကလောကီညှီဟောင်ပုပ်သိုးမည်းညစ်လှစွာသောဘဝသုံးပါးတည်းဟူသောညွန်အိုင်၌နေငြားသော်လည်းအဏုမြူခန့်မျှ၊ ဝတ္ထု၊အာရုံ၊သမ္ပတ္တိဘဝတို့ကိုလည်းခင်မင်တွယ်တာခြင်းငြိကပ်ခြင်းစွဲလမ်းခြင်းမရှိ။ဝတ္ထု၊အာရုံ၊သမ္ပတ္တိဘဝတို့၏အငြိအတွယ်ကိုလည်းမိမိကမခံ။ထိုအလောဘနေက္ခမ္မတရားကိုယ်တွင်း၌ ရှိသောသူသည် ယခုပစ္စုပ္ပန်ဘဝ၌ဖြစ်သော မိမိကိုယ်အင်္ဂါကြီးငယ်မှစ၍သားမယားအခြံအရံရွှေငွေကျောက်သံစသောဝတ္ထု။လယ်ယာဥယျာဉ်ဘုံဗိမာန်စသောဝတ္ထု။ လှပတင့်တယ်သော မိန်းမယောကျ်ားအဝတ်ပုဆိုးစသည်ဥတည်သော အဆင်းအရောင်အသံအနံ့ အချိုအဆိမ့်စသောအမြိန်အရသာ၊အနူးအညံ့အချောအမွေ့အတွေ့ကောင်းသောအာရုံ၊နောက်ဘဝ၌ဖြစ်သော လူ့စည်းစိမ်နတ်စည်းစိမ် ဗြဟ္မာစည်းစိမ်တည်းဟူသောသမ္ပတ္တိဘဝတို့ကိုမစင်ပုပ်ခွေးကောင်လူကောင်ပုပ်ကို စက်ဆုပ်သကဲ့သို့စက်ဆုပ်ရွံရှာ၏ကြောက်ရွံ့၏မုန်းထား၏။ထိုအလောဘနေက္ခမ္မတရားသက်သက်ကင်းသော ပုဂ္ဂိုလ်အားနည်းသောပုဂ္ဂိုလ်တို့သည် ပိုးလောက်တွေခွေးငတ်ကျီးငတ်လင်းတငတ်တွေနှင့်တူကုန်၏၊ အဘယ်သို့တူသနည်း။ပိုးလောက်တို့သည်ထိုမစင်ပုပ်အကောင်ပုပ်တို့၌မိမိကိုယ်ကို

နှစ်၍ဖိမ်၍အပုပ်ရည်အပုပ်ဖတ်တို့ကို သောက်ခါစားခါဝါးခါ လျှက်ခါ နှစ်ခါမြုပ်ခါရှုပ်ခါနမ်းခါငုပ်ခါပေါ်ခါနေရမှသာ အလွန်ပျော်မွေ့၏ ချမ်းမြေ့၏နှစ်သက်၏။ ထိုအညှီအပုပ်တွင်းမှဆယ်၍ စင်ကြယ်စွာရေဆေး၍ ကမ္ဗလာကော်ဇောဌ် ထားမည်ဆိုလျှင်အလွန်ပင် နှလုံးမချမ်းသာရှိမည်။ ဆိုသောသူကိုပင်ရန်သူကြီးစင်စစ်ဟုမှတ်ရမည်။ အပုပ်တွင်းမှဆယ်ယူသောအခါ။ ရေဆေးသောအခါ။ ကမ္ဗလာကော်ဇောပေါ်၌ ထား၍နေရသောအခါများ၌ကားအဘယ်မျှဒုက္ခကြီးလိမ့်မည်ဟု တွေးတောဆင်ခြင်လေ။ ။ဤပိုးလောက်များနှင့်ကား အလောဘနေက္ခမ္မတရားလုံးလုံးကင်းသောအန္ဓပုထုဇ္ဇန်များသည်တထပ်ထည်းလောက်တူ၏။ ။ခွေးငတ်၊ကျီးငတ်လင်းတငတ်တို့သည်ထိုမစင်ပုပ်အကောင်ပုတ်တို့၌ မိမိတို့ကိုယ်ကိုနှစ်၍ဖိမ်၍နေခြင်း၌ကားအလိုမရှိ။အပုပ်ရည်အပုပ်ဖတ်တို့ကိုကားသောက်ခါစားခါဝါးခါလျှက်ခါရှုပ်ခါနမ်းခါနေရလျှင်အလွန်ပင်ချမ်းမြေ့၏ပျော်မွေ့၏နှစ်သက်၏။ထိုအညှီအပုပ်ကိုလုယက်၍ယူမည်ဆိုလျှင် အလွန်ပင်ဆင်းရဲဒုက္ခဖြစ်၏။ ။ဤခွေးငတ် ကျီးငတ် လင်းတငတ်တို့နှင့်ကား။ အလောဘ နေက္ခမ္မတရား အနည်းငယ်ရှိသော ပုထုဇ္ဇန်သည်တူ၏။ ။ဗလဝဝိပဿနာ ယောဂီဖြစ်သော ကလျာဏပုထုဇ္ဇန် အရိယာများနှင့်ကားကမ်းမမြင်သောရေပြင်ကြီး၌ရေနစ်၍နေသောအမျိုးမြတ်သောယောကျ်ားသည် ပေါလောမျော၍လာသောမစင်အပြည့်လိမ်းကျံသောတုံး၊ ပုပ်လှစွာသောခွေးသေကောင်လူသေကောင်ကိုတွယ်မိသည်နှင့်တူ၏၊ထိုစကားမှန်၏။ထိုစင်ကြယ်သောအမျိုးကောင်းသားယောကျ်ားမြတ်သည်လှိုင်းဂရက်တို့ဖြင့်နှောင့်ရှက်ညှဉ်းပန်း၍ အလွန်ပင်ပမ်းစွာနေတုန်းကို ပုပ်လှစွာသောမစင်လူးသောဌက်ပျောဖေါင် ခွေးသေကောင် လူသေကောင်များကိုဘယ့်နှယ်ငါလျှင်နဂိုသဘောရင်းကပင်စင်စင်ကြယ်ကြယ်သန့်သန့်ပျံ့ပျံ့ကိုအလိုရှိရင်းဖြစ်သောကြောင့်နှလုံးသည်းပွတ်ကွဲမတတ်ပင် မရှုနိုင်မရှိုက်နိုင်မမြင်ဝံ့မရှုဝံ့အောင်စက်ဆုပ်ရွံရှာခြင်းသည်ပြင်းစွာဖြစ်၏။ ထိုသို့ဖြစ်သော်လည်းဤဝဋ္ဋဂ္ဂကိုမြဲစွာဘက်ပြီးလျှင်ယောကျ်ားတို့လုံ့လဖြင့်ယှော်ကာယက်ကာကူးရသော်အလျှင်အမြန်ဘေးကင်းရာကမ်းဆိပ်သို့ရောက်လတ္တံ့။ဤအညှီအပုပ်တုံးကြီးကိုလည်းမြန်မြန်လွှတ်ရလတ္တံ့ဟုမြော်မြင်၍အညှီအပုပ်တုံးကြီးကိုပင်မြဲစွာဘက်ပိုက်ရပြန်၏။ ညှီစော်ပုပ်စော်နံလေလေ။မြဲမြဲကြီးဘက်ပိုက်၍ တသွန်တည်းယက်လေလေဖြစ်၏။ ။ပကတိ

ပုဂ္ဂိုလ်တို့မှာကိုယ်ခန္ဓာအသက်၏အထောက်အပံ့ဖြစ်သော ပစ္စည်းလေးပါးနှင့်အပေါင်းအဖော်တွေ၏။ ဗလဝဝိပဿနာယောဂီပုဂ္ဂိုလ်များမှာ တောဘူမကတရားနှင့်အပေါင်းအဖော်တွေ၏။

ထိုတောဘူမကတရားတို့သည်မစင်ဘင်ပုပ်တွေ့တို့နှင့် တူသည်ဖြစ်၍ မြတ်စွာဘုရားမချီးမွမ်းတော်မူကြောင်းကိုအင်္ဂုတ္တိုရ်ပါဠိတော်၌။

သေယျထာပိဘိက္ခဝေအပ္ပမတ္တကောပိဂူထောဒုဂ္ဂန္ဓောဟောတိ။ ဧဝမေဝခေါအဟံဘိက္ခဝေအပ္ပမတ္တကံပိဘဝံနဝဏ္ဏေမိအန္တမသောအစ္ဆရာသင်္ဃာတမတ္တမ္ပိ၊ ။ဟူ၍ဟောတော်မူ၏။

ဘိက္ခဝေ။တို့၊အပ္ပမတ္တကောပိ။ အနည်းငယ်သာလည်း ဖြစ်သော။ ဂူထော။မစင်သည်။ဒုဂ္ဂန္ဓော။ ထွီဘွယ်ရွံဘွယ် စက်ဆုပ်ဘွယ်သောအနံ့ဆိုးရှိသည်။ ဟောတိသေယျထာပိ။သကဲ့သို့၊ ဧဝမေဝခေါ။၍အတူသာလျှင်၊ဘိက္ခဝေ။တို့။အပ္ပမတ္တကံပိ။ နည်းငယ်တိုလျ။ မကြာသည့်လည်းဖြစ်သော။အန္တမသော။ယုတ်စွပိုင်းခြား၊အောက်ထစ်အားဖြင့်။ အစ္ဆရာသင်္ဃာတမတ္တမ္ပိ။တတီးလက်ဖျစ်။လျှပ်စစ်တပြက်ကာလ။ တခဏမျှသာဖြစ်သော။ဘဝံ။တောဘူမက၊ဝဋ်ဘဝကို။အဟံ။ငါဘုရားသည်။နဝဏ္ဏေမိ။နှစ်သက်ဘွယ်အလား၊ပြောကြားချီးမွမ်းတော်မမူ။

ထိုသို့ထွီဘွယ် စက်ဆုပ်ဘွယ် ဖြစ်သော တောဘူမကတရားတို့ကို သာယာတွယ်တာ၍ နေသော တဏှာတရ၏ အစွက်ကြောင့် ပင်လျှင် တဏှာ၏နယ်ဖြစ်သောသံသရာကြီးမှ မထွက်နိုင်ရှိနေကြကုန်၏။ ။ထိုကြောင့်တဏှာတရားသည်၊ သံသရာ၌ကျင်လည်သော သတ္တဝါဟူသမျှ၏။သွားဘော်လာဘက်သံသရာ့အဘော်ကြီးဖြစ်၏။ ထိုတဏှာအဘော်သွေးဆောင်တိုင်း သွေးဆောင်တိုင်းထိုထိုဘဝသို့။ ကပြောင်းကပြန်အတန်တန်ကျင်လည်၍နေရကြောင်းကို။

"တဏှာဒုတိယောပုရိသော။ဒီဃမဒ္ဓါနသံသရံ။
ဣတ္ထဘာဝညထာဘာဝံ၊သံသာရံနာတိဝတ္တတိ၊"

ဟူ၍ဘုရားဟောတော်မူ၏၊ ။အနက်ကား၊ ၊တဏှာဒုတိယော၊ တဏှာတည်းဟူသော အဘော်သဟာယ်ရှိသော။ ပုရိသော။ သတ္တဝါသည်၊ဒီဃမဒ္ဓါနံ။ရှည်မြင့်စွာသောကာလပတ်လုံး။သံသရံ-သံသရန္တော။ ဟိုသည်လည်ပြေးသွားမရပ်မနားကျင်လည်ရသည်ဖြစ်၍။ဣတ္ထဘာဝညထာဘာဝံ။ဤသို့သောအခြင်းအရာအားဖြင့်ဖြစ်ခြင်းတပါးသော အခြင်းအရာ

အားဖြင့်ဖြစ်ခြင်းဟုဆိုအပ်သော၊ သံသာရံ။ သံသရာဝဋ်ဆင်းရဲကြီးကို၊ နာတိဝတ္တတိ။ မလွန်မမြောက်နိုင်ချေ။

ဒီဃနိကာယ် သုတ်မဟာဝါ သက္ကပဉှာသုတ်၌လည်း တဏှာ၏ အကြောင်းကိုမြတ်စွာဘုရားအား။သိကြားမင်းဤသို့လျှောက်ထားဘူး၏။

ဧဝါဘန္တေ၊ရောဂေါ၊ဧသောဂဏ္ဍော၊ဧသောသလ္လံ၊ဧသောဇာမံ ပုရိသံပရိကဍ္ဍတိတဿတဿေဝဘာဝ ဿအဘိနိဗ္ဗတ္တိယာ။တသ္မာအယံပုရိသော ဥစ္စာဝစမာပဇ္ဇတိတိ။ ။ဘန္တေ။မြတ်စွာဘုရား၊ဧသော၊တဏှာသည်။ရောဂေါ၊ သတ္တဝါတို့၏အနာရောဂါကြီး တည်း။ ဧသော။ တဏှာသည်။ ဂဏ္ဍော။ သတ္တဝါတို့၏အိုင်းပျက်အနာဟောင်းကြီးပေတည်း။ ဧသော။တဏှာသည်။ သလ္လံ။ဝဇိရစိန်စင်းသွားမြားကြီးတစင်းပေတည်း။ဧသော၊ တဏှာသည်။ဇာမံပုရိသံ၊ဤသတ္တဝါဟူသမျှကို။ တဿတဿေဝဘာဝဿ။ ထိုထိုဘဝသို့၊အဘိနိဗ္ဗတ္တိယာ။ကပ်ရောက်၍ဖြစ်ခြင်းငှာ၊ပရိကဍ္ဍတိ။ဆွဲငင်၍နေ၏။ တသ္မာ။ထိုကြောင့်၊ အယံပုရိသော။ ဤသတ္တဝါများသည်၊ ဥစ္စာဝစံ။မြင့်သောဘဝယုတ်သောဘဝသို့။အာပဇ္ဇတိ။ရောက်ရဖြစ်ရ၏။

တဏှာတရားသည်။သံသရာလောကကြီး၏အမြစ်မူလသမုဒယကြီးဖြစ်၏။ငင်းရေသောက်မြစ်ကြီးကို။နေကျွမ်းခါတ်ဖြင့် မသတ်မဖြတ် ရသေးသမျှကာလပတ်လုံးသံသရာဝဋ်ပင်ဝဋ်နွယ်ကြီးသည် သေဆုံးသည်မရှိ၊ တဆင့်ထက်တဆင့်ကြီးပွါးစည်ပင်ခြင်းသို့သာရောက်ရလေ၏။ထိုသံသရာဝဋ်ပင်ဝဋ်နွယ် စည်ပင်သမျှကာလပတ်လုံးလည်း ဘယ်အခါမှချမ်းသာခွင့်ရလိမ့်မည်မရှိ။ ။ဒုက္ခမေဝဟိသမ္ဘောတိ။ဒုက္ခံတိဋ္ဌတိဝေတိစ၊ ။ ဟူ၍ဟောတော်မူသောအတိုင်းစင်စစ်ဒုက္ခသက်သက်တို့သာ အဆက်ဆက်စည်ကား၍နေကုန်၏။ ။ထိုကြောင့်။

“ယထာပိမူလေအနုပဒ္ဒဝေ။
ဆိန္နောပိ ရုက္ခောပုနဒေဝရုဟတိ၊
ဧဝံတဏှာအနုသယေအသမူဟတေ၊
နိဗ္ဗတ္တတိဒုက္ခမိဒံပုနပ္ပုနံ၊”

ဟူ၍ဓမ္မပဒပါဠိတော်၌ဟောတော်မူ၏။ ။အနက်ကား၊ ။မူလေ၊ရေသောက်မြစ်သည်။အနုပဒ္ဒဝေ။ ဘေးရန်မရှိ။ပကတိမိုရှင်လျက် ရှိနေသည်ရှိသော်။ရုက္ခော၊သစ်ပင်သည်၊ဆိန္နောပိ။ဖြတ်၍ထားပါသော်လည်း။ ပုန

ဒေဝ။ တာဘန်သာလျှင်။ ရူပာတိယထာဝိ၊ ပေါက်မြဲပေါက်။ စည်ကားမြဲ
စည်ကားပြန့်သကဲ့သို့။ဇော်။ဤအတူ။တဏှာနုသယေ။ သတ္တဝါတို့၏စိတ်
သန္တာန်ထဲ၌။ အမြဲကိန်းဝပ်။ ရိုစွတ်စေးဘွဲ့၍နေသော။ တဏှာအနုသယ
ဓာတ်စေးကို။ အသမုဟာတေ။ အဆုံးနှုတ်၍မပစ်အဝ်သေးသည် ရှိသော်။
ဣဒံ ဒုက္ခံ။ဤလူနတ်ဗြဟ္မာသတ္တဝါဟူ။ခန္ဓာငါးခုဓာတ်အရတည်းဟူသော
ဒုက္ခသစ္စာသည်။ပုနပ္ပုနံ။အဘန်တလဲလဲ။နိဗ္ဗတ္တတိ။ဖြစ်ပေါ်စည်ကား၍နေ
၏။ ။အကျယ်အားဖြင့်သိလေ၊

ထိုတဏှာသည်။အသင်္ခါရိကတဏှာ၊ သသင်္ခါရိကတဏှာဟူ၍-၂-
ပါးရှိ၏။သုခသဟဂုတ်တဏှာ၊ ဥပေက္ခာသဟဂုတ်တဏှာဟူ၍လည်း-
၂-ပါးရှိ၏။ ။ပဒေသရာဇ်ကြောင်ဇ် စကြာမင်္ဂလာတ် သေဌေးသူကြွယ်စ
သည်ဖြစ်၍ရှေး၌ပြဆိုခဲ့ပြီးသောဘီလူးမပိုင်စားမြေနှင့်တူသော လူ့ဘုံလူ့
ဘဝမနုဿဂတိ၌ သာယာသောတဏှာ။စတုမဟာရာဇ်နတ်မင်းကြီးအ
ဖြစ်။သိကြားမင်းအဖြစ်။သုယာမနတ်မင်းအဖြစ်။သန္တုသိတနတ်မင်းကြီး
အဖြစ်။သုနိမ္မိတနတ်မင်းကြီးအဖြစ်။ဝသဝတ္တိနတ်မင်းကြီးအဖြစ်၊ ဟာရိ
တ၊သင်္ကြမာရ၊သဟံပတိစသော ဗြဟ္မာမင်းကြီးတို့အဖြစ်နှင့်၊ ၎င်းနတ်
ဗြဟ္မာတို့၏အခြွေအရံဘုံဗိမာန်ဟုဆိုအပ်သောဒေဝဂတိ၌သာယာတတ်
သောတဏှာ။ ။နိရယဂတိ၊ ပေတဂတိ၊ တိရစ္ဆာနဂတိတို့၌ သာယာ
သောတဏှာ-၃-ပါး။ ဤသို့အားဖြင့်ဂတိငါးပါး၌သာ ယာသောတဏှာ
လည်းငါးပါးရှိ၏၊

တေဘူမကသင်္ခါရတရားရသည်။အနန္တအပရိမာဏအဆုံးမရှိကျယ်
ဝန်း၏။တဏှာတရားသည်လည်းရှိရှိသမျှသောတေဘူမကသင်္ခါရတရား
တို့ကိုမကြွင်းမကျန်အလုံးစုံ သာယာတပ်မက်နိုင်သောကြောင့် သင်္ခါရ
နယ်ရှိသမျှတဏှာနှံ့နိုင်ရကား။တဏှာလည်း အနန္တအပရိမာဏပင်ဖြစ်
၏။ ။နေက္ခမ္မခါသောအလောဘဓာတ်သည်လည်းတဏှာသာယာစေး
ဘွဲ့သမျှအလုံးစုံကို အကုန်တပ်ခြင်းကင်းအောင်ရှင်းလင်း ဖြတ်တောက်
နိုင်သောကြောင့်။အနန္တအပရိမာဏပင်ဖြစ်၏၊

တေဘူမကသင်္ခါရတရားကဆိုရာ၏၊အတိတ်သံသရာလည်းအစမရှိ၊
အနာဂတ်သံသရာလည်းအဆုံးမရှိ။သုံးဆဲ့တဘုံဖြင့်ရေတွက်အပ်သောအ
နန္တစကြဝဠာသည်းအဆုံးမရှိ၊ ထိုမျှလောက်သောဝိသယ၌ အဏုမြူခံ့မျှ
လပ်သည့်နေရာမရှိအောင် ဖြစ်ရသောငါသည် ကျဉ်းမြောင်းလေစွ။ ထို

ထက်ငါ၏နယ်ကျယ်ပါမူကား၊ အတိုင်းထက် အလွန်ကောင်းလေစွဟု၊ သင်္ခါရတရားကဆိုရာ၏။ ၊တဏှာကလည်းဆိုပြန်ရာ၏။ဆိုခဲ့ပြီးသော သင်္ခါရတရားရသည်နည်းသေစွ။ထိုထက်အဆအခါအထောင်မက တေဘူမကသင်္ခါရတရားများပါမူကား။လောက်လောက်ငငကျယ်ကျယ်ဝန်းဝန်းမသာသာမတပ်မက်ရပါလောဟူ၍ဆိုရာ၏။ ၊နေကြွမ္ဗခါသောအလောဘခတ်ကလည်းဆိုပြန်ရာ၏၊ ပြခဲ့ပြီးသောသင်္ခါရတရားများသည် ကျဉ်းမြောင်းလေစွ။အကယ်၍သင်္ခါရတရားရကျယ်ဝန်းပါမူ။ငါ၏ရန်သူဖြစ်သောတဏှာလည်းကျယ်ဝန်းရာ၏။ထိုတဏှာကျယ်လျှင်ကျယ်ဝန်းသမျှတဏှာအလုံးစုံကိုသတ်ဖြတ်၍။တဏှာတပ်မက်စေးကွဲသမျှကိုပြယ်ပျောက်အောင်ပြုရသောငါလည်းကျယ်ကျယ်လွှင့်လွှင့်ရှိရာ၏ဟူ၍ဆိုရာ၏။

တဏှာတရားသည် သံသရာသမားတို့၏ ဘဝတိုင်းစွဲကပ်၍နေသော အနာဆိုးကြီးနှင့်တူ၏။ နေကြွမ္ဗခတ်သည်ထိုအနာကို ပျောက်စေတတ်သောနတ်သိကြားတို့၏ဆေးဝါးမန္တာန်ကောင်းကြီးနှင့်တူ၏။

ထိုတဏှာတရားသည်။မာလောနွယ်ကဲ့သို့တဆင့်တဆင့်ကြီးပွါးတိုးတက်တတ်သောသဘောရှိ၏။ဘယ်မျှလောက်ပင်တေဘူမကတရားများသော်လည်း။များပြားလှသော သင်္ခါရတရားဟူသမျှကို ငါကုန်အောင်မတပ်မက်နိုင် မသာယာနိုင်ဟူ၍မရှိ။ ဘယ်အခါမှ တဏှာအလိုပြည့်နိုင်သည်မရှိ။နေကြွမ္ဗခ နှင့်ကွာကင်းလေလေတဏှာအကင်းသန်လေလေသာဖြစ်၏။တဆင့်ထက်တဆင့်အဖျားအဖျားသို့သာတိုး၍တိုး၍သာယာတတ်သောသဘောရှိ၏၊

ကတော့နှင့်လည်းတူ၏၊လောကဥက္ကတော့ဟူသည်၊ တဆင့်ထက်တဆင့်အဝတိုး၍တိုး၍ကျယ်လေ၏၊ဘယ်အခါမှကတော့တို့သဘောသည် မျက်နှာဝကျဉ်းသည်ဟူ၍မရှိ။ လူ့ဘုံကစ၍ အထက်ဘဝဂ်တိုင်အောင် ကသော့ကြီးတခုပြုလုပ်လျှင်။ အောက်လူ့ဘုံ ကအပ်ဖျား မျှလောက်ကတော့အရင်းအစသေးသော်လည်းအထက်သို့ကျယ်လေလေမျက်နှာဝကျယ်လေလေဖြစ်၏။နေဝညာနာသညာယတနဘုံဆုံးတိုင်လျှင် အနန္တအပ္ပမေယျကျယ်လေတော့၏၊ ။ထိုကြောင့်ပါဠိဇာတ်ပါဠိတော်၌၊

ဥပရိဝိသာလံဒုပ္ပူရံ။တဏှာဝိဋပဂါမိနီ၊

ဟူ၍ဟောတော်မူ၏။ ။တဏှာ။တဏှာတရားသည်။ ဝိဋပဂါမိနီ။ အကိုင်းအခက်သို့၊ဆက်လက်လိုက်သွားများစွာတပ်မက် သာယာလေ့

ရှိ၏။ဒုပ္ပူရံ၊အလွန်တရာအလိုလည်းပြည့်နိုင်ခဲ၏၊ဥပရိဝိသာလံ။ အထက်သို့သော တဆင့်တဆင့်တိုး၍တိုး၍ကျယ်သော ကတော့ကြီးနှင့်လည်းတူ၏။ ။ဤကားအနက်။

တဏှာ၏အဆင့်ဆင့်ကြီးပွါးပုံကို မန္ဓာတုဇာတ်၊ အဇမာသကဇာတ်စသောသက်သေတို့ဖြင့်သိရာ၏။ ။နေက္ခမ္မဓာတ်အားနည်းသောသူသည်။ လူသားပင်ဖြစ်သော်လည်း။နတ်ကာမဂုဏ်တို့ဖြင့် တင်းတိမ်နိုင်သည်မရှိ။ တဆင့်တဆင့်သာတိုးတက်လေ၏။ ။နေက္ခမ္မဓာတ်ခံရှိသော သူတော်ကောင်းတို့မှုကား။ တဏှာ၏သဘောယာမှုအမျိုးကိုပယ်ခွါ၍ တပ်မက်ခြင်းကင်းရန်အရေး၌သာလျှင် ဇေးချမ်းချမ်း ပျော်မွေ့တော်မူနိုင်ကြပေကုန်၏။ ။ထိုကြောင့်။မန္ဓာတုဇာတ်ပါဠိ၊ဓမ္မပဒပါဠိတော်တို့၌။

“အပိဒိဗ္ဗေသုကာမေသု။ရတိံ သော နာဓိဂစ္ဆတိ။
တဏှာက္ခယရတော ဟောတိ။
သမ္မာသမ္ဗုဒ္ဓသာဝကော။”

ဟူ၍ဟောတော်မူ၏။ ။အနက်ကား။ ။သော၊ထိုတဏှာက္ခယဓာတ်ခံရင်းရှိသောသူသည်၊ ဒိဗ္ဗေသု၊နတ်ဖြစ်ကုန်သော၊ ကာမေသုအပိ၊ ကာမဂုဏ်တို့၌သော်လည်း၊ရတိံ၊မွေ့လျော်တင်းတိမ်ခြင်းသို့၊ နာဓိဂစ္ဆတိ၊မရောက်နိုင်၊သမ္မာသမ္ဗုဒ္ဓ သာဝကော၊ နေက္ခမ္မဓာတ်ခံအားကြီးသောမြတ်စွာဘုရား၏ တပည့်သားတော်မြတ်သည်၊ တဏှာက္ခယ ရတော၊ တဏှာကုန်ခန်းမှု၌မွေ့လျော်လေ့ရှိသည်။ဟောတိ၊ဖြစ်၏။

ဤသို့ပြဆိုခဲ့ပြီးသော တဏှာလောဘ၏အပြစ်ကို၊ ကောင်းစွာမြင်နိုင်သည်ဖြစ်၍၊ ဆိုးယုတ် လှစွာသော၊ထိုတဏှာလောဘကို၊ နေက္ခမ္မဓာတ်ဖြင့်သတ်ဖြတ်နိုင်ကြစေကုန်သတည်း။

(၁) “ယံသဂိဒ္ဓါဗဟူမစ္စာ။ဒဠှံဗလိသလဂ္ဂိတာ၊
ဖန္ဒမာနာဝိဝတ္တန္တိ။မစ္ဆာဗန္ဓဝသံဂတာ။”

(၂) “ဘဝဝိဒ္ဓါဇုမေသတ္တာ။ဒဠှံသန္ဒဟာလဂ္ဂိတာ၊
ဖန္ဒမာနာဝိဝတ္တန္တိ၊မစ္စုရာဇဝသံဂတာ။”

(၃) “ဗန္ဓနံမစ္စုနောဧတံ။ယေနဗဒ္ဓေါနမုစ္စတိ။
ဒါဠှာပေသာမရဏဿ၊ယာယဒဗ္ဗောနဇီဝတိ။”

(၄) “ဝဇိရဂ္ဂေါသရောစေသ။ယေနဝိဒ္ဓေါဝိရုဇ္ဇတိ။
ဝိသံပေတံဟလာဟလံ၊ယေနဖုဋ္ဌောဝိဝဇ္ဇတိ။”

(၅) "မစ္စုဝေသောဂုဟာသယော။ယေနာဝိဋ္ဌောသဒါမတော။
သိနေဟံတံဝိဝဇ္ဇေယျ။ပဿန္တောမစ္စုနောဘယံ။"

ခုစနာဂါထာ။

(၁) ပံသုဂိဒ္ဓါ။သားတစ်ဥ်မက်မောကုန်သည်ဖြစ်၍။ဒဠှံ။ပြင်းစွာ။ ဗလိသလဂ္ဂိတာ။အအူအသည်း၌၊ မြဲစွာငါးများချိတ်ဖြင့် ချိတ်မိ၍ နေကုန်သော၊ ဗဟုမစ္ဆာ၊ ငါးအမိုက် အများတို့သည်။ မစ္ဆ ဗန္ဓဝသံ၊ တံငါယောက်ျား၏အလိုသို့၊ ဂတာ။ လိုက်ပါရောက်ဆိုက်ကြကုန်သည်ဖြစ်၍။ ဖန္ဒမာနာ။ တုန်လှုပ်ချောက်ချားကြကုန်လျက်။ ဝိဝတ္တန္တိ၊ တဆွေ့ဆွေ့ တတွန့်တွန့်။လွန့်ကာလွန့်ကာ။လူးလည်း၍နေကြကုန်၏။

(၂) ဧဝံ။ဤအတူ။ဘဝဂိဒ္ဓါ၊ဘဝသုံးပါး၌၊ တများများ ခင်မင်မက်မောကြကုန်သည်ဖြစ်၍၊ ဒဠှံ။ မြဲစွာ၊ သ္နေဟလဂ္ဂိတာ၊ ချစ်တတ်လှစွာ၊ တဏှာနှသယ။ စွဲငြိကြကုန်သော။ ဗဟုမေသတ္တာ။ ဤသတ္တဝါအပေါင်းတို့သည်။မစ္စုဝသံ၊သေမင်း၏အလိုနိုင်ငံသို့။ ဂတာ။ရောက်ဆိုက်လိုက်ပါရကုန်သည်ဖြစ်၍၊ ဖန္ဒမာနာ။တုန်လှုပ်ကုန်လျက်။ ဝိဝတ္တန္တိ။တဆွေ့ဆွေ့။ တတွန့်တွန့်။လွန့်ကာလွန့်ကာ၊လူးလည်း၍နေရကုန်၏။

(၃) ဧတံ၊ ထိုချစ်ခြင်းအမှုသည်။ မစ္စုနော၊သေမင်း၏။ ဗန္ဓနံ။ထိပ်ထောင်နှောင်ကြိုးအဘွဲ့မျိုးကြီးပေတည်း၊ ယေန။ အကြင်နှောင်ကြိုးဖြင့်၊ ဗဒ္ဓော၊ဘွဲ့ချည်မိသောသူသည်။နမုစ္စတိ။ကမ္ဘာစဉ်ဆက်။သေမင်းလက်မှ။ မထွက်မလွတ်ရလေ။သော၊ဤချစ်ခြင်းတဏှာသည်။ မရဏသ။သေမင်း၏။ဒါဠှာဝိ။စားဝါးကြောင်းအစွယ်လည်းမည်၏။ ယာယ၊အကြင်အစွယ်ဖြင့်၊ဒဋ္ဌော။ကိုက်အပ်သောသူသည်။နဇီဝတိ၊ သုဂတိသက်မရှင်နိုင်။

(၄) သော။ဤချစ်ခြင်းလောဘသည်။ ဝဇီရဂ္ဂေါ၊ဝဇီရစိန် စင်းသွားတတ်သော၊သရောစ။သေမင်း၏မြားလည်းမည်၏။ယေန၊အကြင်မြားဖြင့်။ ဝိဒ္ဓေါ၊ထိုးဝင်အပ်သောသူသည်။ဝိရုပ္ပတိ။တဆွေ့ဆွေ့။ တတွန့်တွန့်။လွန့်ကာလွန့်ကာ။ဘောက်ပြန်၍နေ၏။ ဧတံ၊ဤချစ်ခြင်းအမှုသည်။ ဟာလာဟလံ၊ လတ်တလောသေစေတတ်သော၊ ဝိသံပိ၊ အဆိပ်စေးလည်းမည်၏။ ယေန၊အကြင်အဆိပ်စေးဖြင့်၊ပုဋ္ဌော၊တွေ့ထိပြန့်နှံ့သောသူသည်။ဝိဝတ္တတိ၊တဖြတ်ဖြတ်လူးလည်း၍နေ၏။

(၅) သော၊ဤချစ်ခြင်းလောဘသည်၊ဂုဟာသယော၊သတ္တဝါတို့၏

ကိုယ်တည့်းဟူသောလိုဏ်ဂူဌကိန်းအောင်းတတ်သော။ မစ္စုဝ။သေမင်းကြီးပင်တည်း။ယေန။အကြင်သေမင်းသည်။အာဝိဇ္ဇော။ပူးဝင်အပ်သောသူသည်၊သဒါ။အခါခပ်သိမ်း။မတော၊သေပြီးသာမည်၏။ မစ္စုနော။သေမင်း၏၊ဘယံ။ဘေးကြီးကို။ပသန္တော။သိမြင်သောညာဏ်ရှိသည်၊ တံသိနေဟံ။ ထိုဘဝ-၃-ပါး၌ချစ်ခြင်းအမှုကို။ဝိဝဇ္ဇေယျ။ဝေးအောင်ရှောင်ကြဉ်ရာ၏။

## (၄) အဝိဇ္ဇာ,တဏှာ-၂-ပါးဘို့အကြောင်း။

သံသရာ၏ မူလမ-တည်ဖြစ်သောအဝိဇ္ဇာ၊ တဏှာနှစ်ပါးတို့သည်အချင်းချင်းနှီးနှော၍လူအပေါင်းကိုဖြားယောင်းလိမ်လှည့်နေသောသူ-၂-ဦးကဲ့သို့၊အလုံးရုံသောသတ္တလောကကို။ သံသရာဝဋ်ကမလွတ်မထွက်နိုင်အောင် ဖြားယောင်းသွေးဆောင်၍နေကုန်၏။ ၊အဝိဇ္ဇာသည်။တောဘူမကသင်္ခါရတရားတို့၏အဖြစ်အာဒီနဝကိုမမြင်အောင်ဖုံးလွှမ်းလေ၏။ ။ တဏှာသည်။အဝိဇ္ဇာဖုံးလွှမ်းသောတောဘူမကသင်္ခါရတို့ကိုမရှုမစမ်းဘဲသာယာတပ်မက်နှစ်သက်မြတ်နိုးလေ၏။ ။ထိုသို့အဖြစ်ကိုဖုံးလွှမ်းသမားနှင့်၊ သာယာနှစ်သက် တပ်မက်သမားနှစ်ဦးတို့အတွက်ကြောင့်။ ထိုအဝိဇ္ဇာ၊တဏှာနှစ်ပါးကို အတွင်းသားပြုလုပ်၍နေကြကုန်သော သတ္တဝါအပေါင်းတို့သည်ဟုတ်မှန်တိုင်းသော သစ္စာ-၄-ပါးတရားကို မမြင်နိုင်ကြဘဲ။သံသရာတည်းဟူသော ဝဋ်ဆင်းရဲ၌သာ။ တဝဲလည်လည်။ ဝဋ်နွယ်စည်၍။အရှည်ပင်ပန်းရလေကုန်တော့၏။ ။စင်စစ်သာယာဘွယ်မဟုတ်သောသင်္ခါရတရားတို့သည် သာယာဘွယ်ထင်လေအောင်။ စင်စစ်ဒုက္ခဖြစ်သောတရားတို့သည်သုခထင်လေအောင်အဝိဇ္ဇာ၊တဏှာခေတ်ခံတင်လင်းရှိသော သတ္တဝါအပေါင်းတို့ကို မပြတ်နှိပ်စက်ညှဉ်းပန်း၍နေကုန်၏။ ။ထိုကြောင့်၊

> ''အသာတံသာတရူပေန။ပိယရူပေနအပ္ပိယံ။
> ဒုက္ခံသုခဿရူပေန။ပမတ္တမတိဝတ္တတိ။''

ဟူ၍မြတ်စွာဘုရားဟောကြားတော်မူ၏။ ။အနက်ကား၊ ။အသာတံ။သာယာဘွယ်မဟုတ်သောတရားရသည်။သာတရူပေန၊ သာယာဘွယ်

ယောင်ယောင်အဟန်အားဖြင့်။အပြီးယံ၊ မချစ်ခင်အပ်သောတရားရသည်။ ပိယရူပေန။ချစ်ဘွယ်ခင်ဘွယ်ယောင်ယောင်အဟန်အားဖြင့်၊ ဒုက္ခံ။ဆင်းရဲအစစ်ဖြစ်သောတရားရသည်။သုခသရူပေန။ချမ်းသာသုခ၏အယောင်အဟန်အားဖြင့်၊ ပမတ္တံ။သတိလွှင့်ပါး။ မေ့မှားမိုက်မူး၍နေသော သူအပေါင်းကို။အတိဝတ္တတိ။နှိပ်စက်ညှဉ်းပမ်းလွှမ်းမိုးဘိစီး၍နေ၏။

အဝိဇ္ဇာတဏှာကွာကင်းပြီးသောအရိယာပုဂ္ဂိုလ်တို့မှာမူကားပုထုဇ္ဇန်တို့သုခထင်သမျှသောတရားရကိုဒုက္ခစင်စစ်ကြီးဟုထင်၏။ပုထုဇ္ဇန်တို့၏အသိအမြင် အထင်အမှတ်နှင့် ဆန့်ကျင်ဘက်ဖြစ်၍နေ၏။ အရိယာတို့၏တရားသည်လည်းပုထုဇ္ဇန်တို့၏ခေတ်ခံသဘောရင်းနှင့် ဖြောင့်ဖြောင့်ကြီးဆန့်ကျင်၍နေ၏။မီးနှင့်ရေကဲ့သို့ဖြစ်၏၊ထိုကြောင့်မြတ်စွာဘုရားဖြစ်တော်မူပြီး၍။သဗ္ဗညုသဗ္ဗညာဟာအထွက်တွင်။ ။အဓိဂတော ခေါ်မျှာယံဓမ္မောဂမ္ဘီရော၊ဒုဒ္ဒသော၊ဒုရနုဗောဓော၊သန္တော၊ပဏီတော၊အတက္ကာဝစရော၊နိပုဏော၊ပဏ္ဍိတဝေဒနီယော၊အာလယရာမာခေါပနာယံပဇာ။အာလယရတာ၊အာလယသမ္မုဒိတာစသည်ဖြင့်ငါဘုရားသည်အလွန်တရာနက်နဲဘိမြင်နိုင်ခဲသောတရားမြတ်တို့ကိုပေါက်ရောက်တွေ့မြင်အပ်၏။ဤသတ္တဝါများအပေါင်းသည်မူကား။ ဝဋ်-၃-ပါး၌တွယ်တာသော အာလယတရားတို့ဖြင့်များစွာပြကပ်၍နေခဲ့၏။ထိုသတ္တဝါများသည်အလွန်နက်နဲသောတရားကိုသိနိုင်ကြရန် အလွန်ခဲယဉ်းလှ၏။ထိုသတ္တဝါများကို။ ငါတရားဟောသော်လည်းမသိနိုင်ကြရာ။အကယ်၍ဟောသော်ယည်း။ မောပန်းရုံမျှသာဖြစ်ဘို့ရှိလေ၏တကားဟု၊အကြံအစည်ဖြစ်တော်မူ၏။ ။ထိုအခါ၌၊

"ပဋိသောတဂါမိ နိပုဏံ၊ဂမ္ဘီရံဒုဒ္ဒသံအဏုံ၊
ရာဂရတ္တာနဒက္ခန္တိ။တမောခန္ဓေန အာဝုဋာ။"

ဟူသောဥဒါန်းစကားကို။ငြီးတွားကာကျူးရင့်တော်မူ၏။ ။အနက်ကား။ ။ပဋိသောတဂါမိ၊သံသရာစခန်း။ သတ္တဝါတို့ ခေတ်ဖွမ်းနှင့်ထေ့င်တန်းဘီလာ။အညာဆန်ကြီးဖြစ်၍နေထသော။နိပုဏံ။အလွန်သိမ်မွေ့လှစွာသော။ဂမ္ဘီရံ။နက်နဲလှစွာထသော။အဏုံ။အဏုမြူပမာလွန်စွာနူးညံ့သိမ်မွေ့စွာထသော။ဒုဒ္ဒသံ။ မြင်နိုင်ခဲလှစွာသောတရားကို၊ တမောခန္ဓေန၊အဝိဇ္ဇာမှောင်ကြီးသည်၊ အာဝုဋာ။ ကာဆီးကွယ်ဝှက်အပ်သဖြင့်၊ သက်သက်မှောင်တိုက်ကြီးမိ၍နေကုန်သော။ရာဂရတ္တာ၊ ရာဂတည်းဟူ

သောဟပ်ခြင်းဖြင့် အပြင်းတပ်မက်သော သတ္တဝါအပေါင်းတို့သည်၊ နိဗ္ဗာန်ကို မမြင်စွမ်း နိုင်ကြကုန်။

ဤသို့လျှင်သတ္တဝါတို့၏စရိုက်ကိုရှုမြင်မိသဖြင့်၊ မြတ်စွာဘုရားအား တရားဟောတော်မူအံ့သော စိတ်တော်သည် ဆုတ်နစ်ပျက်ယွင်း တော်မူခဲ့၏။

ထိုကြောင့်အရိယာတို့၏တရားနှင့်ဖြောင့်ဖြောင့်ဆန့်ကျင်ဘက်ဖြစ်ကြသောအဝိဇ္ဇာ၊ တဏှာတို့၏အဖြစ်ကိုစိစစ်မြော်မြင်မိကြသဖြင့်၊ သံသရာ၏အမြစ်မူလအခြေပါဒ မ-တည်ကြီးဖြစ်သောဤအဝိဇ္ဇာတဏှာရန်ကြီးကို ဖျက်ဆီးချိုးဖဲ့ရန်အားထုတ်နိုင်ကြစေကုန်သတည်း၊

(၁) "ဝေတမာရသဒါပဟင္ဂိ။ ဟာဒယမ္ဟိနိပါတိနော၊
နိပစ္စဆဟိဒ္ဓါပေဟိ။ သဋ္ဌမ္ဘသာရဒါပဟိနော၊"
(၂) "နုစစ္ဆဇာလာဝုဋ္ဌန္တိ။ ဘာသွာဆန္နာဝတိဋ္ဌရေ။
ပစ္စဇာလာသမ္ဘဇ္ဇလန္တိ။ ပေတေသုနိရယေသုစ၊"
(၃) "သုဂုဏ္ဌဒ္ဓါရိနောပဟာသ။ အပါယဂ္ဂိသုဘာယိနော။
အဂ္ဂိဘူဘာဝတေအဇ္ဇ။ ပစ္စဇာလာဘာဝန္တိတော၊"
ရစနာဂါထာ။

(၁) ဝေတ။ ထိုအဝိဇ္ဇာနှင့်တဏှာလောဘဒွိမူလတို့သည်။ မာရသ။ မာရ်မင်း၏။ ဒါပဟင္ဂိ။ လောင်မီးလက်နက်ကြီးတို့ပေတည်း။ ဟာဒယမ္ဟိ၊ သတ္တဝါတို့၏စိတ်နှလုံး၌။ နိပါတိနော။ ကျရောက်စွဲလောင်တတ်ကုန်၏၊ ဆဟိဒ္ဓါရေဟိ။ စက္ခုစသောဒွါရခြောက်ပါးတို့မှ၊ နိပစ္စ။ အတွင်းဘုရောက်စွဲဝင်၍၊ သဋ္ဌမ္ဘသာရဒါပဟိနော။ သူတော်ဥစ္စာ၊ ရတနာစစ်၊ တရားနှစ်ပါးဆိတ်ကိုအကုန်ခပင်း။ ပြာမကြွင်းအောင်။ အတင်းလောင်မြိုက်တတ်ကုန်၏။

(၂) စ။ ထိုသို့ပင် လောင်ကုန်သော်လည်း၊ တေ။ ထိုအဝိဇ္ဇာနှင့်တဏှာလောဘ။ ဒွိမူလတို့သည်။ အဇ္ဇ။ ဤဘဝ၌။ ဇာလာ။ မီးတောက် မီးလျှံတို့သည်၊ ဟုတ္တွာ။ ဖြစ်၍။ နဝုဋ္ဌန္တိ။ မထကုန်သေး၊ ဘသွာဆန္နာဝ၊ ပြာဖုံးသောမီးတို့ကဲ့သို့၊ တိဋ္ဌရေ။ ငြိမ်နံ့အောင်းတည်နေကုန်၏၊ ပစ္စ။ နောက်ဘဝ၌မူကား၊ တေ။ ထိုဒွိမူလကြီး ၂ တံလောင်မီးတို့သည်။ ပေတေသုစ။ ပြိတ္တာဘုံဘို့၌ရင်း၊ နိရယေသုစ။ ငရဲဘုံဘို့၌ရင်း၊ ဇာလာ။ အလျှံညီးညီးမီး တောက်ကြီးဘို့သည်၊ သမ္ဘဇ္ဇလန္တိ။ ထကြွတောက်လောင်ကုန်၏၊

(၃) အပါယဂ္ဂိသုဘာယိနော၊ အပါယ်ဘေးကြီးငရဲမီးကို အပြီး ကြောက်၍ကြပါကုန်မူကား။ သုဂုတ္တဒွါရိနော၊ ဒွါရခြောက်ပါးခြောက် တံခါးကို။ တသားတည်း လုံခြုံအောင်။ အကုန်စိတ်ဆို့နိုင်ကြကုန်သည်။ ဟောထ။ဖြစ်ကုန်လော့။တေ။ ထိုအဝိဇ္ဇာနှင့် တဏှာလောဘ ဒွေမူလတို့ သည်၊အဇ္ဈတ္တ။ယဉ္စဘာဝင်္ဂ၊အမှိဘူတာ။ ငါယောင်ငါဘာ်ငါသဏ္ဍာန်ဖြစ်ကြ ကုန်၍သာလျှင်။ပဋ္ဌ၊နောင်ဘဝင်္ဂ။ဇာလာ။အလျှံညီးညီးမီးတောက်ကြီးတို့ သည်း ဘဝတ္တ။ဖြစ်ကုန်၏။

## (၅) နိဂုမ်းဂါထာ။

"ဒွိမူလဒီပနီနာမ၊ပဏ္ဍိတေန မယာကတာ။
ပုညေနေတေနဒွေမူလေ။ဆိန္ဒေ့ဆိန္ဒာပယေပရေ၊"

ပဏ္ဍိတေန၊လယ်တီပဏ္ဍိတမည်သော၊ မယာ။ ငါသည်၊ ဒွိမူလဒီပနီ နာမ။ဒွိမူလဒီပနီအမည်ရှိသောကျမ်းငယ်ကို။ကတာ။ ၁၂၆၇-ခု။ပြာသို လဆန်း-၁၅-ရက်နေ့တွင်။ ရွှေတောင် မြို့သို့ ကျေးဇူးရှင် ဆရာတော် ဘုရားကြီးနှင့်အတူသွားစဉ် ကြုံကြိုက်သောအခါဝယ်။ ကောင်းစွာရေးအပ် ပြီးစီးလတ်၏။ ဧတေန ပုညေန။ ဤဒွိမူလဒီပနီကျမ်းကို ကြိုးပမ်းရသော ကောင်းမှုကြောင့်။ အဟံ။ငါသည်။ဒွေမူလေ၊ အဝိဇ္ဇာနှင့် တဏှာဒွေမူလ တို့ကို၊ဆိန္ဒေ့၊ အလျှဉ်းဖြတ်ရလို၏၊ပရေ။ သူတပါးတို့ကို၊ ဆိန္ဒာပယေ၊ ဖြတ်စေနိုင်ရလို၏။

"ဉာတိလယ်တီပဏ္ဍိတေန ရစိတာယံ ဒွိမူလဒီပနီ သံပုဏ္ဏာ။"
ဒွိမူလဒီပနီကျမ်းပြီး၏။